တနင်္လာ၊ ဇူလိုင် (၁)

**ဟေဗြဲ ၁း၁-၃**

ထွ ၃း၁-၇

*“ထိုအခါ ဘုရားသခင်၏ ကောင်းကင်တမန်သည် ချုံထဲကထွက်သောမီးလျှံ၌ ထင်ရှား၏”*

# ဟေဗြဲဩဝါဒစာ၏ သတင်းစကား (၁)

ဟေဗြဲဩဝါဒစာသည် ယုဒအယူဝါဒမှထွက်လာကြသော ယုဒယုံကြည်သူတို့ထံသို့ မိန့်ကြားခြင်းဖြစ်သည်။ ဤဩဝါဒစာသည် ခရစ်တော်ကြွလာခြင်းအကြောင်းနှင့်ပတ်သက်၍ ဓမ္မဟောင်းကျမ်း၏ တိကျသောအနက်ပြန်ခြင်းကို ကူညီထောက်ပံ့ပေး၏။ စာရေးသူက ဤကျမ်းကို “စုံလင်သောအဖြစ်သို့” ရောက်ခြင်းဟူ၍ ခေါ်ဆို၏ (ဟေဗြဲ ၆း၂)။ ခရစ်တော်သည် ကောင်းကင်တမန်တို့သော်၎င်း၊ မောရှေ သော်၎င်း၊ ယဇ်ပုရောဟိတ်တို့သော်၎င်း၊ ပညတ်တော်သော်၎င်း၊ ပရောဖက်တို့သော်၎င်း စသည်တို့ထက် သာ၍ ကြီးမြတ်ကြောင်းကို အခိုင်အမာရှင်းပြထား၏။ ဤအချက်တို့သည် ဓမ္မဟောင်းကျမ်းနှင့် ယုဒအယူ ဝါဒတို့၏ ကဏ္ဍများတွင် အဓိကသော့ချက်ဖြစ်ကြ၏။ ဤပေးစာကို ရေးသူမှာ မူရင်းစာတွင် မဖော်ပြထားသော်လည်း အင်္ဂလိပ်ကျမ်းစာဖြစ်သော King James Version တွင် ဖော်ပြထားချက်အရ တမန်တော်ရှင်ပေါလုသည် အဖြစ်နိုင်ဆုံးသော ကျမ်းရေးသူဖြစ်၏။ ကျမ်းရေးသားသည့်နေ့စွဲမှာလည်း မသေချာသော်လည်း ဖြစ်ပျက်သောအကြောင်းအရာတို့ကို ကြည့်ခြင်းအားဖြင့် အေဒီ ၆၄ နှင့် ၆၈ ကြားတွင်ဖြစ်မည်။ ဤစာစောင်၌ ပါဝင်သော ဝိညာဉ်ရေးရာ နက်နဲမှုနှင့် အရည်အသွေးတို့က ဤစာစောင်၏ မှုတ်သွင်းတော်မူခြင်းခံရခြင်းကို သက်သေထူကြ၏။ ဤစာစောင်ကို ရောမမြို့တွင် ရေးသားခြင်းဖြစ်နိုင်၏ (ဟေဗြဲ ၁၃း၂၄)။ ဤပေးစာ၏ အဓိကရည်ရွယ်ချက်မှာ ခရစ်တော်၏ သာလွန် ကြီးမြတ်ခြင်းအကြောင်းဖြစ်၏။ အခန်းကြီးတစ်အငယ်တစ်မှသုံးသည့် ထိုအဓိကအချက်ဖြစ်၏။

ဘုရားသခင်သည် “အထပ်ထပ် အနည်းနည်း” ဖြင့် စကားပြောတော်မူခဲ့၏ (ဟေဗြဲ ၁း၁)။ ဘုရားသခင်က မိမိ၏ သတင်းစကားကို ကြားပြောရန် ခြားနားသောနည်းလမ်းတို့ကို ရွေးချယ်ခဲ့၏။ ဓမ္မဟောင်းကျမ်းတွင် ပရောဖက်တစ်ဦးအဖြစ် တရားဝင်ခေါ်ခြင်းခံရသော ပဌမဆုံးပုဂ္ဂိုလ်မှာ မောရှေဖြစ်၏။ အစောပိုင်းတွင် နောဧကို ထာဝရဘုရားစကားပြောတော်မူ၍ လူသမိုင်းတွင် ကြီးမားသော မှတ်တိုင်ကို စိုက်ထူဖို့ရန် အသုံးပြုခဲ့၏။ မောရှေသည် ထာဝရဘုရား မိန့်တော်မူသော အရာတို့ကိုသာ ပြည့်စုံစေခဲ့ခြင်းမဟုတ်ပေ။ သူသည် ထာဝရတည်ရှိမည့် ကျမ်းစာကိုလည်း ရေးသားချန်ထားတော်မူ၏။ မောရှေနောက်မှ လိုက်လာသော အဓိကကျသော ပရောဖက်တစ်ဦးမှာ ရှာမွေလဖြစ်၏။ ရှာမွေလသည် ယဇ်ပုရောဟိတ်လည်းဖြစ်ပြီး သူ့မျိုးဆက်တို့ကို အစေခံခဲ့၏။

ရှာမွေလနောက်တွင်လည်း အခြားပရောဖက်များစွာကို ခေါ်တော်မူ၍၊ ဘုရားသခင်၏ သိတင်းစကားကို သယ်ဆောင်ကြ၏။ မာလခိသည် ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးသော ပရောဖက်တစ်ပါးဖြစ်၏။ ပရောဖက်တစ်ပါးစီတိုင်းက ထာဝရဘုရားထံတော်မှ အထူးစကားတော်ကို လက်ခံရရှိကြပြီး၊ မိမိတို့ခေတ်၌ အမှတ်အသားတစ်ခုခုကို ချန်ထားခဲ့ကြ၏။ ပရောဖက် ဆယ့်ရှစ်ပါးတို့က ဓမ္မဟောင်းကျမ်းစာတို့ကို ရေးသားပြုစုခဲ့ကြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ရေးသားထားသော နှုတ်ကပတ်တော်အားဖြင့် ယနေ့တွင် စကားပြောတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်အား ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ဝှက်ထားပါရစေ။

အဂ်ီ၊ ဇူလိုင်(၂)
**ဟေဗြဲ ၁း၁-၃**
တ ၂း၂၂-၂၈

*“. . . ယေရှုသည် ထူးဆန်းသော တန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုကို သင်တို့တွင်ပြုရသောအခွင့်နှင့် ဘုရားသခင် ပေးတော်မူသော . . .”*

## ဟေဗြဲဩဝါဒစာ၏ သတင်းစကား (၂)

ဘုရားသခင်သည် လူတို့အား ပရောဖက် ဧလိယနှင့် ဧလိရှဲတို့အားဖြင့်လည်း ဆက်သွယ်ခဲ့၏။ သူတို့သည် ဓမ္မဟောင်းကျမ်းတစ်ခုခုကို ရေးသားခဲ့ခြင်းမရှိသော်လည်း သူတို့၏ လုပ်ဆောင်မှုတို့ကို ကျမ်းစာထဲတွင် အခြားသော ကျမ်းရေးသူတို့က မှတ်တမ်းတင်ခဲ့ကြ၏။ ပရောဖက်တို့၏ သတင်းစကားက ဘုရားသခင်၏ နှုတ်ကပတ်တော်အား လူတို့ကို အသိပေးတော် မူ၏။ ဘုရားသခင်က လူတို့အား ရိုးရှင်းသော မိန့်ခွန်းအားဖြင့်သော်၎င်း၊ အံ့ဖွယ်နိမိတ်လက္ခဏာအားဖြင့်သော်၎င်း ဆက်သွယ်တော်မူ၏။ တစ်ချို့အချိန်တွင် ဘုရားသခင်က လူတို့ထံသို့ ကောင်းကင်တမန်အားဖြင့်သော်၎င်း၊ ကိုယ်ထင်ရှားပြသခြင်းတည်းဟူသော သီအိုဖယ်နီ (theophany) အားဖြင့်သော်၎င်း စကားပြောတော်မူ၏။ ဟေဗြဲ ၁း၁ တွင် ကျမ်းရေးသူက ဤနည်းလမ်းအားလုံးကို ရည်ညွှန်းထား၏။

ထိုသတင်းစကားတို့ကို ဖခင်တို့ဟူ၍ ရည်ညွှန်းထားသော ယုဒလူတို့၏ ဘိုးဘေးထို့ထံသို့ ပေးခဲ့၏ (ဟေဗြဲ ၁း၁)။ ကျမ်းရေးသူက ထိုသတင်းစကားအကြောင်းကို အတိတ်ကာလတွင် မိမိတို့လူမျိုးနှင့် ဘုရားသခင်၏ ဆက်နွယ်မှုအကြောင်းကို ဗဟုသုတရှိခဲ့ကြသော ယုံကြည်သူအသစ်တို့ကို မိန့်ကြားခြင်းဖြစ်၏။ ယုဒလူတို့၏ ခေါင်းဆောင်မှုအပိုင်းတွင် သင်းအုပ်တို့ ပါဝင်ခြင်းသည် ထုံးတမ်းစဉ်လာဖြစ်၏။ သင်းအုပ်တို့သည် ယဇ်ပုရောဟိတ်တို့နှင့် ကျမ်းတတ်တို့နှင့်အတူ အခွင့်အာဏာကို ကျင့်သုံးကြ၏။ ဤနေရာ၌ ဓမ္မဟောင်းကျမ်းသည် မှုတ်သွင်းခံရသောစာအဖြစ် စစ်မှန်ကြောင်းညွှန်ပြခြင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် သမ္မာကျမ်းစာဖြစ်ပြီး ဤဟေဗြဲဩဝါဒစာ၌များပြားစွာကိုးကား ဖော်ပြခြင်းကို ခံရ၏။

ဘုရားသခင်သည် “ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား စကားပြောတော်မူပြီ” (ဟေဗြဲ ၁း၂) ဟူ၍ ကျမ်းရေးသူဖော်ပြတော်မူ၏။ ဟေဗြဲဩဝါဒစာသည် ဓမ္မသစ်ကျမ်း၏ အစိတ်အပိုင်း တစ်ခုဖြစ်၏။ ဤဩဝါဒစာသည် သတင်းကောင်းကျမ်းလေးကျမ်းနှင့် တမန်တော်ဝတ္ထုတို့နှင့်အတူ ခရစ်တော်၏ လုပ်ဆောင်ချက်တို့ကို အသေးစိတ်ဖော်ပြကြသည်။ ဤကျမ်းကို စာရေးသူက ကျွန်ုပ်တို့ထံ ဘုရားသခင်စကား ပြောဆိုခြင်းအဖြစ် ရည်ညွှန်းတော်မူ၏။ ဤကျမ်းတွင်ခရစ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း ငြင်းပွားစရာမရှိပေ။ ခရစ်တော်၏ မိန့်ခွန်းနှင့် သွန်သင်ချက်တို့သည် ဘုရားသခင်ကိုယ်တိုင်၏ အသံဖြစ်သည်။ ဗျာဒိတ်ကျမ်းစာသည် သူဤလောက၌ရှိစဉ်ကသူ့မိန့်ခွန်းကိုတိုးချဲ့ခြင်းဖြစ်၏။ ထိုကျမ်း၌ ဖော်ပြသော သတင်းစကားသည် နောက်ဆုံးသောကာလ၌ ဘုရားသခင်၏ အကြံအစည်ကို ရှင်းပြဖို့ရန်ဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ရှိသော ဩဝါဒစာတို့သည် ခရစ်တော်၏ သွန်သင်ချက်တို့ကို တမန်တော်တို့က အနက်ပြန်ဆိုကြသော ကျမ်းဖြစ်၏။ ထိုပြင် ဟေဗြဲ ၁း၂ က ဓမ္မသစ်ကျမ်း၌ မှတ်တမ်းတင်ထားသောအရာတို့ကို ဘုရားသခင်၏ မှုတ်သွင်းထားသော နှုတ်ကပတ်တော်အဖြစ် သက်သေထူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ပရောဖက်တို့အားဖြင့်သော်၎င်း၊ ခရစ်တော်အားဖြင့်သော်၎င်း စကားပြောတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ အသံတော်ကို အကျွန်ုပ်အား အစဉ်အမြဲနားထောင်စေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၃)
**ဟေဗြဲ ၁း၁-၃**
ယောဘ ၁၄း၆-၁၂

*"... ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ"*

# ဟေဗြဲသြဝါဒစာ၏ သတင်းစကား (၃)

ခရစ်တော်သည် ပရောဖက်တို့ထက် သာလွန်သကဲ့သို့ ဓမ္မသစ်ကျမ်း၌ရှိသော သတင်းစကားသည် ဗျာဒိတ်တော်ရှင်းလင်းချက် စကားလုံးအသုံးအနှုန်းတို့၌ ဓမ္မဟောင်းကျမ်းထက် သာလွန်မှုရှိ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အခွင့်အာဏာရှိခြင်းတွင် တူညီကြသော်လည်းဘဲ ဓမ္မသစ်ကျမ်းသည် အသိပညာ ဝေါဟာရကို ပိုမိုဖြစ်ပေါ်စေ၏။ ခရစ်တော်က တပည့်တော်တို့အား သူတို့မြင်တွေ့ကြသောအရာတို့ကို ပရောဖက်တို့က မြင်တွေ့ချင်ကြကြောင်း (သို့သော်၊ မမြင်တွေ့နိုင်ကြကြောင်း) ကို မိန့်ဆိုထား၏ (မဿဲ ၁၃း၁၇)။

"နောက်ဆုံးသောကာလ" (ဟေဗြဲ ၁း၂) သည် ခရစ်တော်၏ ပထမအကြိမ်ပေါ်ထွန်းခဲ့စဉ်က အစပြုခဲ့ခြင်းဖြစ်၍ အသစ်သောခေတ်ကာလကို ကြိုဆိုခဲ့၏။ ဤခေတ်ကာလသည် ယုဒလူတို့နှင့် လူသားအားလုံးအား ဘုရားသခင်၏ ဆက်သွယ်စကားပြောပုံကို များစွာပြောင်းလဲစေခဲ့၏။ ဤဟေဗြဲသြဝါဒစာစောင်က ဟေဗြဲယုံကြည်သူတို့၌ရှိထားသော မေးခွန်းတို့ကို အထူးမိန့်ကြားထား၏။ ဘုရားသခင်၏ သားတော်က မိန့်ကြားတော်မူခဲ့ပြီ။ သူသည် ဘုရားသခင်၏ ထာဝရအကြံစည်တော်တို့ကို ပြည့်စုံစေဖို့ ဘုရားသခင်၏ ချဉ်းကပ်မှုကို အသိပေးရာ၌ အဓိကသော့ချက်ဖြစ်၏။ ယေရှုက "ငါသည် လမ်းခရီးဖြစ်၏ သမ္မတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ" (ယော ၁၄း၆) ဟုဆို၏။ ခရစ်တော်သည် ဝတ်ပြုခြင်းကို ဆောင်ရွက်သော ယဇ်ပရောဟိတ်တို့ထက် သာလွန်ကြီးမြတ်ကြောင်းကို ဆက်လက်လေ့လာကြမည်။ သူသည် အရာခပ်သိမ်းကို အမွေခံသောသူဖြစ်ပြီး၊ သူ၏ လူ့ဇာတိ ခံယူခြင်းမှာ လူသားတို့ကို ဆက်သွယ်ဖို့ရန်အတွက် ဘုရားသခင်၏ တန်ဆာပလာဖြစ်ခဲ့၏။ ဘုရားသခင်သည် ဤလောကကို သူအားဖြင့် ဖန်ဆင်းခဲ့ကြောင်းကို ဤစာစောင်၌ အတည့်အလင်းဖော်ပြထားသည့်အတိုင်း သူသည် ဖန်ဆင်းသူလည်း ဖြစ်၏။ သူသည် ဖန်ဆင်းသူဖြစ်ကြောင်းကို ရှင်ယောဟန် ၁း၃-၄ တွင် ပြောထားသည်မှာ နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သော အရာတစ်စုံတစ်ခုမျှမရှိ။ ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏ အလင်းဖြစ်၏။"

ထို့ကြောင့် ခရစ်တော်သည် နောက်ဆုံးသော သတင်းစကားမိန့်တော်မူပြီ။ သို့သော် သူသည် ပညတ်တော်ကို ဖျက်ဆီးဖို့ရန်လာခြင်းမဟုတ်ဘဲ ပြည့်စုံစေဖို့ရန်လာခြင်းဖြစ်ကြောင်း ကိုလည်း မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်သည် ဘုရားသခင်ကိုယ်တိုင် ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ သာလွန်ကြီးမြတ်ခြင်းကို အကျွန်ုပ်သည် အစဉ်အမြဲ ဝန်ခံပါစေသော်။

ကြာသပတေး၊ ဇူလိုင် (၄)

**ဟေဗြဲ ၁း၁-၃** "ဤ ကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်၌

ဧ ၁း၃-၆ ရွေးကောက်တော်မူသည်နှင့် အညီ . . . "

## ခရစ်တော်၏ အရည်အချင်းနှင့်အလုပ်

ခရစ်တော်ကို "ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်" အဖြစ်ဖော်ပြတော်မူ၏ (ဟေဗြဲ ၁း၃)။ "ရောင်ခြည်" (မူရင်းဂရိ *apaugasma*) ဟူ၍ အနက်ပြန်ဆိုထားသော စကားလုံးကို ဓမ္မသစ်ကျမ်းစာ၌ တခြားဘယ်နေရာတွင်မှ အသုံးပြုထားခြင်းမရှိပေ။ ထိုစကားလုံးသည် "အလင်းရောင်ထင်ဟပ်ခြင်း" (သို့) တောက်ပသော ခန္ဓာကိုယ်မှ ထွက်ပေါ်လာသည့်အလင်းကို ဆိုလို၏။ နေ၏ ရောင်ခြည်တန်းတို့ကိုငင်း၏ တောက်ပခြင်းအားဖြင့် သိမြင်ရကြ၏။ "ဘုန်းတော်" (မူရင်းဂရိ *doxa*) ဟူသော စကားလုံးသည် "လက္ခဏာအသွင်ပြင်၊ ထွက်ပေါ်လာခြင်း" ဟူ၍ ရိုးရှင်းစွာ အနက်အဓိပ္ပာယ်ရှိပြီး၊ ထို့နောက်တွင် (၁) ချီးမွမ်းခြင်း၊ ဂုဏ်ပြုခြင်း၊ ရိုသေခြင်းဟူ၍၎င်း၊ (၂) ဂုဏ်ရှိခြင်း၊ အလင်းရောင်ရှိခြင်း၊ ဘုန်းတော်ထင်ရှားခြင်းဟူ၍၎င်း၊ (၃) တောက်ပခြင်း၊ ဝင်းလက်တောက်ပသောအလင်းဟူ၍၎င်း၊ (၄) သာလွန်ကောင်းမြတ်ခြင်း၊ ပြည့်စုံခြင်းဟူ၍၎င်း၊ ဘုရားသခင် ပိုင်ဆိုင်သော၊ ကောင်းကင်ဘုံ၌ရှိသော ထိုအရာတို့ကို ဆိုလို၏ (Barnes)။ ဤနေရာတွင် စာရေးသူက ခမည်းတော်ဘုရားသခင်ရှေ့တော်၌ရှိသော ခရစ်တော်၏ ရာထူးအဆင့်ကို ရုပ်ပုံပန်းချီရေးဆွဲထားခြင်းဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏ "ပကတိအဖြစ်တော်၏ ပုံသဏ္ဌာန်" ဖြစ်ကြောင်းကို စာရေးသူက ထပ်မံဖြည့်စွက်ထား၏။ ထို့နောက် ခရစ်တော်နှင့် ဘုရားသခင်သည် တလုံးတဝတည်းဖြစ်ကြ၏။ ထို့ပြင် ခရစ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းယုံမျှသာမဟုတ်၊ "ခပ်သိမ်းသောအရာတို့ကို မိမိ၏ အမိန့်တော်အားဖြင့်" မစထိန်းချုပ်ထားတော်မူ၏။ ဤအချက်က ဖန်ဆင်းခြင်းနှင့် မစထောက်ပံ့ခြင်းကို အတည်ပြု၏။ လူဇာတိကို ခံယူခြင်း၏ ရည်ရွယ်ချက် အစိတ်အပိုင်းတစ်ခုမှာ အပြစ်တရားကို ခွင့်လွှတ်ခြင်းအကြောင်းဖြစ်၏။ ဤနေရာ၌ စာရေးသူသည် နွားထီးနှင့် ဆိတ်တို့ဖြင့် မဟုတ်ဘဲ၊ ခရစ်တော် ကိုယ်တိုင်အားဖြင့် ပြုလုပ်ခဲ့သော သန့်ရှင်းစင်ကြယ်စေသည့်အကြောင်းကို ရည်ညွှန်းထားသည့် စကားလုံး "သုတ်သင်ပယ်ရှင်းခြင်း" ကို အသုံးပြုထား၏။ နောက်ဆုံးတွင် ခရစ်တော်က မိမိရွေးနုတ်ကယ်တင်ထားသောသူတို့အတွက် အမြင့်ဆုံးသောဘုရားသခင်၏ လက်ျာဘက်၌ ထိုင်၍ ဖြန်ဖြေခြင်းအမှုကို ဆက်လက်ဆောင်ရွက်နေ၏။

**ဆင်ခြင်ရန်** - ခရစ်တော်၊ အကျွန်ုပ်၏ ကယ်တင်ရှင်သည် လက်ဝါးကားတိုင်၌ အသေခံခဲ့၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏ကယ်တင်ခြင်းအတွက် ယေရှုကိုသာ အကျွန်ုပ်ကြည့်ရှုပါရစေ။

သောကြာ၊ ဇူလိုင် (၅)
**ဟေဗြဲ ၁း၄-၁၄**
မဿဲ ၁၆း၁၃-၁၇

*". . . ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏"*

## ခရစ်တော်သည် ဘုရားသခင်ဖြစ်တော်မူသောကြောင့် သာ၍ကြီးမြတ်တော်မူ၏

ဘုရားသခင်ဖြစ်သော ခရစ်တော်၏ရာထူးအဆင့်ကို ယနေ့သင်ရိုးတွင် အလေးပေး၍ ဥပမာပေးဖော်ပြ၏။ အဖခမည်းတော်သည် ခရစ်တော်အား ရာထူးချီးမြှောက်တော်မူသောကြောင့် ကောင်းကင်တမန်တို့ထက် သာ၍ကြီးမြတ်တော်မူ၏။ ထို့နောက် ကောင်းကင်တမန်တို့သည် သူ့အား ကိုးကွယ်ကြ၏။ သူသည် ဘုရားသခင်၏ ဂုဏ်အင်္ဂါရပ်အားလုံးကိုလည်း ပိုင်ဆိုင်တော်မူ၏။ သူသည် ယိုယွင်းနေသော အခြေအနေ (သို့) ရာထူးအဆင့်နိမ့်သော အခြေအနေမဟုတ်ပေ။ သူသည် "ကောင်းကင်တမန်တို့ရသော ဘွဲ့နာမထက် ထူးမြတ်သောဘွဲ့နာမကို ခံရသည်နှင့်အညီ ကောင်းကင်တမန်တို့ထက် ကြီးမြတ်သောသူဖြစ်တော်မူ၏" (ဟေဗြဲ ၁း၄)။ ထို့ကြောင့် သူ၏ကြီးမြတ်ခြင်းသည် ထင်ရှားတော်မူ၏။

ကောင်းကင်တမန်တို့သည် ဖန်ဆင်းခြင်းခံရသော်လည်း၊ ခရစ်တော်မှာမူ ဖခမည်းတော်၏ ထာဝရနှင့် ဆိုင်သော တပါးတည်းသောသားတော်ဖြစ်တော်မူ၏။ ကောင်းကင်တမန်တို့သည် အစရှိကြသော်လည်း ခရစ်တော်မှာမူ အစဉ်အမြဲတည်ရှိတော်မူ၏။ ကောင်းကင်တမန်တို့သည် မိမိတို့အား ပေးထားသော တာဝန်တို့ကို ပြည့်စုံစေရန် စေလွှတ်ခြင်းခံရသော စေတမန် များဖြစ်ကြ၏။ ကောင်းကင်တမန်တို့သည် လူသားတို့ကဲ့သို့ ရုပ်ခန္ဓာမရှိသော သဘာဝလွန်ဖြစ်သည့် ဇီဝရုပ်ဖြစ်ကြပြီး ခရစ်တော်အား နာခံကြသောသူ ဖြစ်ကြ၏။ သူတို့သည် ဘုရားသခင်၏ ခွင့်ပြုချက်မရှိဘဲ လူသားတို့အပေါ် ဩဇာအာဏာမရှိကြပေ။ ခရစ်တော်သည် ဘုရားသခင်၏ သားဖြစ်ပြီး သာ၍ကြီးမြတ်သော နာမတော်ကို ပိုင်ဆိုင်၏။ စာရေးသူက ခရစ်တော်ကို ကောင်းကင် တမန်တို့နှင့် နှိုင်းယှဉ်ဖို့ရန် ရွေးထားရခြင်းမှာ ဤစေတမန်တို့သည် ဘုရားသခင်၏ သတင်းစကားကို လူတို့ထံသို့ ယူဆောင်လာကြသောကြောင့် လူသိကျော်ကြားကြ၏။ သူတို့သည် လူသားတို့ထက် သာ၍ကြီးမြတ်ကြသည်ဟု ရေတွက်ခြင်းကို ခံရ၏။ ယေရှုသည် လူ့ဇာတိကို ခံယူစဉ်တွင် အဘယ်သူဖြစ်ကြောင်းနှင့် ပတ်သက်၍ လူများတို့သည် ရှုပ်ထွေးခြင်းရှိခဲ့ကြ၏ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ခဲ့ကြောင်းကို များစွာသောယုဒလူတို့က ယုံကြည်မှုမရှိခဲ့ကြပေ။ အခြားတစ်ဖက်တွင် ယေရှုသည် သာမန်လူမဟုတ်ကြောင်းကို ထိုသူတို့ သိရှိခဲ့ကြ၏။ ယေရှုသည် ပရောဖက်တပါးပါး (သို့) ကောင်းကင်တမန်တပါး ဖြစ်မည်ဟူ၍သာ သူတို့မှတ်ယူခဲ့ကြ၏။

ဆာလံ ၂း၂-၇ တွင် ဘုရားသခင်က ယေရှုအား ချီးမြှောက်တော်မူခြင်း အကြောင်းကို ပေးခဲ့ရာတွင် မိန့်ဆိုသည်မှာ "လောကီရှင်ဘုရင်တို့သည် ထကြ၍၊ မှူးမတ်အရာရှိတို့လည်း၊ ထာဝရဘုရားနှင့် ခရစ်တော်ကို ရန်ဘက်ပြုလျက်၊ သူတို့ချည်နှောင်ခြင်းကို ဖြေကြကုန်အံ့။ ချည်နှောင်သော ကြိုးတို့ကို ပယ်ကြကုန်အံ့ဟု သင်းဖွဲ့ကြ၏။ ကောင်းကင်ဘုံ၌ ထိုင်တော်မူသောသူသည် ပြုံးရယ်၍၊ ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့တော်မူ၏။ ထိုအခါအမျက်တော်ထွက်၍၊ သူတို့ကိုမိန့် တော်မူမည်။ ပြင်းစွာသော အမျက်တော်နှင့် သူတို့ကို ပူပန်စေတော်မူမည်။ ငါ၏ ရှင်ဘုရင်ကို သန့်ရှင်းသော ဇိအုန်တောင်တော်ပေါ်မှာ၊ ငါကိုယ်တိုင် ဘိသိတ်ပေးပြီဟု မိန့်တော်မူမည်။ ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေအံ့။ ထာဝရဘုရားက သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ။"

**ဆင်ခြင်ရန်** - ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အား ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို အစဉ်အမြဲအခိုင်အမာ ဆွဲကိုင်စေတော်မူပါ။

စနေ၊ ဇူလိုင် (၆)
**ဟေဗြဲ ၁း၄-၁၄**
လု ၄း၁၆-၂၁

*“ထာဝရဘုရား၏ ဝိညာဉ်တော်သည်
ငါ့အပေါ်၌တည်တော်မူ၏ . . . ငါ့ကို
ဘိသိက်ပေးတော်မူပြီ . . . ”*

## ဝတ်ပြုကိုးကွယ်ခြင်း၌ ခရစ်တော်သည် သာ၍ကြီးမြတ်တော်မူ၏

ယေရှုက နာဇရက်၌ရှိသောဗိမာန်တော်၌ ဟေရှာယ ၆၁း၁ ကို ဖတ်ရွတ်စဉ်တွင် ထိုကျမ်းချက်သည် ပြည့်စုံလာကြောင်းကို ပရိသတ်တို့အား မိန့်ဆိုသောအခါ သူသည် ထာဝရဘုရား၏ ဘိသိတ်ခံသောသူအဖြစ် မိမိကိုယ်တိုင်၏အကြောင်းကို မိန့်ဆိုခဲ့၏။ ခရစ်တော်၏ စကားကို ကြားသောသူအပေါင်းတို့သည် အံ့သြခြင်းဖြစ်၍ သူ့အကြောင်းကို သာ၍သိချင်စိတ်နှင့် စူးစမ်းကြ၏။ ယေရှုသည် မိမိ၏ ဇာတိမြို့တွင် ရှိနေခဲ့၏။ ထိုမြို့သည် ယေရှု၏ ရာထူးအဆင့်နှင့် ပတ်သက်၍ ယုံကြည်မှုမရှိကြသည့်လူများ အများဆုံးနေထိုင်ရာအရပ်ဖြစ်၏။ ယေရှုသည် သူတို့၏ မျက်မှောက်တွင် သူတို့အလယ်၌ ကြီးပြင်းလာသည့်အတိုင်း ယောသပ်၏သားဖြစ်သည်ဟု သိမှတ်ခဲ့ကြသည်။ သို့ သော်လည်း၊ သူ့ရာထူးအဆင့်မှာ ပြောင်းလဲခြင်းမရှိပေ။ သူသည် အရာခပ်သိမ်း၏ အထက်တွင်ရှိတော်မူ၏။

လူ့ဇာတိခံယူသော ဘုရားသခင်၏သား ခရစ်တော်သည် ခမည်းတော်၏ သားဦးဖြစ်တော်မူ၏။ သူသည် တောင်ပေါ်၌တရားဟောကြားသောအခါတွင် “. . . ပရိသတ်အပေါင်းတို့သည် ဆုံးမသြဝါဒပေးတော်မူခြင်းကို အလွန်အံ့သြကြ၏။ အကြောင်းမူကား၊ ကျမ်းပြုဆရာနည်းတူမဟုတ်၊ အစိုးရသောသူနည်းတူ ဆုံးမသြဝါဒပေးတော်မူ၏။” ပရိသတ်တို့သည် သူ့တရားကိုနားထောင်ကြ၏။ သူတို့စူစမ်းလေ့လာကြခြင်းမှာ မှန်ကန်၏။ သူသည် သာမန်လူတစ်ဦးမဟုတ်ပေ။ များစွာသောလူတို့သည် ယုဒလူတို့ကို ကြောက်ကြသော ကြောင့် ယေရှုကို ကိုးကွယ်ခြင်းအား ခဏတာရပ်နားခဲ့ကြ၏။ သို့သော်ငြားလည်း ခရစ်တော်ထံမှကူညီမှုကို အလိုရှိသောသူတို့နှင့် သူ့ကြောင့် အနာငြိမ်းခြင်းကို ရရှိသောသူတို့သည် သူ့ကို အလိုအလျောက် ဝတ်ပြုကြ၏။ ထိုသို့ သူ့ကိုဝတ်ပြုကြသောအခါ သူသည် ဖန်ဆင်းသူဘုရားသခင်ဖြစ်သည်နှင့် အားလျော်စွာ ဝတ်ပြုကိုးကွယ်ခြင်းကို ခံထိုက်တော်မူသောကြောင့် ထိုသူတို့၏ ကိုးကွယ်မှုကို မတားမြစ်ပေ။ ကောင်းကင်တမန်တို့ကလည်း သူ့ကို ကိုးကွယ်ကြ၏။ သို့သော် ကောင်းကင်တမန်တို့သည် လူတို့၏ကိုးကွယ်ခြင်းကိုမူ လက်မခံကြပေ။ ဤအချက်ကို ယောဟန်သည် ကောင်းကင်တမန်တပါးကို ဝတ်ပြုရန်ကြိုးပမ်းခဲ့စဉ်၌ သိရှိရ၏။ ထိုအချက်ကို ကြုံကြိုက်သော ယောဟန်က သက်သေခံရာမှာ “ငါယောဟန်သည် ဤအရာများကို ကြားမြင်၏။ ကြားမြင်ပြီးလျှင်၊ ထိုအရာများကိုပြသော ကောင်းကင်တမန်၏ခြေရင်း၌ ကိုးကွယ်အံ့သောငှါ ပြပ်ဝပ်၏။ သူကလည်း၊ မပြုပါနှင့်။ ငါကား၊ သင်၏ လုပ်ဘော်ဆောင်ဘက်ဖြစ်၏။ သင်၏ အစ်ကိုပရောဖက် တို့နှင့် ဤစာစောင်၏စကားကို စောင့်ရှောက်သော သူတို့၏ လုပ်ဘော်ဆောင်ဘက်လည်းဖြစ်၏။ ဘုရားသခင်ကို ကိုးကွယ်လော့ဟု ပြောဆို၏” (ဗျာ ၂၂း၈-၉)။ ကောင်းကင်တမန်တို့သည် ခရစ်တော်ကို အစေခံကြကြောင်းကို ဆာလံ ၁၀၄း၄ တွင် ဖော်ပြသည်မှာ “မိမိတမန်တော်တို့ကို လေကဲ့သို့၄င်း၊ မိမိအစေအပါးတို့ကို မီးလျှံကဲ့သို့၄င်း ဖြစ်စေတော်မူသော” ဟူ၍ဖြစ်၏။

ခရစ်တော်ဖွားမြင်စဉ်တွင် များစွာသော ကောင်းကင်တမန်တို့သည် ပေါ်လာ၍ အမြင့်ဆုံးသော ဘုရားသခင်ကို ချီးမွမ်းခဲ့ကြပြီး မြေကြီးပေါ်၌ ငြိမ်သက်ခြင်းရှိစေဖို့ရန် မြွတ်ဆိုကြ၏။ လူတို့ထံသို့ ကောင်းမြတ်ခြင်းရောက်မည့်အကြောင်းကို မြွတ်ဆိုခဲ့ကြသည်။ ခရစ်တော်သည် သာ၍ကြီးမြတ်သောသူဖြစ်၍ ဝတ်ပြုဖို့ရန် ထိုက်တန်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုသည် နှုတ်ကပတ်တော်နှင့်ဖန်ဆင်းသူဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်ကိုသာ အစဉ်အမြဲ ဝတ်ပြုစေတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၇)
**ဟေဗြဲ ၁း၄-၁၄**
ဆာလံ ၄၅း၆-၇

*“. . . ထိုကြောင့် အိုဘုရားသခင်၊ ကိုယ်တော်၏ ဘုရားသခင်သည် ကိုယ်တော်၏ အပေါင်းအဘော်တို့ထက်၊ ကိုယ်တော်ကို ချီးမြှောက်၍၊ ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိက်ပေးတော်မူပြီ”*

## ခရစ်တော်သည် ဘုရားသခင်၏ ဂုဏ်အင်္ဂါရပ်အားလုံးကို ပိုင်ဆိုင်တော်မူ၏

ခရစ်တော်ကို နာခံခြင်းနှင့် ပြက်ဝပ်ကိုးကွယ်ခြင်းတို့က ခရစ်တော်၏ရာထူးအဆင့်ကို သက်သေထူပေး၏။ သူသည် ထာဝရအုပ်ချုပ်သူဖြစ်တော်မူ၏။ ဤဂုဏ်အင်္ဂါရပ်သည် ဘုရားသခင်တပါးတည်းသာ ပိုင်ဆိုင်ထားသည်။ စာရေးသူက ခရစ်တော်သည် ထာဝရစိုးစံ၍ တရားသဖြင့် စီရင်ခြင်းကိုပြုကြောင်း ဖော်ပြဖို့ရန်အတွက် ဓမ္မဟောင်းကျမ်းကို ကိုးကားထား၏။ ဤသမ္မာတရားကို တရားဟောရာကျမ်း ၃၃း၂၇ တွင် “ရှေ့ဦးစွာသောဘုရားသခင်သည် သင့်ခိုလှုံရာဖြစ်၍၊ နိစ္စထာဝရလက်ရုံးတော်ခြင့် သင့်ကို ထောက်မတော်မူ၏။ ရန်သူတို့ကို သင့်ရှေ့နှင်ထုတ်၍ သူတို့ကို ဖျက်ဆီးသောအခွင့် ပေးတော်မူမည်” ဟူ၍ ဖော်ပြတော်မူ၏။ ခရစ်တော်သည် ခမ်သိမ်းသော အရာတို့ကို ဖန်ဆင်းသောသူဖြစ်သောကြောင့် ခပ်သိမ်းသောအရာတို့အထက်တွင် ရှိတော်မူ၏။ အစအဦး၌ သူသည် ကမ္ဘာမြေကြီးကို အုတ်မြစ်ချ၍၊ ကောင်းကင်တို့သည် သူ၏ လက်ရာတော်ဖြစ်ကြောင်းကို ဤစာစောင်က ဖော်ပြ၏။ ရှင်ယောဟန် ၁း၁ တွင် အစအဦး၌ သူရှိတော်မူကြောင်းနှင့် ဖန်ဆင်းတော်မူသမျှ သောအရာတို့တွင် သူမဖန်ဆင်းဘဲဖြစ်ပေါ်ခဲ့သည့်အရာမရှိကြောင်းကို ပြောဆိုထားသည်။

ခရစ်တော်သည် ယိုယွင်းခြင်း (သို့မဟုတ်) အဆင့်နိမ့်ကျသွားခြင်းရှိတော်မမူပေ။ ဖန်ဆင်းသောအရာတို့သည် ပျက်စီးကြသော်လည်း၊ သူသည် အစဉ်ရှိတော်မူ၏။ အချိန်ကာလက လူနှင့် တိရိစ္ဆာန် တို့၏ ဘဝသက်တမ်းကို ကန့်သတ်ပေးနေစဉ်တွင် ခရစ်တော်သည် ထာဝရရှိတော်မူ၏။ ခရစ်တော်သည် အချိန်ကာလပြောင်းလဲမှုက မပြောင်းလဲစေပါ။ သူသည် လူ့ဇာတိကိုခံယူချိန်၌ပင်လျှင် သင်္ချိုင်းကသူ့ ကိုယ်ခန္ဓာကို မထိန်းချုပ်နိုင်ပေ။ သုံးရက်မြောက်သောနေ့တွင် သူထမြောက်တော်မူခဲ့သည်။ ရှင်ပေါလုက ၁ ကော ၁၅ တွင် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း သင်ခန်းစာကို မိန့်ကြားရာ၌ ခရစ်တော်၏ သေခြင်းသည် ရည်ရွယ်ချက်ရှိ ကြောင်းကို ပြသ၏။ ရှင်ပြန်ထမြောက်ခြင်းက သေခြင်းတရားအပေါ် အောင်နိုင်ခြင်းကို ကြေညာ၏။

ခရစ်တော်တပါးတည်းသာ အဖခမည်းတော်ဘုရား၏ လက်ျာဘက်၌ နေရာရခြင်း ဖြစ်သည်။ ဤအချက်က ဖန်းဆင်းထားသော၊ ကောင်းကင်တမန်များအပါအဝင်၊ အရာအားလုံး၏ အထက်၌ သူ၏ ချီးမြှောက်ခြင်းခံရသောအနေအထားကို ဖော်ပြထား၏။ သူသည်သေခြင်းတရား ကို အောင်နိုင်၍အဖခမည်းတော်၏ နိုင်ငံတော်၌ရှိသော အမြင့်ဆုံးသောရာထူးကို ဆုပ်ကိုင်ထားသည်။

ထိုခရစ်တော်၏ ဘုရားဖြစ်ခြင်းအရာမှာ မငြင်းနိုင်အောင် ခိုင်မာသောအချက် ဖြစ်သည်။ ဤမြင့်သောရာထူးဆိုသည်မှာ ခရစ်တော်သည် မြေကြီးပေါ်၌ရှိသော မင်းတို့နှင့် ဖန်ဆင်းခံအရာခပ်သိမ်းတို့အပေါ်တွင် တန်ခိုးသြဇာအာဏာရှိခြင်းကို ဆိုလို၏။ သူသည် လူသားတို့အတွက် ရွေးနှုတ်ကယ်တင်ရှင်ဖြစ်တော်မူ၏။ လူ့ဇာတိကိုခံယူစဉ်တွင် သင်နှင့်အကျွန်ုပ်ကို ကယ်တင်ဖို့ရန်အတွက် သူ၏ ဘုန်းတော်နှင့်ပြည့်စုံသော ကြီးမားခန့်ညားသောအပြင်ပန်းထင်ရှားခြင်းကို ဘေးဖယ်ထားခဲ့၏။ ကယ်တင်ခြင်းအတွက် သူ၏ချစ်ခင်နှစ်သက်ဖွယ်ကမ်းလှမ်းခြင်းကို သင်လက်ခံခဲ့ပြီလော။

**ဆင်ခြင်ရန်** - ယေရှုသည် ဘုရားသခင်၏ ချီးမြှောက်ခြင်းခံရသော သားတော်ဖြစ်ပြီး၊ ထာဝရနှင့်ဆိုင်သော အရာအားလုံးသည် သူ့ထံ၌ တည်ရှိကြသည်။
**ဆုတောင်းချက်** - အကျွန်ုပ်အား ကိုယ်တော်ရှင်၏ ဘုန်းတော်အတွက် အသက်ရှင်စေတော် မူပါ။

*"သက်သေခံတော်မူချက်တို့ကို မင်းများထံမှာ ပြန်ပြော၍၊ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်"*

## လစ်လျူရှုခြင်းအမှု၏ အန္တရယ်ကို သတိပေးခြင်း

လစ်လျူရှုခြင်းမှာ ပွင့်လင်းမြင်သာစွာ ငြင်းပယ်ခြင်းမျိုးမဟုတ်သော်လည်း လိမ်လည်လှည့်ဖြားမှုဖြစ်သောကြောင့် အန္တရယ်ရှိသောအရာဖြစ်၏။ နောက်ဆုံးတွင် ထိုအရာသည် ငြင်းဆန်ခြင်းနှင့်အတူတူပင်ဖြစ်၏။ နောက်ဆုံးသတင်းစကားက ခရစ်တော်၏ သာ၍ကြီးမြတ်ခြင်းအကြောင်းကို မိတ်ဆက်ခဲ့၏။ ခရစ်တော်သည် ဘုရားသခင် ဖြစ်တော်မူ၏။ ခရစ်တော်၏ ဘုရားဖြစ်ခြင်းတည်းဟူသော သွန်သင်ချက်ကို ဆုပ်ကိုင်ခြင်း၌ ကြီးမြတ်သောဆုလဒ်တော်ရှိ၏။ ခရစ်တော်၌ရှိသော ဘုရားသခင်၏ ကတိတော်ကို လစ်လျူရှု ခြင်း၏ အန္တရယ်ကို ဤစာပိုဒ်တွင် သတိပေး၏။ ဤအပိုဒ်တွင် အာရုံစိုက်ဖို့ရန် လိုအပ်မှုကို ညွှန်ကြားပြီး လစ်လျူရှုခြင်း၏ အကျိုးဆက်ကို ကိုးကားဖော်ပြပေးသည်။ သက်သေ ခံချက်တို့ ကို ဘုရားသခင်နိမိတ်အားဖြင့်အတည်ပြု၏။

ဩဝါဒသွန်သင်ချက်ကို ယုံကြည်သူတို့၏ တုန့်ပြန်မှုတွင် သာ၍စိတ်အာရုံစိုက်ဖို့ရန် လိုအပ်မှုရှိ၏။ ကြိယာဝိသေသနက တုန့်ပြန်ပုံကိုအလေးထားဖို့ အသုံးပြုလေ့ရှိပြီး အထူးအာရုံစိုက်ဖို့ လိုအပ်ကြောင်းကို ပြသ၏။ သခင်ယေရှုခရစ်တော်သည် ဤလောကတွင် ရှိနေစဉ်တွင် မိမိ၏ တပည့်တော်တို့အား များစွာသောအရာကို သွန်သင်ခဲ့၏။ သူ၏သွန်သင်ချက် အချို့တို့က ယုဒလူတို့၏ ရှေးရိုးဝါဒီတို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ တခါတရံတွင် သူသည် တပည့်တော်တို့အား သူတို့၏ အခြေအနေကို ဆုံးဖြတ်ချက်ချရန် မေးခွန်းကို မေးခဲ့လိမ့်မည်။ တပည့်တော်တို့သည် ဘုရားသခင်ဘက်၌ မိမိတို့ရပ်တည်ကြကြောင်း ယုံကြည်မှုခိုင်မာခြင်းရှိကြ သောကြောင့် မှန်ကန်သည်ဟု မိမိတို့အတည်ပြုသောအရာတို့ကို အလွန်ခိုင်မာစွာ ပြောဆိုခဲ့ကြ၏။ ခရစ်တော်သည် ကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံရသောအခါ တပည့်တော်တို့သည်လည်း သတ္တိရှိစွာဖြင့် တရားဟောပြောကြ၏။ မိမိတို့ယုံကြည်ချက်အတွက် မိမိတို့အသက်ကိုပင် ပေးရန် ဆန္ဒရှိကြ၏။ သတေဖန်သည် ခရစ်တော်အကြောင်းကို ဟောပြောသောကြောင့် အသေသတ်ခြင်း ကို အဦးဆုံးခံရသူအာဇာနည်ဖြစ်၏။ ဒံယေလ အခန်းကြီး ၃ တွင် ရုပ်တုဆင်းတုကို ကိုးကွယ်ဖို့ရန်ခိုင်မာစွာဖြင့် ဆန့်ကျင်ခြင်းအကြောင်းကို လူငယ်သုံးဦးတို့က ပြသခဲ့ကြ၏။ ရှင်ဘုရင်က အကျိုးသက်ရောက်မှုရှိသည့် အမိန့်တော်ကို ပေးခဲ့၏။ သူတို့သည် ရှင်ဘုရင် ရွေးချယ်ထားသောအရာကို နာခံခြင်းထက် ဘုရားသခင်အား နာခံခြင်းကို ရွေးချယ်ခဲ့ကြ၏။ ဤဖြစ်စဉ်နှစ်ခုတွင် သူတို့၏စိတ်အားထက်သန်မှုရှိခြင်းကို ထင်ရှားပြီး မိမိတို့၏ ယုံကြည်ခြင်းနှင့် ပတ်သက်၍ ပေါ့လျော့ခဲ့ခြင်းမရှိကြပေ။ ယုံကြည်ခြင်းအတွက် သူတို့သည် စိတ်အားထက်သန်စွာ ရင်ဆိုင်ခဲ့ကြသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ သွန်သင်ချက်သည် အသက်စတေးဖို့ရန်အတွက် ထိုက်တန်ခြင်းရှိ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော် သမ္မာတရား၌ ခိုင်မာစွာ ရပ်တည်ဖို့ရန် အကျွန်ုပ်ကို ဆန္ဒရှိစေတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၉)

**ဟေဗြဲ ၂း၁-၄**

ဗျာ ၃း၁၄-၂၂

*“ငါချစ်သမျှသော သူတို့၏အပြစ်ကို ငါစစ်ဆေး၍ သူတို့ကို ဆုံးမတတ်၏ . . . ”*

## လစ်လျူရှုခြင်းက နွေးရုံသာရှိသော ယုံကြည်ခြင်းကို ဖြစ်ပေါ်စေ၏

ဤကျမ်းပိုဒ်က “ငါတို့ကြားရသော ဒေသနာတော်” ဟူသော စာပိုဒ်ကို ရေညွှန်းထား၏ (ဟေဗြဲ ၂း၁)။ ဤအရာက တိကျသော သွန်သင်ချက်တို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ သွန်သင်ချက်တစ်ခုစီတိုင်းကို ပြည့်စုံသောနားလည်ခြင်းရှိဖို့ရန် လိုအပ်ပါသည်။ လစ်လျူရှုမှုရှိသောအခါ ထိုသွန်သင်ချက်တို့ကို လွတ်ချဖို့ဖြစ်နိုင်ခြေရှိ၏။ ဘုရားသခင်၏ သားသမီးတိုင်းက ဤအန္တရာယ်များသောအရာကို ရှောင်ရှားရပါမည်။ လစ်လျူရှုခြင်းသည် အမည်ခံခရစ်ယာန်ဘာသာ၏ အုတ်မြစ်ကိုဖြစ်တည်စေ၏။ ယနေ့ခေတ်တွင် အသင်းတော်ဝတ်ပြုခြင်းကို ပုံမှန်သွားကြသူများစွာတို့က အသင်းတော်ကိုသွားရောက်ခြင်းမှာ မိမိတို့၏တာဝန် သိစိတ်ကြောင့်မဟုတ်ဘဲ ခေတ်ဆန်စွာဝတ်ဆင်ဖို့ကိုသာ စဉ်းစားကြ၏။ ကြားသောတရားစကားကို သူတို့သည် ငြင်းပယ်ခြင်း မရှိကြသော်လည်း သူတို့၏ စိတ်ဝိညာဉ်သည် လစ်လျူရှုခြင်းက လွှမ်းမိုးထားသည်။ သူတို့သည် လောကအရာ ဂရုစိုက်မှု၏ လွှမ်းမိုးခြင်းကို အရင်ကကြုံတွေ့ခဲ့ကြပြီး သခင်ဘုရားနှင့် ကြာမြင့်စွာဝေးကွာခဲ့ကြ၏။ ဤကျမ်းကို ရေးသားသူက ယုဒယုံကြည်သူတို့ကြားသို့ ထိုသို့သောစိတ်ဝိညာဉ်ရောက်ရှိနေသည်ကို ကြုံမြင်ခဲ့၍ ဤသတိပေးခြင်းကို ပေးခဲ့၏။ ယုံကြည်သူတိုင်းက ဤသတိပေးခြင်းကို ဂရုစိုက်၍ နေ့စဉ်အသက်တာ၌ မိမိ၏ယုံကြည်ခြင်း ခြေလှမ်းတို့ကို သတိပြုကြရပါမည်။

ကောင်းကင်တမန်တို့ပြောဆိုသော သွန်သင်ချက်သည် ခိုင်မာမှုရှိ၏ (ဟေဗြဲ ၂း၂)။ ဤအချက်သည် သမ္မာကျမ်းစာကို ရေးသားကြသော ဘုရားသခင်၏ ပရောဖက်တို့နှင့် အခြားအစေခံတို့ထံသို့ သတင်းစကားကို သယ်ဆောင်ဖို့ရန် ဘုရားသခင်အသုံးပြုခဲ့သည့် ကောင်းကင်တမန်တို့ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ဤအရာက သူတို့ဖွင့်ပြထားသောစကားတို့သည် ဘုရားသခင်၏ စကားတော်များ နှုတ်ကပတ်တော်များ ဖြစ်ကြောင်းကို အတည်ပြုပေး၏။ ဘုရားသခင်က စကားပြောဆိုသောအခါ လူတို့သည်ကြောက်ရွံ့တုန်လှုပ်သင့်၏။ ထိုကဲ့သို့သောတုန့်ပြန်မှုမျိုးမရှိလျှင် လူသည်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စိတ်အားထက်သန်စွာ နားထောင်မှုမရှိကြောင်း ပြသ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို လွယ်ကူစွာချိုးဖောက်ပြီး မနာခံခြင်းဖြစ်၏။ ဘုရားသခင်က ဒဏ်ခတခြင်းဖြင့် တုန့်ပြန်၏။ လောဒိကိမြို့၌ရှိသော အသင်းတော်ထံသို့ ပေးပို့သည့်ဘုရားသခင်၏စာကို ဂရုပြုလော့။ “သင်သည် အဧမဟုတ်၊ အပူမဟုတ်သည်ကို ငါသိ၏။ ခြေင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ၊ တခုခုကို ငါအလိုရှိ၏။ ထိုသို့အဧမဟုတ်၊ အပူမဟုတ်၊ နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ။ သင်ကလည်း၊ ငါသည် ဥစ္စာရတတ်၏။ သဏ္ဍာများကိုဆည်းဖူးပြီ။ တစုံတခုကိုမျှမလိုဟုပြောဆို၍၊ ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဘွယ် ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်းဖြစ်သည်ကို မသိပါတကား။ သင်သည်ဥစ္စာရတတ်ခြင်းငှါ၊ မီးနှင့်ချွတ်ပြီးသောရွှေကိုငှ်း၊ အဝတ်အချည်းစည်းရှိ၍၊ သူတပါးရှေ့တွင် မရှက်စေခြင်းငှါ ခြုံစရာဘို့၊ ဖြူသောအဝတ်ကိုငှ်း ငါ့ထံမှာဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှါ၊ မျက်စိ၌မျက်စဉ်းခတ်လော့ဟု သင့်အားငါသည် အကြံပေး၏။ ငါချစ်သမျှသော သူတို့၏အပြစ်ကိုငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏။ ထိုကြောင့် ကိုယ်စိတ်ကို ကိုယ်နှိုးဆော်လော့။”

**ဆင်ခြင်ရန်** - (ဗျာ ၂း၇ ကို ဖတ်လော့)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ပညတ်တော်တို့ကို အကျွန်ုပ်အား ကြားသိ၍စောင့်ထိန်းစေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၀)
**ဟေဗြဲ ၂း၁-၄**
ဆာလံ ၅၁

*"အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှစ်လုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သော သဘောကို အသစ်ပြုပြင်တော်မူပါ။"*

---

## သွန်သင်ချက်ကို လစ်လျူရှုခြင်း၏ များစွာသောအကျိုးဆက်

ဘုရားသခင်၏ တရားမျှတခြင်းမှ လွတ်မြောက်ရာလမ်းမရှိပေ။ ထိုသို့လစ်လျူရှုခြင်းသည် မျှတသောဆုကြေးကို ရရှိမည်ဖြစ်ကြောင်းကို ဤစာပိုဒ်က ဖော်ပြ၏။ တစ်စုံတစ်ဦးသည် အမှားလုပ်နေသောအခါ ဘုရားသခင်၏ တရားမျှတခြင်း၏ ဆုလက်ဆောင်သည် အလွန်နာကျင်သောအရာ ဖြစ်နိုင်၏။ ဤကစ္စမျိုးတွင် ရှင်ဘုရင် ဒါဝိဒ်သည် သင်ခန်းစာပို့ချခြင်းကို ခံရ၏။ ဒါဝိတ်သည် မိမိ၏ လုပ်ငန်းမှတာဝန်တို့ကို ပြည့်စုံစေခြင်းကို၎င်း၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းကို၎င်း လစ်လျူရှုခဲ့၏။ ဤအချက်က ဒါဝိဒ်အား ဘုရားသခင်၏ နှုတ်ကပတ်တော်မှ သွေဖယ်စေပြီး နောက် ပိုင်းတွင် သူ့မယားကိုမြစ်မှားခြင်းနှင့် လူသတ်ခြင်းအပြစ်တို့ဖြင့် အဆုံးသတ်၏။ ထာဝရဘုရားက သူနှင့်ရင်ဆိုင်ဖို့ရန် ပရောဖက် နာသန်ကို စေလွှတ်ခဲ့၏။ ပရောဖက်နာသန်ပြောသော ပုံပြင်ကို ကြားသောအခါ ထိုပုံပြင်ထဲက လူကို ဒါဝိဒ်က သေဒဏ်ချမှတ်၏ (ထိုအရာက မိမိ၏ အပြစ်အတွက် ထိုက်တန်သည် တရားမျှတခြင်းဖြစ်၏)။ ထိုလူမှာ သူဖြစ်ကြောင်းကို ဒါဝိဒ်ထံသို့ ဖော်ပြသောအခါ၊ ဒါဝိဒ်သည် မိမိအပြစ်ကို ဝန်ခံ၍ ဘုရားသခင်ထံ ခွင့်လွှတ်ဖို့တောင်းပန်၏။ ဆာလံ ၅၁ တွင် ဒါဝိဒ်၏ နောင်တရခြင်းအကြောင်းကို မှတ်တမ်းတင်ထား၏။ ဒါဝိဒ်သည် ခွင့်လွှတ်ခြင်း ခံရ သော်လည်း၊ တရားမျှတခြင်းက အပြစ်ဒဏ်ကို ခံစေ၏။ ဒါဝိဒ်သည် ထိုအပြစ်တို့ကို ရည်ရွယ်ချက် ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်သောကြောင့် ဘုရားသခင်က ဓားသည် ဒါဝိဒ်၏အိမ်မှ မခွါရမည် အ ကြောင်းကို မိန့်ဆိုခဲ့သည်။ ဒါဝိဒ်သည် ဥရိယကို သတ်ခဲ့သောကြောင့် မိမိအသက်ရှင်စဉ်တွင် သား လေးဦးကို ဆုံးရှုံးရမည်။ မောရှေ၏ ပညတ်တရားတွင် လူတစ်ဦးက တခြားသောသူတို့၏ သိုးတကောင်ကို ခိုးယူလျှင်လေးဆတိုင်အောင်ပြန်ပေးရမည်။ ဤသင်ခန်းစာကို လူတိုင်းလစ်လျူရှု မထားဘဲ လေ့လာသင်ယူရပါမည်။ လစ်လျူရှုခြင်းက ဘုရားသခင်၏ အလွန်ကြီးမားသော ကယ်တင် ခြင်းကို လွဲချော်ခြင်းကို ဆိုလိုကောင်းဆိုလိုနိုင်၏။ ကယ်တင်ခြင်းသည် လူသားအားလုံးသည် ဒုစရိုက် ကိုပြုခဲ့ကြပြီး ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြကြောင်းကို နားလည်သဘောပေါက် မှုရှိပြီး မှသာရောက်လာနိုင်၏။ ခရစ်တော်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကြောင့် ထင်ရှားလာ သော အရာကို စုံလင်စေဖို့ရန်ကြွလာခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို သခင်ဘုရားကိုယ်တိုင် ဦးစွာ မိန့်တော်မူခဲ့ပြီး၊ နောက်ပိုင်းတွင် တမန်တော်တို့က အတည်ပြုခဲ့ကြ၏။ ဘုရားသခင်၏ ကယ်တင်ခြင်း အကြံအစည်နှင့်ဆိုင်သော အသိတရားသည် ဓမ္မဟောင်းကျမ်းတစ်ခုလုံးတွင် သိမြင်ခဲ့ရသည်။ ထို အချက်ကို သခင်ယေရှုခရစ်ကြွလာချိန်မှသာ လုံးလုံးသဘောပေါက်နားလည်ရ၏။ သူဟောကြား သော ဧဝံဂေလိသတင်းကောင်းမှာ အလွန်ရိုးရှင်းသော်လည်း ဓမ္မဟောင်းကျမ်းနှင့် ကျွမ်းဝင်ကြသော ယုဒလူတို့အတွက်ပင်လျှင် ထိုသတင်းကောင်းသည် အသစ်ဖြစ်နေ၏။

လူသားအားလုံးထံသို့သွား၍ သင်ကြားပို့ချရန် တမန်တော်တို့ကို ရွေးချယ်ထား၏။ တမန်တော်တို့သည် လူတို့ထံသို့သွားချဉ်းကပ်ဖို့ရန် တိကျသောအစီအစဉ် မရှိခဲ့ကြသော်လည်း သူတို့သည်ဖြစ်နိုင်သောနေရာတိုင်းကို ရောက်ရှိနိုင်ဖို့ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်က လမ်းပြဖို့ဆောင်းတော်မူခဲ့၏။ သူသည် ဘုရားသခင်နှင့်အတူလျှောက်လှမ်း၍ သွားရောက်ဟောကြားခြင်းဖြစ်သော သူ၏တာဝန်ကို သစ္စာရှိစွာ ဆောင်ရွက်ရပါမည်။ ဘုရားသခင်၏ စကားကို နာခံသူအားလုံးသည် လျစ်လျူရှုခြင်း၏ အကျိုးဆက်တို့မှ လွတ်မြောက်ကြလိမ့်မည်။

**ဆင်ခြင်ရန်** - လုံ့လဝီရိယသည် ယုံကြည်သူတစ်ဦးအတွက် အသီးအပွင့် စိတ်နေစိတ်ထား ဖြစ်၏။

**ဆုတောင်းချက်** - (ဆာလံ ၅၁း၁၂ ကို အသုံးပြုလော့)။

ကြာသပတေး၊ ဇူလိုင် (၁၁)
**ဟေဗြဲ ၂း၁-၄**
ယော ၈း၂၀-၃၂

*“သမ္မာတရားကိုလည်းသိကြသဖြင့်၊*
*ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်ဟု၊*
*ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏”*

## ကျမ်းစာသွန်သင်ချက် ကြီးမြတ်ခြင်း၏ မူလဇစ်မြစ်

ဧဝံဂေလိသတင်းစကားသည် ယေရှုခရစ်နှင့် အစပြု၏။ ဤအရာကို ပရောဖက်တို့အားဖြင့် ကြိုတင်ဟောကြားခဲ့ပြီး သူကြွလာသောအခါတွင် သူ၏သာသနာကို အလုပ်အားဖြင့်သော်၎င်း၊ နှုတ်ထွက်စကားအားဖြင့်သော်၎င်း အသိပေး၏။ မိမိ၏အသက်ကို လူတို့အပြစ်၏အခ (အပြစ်ဒဏ်) အဖြစ်ပေးဆပ်ခြင်းအားဖြင့် ဘုရားသခင်တောင်းဆိုချက်ကို ပြည့်စုံစေခဲ့၏။ တမန်တော် တို့က ဤအချက်ကို တရားဟောကြားရာတိုင်း၌ အလေးပေးဖော်ပြကြ၏။ ဤသြဝါဒစာကို အသစ်သောယုံကြည်သူအပေါင်းတို့အား ပြုစုပျိုးထောင်ဖို့ရန် ရေးသားခဲ့၏။ ကျမ်းစာရှိသမျှသည် ဗျာဒိတ်တော်တစ်ခုဖြစ်ကြောင်း နားလည်သဘောပေါက်ဖို့ရန်အတွက် စာရေးသူက ဓမ္မဟောင်းကျမ်းကို မှန်ကန်စွာ အနက်အဓိပ္ပာယ်ပြန်ဆိုခဲ့သည်။

ဘုရားသခင်ကိုယ်တိုင်က မိမိ၏နှုတ်ကပတ်တော်ကို သက်သေပြု၏။ ထို့ကြောင့် သူသည် သွန်သင်ချက် (အယူဝါဒ) အားလုံး၏ မူလဇစ်မြစ်ဖြစ်တော်မူ၏။ နက်နဲမှုမရှိသောသီအိုလောဂျီသည် ဘုရားသခင်၏ သမ္မာကျမ်းစာမူလဇစ်မြစ်တို့ကို သဘောမပေါက်ခြင်းထဲက ထွက်လာ၏။ ဤအချက်ကို မှတ်သားကြပါ - “ယေရှုခရစ်ကို ယုံကြည်ခြင်း အားဖြင့် ကယ်တင်ခြင်းအလိုငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငှင်း သိမှတ်သည်နှင့်၊ အထက်ကသင်၍ နှလုံးသွင်းမိသောအယူဝါဒ၌ တည်နေလော့။ ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍” (၂ တိ ၃း၁၅-၁၆)။

ခရစ်တော်၏အသက်တာနှင့်အလုပ်တို့၌တွေ့ရသော ဘုရားသခင်၏ လက်တော်မှာမေးခွန်းထုတ်စရာမရှိပေ။ ယေရှုကဲ့သို့ အပျိုကညာမှ မွေးဖွားသောကလေးသူငယ်သည် ဘယ်သောအခါမျှမရှိခဲ့ပေ။ သူသည် နာသောသူ၊ နတ်ဆိုးစွဲကပ်သောသူ၊ ကိုယ်အင်္ဂါချွတ်ယွင်းနေသောသူ၊ မျက်စိကန်းသောသူနှင့် နားမကြားသောသူတို့ကို ကျန်းမာစေခဲ့၏။ သူသည် သေလွန်သောသူတို့ကိုလည်း ပြန်လည်ထမြောက်စေခဲ့၏။ လူတို့သည် သူ၏နိမိတ်လက္ခဏာများကျယ်ပြန့်ခြင်း၌ အံ့သြခဲ့ကြ၏။ ဘုရားသခင်ကလည်း သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးတို့ကို ယေရှု၏အလိုတော်အတိုင်း ပေးခဲ့၏။ ထိုခေတ်သည် လူ့သမိုင်း၌ မှတ်သားဖွယ်ရာခေတ်ဖြစ်၏။ ခရစ်တော်၏ ကြီးမြတ်ခြင်းဟူသော သမ္မာတရားသည် ခေတ်အဆက်ဆက် ခိုင်ခံ့စွာရပ်တည်၏။ ခရစ်တော်ထံသို့ ဝင်ရောက်တိုးဝင်ခြင်းသည် ကယ်တင်ခြင်းဖြစ်သည်။

ထာဝရအသက်ရှင်ခြင်းသို့ ခရစ်ယာန်လျှောက်လှမ်းခြင်းသည် မှန်သောသွန်သင်ချက်ကို စိတ်အားထက်သန်စွာဖြင့်သော်၎င်း၊ စိတ်ရင်းရိုးသားစွာဖြင့်သော်၎င်း၊ စကားလုံးတိုင်းကို ဂရုစိုက်ခြင်းအားဖြင့်သော်၎င်း ခံယူဆုပ်ကိုင်ခြင်းအားဖြင့် ပုံရိပ်ထင်စေ၏။ ခရစ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းအယူဝါဒသည် အဘယ်သူမျှမပေးနိုင်သော ကယ်တင်ခြင်းသို့ စပို့ဆောင်ပေး၏။ ယုံကြည်သူတစ်ဦးအနေဖြင့် ခရစ်တော်၏အယူဝါဒ၏ စုံလင်သောဆုလက်ဆောင်ကို ပိုင်ဆိုင်နိုင်ဖို့ရန်အတွက် လစ်လျူရှုခြင်းဟူသော အားနည်းချက်ကို ရင်ဆိုင်တိုက်လှန်သင့်ပါသည်။ ကျွန်ုပ်တို့သည် လစ်လျူရှုသောသူမဖြစ်ဘဲ၊ လုံ့လဝီရိယရှိသောသူဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူသည် သမ္မာကျမ်းစာအားဖြင့် စုံလင်ခြင်းကို ဖြစ်စေ၏။
**ဆုတောင်းချက်** - အို အဖဘုရား၊ သမ္မာတရားနှင့်ဆိုင်သော သတင်းကိုလူတိုင်းအား သိစေတော်မူပါ။

သောကြာ၊ ဇူလိုင် (၁၂)

**ဟေဗြဲ ၂း၅-၁၈**

ဆာလံ ၈း၄-၆

*“ဖန်ဆင်းတော်မူသော အရာများကို အုပ်စိုးစေ၍. . . ”*

## ခရစ်တော်၏ လူသားဖြစ်ခြင်း

ခရစ်တော်သည် ကောင်းကင်တမန်တို့ထက် အနည်းငယ်နိမ့်သောသူအဖြစ် ဖော်ပြခြင်းကိုခံရခြင်းမှာ မိမိ၏ညီအကိုများကဲ့သို့ ဖြစ်ကြောင်းကိုဖော်ပြခြင်းဖြစ်၏။ ဤအချက်သည် ခရစ်တော်၏ လူသားဖြစ်ခြင်းအကြောင်းဖော်ပြချက်ဖြစ်၏။ သို့သော်တစ်ချိန်တည်းတွင် သူ့အား ဘုန်းတော်နှင့်ဂုဏ်အသရေအားဖြင့် ချီးမြှောက်တော်မူ၏။ သူ၏နှိမ့်ချသောစိတ်နှင့်ပြုသောအမှုက သူ့အား လူသားတို့၏ကယ်တင်ရှင် ဖြစ်စေတော်မူ၏။ သူသည် လူသားဖြစ်သော်လည်း သူ့ရဲ့အဖြစ်တော်၌ သာလွန်ကြီးမြတ်တော်မူ၏။

ခရစ်တော်သည် လူသားမျိုးနွယ်အပေါင်းတို့တွင် သာလွန်ကြီးမြတ်ခြင်းရှိ၏။ အဘယ်ကြောင့် ဆိုသော်၊ ဘုရားသခင်က လောကကိုသူ၏ ထိန်းချုပ်မှုအောက်တွင်ထားတော်မူ၏။ ဤအချက်သည် လူသားမျိုးနွယ်တို့ကို ရည်ညွှန်းခြင်းဖြစ်၏။ ခရစ်တော်၏ လူသားဖြစ်ခြင်းမှာ သဘာဝကိုဆန့်ကျင့်သောအရာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူသည်လူ့ပုံသဏ္ဌာန်တော်ကို ဆောင်ယူသောအခါတွင် သူ၏ဘုရားဖြစ်ခြင်းကို မစွန့်လွှတ်ခဲ့ပေ။ သူသည်တစ်ချိန်တည်းတွင် ဘုရားသခင်နှင့် လူသားဖြစ် တော်မူ၏။ သို့သော် လူသည် အခြားသူတို့နှင့် ခရစ်တော်၌ရှိသော ခြားနားချက်ကို မခွဲခြားနိုင်ကြပေ။ ကောင်းကင်တမန်တို့သည် လူတို့ထက်သာ၍ တန်ခိုးပိုင်ဆိုင်ကြောင်းနှင့် ဂုဏ်အသရေရှိကြသောသူ အဖြစ် သိမြင်ရသည်။ ယေရှုသည် သာသနာကိုစတင်သောအခါ များစွာသောသူတို့သည် သူ့အပေါ်၌ ထားရှိခဲ့ကြသော မိမိတို့စိတ်ကိုစတင်ပြောင်းလဲခဲ့ကြ၏။ သူသည် ဘုရားသခင်၏ သား တော် စစ်မှန်ကြောင်းကို သူ၏နှုတ်ထွက်စကားနှင့် အံ့ဖွယ်နိမိတ်လက္ခဏာတို့က ဖော်ပြပေး၏။ သူသည် ဘုရားသခင်နှင့် တူညီကြောင်းမိန့်ခဲ့သောကြောင့် သူ့ကိုမယုံကြည်သော ယုဒလူတို့သည် သူ့အပေါ်အလွန်စိတ်ဆိုးခဲ့ကြသည်။

ဤစာပိုဒ်က သူသည် ကောင်းကင်တမန်တို့ထက် အနည်းငယ်နိမ့်ကျစေခြင်း ခံရသော်လည်း ဘုန်းတော်နှင့် ဂုဏ်သရေဖြင့်ချီးမြှောက်ထားကြောင်းကို ဖော်ပြ၏။ ဤအချက်မှာ ဆာလံ ၈း၄-၆ မှ ကိုးကားထားခြင်းဖြစ်သည်။ ဤဩဝါဒစာကို စတင်လက်ခံခဲ့ကြသောသူတို့က လူ့ဇာတိဖြင့် ရှိသော ခရစ်တော်၏ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းစွာမသိခဲ့ကြပေ။ စာရေးသူက ခရစ်တော်၏ လူ့ဇာတိခံယူခြင်းကို ဖော်ပြသောအခါ ထိုသူတို့ရင်းနှီးကျွမ်းဝင်သော သမ္မာကျမ်းစာ၊ ဆာလံကျမ်းကို ကိုးကားခဲ့ခြင်းဖြစ်သည်။ ရှင်ပေါလုက သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးသော ခရစ်တော်သည် မိမိ၏ရန်သူတို့အား မိမိခြေအောက်တွင် ချထားခဲ့သည် တိုင်အောင် အုပ်စိုးရမည့်အကြောင်းကို ပြောဆိုခဲ့သည်။ သေခြင်းတရားသည် နောက်ဆုံးသောရန်သူဖြစ်၏။

သူ့အား ကောင်းကင်တမန်တို့ထက် နိမ့်ကျစေသည်ဟု ပြောဆိုခြင်းက သူသည် လူ့ဇာတိအားဖြင့်ဖွားမြင်၍ သာ၍နိမ့်ကျသော သတ္တဝါတို့ထံသို့ရောက်ရှိတတ်သည့် နာကျင်ခြင်းဝေဒနာအားလုံးကို ဖြတ်လျှောက်ခဲ့သည့် အချက်ကို ပြသခြင်းဖြစ်သည်။ ဤနှိမ့်ချစွာ လူ့ဇာတိကို ခံယူခြင်းမှာ လိုအပ်၏။ အဘယ်ကြောင့်ဆိုသော် သူသည်မြေကြီးပေါ်၌ မိမိ၏သာသနာကို ပြည့်စုံစေဖို့ရန် လိုအပ်၏။

**ဆင်ခြင်ရန်** - လူသားတို့သည် ဘုရားသခင်၏သားဖြစ်နိုင်မည်အကြောင်း၊ ဘုရားသခင်၏ သားတော်သည် လူသားဖြစ်လာခဲ့၏ (Calvin)။

**ဆုတောင်းချက်** - ကျွန်ုပ်သည် နှိမ့်ချကြည်ညိုခြင်းဖြင့် ခရစ်တော်၏စိတ်ထားကို အမွေရပါစေသော်။

စနေ၊ ဇူလိုင် (၁၃)

**ဟေဗြဲ ၂း၅-၁၈**

ဖိ ၂း၅-၁၁

*"ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ . . . "*

## ခရစ်တော်သည် အောင်မြင်ခြင်း၌ သာ၍ကြီးမြတ်ခြင်းရှိ၏

ခရစ်တော်ကို ယုဒလူတို့ စွပ်စွဲခဲ့ကြခြင်း နှင့် နောက်ပိုင်းတွင် ရောမအစိုးရလက်အောက်၌ ညှင်းပန်းနှိပ်စက်ခံရရန် အပ်နှံခဲ့ကြခြင်းမှာ ဘုရားသခင်၏ အကြံအစည်ကြောင့်ဖြစ်၏။ သူ၌ ဥပဒေတစ်ခုခု ချိုးဖောက်ခြင်းအပြစ်မတွေ့ရှိကြသော်လည်း သူ့အား သေဒဏ်စီရင်ခဲ့ကြ၏။ ဤအချက်သည် သူ၏နှိမ့်ချခံရခြင်း၌ အနိမ့်ကျဆုံးသောအချက်ဖြစ်သည်။ သူသည်လူတို့အတွက် သေခြင်းကိုမြည်းစမ်းရခြင်း ဖြစ်ကြောင်း ဤစာပိုဒ်က ပြောဆိုခြင်းသည် သူ၏အသေခံခြင်းမှာ အချည်းနှီးမဟုတ်ကြောင်းကို ပြသ၏။ သူ၏သာလွန်ကြီးမြတ်ခြင်းကို သေခြင်းမှ ပြန်လည်ထမြောက်သောအခါ တဖန် ဖော်ပြခဲ့၏။ သူသည် ဘုန်းတော်နှင့်ပြည့်သော ကိုယ်ခန္ဓာဖြင့် ကောင်းကင်သို့ ချီဆောင်ခြင်းခံရ၍ ထိုနည်းအတိုင်း ပြန်လည်ကြွလာမည့်ကတိတော်ကိုလည်း ပေးထားတော်မူ၏။ ဤအချက်သည် သူ၏ ဂုဏ်အသရေနှင့် ရှိသေလေးမြတ်သော ချီးမြှောက်ခြင်းအကြောင်းဖြစ်၏။ သူသည် လူသားမျိုးနွယ်ထဲ၌ တစ်ဦး ဖြစ်လာခဲ့သော်လည်း အကြီးမြတ်ဆုံးသောလူသားဖြစ်၏။ သူ၏နှိမ့်ကျခြင်းမှာ အချည်းနှီးမဟုတ်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ထာဝရအသက်ကို အမွေခံဖို့ရန် သူ့အား အဖခမည်းတော်ပေးခဲ့ပြီးသည့် လူများကို ကယ်တင်ဖို့ရန် စွန့်လွှတ်ပေးဆပ်ခြင်းအကြောင်းဖြစ်၏။ "ဘုရားသခင်၏သားတော်ကို ယုံကြည် သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ . . . " (ရှင်ယောဟန် ၃း၁၆)။

သူသည် ကယ်တင်ရှင်ဖြစ်သည်နှင့်အညီ များစွာသောသားတို့ကို ဝေဒနာခံခြင်းအားဖြင့် မိမိတို့၏ ဘုန်းတော်သို့ ခေါ်ဆောင်ခဲ့၏။ သူသည် အချည်းနှီးအတွက် မိမိကိုယ်ကို နှိမ့်ချ၍ လူ့ပုံသဏ္ဍာန်ကို ဆောင်ခဲ့ခြင်းမဟုတ်ပေ။ ဤအရာအားလုံးကို ဆောင်ရွက်ခဲ့ရာတွင် သူ့ထံ၌ ဘုရားသခင်ပေးထားသည့် ရည်ရွယ်ချက်ရှိ၏။ သူပြောခဲ့သည့်အတိုင်း ထိုရည်ရွယ်ချက်ကို သူအောင်မြင်ခဲ့၏။ သူသည် ကောင်းကင်ဘုံသို့ သွားခါနီးတွင် သူသည် သူ့တပည့်တော်များအတွက် နေစရာအခန်း ကို သွားရောက်ပြင်ဆင်၍ သူတို့အား သူ့ထံသို့ခေါ်ဆောင်ရန် ပြန်ကြွလာမည့်အကြောင်းကို မိန့်ဆိုခဲ့၏။ သူ၏ ဝေဒနာခံခြင်းနှင့်သေခြင်းမှာအပြစ်၏အခကိုပေးခဲ့ခြင်းဖြစ်သည်။ သူတို့သည် ခရစ်တော်နှင့် မိတ်သဟာရဖွဲ့နိုင်ရန် သန့်ရှင်းခြင်းအတွက် ဘုရားသခင်၏ တောင်းဆိုချက်ကို ဖြည့်ဆည်းဖို့ရန်အလို့ငှါ သူသည် သူတို့အတွက် စွန့်လွှတ်ပေးဆပ်ခဲ့၏။ ဤစာပိုဒ်၏ ဖော်ပြချက်မှာ ထိုအချက်ဖြစ်၏။ "သန့်ရှင်းစေတတ်သောသူနှင့် သန့်ရှင်းစေအပ်သောသူများတို့သည် တပါးတည်းသော ပကတိရှိကြ၏။ ထိုကြောင့်၊ သန့်ရှင်းစေတတ်သောသူသည် သန့်ရှင်းစေအပ်သော သူတို့ကို ညီအစ်ကိုဟူ၍ခေါ်ခြင်းငှါ၊ ရှက်ကြောက်တော်မမူ။ ထိုသို့ခေါ်သောအချက်ဟူမူကား၊ သီတင်းတော်ကို အကျွန်ုပ်ညီအစ်ကိုတို့အား အကျွန်ုပ်ကြားပြောပါမည်။ ပရိသတ်အလယ်မှာ ကိုယ်တော်ကိုချီးမွမ်း၍သီချင်းဆိုပါမည်ဟု လာသတည်း" (ဟေဗြဲ ၂း၁၁-၁၂)။

ဤသမ္မာတရားကို အစောပိုင်းတွင်လည်း ပရောဖက်တို့အားဖြင့် ကြေညာထားခဲ့ပြီ။ ယေရှုက တပည့်တော်တို့အား သူငယ်ချင်းများကဲ့သို့၄င်း ရည်ညွှန်း၍ မိမိ၏ညီအစ်ကိုများကဲ့သို့၄င်း တန်းတူဆက်ဆံခဲ့ရခြင်းအကြောင်းရင်းကို ပြောဆိုခဲ့၏။ သူကယ်တင်ခဲ့သည့် သူတို့အား မိမိနှင့်အတူ တန်းတူ သဘောထားတော်မူ၏။ သူသည် အရာအားလုံး၏သခင်ဖြစ်သောကြောင့် သူ၏အလုပ်တွင် သာလွန် ကြီးမြတ်ခြင်းရှိတော်မူ၏။

**ဆင်ခြင်ရန်** - (ဖိလိပိ ၂း၅ ကို ဖတ်လော့)။

**ဆုတောင်းချက်** - ကျွန်ုပ်အတွက် ခရစ်တော်လုပ်ဆောင်ခဲ့သောအရာ၌ အမြဲကျေးဇူးတင်လိုပါ၏။

တနင်္ဂနွေ၊ ဇူလိုင် (၁၄)
**ဟေဗြဲ ၂း၅-၁၈**
၂ ယော ၆-၁၁

*"ခရစ်တော်၏ ဒေသနာ၌တည်သောသူသည် ခမည်းတော်နှင့် သားတော်ကိုသိ၏"*

## ခရစ်တော်၏လုပ်ဆောင်ချက်နှင့်ဆိုင်သောနာခံခြင်း

ခရစ်တော်၏ လုပ်ဆောင်ချက်နာခံခြင်းက လူသားတို့အတွက် ကယ်တင်ခြင်းစိတ်ချလုံခြုံမှုကို ပေး၏။ သူ၏ လူ့ဇာတိခံယူခြင်းသည် ဤနာခံခြင်း၏ အစိတ်အပိုင်းဖြစ်သည်။ သူ၏ လူ့ဇာတိဖြင့် လာခဲ့ခြင်းဟူသော ကြေညာချက်ကို အကြိမ်ကြိမ်ဖော်ပြခဲ့၏။ ထိုအချက်မှာ ဤသြဝါဒစာကို ရေးသားခဲ့ချိန်က အငြင်းပွားခဲ့ကြသောအချက်ဖြစ်သည်။ ယောဟန်က ဤစာစောင်နှင့်ပြိုင်တူရေးသားခဲ့သော သူ၏ သြဝါဒစာမှာ ယေရှုခရစ်တော်၏ အသွေးအသားဖြင့်ရောက်လာခဲ့ခြင်းအကြောင်း ယုံကြည်ခြင်း၏ အရေးကြီးပုံကို အလေးပေးဖော်ပြခဲ့သည်။ ဘာသာရေးကိစ္စတွင် အာဏာရှိသည့် များစွာသော ယုဒခေါင်းဆောင်တို့က ဓမ္မဟောင်းကျမ်း၏ မေရှိယသည် ခရစ်တောဖြစ်ကြောင်းကို ဆန့်ကျင်ခဲ့ကြသည်။ ထိုသူတို့သည် ဤအချက်ကို လက်မခံနိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော်သူတို့၏ အသွေးအသားနှင့် ဆိုင်သော ဗီဇကြောင့် ခရစ်တော်နှင့် ပတ်သက်၍ အနှုတ်လက္ခဏာဆောင်သော ရှုထောင့်ကို စွဲကိုင်ထားခြင်း ကြောင့်ဖြစ်သည်။ လူ၏ပုံသဏ္ဍာန်ကို ယူဆောင်ခြင်းက သူ့အားသေခြင်းတရားကို ထိတွေ့ခံစားစေနိုင်ခြင်း ဖြစ်သည်။ သို့သော်လည်း သူသည်သေခြင်းကို အောင်နိုင်သည်ကို ဤနေရာ၌ပြသခဲ့၏။ ခရစ်တော်သည် ကောင်းကင်တမန်တို့၏ ပုံသဏ္ဍာန်ကို မခံယူခဲ့ဘဲ အာဗြဟံ၏ သားအဖြစ်ခံယူခဲ့၏။ ဤအချက်သည် ဇာတိအားဖြင့် သူ၏ဇစ်မြစ်ကို ခြေရာခံနိုင်ဖို့ရန်ဖြစ်သည်။ မြေကြီးပေါ်၌ရှိသော မိသားစုအားလုံးကို သူ့အားဖြင့် ကောင်းချီးပေး မည့်အကြောင်း ကတိတော်ကိုအာဗြဟံထံသို့ ပြုခဲ့၏။ ဤကတိတော်ပြည့်စုံခြင်းမှာ ယေရှုခရစ်တော်အားဖြင့် ဖြစ်၏။

ယေရှုသည် ချုပ်နှောင်ခြင်းခံရသောသူတို့ကို ကယ်တင်တော်မူ၏။ ယေရှုခရစ်ကို ယုံကြည်ခြင်း ဖြင့် ထာဝရအသက်ကို ပေးကမ်းခြင်းသည် အာဒံ၏ အပြစ်ကျူးလွန်ခြင်းနောက်ပိုင်းတွင် လိုအပ်သော အရာဖြစ်၏။ အာဒံ၏သားသမီးတို့သည် အပြစ်နှင့်မွေးဖွားလာကြပြီး သူတို့အား ခရစ်တော်တပါးတည်း သာ လွတ်မြောက်စေနိုင်၏။ ဤအချက်တွင် သူသည် လူတို့အတွက် ဖျန်ဖြေခြင်းအမှုကိုဆောင်ရွက်ရန် သစ္စာရှိသောယဇ်ပုရောဟိတ်မင်းဖြစ်လာခဲ့၏။ ယဇ်ပုရောဟိတ်၏ အလုပ်ကို ရှေးဝတ်ပြုခြင်းအစီအစဉ် ဟောင်းတွင် ကောင်းစွာသိမြင်ရ၏။ သူ၏ လုပ်ငန်းတာဝန်ကို ခရစ်တော်လာရောက်စုံလင်စေခဲ့သည်။ ဤသြဝါဒစာနောက်ပိုင်းတွင် ယဇ်ပုရောဟိတ်မင်း ၏ လုပ်ငန်းအကြောင်းကို သာ၍ဖော်ပြပါမည်။

ခရစ်တော်သည် ဆင်းရဲဒုက္ခနှင့် စုံစမ်းသွေးဆောင်ခြင်းကို ခံခဲ့ပြီးဖြစ်သောကြောင့် စုံစမ်းသွေး ဆောင်ခြင်းကို ခံရသောသူတို့ကို ကူညီမစရန်တတ်နိုင်တော်မူ၏။ စုံစမ်းသွေးဆောင်ခြင်းကို ခံရစဉ်တွင် ခရစ်တော်၏တုံ့ပြန်ချက်မှာ "ကျမ်းစာလာသည်ကား" ဟူသောအချက်ဖြစ်၍ ဘုရားသခင်၏ နှုတ်က ပတ်တော်အားဖြင့် နတ်ဆိုးကိုအောင်နိုင်ခဲ့၏။ ခရစ်တော်သည် လူသားတို့အား ဖိနှိပ်သည့် အခြားအခက်အခဲများကိုလည်း တွေ့ကြုံခဲ့ရ၏။ သို့သော်လည်း ထိုအရားအားလုံးကို အောင်နိုင်၏။ ဤအချက်က ခရစ်တော်အား ဘုရားသခင်၏ ကျေးဇူးတော် ပေးကမ်းခြင်း၌ အပြစ်သားတွေအတွက် ထိုက်တန်သောကိုယ်စားခံသူဖြစ်စေ၏။

**ဆင်ခြင်ရန်** - နာခံခြင်းသည် ဘုရားသခင်၏သားသမီးတိုင်းအတွက် အစွမ်းသတ္တိဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်ရှင်ကို နာခံတတ်သောသားဖြစ်ဖို့ရန် သွန်သင် တော်မူပါ။

တနင်္လာ၊ ဇူလိုင် (၁၅)
**ဟေဗြဲ ၁း၁-၆**
ဟေရှာ ၉း၆-၇

*"ဒါဝိဒ်မင်း၏ ရာဇပလ္လင်ပေါ်မှာထိုင်၍၊*
*နိုင်ငံတော်ကို နောက်ကာလအစဉ်မပြတ် . . . "*

## ခရစ်တော်သည် ကြီးမြတ်တော်မူသော်လည်း မိမိကိုယ်ကို နှိမ့်ချတော်မူ၏

ခရစ်တော်၏နှိမ့်ချခြင်းက သူ၏ရည်ရွယ်ချက်အကြောင်းကို ရှင်းလင်းစွာပြောကြားတော်မူ၏။ သူသည် အစအဦးကပင် ဘုရားသခင်၊ ဖန်ဆင်းရှင်ဖြစ်တော်မူ၏။ ထိုကြောင့် သာလွန်ကြီးမြတ်ခြင်းကို ထာဝရပိုင်တော်မူ၏။ သို့သော်လည်း သူသည် လူသားတို့အား အပြစ်မှ ကယ်တင်ဖို့ရန်အတွက် လူဖြစ်လာခဲ့သည်။ ထိုကြောင့် ရှင်ပေါလုက ခရစ်တော်၏ နှိမ့်ချခြင်းကို ဖော်ပြရာမှာ- "ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန် ၏သဏ္ဍာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမကိုပေးသနားတော်မူ၏" (ဖိလိ ၂း၅-၉)။

ယေရှုခရစ်တော်ကို ယုံကြည်၍ သူပေးကမ်းသောကယ်တင်ခြင်းကို လက်ခံသောသူတို့သည် ကယ်တင်ခြင်းကိုခံရကြ၏။ သူသည် ကယ်တင်ဖို့ရန်နှင့်လူတို့အား ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေနိုင်သောတန်ခိုးတော်ရှိ၏။ ဤဩဝါဒစာသည် ခရစ်တော်ကြွလာခြင်းနှင့် စပ်လျဉ်း၍ မောရှေ၏ပညတ်တော်ကို နားလည်သဘောပေါက်ခြင်း၌ ယုဒလူတို့ထဲတွင် လူသိများသည့် ပြဿနာကို ရည်ညွှန်းတော်မူ၏။ သူတို့က ယေရှုသည် ပရောဖက်တို့နှင့် ပညတ္တိကျမ်းတို့ ကြိုတင်ဖော်ပြထားသော မေရှိယဖြစ်ကြောင်းကို လက်မခံခဲ့ကြပေ။ သူတို့က မောရှေသည် သူတို့၏ ပရောဖက်ဖြစ်ပြီး သူပေးခဲ့သော ပညတ်တော်တို့သည် အရာအားလုံးထက် သာ၍ကြီးမြတ်သည်ဟု စွဲကိုင်ထားခဲ့ကြ၏။ သူတို့သည် အနာဂတ်ကာလတွင် မေရှိယကြွလာမည်ဟု စောင့်မျှော်နေကြတုံးဖြစ်သည်။ သူတို့သည် ယေရှုအား မေရှိယအဖြစ် လက်ခံယုံကြည်ခြင်းမရှိကြ သောကြောင့် ဤအချက်က သူတို့၏စိတ်ကို အလွန်ပိတ်ပင်ခဲ့၏။ ယုံကြည်သူ ယုဒလူတို့ကလည်း ခရစ်တော်လာရောက်စုံလင်စေခဲ့ပြီးသော ပညတ်တော်၏ တစ်ချို့သောကျင့်စဉ်တို့နှင့်ပတ်သက် ၍ သံသယရှိနေကြ၏။ ထိုကိစ္စအပေါ်တွင် ကနဦးအသင်းတော် ၌ အငြင်းဖွားမှုများစွာရှိခဲ့၍ ထိုပြဿနာကို မိန့်ကြားဖို့ရန် တမန်တော်တို့ကကြိုးပမ်းခဲ့ကြသည်။ သခင်ယေရှုကိုယ်တိုင်က ထိုနားလည်မှုလွဲမှားခြင်းအကြောင်းကိုသိခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူသည် ဖာရိရှဲတို့နှင့် ကျမ်းတတ် တို့ထံမှ ဆန့်ကျင်မှုကို မကြာခဏကြုံတွေ့ခဲ့ရ၏။ သူသည် ကြိမ်ဖန်များစွာ ထိုသူတို့အား သင်ကြား ပို့ချဖို့ရန် ရည်ရွယ်ချက်ဖြင့် သူတို့၏ ထုံးတမ်းဓလေ့တို့ကို တမင်တကာ ဆန့်ကျင့်ခြင်းကိုပြုခဲ့၏။ တမန်တော်တို့သည် သူ၏ သင်ကြားခြင်းကို လိုက်ခဲ့ကြ၏။ ဤနှုတ်ကပတ်တော်ကို သူတို့နားလည်သဘောပေါက်ဖို့ရန်အတွက် ရေးသားခဲ့ခြင်းဖြစ်သည်။ ခရစ်တော်၏ သာလွန်ကြီးမြတ်ခြင်းကို သေချာစေဖို့ရန် ရှင်းလင်းသော နှိုင်းယှဉ်ချက်တို့ကို ပြုလုပ်ခဲ့သည်။

**ဆင်ခြင်ရန်** - နှိမ့်ချခြင်းသည် ခရစ်တော်က လက်တွေ့ကျကျ သင်ကြားပို့ချခဲ့သည့် ကုသိုလ်တပါးဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် ခရစ်တော်ကဲ့သို့ဖြစ်လာရန် အမြဲသင်ယူစေတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၁၆)
**ဟေဗြဲ ၃း၁-၆**
ယော ၈း၂၆-၂၈

*“ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကိုငှင်း သင်တို့သည်သိကြလိမ့်မည်”*

---

## ခရစ်တော်သည် ခရစ်ယာန်ယုံကြည်ချက်၏ဗဟိုဖြစ်၏

ခရစ်ယာန်တို့သည် သန့်ရှင်းသောသူများ၊ ခရစ်တော်အားဖြင့် ကောင်းကင်နှင့်ဆိုင်သော ခေါ်တော်မူခြင်းကို မျှဝေခံစားသူများဖြစ်၏။ ခရစ်တော်က သင်ကြားပို့ချရာ၌ တပည့်တော်တို့ထံသို့ မိမိကိုယ်တိုင်အကြောင်းကို သိစေပြီး သူတို့အား ထိုခေါ်ခြင်း၏ မျှော်လင့်ခြင်းကို ကတိပြုခဲ့၏။ ခရစ်တော် ယုံကြည်ခြင်းက ခရစ်ယာန်တစ်ဦးအား အလွန်မြင့်သောအခြေအနေတွင် ထား၏။ ရှင်ယောဟန် ၃း၁၆ က အလွန်ကြီးမြတ်သော အယူဝါဒကို သင်ကြားပို့ချပေးသောကြောင့် အလွန်ကျော်ကြားသောကျမ်းပိုဒ်ဖြစ်၏။ ခရစ်တောမိန့်တော်မူသည်မှာ “ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။” ခရစ်တော်၏ခေါ်တော်မူခြင်းကို တုန့်ပြန်ခြင်းက ထာဝရအသက်နှင့်ဆိုင်သော ကတိတော်ကိုရစေ၏။ ထိုအရာသည် ယုံကြည်သူတို့ပိုင်ဆိုင်သော အလွန်ကြီးမားသည့် အခွင့်အရေးဖြစ်၏။ ရှင်ယောဟန် ၁း၁၂ တွင် ရှိသောအခြားသော ကတိတော်မှာ-“ထိုသူကိုလက်ခံသမျှ သောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။” ဤအချက်က ယုံကြည်သူတို့အား ဘုရားသခင်၏သားအဖြစ် မွေးစားခြင်းကို ဖြစ်စေ၏။ ဤအချက်က ယုံကြည်သူတို့အား ကောင်းကင် ဘုံနှင့်ဆိုင်သောအမွေကို ပေး၏။ ခရစ်တော်ကလည်း တပည့်တော်တို့အား သူတို့အတွက် နေရာ သွားရောက် ပြင်ဆင်ပေးမည့်အကြောင်းနှင့် တဖန်သူတို့အား သူ့ထံသို့ဆောင်ယူရန် ပြန်ကြွလာမည့်အကြောင်းကို ကတိပေးခဲ့၏။ ဤအရာများနှင့် အခြားသော ကတိတော်တို့က သူတို့ကို သန့်ရှင်းစေ၍၊ ခရစ်တော်ယုံကြည်ခြင်းနှင့်အတူ လိုက်လာသည့်ကောင်းကင်ဘုံနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာအား မျှဝေခံစားသောသူများဖြစ်စေတော်မူ၏။

ခရစ်တော်ကိုလည်း “. . . ငါ့တို့ဝန်ခံသောတမန်တော်. . . ”(ဟေဗြဲ ၃း၁) ဟူ၍ ခေါ်တော်မူ၏။ ထိုသို့ခေါ်ရခြင်းမှာ ခရစ်တော်သည် ကောင်းကင်ဘုံမှ ဆင်းကြွတော်မူခဲ့ပြီး လူ့ဇာတိကို မိမိကိုယ်တိုင် ခံယူခဲ့ခြင်းကြောင့်ဖြစ်သည်။ သူ၏ သင်ကြားခြင်းသည် ယုဒအဖွဲ့ အစည်းတို့ ရင်းနှီးကျွမ်း ဝင်သည့် ဓလေ့ထုံးတမ်းတို့နှင့်မတူဘဲ လုံးလုံးလျားလျား အသစ်ဖြစ်ခဲ့သည်။ သူတို့ကို ရင်ဆိုင်ရ၏။ သို့သော် ယုံကြည်သောသူတို့အတွက် မိမိတို့ယုံကြည်ခြင်းအဖို့ အသက်ပေးဖို့ရန် ဆန္ဒရှိကြခြင်းမှာ သူတို့အဖို့ အဖိုးထိုက်သော ဆုလက်ဆောင်ဖြစ်ခဲ့သည်။ ခရစ်တော်တွင် သူတို့အတွက် အသစ် သောသတင်းစကားရှိပြီး သူတို့သည် ဧဝံဂေလိသတင်းကောင်းကို ချစ်ခင်မြတ်နိုးခဲ့ကြသည်။ ပရောဖက်ပြုခြင်းသည် ခရစ်တော်၏ အလုပ်သုံးမျိုးတွင် တစ်ခုဖြစ်၍ ထိုအရာမှာ တမန်တော် တစ်ဦးနှင့်သိပ်၍မခြားနားလှပေ။ ခရစ်တော်က မိမိကိုယ်ကို ပရောဖက်တပါးအဖြစ် မြွက်ဆို၍ ဘုရားသခင်ထံတော်မှလာသော စေတမန်အဖြစ် မိမိကိုယ်ကို ကာကွယ်ခဲ့၏။ သူသည် အနာဂတ် အကြောင်းအရာတို့ကို ကြိုတင်ဟောကြား၍ အခွင့်အာဏာနှင့် မိန့်ကြားခဲ့သည်။ သူသည် ဘုရား သခင်၏ နိုင်ငံတော်အကြောင်းကို လာရောက်ဖော်ပြပြီး များစွာသောတပည့်တော်တို့ကို မွေးထုတ်တော်မူ၏။ ထို့ကြောင့် သူသည် ကျွန်ုပ်တို့ ယုံကြည်ချက်၏ ဗဟိုဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - အသစ်တဖန်မွေးဖွားခြင်းကို ခံရသောသူတိုင်းသည် ဘုရားသခင်၏သားဖြစ်၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ကယ်တင်ခြင်းကို ပေးကမ်းသော ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၇)
**ဟေဗြဲ ၃း၁-၆**
ထွ ၃၃း၈-၁၀

*"မောရှေသည် တဲတော်အထဲသို့ဝင်ပြီးမှ . . .*
*ထာဝရဘုရားသည် မောရှေနှင့် နှုတ်ဆက်တော်မူ၏"*

# ခရစ်တော်သည် သူ၏အမှုတော်၌ သာ၍ကြီးမြတ်တော်မူ၏

ခရစ်တော်ကို "... ငါတို့ ဝန်ခံသော ... ယဇ်ပုရောဟိတ်မင်း" (ဟေဗြဲ ၃း၁) ဟူ၍ ခေါ်တော်မူ၏။ ဓမ္မဟောင်းခေတ်တွင် ယဇ်ပုရောဟိတ်သည် အလွန်အရေးကြီးသော အစိတ်ပိုင်းတွင် လုပ်ရှားရန် တာဝန်ရှိ၏။ ဝတ်ပြုကိုးကွယ်ခြင်းကို ပြီးမြောက်စေဖို့ရန်အလို့ငှါ အရားအား လုံးသူ့အပေါ်တွင် တည်မှီခဲ့၏။ ခရစ်တော်သည် ဤအမှုတွင် ပါဝင်လုပ်ရှား၍၊ သူသည် စုံလင်သော ယဇ်ပုရောဟိတ်မင်းဖြစ်၏။ သို့သော်၊ သူ၏ ဆောင်ရွက်ချက်တို့မှာ အကြိမ်ကြိမ် ထပ်လုပ်ဖို့ရန် မလိုအပ်ပေ။ သူ၏ ကြီးမြတ်ခြင်းမှာ ဆက်ကပ်အပ်နှံခဲ့ပြီးသည့် ပွဲတော်တို့နှင့် ယဇ်ပူဇော်ခြင်း အားလုံးတို့ထက် အလွန်ကျော်လွန်ခြင်းရှိတော်မူ၏။ အကြောင်းမူကား သူသည် ထိုယဇ်ပူဇော်ခြင်းအားလုံးကို အဆုံးသတ်စေခဲ့၏။

ဤစာပိုဒ်က မောရှေသည် သူ့အိမ်သူအိမ်သားအားလုံးအပေါ်တွင် သစ္စာစောင့်သိသကဲ့သို့ ခရစ်တော်သည် သူ့ကို ခန့်ထားသောသူအပေါ်တွင် သစ္စာရှိတော်မူသည်ဟု ဖော်ပြခဲ့သည်။ ခရစ်တော်သည် ဘုရားသခင်၏ ဂုဏ်အင်္ဂါရပ်အားလုံးကို ပိုင်ဆိုင်ထားကတည်းက သူ၏ သစ္စာရှိခြင်းမှာ အမှားမရှိနိုင်ပေ။ မောရှေကို ဘုရားသခင်က ခန့်ထားတော်မူခဲ့ပြီး ထာဝရဘုရား၏ အမှုတော်ဆောင်ရွက်ဖို့ရန်အတွက် ထိုက်တန်သော တန်ဆာပလာဖြစ်စေတော်မူ၏။ ဘုရားသခင်သည် မောရှေအား သူ ပြည့်စုံစေလိုသောအရာတို့ကို ဆောင်ရွက်နိုင်ရန် ကျေးဇူးတော်ကို ပေးတော်မူ၏။ အခြားတဖက်တွင်၊ မောရှေသည် အချို့တွင်စုံလင်ခြင်းမရှိကြောင်းကို မြင်တွေ့ရ၏။ သို့သော်လည်း ဤစာပိုဒ်က ယုဒလူတို့ကို ခရစ်တော်၏ ကြီးမြတ်ခြင်းအကြောင်းကို ပြသဖို့ရန် ရေးထားခြင်းဖြစ်၏။ ထို့ကြောင့် ခရစ်တော်အား မောရှေနှင့်နှိုင်းယှဉ်ပြခဲ့ခြင်းဖြစ်သည်။ ယနေ့ ခေတ်လူတို့သည် သမ္မာကျမ်းစာနှင့်ဆိုင်သော ယဉ်ကျေးမှုကို နောက်ပြန်လှည့်ခြင်းအဖြစ် ယူဆကောင်းယူဆနိုင်၏။ ဤအချက်မှာ အသက်ရှင်ပုံနှင့် သိပ္ပံအတတ်ပညာနည်းလမ်းတွင် မှန်ကောင်းမှန်ပေလိမ့်မည်။ သို့သော်၊ ခရစ်တော်သည် အရာခပ်သိမ်းမရှိမီ ရှိတော်မူ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ဖန်ဆင်းရှင်ဖြစ်ပြီး သူ့အတွက် အသစ်သောအရာဟူ၍ မရှိပေ။

ယနေ့စီးပွားရေးလောကတွင် အချိန်သည်အလွန်တန်ဖိုးကြီးလှပါသည်။ မိနစ်တိုင်း တန်ဖိုးရှိ၏။ သို့သော်လည်း ကမ္ဘာမြေကြီး၏အုတ်မြစ်ကို ချသောအချိန်မှစ၍ အချိန်ကိုဘုရားသခင်စတင်ဖန်ဆင်းတော်မူ၏။ နေနှင့်လတို့သည် အချိန်နှင့်ရာသီကို အုပ်စိုးခြင်းငှါ ဖန်ဆင်းခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အချိန်ကိုစတင်ခဲ့သောပုဂ္ဂိုလ်ဖြစ်ပါသည်။ ကျမ်းစာထဲ၌တွေ့ရသော ပုရောဖက်ပြုချက်တို့သည်လည်း အချိန်နှင့်ပတ်သက်ခဲ့ကြ၏။ ပုရောဖက်ပြုချက်အပေါင်းတို့သည် တိကျသော အချိန်၌ ပြည့်စုံခြင်းရှိခဲ့ကြ၏။ ဘုရားသခင်ဖော်ပြတော်မမူလျှင် မောရှေကလည်း အနာဂတ်ကို ကြိုတင်မသိခဲ့ပါ။ ခရစ်တော်သည် ကြီးမြတ်တော်မူ၏။ အကြောင်းမှာ အရာခပ်သိမ်းကို သိတော်မူ၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏ကြီးမြတ်တော်မူခြင်းအကြောင်းကို လုံးဝသေးငယ်စေ၍မရပါ။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၌အားနည်းချက်များစွာရှိသော်လည်း သစ္စာရှိခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၁၈)

**ဟေဗြဲ ၃း၁-၆**

တော ၁၄း၁၂-၂၀

*“. . . ဘုရားသခင်ဖြစ်၏ ဟု မိန့်တော်မူသည့်အတိုင်း၊ အကျွန်ုပ်တို့၏ ဘုရားရှင်တန်ခိုးတော်သည် ကြီးပါစေသော”*

---

## ပုဂ္ဂိုလ်ဖြစ်ခြင်းတွင် ခရစ်တော်သည် မောရှေထက် သာ၍ကြီးမြတ်တော်မူ၏

မောရှေသည် ရွေးနုတ်ကယ်တင်ခြင်းနှင့်ပတ်သက်၍ ခရစ်တော်နှင့်ပုံတူဖြစ်၏။ မောရှေကို ဘုရားသခင်က အဲဂုတ္တုပြည်မှ ဣသရေလအမျိုးသားတို့အား ထွက်ခွာခွင့်ပြုဖို့ရန်နှင့် လွတ်မြောက်ခြင်းပေးဖို့ရန် အဲဂုတ္တုဘုရင်ထံသို့ သွားရောက်တောင်းဆိုဖို့ ခေါ်တော်မူခဲ့သည်။ အစပိုင်းတွင် မောရှေက ကတိတော်ပြည်သို့ သွားရာလမ်းသည် လွယ်ကူ၍ ရက်အနည်းငယ်သာ ကြာလိမ့်မည်ဟု ထင်မှတ်ထားခဲ့၏။ အဆုံးတွင်မူ၊ ထိုလမ်းသည် နှစ်ပေါင်းလေးဆယ်ကြာမြင့်ပြီး၊ မောရှေကိုယ်တိုင်က ကတိတော်ပြည်သို့ ခြေချခွင့်မရခဲ့ပေ။ ကတိတော်ပြည်သို့ မဝင်ရောက်မီတွင် သေဆုံးခဲ့၏။ သို့သော်ငြားလည်း၊ သူဆောင်ရွက်ဖို့ရန် ဘုရားသခင်မိန့်တော်မူသည့်အရာတို့ကို လူသားတစ်ဦးအနေဖြင့် တတ်နိုင်သမျှအရာအားလုံးကို ဆောင်ရွက်ခဲ့၏။ ယုဒလူတို့၏ စိတ်ထဲတွင် မောရှေသည် အကြီးမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့၏။ သို့သော်လည်း ခရစ်တော်ကို မောရှေထက်သာ၍ ဘုန်းကြီးသောသူအဖြစ် သတ်မှတ်ထား၏။

ဇာခရိအနာဂတ္တိကျမ်း ၆း၁၂-၁၃ တွင် ခရစ်တော်ကို မိမိဒေသအရပ်၌ပေါက်၍ ထာဝရဘုရား၏ ဗိမာန်တော်ကို တည်ဆောက်မည့် “အညွန့်” ဟူသောနာမဖြင့် ခေါ်တော်မူခဲ့၏။ “သူသည် ဘုန်းကြီး၍ ရာဇပလ္လင်ပေါ်မှာ ထိုင်လျက် စိုးစံလိမ့်မည်၊ ရာဇပလ္လင်တော်ပေါ်မှာ ယဇ်ပုရောဟိတ်လည်းဖြစ်၍၊ ထိုနှစ်ပါးတို့သည် မိသာဟာယ ပဋိညာဉ်ကို ဖွဲ့ကြလိမ့်မည်” ဟူ၍ ထပ်ဖြည့် ထား၏။

သမ္မာကျမ်းစာရေးသားခြင်း၌ မောရှေ၏ အရေးအသားသည် အဘယ်သူနှင့်မျှ နှိုင်းယှဉ်စရာမရှိပေ။ သို့သော်လည်း သစ္စာခံခြင်းနှင့် သူ၏လွှမ်းမိုးမှုသည် ယုဒတိုင်းပြည်မှာ ကန့်သတ်ထား၏။ ဤအချက်ကို ဘုရားသခင်စီစဉ်ထားခဲ့သည်မှာ ဧကန်အမှန်ဖြစ်၏။ ခရစ်တော်သည် ကျမ်းစာတစ်အုပ်ပင်ရေးသားခဲ့ခြင်းမပြုသော်လည်း တပည့်တော်တို့ကို သင်ကြားပို့ချခဲ့ပြီး တမန်တော်ဟူ၍ နာမည်မည့်ထားသော တစ်ကျိပ်နှစ်ပါးတို့ကို တာဝန်ပေးစေလွှတ်ခဲ့၏။ ဤသေးငယ်သောလူစုကို ခရစ်တော်၏ ဧဝံဂေလိသတင်းကောင်းကို ဟောကြားဖို့ရန် စေလွှတ်ခဲ့၏။ သူတို့သည် ထိုတာဝန်ကို သစ္စာတရားနှင့်အတူ ဆောင်ရွက်ခဲ့ကြပြီး သူတို့၏လုပ်ဆောင်ချက်ကို ထိုခေတ်၌ ကမ္ဘာကိုပြောင်းပြန်လှန်ပစ်သောသူတွေဟူ၍ သက်သေထူခြင်းခံရကြ၏။ ထိုအချိန်မှစ၍ ယခုနေ့ရက်တိုင်အောင် ခရစ်တော်၏ လွှမ်းမိုးမှုသည် သာ၍အလွန်ကြီးမြတ်၏။ သူသည် ဘုရားသခင်ဖြစ်သောကြောင့် ကြီးမြတ်ခြင်းရှိတော်မူ၏။

မောရှေသည် ထိုအရာတို့ကို သက်သေခံဖို့ရန်အတွက် အစေခံကျွန်ဖြစ်၏။ သူသည် သူပြီးစီးခဲ့သည် အထူးတာဝန်အတွက် ဘုရားသခင်၏ ခန့်ထားခြင်းခံရသောသူဖြစ်၏။ ခရစ်တော်မူကား အစေခံကျွန်မဟုတ်၊ ဘုရားသခင်အိမ်တော်၌ရှိသော တစ်ပါးတည်းသောသားဖြစ်တော်မူ၏။ “. . . ဘုရားသခင်ကို . . . အလွန်တရားကြီးမြတ်တော်မူခြင်းရှိသည်အတိုင်း ချီးမွမ်းကြလော့” (ဆာလံ ၁၅၀း၂)။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ကျွန်ုပ်ဝတ်ပြုရန်အတွက် ထိုက်တန်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ကြီးမြတ်ခြင်းကို ကျွန်ုပ်အမြဲတမ်းအမှတ် ရပါစေသော်။

သောကြာ၊ ဇူလိုင် (၁၉)
**ဟေဗြဲ ၃း၁-၆**
ယော ၅း၃၉-၄၇

*"သူရေးထားသောစာကို သင်တို့သည် မယုံလျှင်၊ ငါ့စကားကို အဘယ်သို့ယုံနိုင်မည်နည်းဟု ယုဒလူတို့အား မိန့်တော်မူ၏"*

## အသင်းတော်အဖို့ ခရစ်တော်ထံမှသင်ခန်းစာ

ယုံကြည်သူတို့က ခရစ်တော်၏အိမ်တော်ကို အသင်းတော်အဖြစ် ပုံဖော်ကြသည်။ ဤသည်ကား ပိုင်ဆိုင်ထားသော မျှော်လင့်ခြင်း၏ဝမ်းမြောက်ခြင်းနှင့်စိတ်ချယုံကြည်ချက်ကို အဆုံးတိုင်အောင် စွဲကိုင်ထားမည့် ယုံကြည်သူတို့နှင့် သန့်ရှင်းသူအားလုံးတို့၏ မိတ်သဟာယဖြစ်၏။ သူတို့သည် လူများ၏ မုန်းတီးခြင်းကို ခံရမည့်အကြောင်း သခင်ဘုရား မိန့်တော်မူခဲ့သည်။ သို့သော်လည်း အဆုံးတိုင်အောင် သည်းခံသောသူတို့သည် ကယ်တင်ခြင်းသို့ရောက်မည့် အကြောင်းကိုလည်း မိန့်ကြားခဲ့၏ (မဿဲ ၁၀း၂၂)။ ခရစ်တော်သည် ကယ်တင်ဖို့ရန် တန်ခိုးရှိတော်မူ၏။ ဤအချက်သည် သူ၏ကြီးမြတ်ခြင်း အကြောင်းဖြစ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော်၊ သူကဲ့သို့ ကယ်တင်နိုင်သောသူမရှိကြပေ။

ဘုရားသခင်က ဣသရေလလူတို့ထံသို့ မိမိကိုယ်ကို ဖော်ပြဖို့ရန်အတွက် မောရှေအား အသုံးပြုနေစဉ်တွင် မောရှေက မိမိထက်သာ၍ ကြီးမြတ်သောသူတစ်ဦးပေါ်လာမည့်အကြောင်းကို ကြိုတင်ဟောကြားထား၏။ ထာဝရဘုရားက မောရှေအားမိန့်တော်မူခဲ့သည်မှာ- "သူတို့သည် ထိုအရပ်သို့လှည့်သွားသဖြင့်၊ လေဝိလုလင်နေရာမိက္ခာအိမ်သို့ရောက်၍ သူ့ကို နှုတ်ဆက်ကြ၏" (တရား ၁၈း၁၅)။ ယုဒလူတို့က ထိုသူမှာ မေရှိယဖြစ်ကြောင်းကို သိခဲ့ကြ၏။ သို့သော်ငြားလည်း ခရစ်တော်ကို ဖော်ပြမည့် ဘုရားသခင်၏ အချိန်းအချက်တော်ရောက်လာသောအခါတွင် ယုဒလူတို့သည် ခရစ်တော်ကို ငြင်းပယ်ခဲ့ကြ၏။ သို့သော်လည်း တစ်ချို့သော ယုဒလူတို့သည် သူ့ကိုလက်ခံယုံကြည်ခဲ့ကြသည်။ တမန်တော်တို့က ထိုကြိုတင်ဟောကြားချက်ပြည့်စုံခြင်းဖြစ်ကြောင်း အတည်ပြုခဲ့ကြ၏။ ရှင်ပေတရုက ဗိမာန်တော်၌ ဒုတိယအကြိမ် တရားဟောခဲ့စဉ်တွင် ထိုကြိုတင်ဟောကြားချက်မှာ ခရစ်တော်၌ ပြည့်စုံခဲ့ကြောင်းကို အတည်ပြုခဲ့သည်။ တမန်တော် ၃း၁၉-၂၀ တွင် ရှင်ပေတရုက ထိုအကြောင်းနှင့် ပတ်သက်၍ လက်တွေ့အသုံးဝင်သော သင်ခန်းစာကို ဖြည့်စွက်ပေးခဲ့ပြီး၊ အနက်အဓိပ္ပာယ်ကိုပေးရာတွင် "ထိုပရောဖက်၏ စကားကို နားမထောင်သောသူရှိသမျှတို့သည် မိမိအမျိုးသားတို့ထဲက ပယ်ရှင်းခြင်းကို ခံရလိမ့်မည်" ဟု၍ မိန့်ဆို၏ (တမန်တော် ၃း၂၃)။ သူက မောရှေသည် ယေရှုခရစ်တော်၏အကြောင်းကို ပြောဆိုခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုပြောဆိုချက်ပြည့်စုံခဲ့ကြောင်းကို သူတို့ထံအတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ယေရှုက ". . . သင်တို့ကိုးစားသော မောရှေပေတည်း။ သင်တို့သည် မောရှေ၏စကားကို ယုံလျှင် ငါ့စကားကို မယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေသည် ငါ့အကြောင်းကို ရေးထား၏" (ရှင်ယောဟန် ၅း၄၅-၄၆) ဟူ၍ မိန့်တော်မူ၏။ ဤဂုဏ်အင်္ဂါရပ်ကြီးမြတ်ခြင်းအားလုံးသည် ခရစ်တော်၌ရှိ၏။

ဤကျမ်းပိုဒ်က ယေရှုသည် ခရစ်တော်အမှန်ဖြစ်ကြောင်းကို ပြသ၏။ မောရှေသည် ဘုရားသခင်၏ ဗျာဒိတ်တော်တွင် ပါဝင်သောနေရာရှိသော်ငြားလည်း အရာခပ်သိမ်းကို ခရစ်တော်က သင်ကြားပို့ချခဲ့ခြင်းဖြစ်၏။ ခရစ်တော်ကို သင်ယုံကြည်လော့။ သို့ပြုလျှင် သင်သည် ကယ်တင်ခြင်းခံရမည်။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်သည် အကြီးမြတ်ဆုံးနှင့် ကယ်တင်ရှင်ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်၌ရှိသော ကြီးမြတ်သော သင်ခန်းစာတို့ကို အကျွန်ုပ်သည် လျစ်လျူမရှုရပါစေနှင့်။

စနေ၊ ဇူလိုင် (၂၀)
**ဟေဗြဲ ၃း၇-၁၉**
ဆာလံ ၉၅

*“ထာဝရဘုရားသည် ကြီးမြတ်သောဘုရား၊
ဘုရားတကာတို့ထက် ကြီးမြတ်သောဘုရင် ဖြစ်တော်မူ၏”*

## စိတ်နှလုံးခိုင်မာခြင်း၏ကြောက်စရာကောင်းမှု

စိတ်နှလုံးခိုင်မာခြင်းနှင့် မယုံကြည်ခြင်းသည် ထာဝရပြစ်ဒဏ်စီရင်ခြင်းသို့ ပို့ဆောင်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဟောကြား၍ ဘုရားသခင်လက်ရာတော်သည် နေ့စဉ်ထင်ရှားလျက်ရှိ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတစ်ဦး၏ ယုံကြည်ခြင်းကို တည်ဆောက်ဖို့ရန်အတွက် နှုတ်ကပတ်တော်ကို အသုံးပြု၏။ ထိုပြင် သဲကန္တရထဲ၌ ဣသရေလ လူတို့၏သာဓကရှိပြီးနောက်တွင် လူ၏ စိတ်နှလုံးခိုင်မာမှုသည် အစဉ်အမြဲတည်ရှိနေ၏။ ဤအရာမှာ လူ၏စိတ်နှလုံးယိုယွင်းပျက်စီးခြင်းဖြစ်ပြီး လူတစ်ဦး၏ အထဲမှကောင်းသောအရာ ဘာမျှထွက်မလာပေ။ ဤစာပိုဒ်တွင် ထိုအချက်ကို အလေးပေးဖော်ပြထား၏။ ထို့ကြောင့် ခရစ်တော်ထံပြန်လည်သွားရောက်ဖို့ရန် လိုအပ်ခြင်းဖြစ်၏။ ယေရှုက တပည့်တော်တို့အား သူ့ထံသို့လာ၍ မိမိတို့၏ ဝန်ထုပ်တို့ကို ချထားကျဖို့ရန် ဖိတ်ခေါ်ခဲ့၏။

ဘုရားသခင်က သမ္မာကျမ်းစာအားဖြင့် စကားပြောတော်မူ၏။ ဤသန့်ရှင်းစင်ကြယ်သော အရေးအသားတို့သည် ဘုရားသခင်၏ အသံတော်ဖြစ်ကြပြီး သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို စိတ်နှလုံးထဲ၌ အတည်ပြုစေသည့် ကိုးစားလှယ်ဖြစ် တော်မူ၏။ ကျမ်းရေးသူက ဆာလံ ၉၅း၇ ကို သန့်ရှင်းသောဝိညာဉ်တော်၏ အသံအဖြစ် ကိုးကား ထား၏။ ဣသရေလလူတို့ထဲသို့၎င်း၊ ထို့နောက်တွင် အသင်းတော်ထံသို့၎င်း ယနေ့တွင် ဘုရားသခင် ၏ သတင်းစကားမှာ ဘုရားသခင်၏ လူတို့သည် ဘုရားသခင်၏အသံကို ကြားသောအခါတွင် မိမိတို့၏ စိတ်နှလုံးကို မခိုင်မာစေသင့်ပေ။ အပြစ်၏ ဇာတိဟောင်းက ဣသရေလလူတို့အား ဘုရားသခင်၏ အသံတော်ကို နားထောင်ဖို့ရန် တားဆီးခဲ့၏။ ထို့ကြောင့် ထွက်မြောက်ရာကျမ်းမှာ ဆန့်ကျင်ပုန်ကန်ခြင်းအကြောင်းကို တစ်ခုပြီးတစ်ခုဖော်ပြနေ၏။ ဤစာပိုဒ်က စုံစမ်းနှောက်ယှက်ခြင်းနေ့ရက်တွင် ရန်ဆွပေးခြင်းကို ရည်ညွှန်းထားသည်။ ဤအချက်သည် အဲဂုတ္တုပြည်မှ ဣသရေလလူတို့ကို မောရှေခေါ်ထုတ်သော နှစ်ပေါင်းလေးဆယ်ကာလကို ပြောဆိုခြင်းဖြစ်ပြီး၊ ထိုနှစ်အားလုံးကို သဲကန္တာရတွင် ဖြစ်၏။ သူတို့၏ ခရီးစဉ်ကို ရက်အနည်းငယ်တွင် ပြီးဆုံးလို့ရသော်လည်း၊ ဘုရားသခင်က ထိုသူတို့သည် သူ၏ ချမ်းသာထဲသို့ ဝင်ရောက်ကြလိမ့်မည်မဟုတ်ကြောင်း ကျိန်ဆိုခြင်းကို ပြုခဲ့၏။ ဣသရေလလူတို့သည် ခါနာန်ပြည်၏ အခြေအနေကို စုံစမ်းဖို့ရန် စေလွှတ်ထားသည့် လူဆယ့်နှစ်ဦးထဲမှ အသက်နှစ်ဆယ်နှင့်အထက် (ယောရှုနှင့် ကာလက်မှအပ) ဆန့်ကျင်သူအားလုံးကို သဲကန္တရထဲတွင် လှည့်လည်ဖို့ရန်ပြစ်ဒဏ်ပေးခြင်း ခံရပြီးနောက် သေခဲ့ကြရ၏။

စိတ်နှလုံးခိုင်မာခြင်းက ကြောက်စရာထဲသို့ ပို့ဆောင်တော်မူသော်လည်း မိမိကိုယ်ကို နှိမ့်ချသောသူတစ်စုံတယောက်သည် ကယ်တင်ခြင်းကို ခံရလိမ့်မည်။

**ဆင်ခြင်ရန်** - စိတ်နှလုံးခိုင်မာခြင်းသည် အပြစ်ဖြစ်ပြီး၊ ၎င်း၏အခမှာ သေခြင်းဖြစ်၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ရှင်စကားပြောဆိုသောအခါ အကျွန်ုပ်၏ စိတ်နှလုံးကို ဘယ်တော့မှမခိုင်မာပါစေနှင့်။

**ဟေဗြဲ ၃း၇-၁၉**
ယောဘ ၃း၁-၁၇

*"ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍ မိန့်တော်မူ၏"*

## စိတ်နှလုံးခိုင်မာခြင်းသည် ကယ်တင်ခြင်းကိုနှောက်ယှက်ပေး၏

စိတ်နှလုံးခိုင်မာခြင်းသည် ကယ်တင်ခြင်းကို နှောင့်ယှက်ပေး၏။ ဇာတိပကတိအားဖြင့် ရှိနေစဉ်တွင် လူသည်နှစ်ပေါင်းများစွာ အသက်ရှင်ရန် ဆန္ဒရှိကောင်းရှိကြပေလိမ့်မည်။ လောကီ ဥစ္စာကြွယ်ဝဖို့ရန်၊ သက်သောင့်သက်သာရှိသောဘဝကို လိုချင်သောဆန္ဒရှိကောင်း ရှိကြပေမည်။ ဤအချက်တို့သည် ပိုင်ဆိုင်ရန်မှာဖြစ်နိုင်သော်လည်း၊ နောက်ဆုံးတွင်အဆုံးရောက် လာလိမ့်မည်။ ရာစုနှစ်များစွာ အသက်ရှင်ခဲ့ကြသော ဖခင်ကြီးများရှိခဲ့ကြပြီး ယနေ့ခေတ်တွင်လည်း အိုမင်းစွာ အသက်ရှင်သောသူများရှိကြ၏။ အလွန့်အလွန်ချမ်းသာကြွယ်ဝသောသူများလည်း ရှိကြ၏။ သို့သော် ဤအရာအားလုံးသည် သေခြင်းတရားကြုံကြသောအခါတွင် အကျိုးမဝင်ကြပေ။ ပို၍ကြီး မြတ်သောအမှုထားစရာကိစ္စမှာ လူတစ်ဦး၏ ဝိညာဉ် ကံကြမ္မာဖြစ်သည်။ ဤအချက်ကို လူတစ်ဦး ၏ ဘုရားသခင်နှင့် ဆက်သွယ်ပုံအားဖြင့် ဆုံးဖြတ်ပေးလိမ့်မည်။

လူတစ်ဦး၏ စိတ်နှလုံးခိုင်မာခြင်းသည် ဘုရားသခင်နှင့် သူ၏ကျေးဇူးတော်နှင့်ဆိုင်သော ကယ်တင်ခြင်းပေးကမ်းမှုကို ငြင်းပယ်ခြင်းဖြစ်၏။ ယေရှုက သူ၏အလုပ်အကြောင်းကို ရှင်ယောဟန်၃ ၌ နိကောဒင်နှင့် ရိုးရှင်းသောစကားပြောဆိုချက်၌ မိန့်ကြားခဲ့၏။ တစ်စုံတစ်ဦးသည် အသစ်တဖန်မွေးဖွားရမည်။ ဤအချက်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် အသစ်သောပြောင်းလဲခြင်းကို ကူညီပေးခြင်းဖြစ်သည်။ တစ်စုံတစ်ဦးသည် ခရစ်တော်ကို မိမိ၏ သခင်နှင့် ကယ်တင်ရှင်အဖြစ် ယုံကြည်ရပါမည်။ ခရစ်တော်ထံသို့ မိမိ၏အပြစ်တို့ကို ဝန်ခံလျက် ခွင့်လွှတ်ခြင်းကို ရှာဖွေရပါမည်။ ခရစ်တော်က အဆုံးထိတိုင် ကယ်တင်တော်မူမည်။ သူ့ထံသို့ ယုံကြည်ခြင်းဖြင့်လာကြသော သူတိုင်းအတွက် မိမိ၏ကိုယ်ကို အပြစ်၏ဒဏ်အတွက် အကြွေး ဆပ်ခြင်းအဖြစ် ပေးကမ်းတော်မူ၏။ စိတ်နှလုံးခိုင်မာခြင်းသည် ဤကောင်းချီးမင်္ဂလာအတွက် အတားအဆီးဖြစ်၏။

တစ်စုံတစ်ဦး၏ စိတ်နှလုံးခိုင်မာခြင်းက ဘုရားသခင်အား ဝမ်းနည်းစေတက်၏။ လောကီမိဘတို့ကဲ့သို့ပင် ဘုရားသခင်သည် သားသမီးတို့က ဆန်ကျင်ပုန်ကန်သောအခါ အလွန် ဝမ်းနည်း၏။ ဆန့်ကျင်ပုန်ကန်ခြင်းကို အဓိကဖြစ်စေသောအရာမှာ အပြစ်နှင့်ပြည့်သော ဗီဇဖြစ်၏။ တစ်စုံတစ်ဦး၏ အသိတရားနည်းပါးမှုက ထိုအရာကို ယူဆောင်လာပေး၏။ ထာဝရဘုရားသည် ပရောဖက် ဟောရှေ ခေတ်တွင် ငိုကြွေးမြည်တမ်းခဲ့၏။ အကြောင်းမှာ သူ၏ လူတို့သည် "ပညာနည်းသောကြောင့်" ဖျက်ဆီးခြင်းကို ခံရကြ၏ (ဟောရှေ ၄း၆)။ အပြစ်တရား၏ အကျိုးရလဒ်မှာ ပညာတရားကို တမင်လျှစ်လျူရှုခြင်းဖြစ်သည်။ ထိုကြောင့် လျှစ်လျူရှုခြင်းကို လူတိုင်းအတွက် ကောင်းသော ဆင်ခြေပေးမှုအဖြစ်ရေတွက်ရမည်မဟုတ်ပေ။

**ဆင်ခြင်ရန်** - "...သိအပ်သောဘုရားသခင်၏အကြောင်းအရာတို့သည် သူတို့တွင် ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အား ပြတော်မူပြီ" (ရောမ ၁း၁၉)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ဗျာဒိတ်တော်တို့ကို ကျွန်ုပ်ထဲ၌ ရှင်းလင်းသိစေတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၂၂)
**ဟေဗြဲ ၃း၇-၁၉**
ဆာလံ ၉၇

*"အိုထာဝရဘုရား၊ ကိုယ်တော်သည်*
*မြေကြီးသားအပေါင်းတို့ထက် ကြီးမြင့်တော်မူ၏။*
*ဘုရားတကာတို့ထက် အလွန်ချီးမြှောက်ခြင်း ရှိတော်မူ၏"*

# သူ့ထံသို့ ပြန်လာဖို့ရန် ဘုရားသခင် ခေါ်ဖိတ်ခြင်း

ဘုရားသခင်ထံသို့ ပြန်လာဖို့ရန် လိုအပ်ခြင်းရှိ၏။ ဣသရေလလူတို့ အရေးကိစ္စတွင် သူတို့သည် လျစ်လျူရှုခြင်းကို ဟန်ဆောင်လို့မရပေ။ အဘယ်ကြောင့်ဆိုသော်၊ သူတို့သည် ဘုရားသခင်၏ လုပ်ဆောင်ချက်တို့ကို မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ ကြီးမားသော နိမိတ်လက္ခဏာတို့နှင့် အစားအစာတို့ကို အစဉ်ထောက်ပံ့ခဲ့ခြင်းတို့က ဘုရားသခင်အတွက် သက်သေများဖြစ်ကြ၏။ မုန့်သည် သူတို့၏ ပါးစပ်ထဲ၌ရှိနေစဉ်တွင် သူတို့သည် အပြစ်ပြုကြကြောင်းကို သမ္မာကျမ်းစာက ဖော်ပြ၏ (တောလည် ၁၁း၃၃)။ ထိုဆန့်ကျင်ပုန်ကန်သူတို့သည် သူ၏ချမ်းသာထဲသို့ ဝင်ရလိမ့်မည်မဟုတ်ဟု အခိုင်အမာပြောဆိုဖို့ရန် ဘုရားသခင်၌ အကြောင်းရင်းရှိ၏။ တစ်စုံတစ်ဦး၏ စိတ်နှလုံးခိုင်မာခြင်းသည် အန္တရာယ်ရှိ၏။

ဘုရားသခင်ကသူ၏လူတို့အား သူ့ထံသို့ပြန်လာကြဖို့ရန် ဖိတ်ခေါ်၏။ စာရေးသူက ဤတိုက်တွန်းချက်၌ နောက်ခံသတင်း အချက်အလက်ကို အသုံးပြုခဲ့သည်မှာ- "ညီအစ်ကိုတို့၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင့်ထံတော်မှထွက်သွားသော အားဖြင့် မယုံကြည်တတ်၊ ဆိုးညစ်သောစိတ်နှလုံးမရှိစေခြင်းငှါ သတိပြုကြလော့။ ဒုစရိုက်၏ လှည့်ဖြားခြင်းအားဖြင့် သင်တို့စိတ်နှလုံးမခိုင်မာစေခြင်းငှါ၊ ယနေ့ဟူ၍ ခေါ်ဝေါ်သောအချိန်၊ နေ့တိုင်းအစဉ်အချင်းချင်း တယောက်ကိုတယောက် တိုက်တွန်းနှိုးဆော်ကြလော့" (ဟေဗြဲ ၃း၁၂-၁၃)။ ဤအချက်အလက်က ဘုရားသခင်၏ လူတို့သည် ဘုရားသခင်ထံသို့ ဆက်လက်နီးကပ်ဖို့ရန်နှင့် မိမိတို့ကို ဦးဆောင်မည့် ဘုရားသခင်၏ ကျေးဇူးတော်ကို ရှာဖွေဖို့ရန် ဂရုဏာကြီးမားသော မေတ္တာရပ်ခံချက်ဖြစ်သည်။ ဤအချက်မှာ တစ်ခြားသောသူတို့အား ဝိညာဉ်ရေးရာ ကောင်းကျိုးခံစားစေဖို့ရန် ဂရုစိုက်ပေးခြင်းလည်း ပါဝင်၏။ ဤအချက်တွင် တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို မိန့်ကြားရာ၌ တိုက်ရိုက်ကူညီပေးခြင်းနှင့် ကောင်းသောသက်သေကို သယ်ဆောင်ခြင်း၌ သွယ်ဝိုက်စွာကူညီခြင်းတို့ ပါဝင်ခဲ့သည်။ ဤအချက်က ယုံကြည်သူတို့၏ မိတ်သဟာယဖွဲ့ခြင်းကို ခိုင်မာစေပြီး အပြစ်၏လှည့်ဖြားခြင်းမှ ကင်းဝေး စောင့်ထိန်းပေးလိမ့်မည်။

ယုံကြည်သူတို့ကို ခရစ်တော်နှင့်အတူ ပါဝင်ဆက်ဆံသူဖြစ်စေသောအခါ၊ သူတို့ကို အဆုံးထိတိုင် ရပ်တည်နိုင်စေလိမ့်မည်။ နောက်ဆုံးတွင် ခရစ်တော်က သူသွား၍ သူတို့အတွက် နေရာပြင် ဆင်ပေးပြီး၊ မိမိထံသို့ သူတို့အားပြန်လာ၍ ခေါ်ဆောင်ပေးမည်ဟု တပည့်တော်တို့အား ကတိတော် ပေးခဲ့သောနေရာ၊ ထာဝရအရပ်သို့ပို့ဆောင်လိမ့်မည် (ယောဟန် ၁၄း၂-၃)။ ထို့ကြောင့် စိတ်နှလုံး စိုးရိမ်သောက ဖြစ်စရာမလိုပေ။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ စိတ်နှလုံးကို ဘုရားသခင်ထံ၌ ပုံအပ်သောအခါတွင် ဘုရားသခင်သည် ကျွန်ုပ်အတွက် လုံလောက်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏အလုံးစုံတို့ကို ကိုယ်တော်ထံသို့ အပ်နှံပါရစေ။

အင်္ဂါ၊ ဇူလိုင် (၂၃)
**ဟေဗြဲ ၃း၇-၁၉**
ဆာလံ ၆၄

*"ဘုရားသခင်သည် တကြိမ်ဗျာဒိတ်ပေးတော်မူပြီ။ နှစ်ကြိမ်မြောက်ငါကြားရသော ဗျာဒိတ်တော်ဟူမူကား၊ တန်ခိုးသည် ဘုရားသခင်၌ရှိ၏"*

## ဘုရားသခင်စကားပြောလျှင်၊ လူသည်နားထောင်ပါစေ

ဘုရားသခင်က မိန့်တော်မူချက်၌ အရေးကြီးသောအချက်ကို အလေးပေး၍ ထပ်ဆင့်ဖော်ပြ၏။ သမ္မာကျမ်းစာတွင် တူညီသောစကားလုံးတို့ကို ထပ်ဆင့်ဖော်ပြသောအခါ၊ ဘုရားသခင်က ထိုစကားလုံးကို အလေးထားကြောင်းကို ဆိုလိုခြင်းဖြစ်၏။ သမ္မာကျမ်းစာတွင် တူညီသော တိုက်တွန်းနှိုးဆော်မှုကို မတူညီသောနည်းလမ်းဖြင့် ထပ်ဆင့်ဖော်ပြခဲ့၏။ ကျွန်ုပ်တို့သည် မမေ့လျော့စေခြင်းငှါ ထိုအရာတို့ကို ဘုရားသခင်က ထပ်ဆင့်၍ ဖော်ပြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အမြဲလေ့လာခြင်းက သူ၏လူတို့ကို သစ္စာစောင့်ထိန်းစေ၍ သခင်ဘုရား တန်ခိုးတော်ပေးသည့် အတိုင်းသူတို့ကို သတိရှိသောသူ ဖြစ်စေတော်မူ၏။

စိတ်နှလုံးခိုင်မာခြင်း၏ အန္တရာယ်သည် နေ့စဉ်နေ့တိုင်းရှိနေ၏။ ဘုရားသခင်သည် စကားပြော၍ သူ၏လူတို့သည် သူ၏အသံကို ကြားနာသင့်၏။ ဆာလံကျမ်းတွင် ဒါဝိဒ်က ဘုရားသခင်သည် တကြိမ်စကားပြော၍ သူသည်နှစ်ကြိမ်ကြားကြောင်းကို ပြောဆိုခဲ့၏။ ဤစာပိုဒ်တွင် ဘုရားသခင်က စကားနှစ်ကြိမ်မိန့်ဆိုသောကြောင့် သူ၏လူတို့သည် လေးကြိမ်ကြားနာရပါမည်။ အကြိမ်များစွာကြားရခြင်းက ကျွန်ုပ်တို့အမြဲမှတ်မိရမည့် သမ္မာတရားဖြစ်ကြောင်းကို ဆိုလို၏။

သဲကန္တာရထဲတွင် အပြစ်ပြု၍ သေသောသူတို့ကြောင့် ဘုရားသခင် ဝမ်းနည်းခဲ့၏။ မယုံကြည်သောသူရှိသမျှတို့သည် ဘုရားသခင်၏ ချမ်းသာထဲသို့ ဂရုဏာရှိစွာ ဘုရားသခင် ပေးကမ်းသည့် ပျော်ရွှင်ဖွယ်ရာအခွင့်အရေးကို တားဆီးကြ၏။ သခင်ယေရှု၏ ခေတ်တွင် ရှိသောယုဒဘာသာရေးခေါင်းဆောင်တို့သည် စိတ်နှလုံးခိုင်မာသောသူဖြစ်ကြ၏။ ယုဒလူတို့သည် ခရစ်ယာန်ဘာသာထဲသို့ အဦးဆုံးဝင်ရောက်ကြ၍ များစွာသောလူမျိုးတို့ထံသို့ ဧဝံဂေလိသတင်းကောင်းကို ယူဆောင်ခဲ့ကြသောသူတွေဖြစ်သော်ငြားလည်း၊ သူတို့တိုင်းပြည်သည် ယနေ့တွင် ယေရှုကို တရားဝင်ငြင်းပယ်သော လူမျိုးဖြစ်ကြ၏။ အကြောင်းရင်းမှာ သူတို့၏ စိတ်နှလုံးခိုင်မာခြင်းကြောင့် ဖြစ်သည်။

အချိန်ကုန်လွန်ခြင်းက လူ၏ စိတ်နှလုံးပျက်စီးယိုယွင်းခြင်းကို မပြောင်းလဲပေးပါ။ ၎င်းသည် အမြဲလည့်ဖြားတတ်၏ (ယေရ ၁၇း၉)။ မယုံကြည်ခြင်းထဲသို့ ယိုယွင်းခြင်းသည် လျှင်မြန်စွာ ရောက်လာတတ်၏။ သို့သော် ထိုက်တန်သောယုံကြည်သူတို့သည် ခုခံသင့်၏။ ဤသတင်းစကားသည် ယနေ့တွင် သင့်အတွက်ဖြစ်၏။ ဂရုစိုက်၍ နောင်တရလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်က လူတို့အား မိမိ၏နှုတ်ကပတ်တော်နှင့် အခြေအနေ တို့ဖြင့် စကားပြောတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် စကားပြောဆိုသောအခါတွင် အကျွန်ုပ်သည် သာ၍ဂရုစိုက်စေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၄)
**ဟေဗြဲ ၄း၁-၈**
တ ၇း၄၄-၅၀

*“. . . အမြင့်ဆုံးသောဘုရားသည် လူတို့လက်ဖြင့်လုပ်သော ဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်”*

## ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရောက်ဖို့ရန် စိန်ခေါ်မှု

“ချမ်းသာ” (*rest*) ဟူသောစကားကို ဤစာပိုဒ်တွင် နာမ်အဖြစ်အသုံးပြုထား၏။ “ချမ်းသာ” (*rest*) ဆိုသောစကားလုံးကို အမျိုးမျိုးဘာသာပြန်ဆိုထားကြ၏။ ဤစကားလုံးကို ဥပုဒ်နေ့ (*sabbath*) ဟူ၍ အများဆုံးဘာသာပြန်ထားကြ၏။ ဤ *sabbath* (ဥပုဒ်နေ့) ဟူသော စကားလုံးမှာ ဟေဗြဲစကားလုံးဖြစ်၍ ဘာသာမပြန်ဘဲအသုံးပြုထားလေ့ရှိသည်။ ဤနာမကို ဘုရားသခင်က ဖန်ဆင်းခြင်းအမှုမှ အနားယူသောနေ့ကို မည်ခေါ်ခြင်းဖြစ်၍ ရက်သတ္တပါတ်၏ နားရက်ကိုပြောခြင်းဖြစ်သည်။ ဤစကားလုံးကို “ငြိမ်သက်ခြင်း” ဟူ၍လည်း ဘာသာပြန်ထား၏။ ဤစာပိုဒ်တွင် အသုံးပြုရာတွင် ထာဝရအနားယူခြင်းကို ဆိုလိုခြင်းဖြစ်၏။ ဘုရားသခင်၏ ချမ်းသာခြင်းနှင့် ကောင်းကင်ဘုံ၏ အခွင့်အရေးအလုံးစုံတို့သည် ယုံကြည်သူတိုင်း၏ မျှော်လင့်ခြင်းဖြစ်၏။ ထိုချမ်းသာထဲသို့ ဝင်ရောက်ဖို့ကြိုးစားရုန်းကန်ကြရန် ယုံကြည်သူတို့အား စိန်ခေါ်မှုကိုပေး၏။

ကောင်းကင်ဘုံနှင့်ဆိုင်သော ကတိတော်ပြည်သို့ ထာဝရနှင့်ဆိုင်သော ချမ်းသာခြင်း၊ (သက်သာခြင်း) ကို ပေးကမ်းခြင်းရှိ၏။ ခါနန်ပြည်၌ ဣသရေလလူတို့ကို နေရာချခြင်းက ယုံကြည်သူတို့အား ထာဝရနေရာ၌ နေရာချခြင်းနှင့် တူညီမှုရှိ၏။ ဘုရားသခင်က သူတို့အား နို့နှင့်ပျားရည်စီးသောပြည်သို့ ပို့ဆောင်ရန် ကတိတော်ရှိခဲ့၏။ ထိုအရာသည် လောကီ “ပါရာဒိသုဘုံ” (*paradise*) ၏ သရုပ်ဖော်ရေးသားချက်ဖြစ်၏။ ဤစာပိုဒ်က ထိုတူညီမှုကို သဘောတူလက်ခံသော်လည်း ဤနေရာတွင် ကတိတော်က ရည်ညွှန်းထားသည်မှာ ကောင်းကင်ဘုံအကြောင်းပင်ဖြစ်၏။ ထိုနေရာသည် ငြိမ်သက်ခြင်းနှင့် ချမ်းသာခြင်းအရပ်ဖြစ်တော်မူ၏။ ဂရုမစိုက်မှုက ထိုချမ်းသာကို ဆုံးရှုံးစေတတ်၏။

ကျမ်းရေးသူက ထိုချမ်းသာထဲသို့ ဝင်ရောက်ရန် ကြိုးစားရုန်းကန်ရန် စိန်ခေါ်မှုကို ပေးထား၏။ အဘယ်သူမျှ မကျရှုံးသင့်ပေ။ ထိုသူတို့ကို ဧဝဂေလိ သတင်းကောင်းအား ဟောပြောကြားသကဲ့သို့ ကျွန်ုပ်တို့ကို ဟောကြားတော်မူ၏။ သို့သော်၊ ဟောကြားခဲ့သော နှုတ်ကပတ်တော်မှာ ယုံကြည်ခြင်းနှင့် မရောနှောလျှင်၊ ထိုတရားကို ကြားနာသောသူတို့အား အကျိုးပေးတော်မမူ။ “. . . ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၍ ကြားနာခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်၏” (ရောမ ၁၀း၁၇)။ မောရှေသည် ဣသရေလလူတို့အား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြောကြားသော်လည်း သူတို့သည် ဘုရားသခင်ကို မယုံကြည်ခဲ့ကြပေ။ သူတို့သည် မကြာခဏ သူ့ကို ပုန်ကန်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော်၊ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းအားဖြင့် မခံယူခဲ့ကြသောကြောင့် ဖြစ်၏။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းသည် ဘုရားသခင်၏ ကတိတော်ကို ယုံကြည်စိတ်ချမှုရှိခြင်း ဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ထိုထာဝရနှင့်ဆိုင်သော ချမ်းသာထဲသို့ ဝင်ရောက်နိုင်မည့်အကြောင်း ခိုင်ခန့်သော ယုံကြည်ခြင်းကို ပေးသနားတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၂၅)

**ဟေဗြဲ ၄း၁-၈**

တ ၇း၄၄-၅၀

*"... ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။*
*မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏ ..."*

# ဘုရားသခင်၏ ချမ်းသာထဲသို့မဝင်ရဘဲ အများစုကျရှုံးခြင်း

ယနေ့တွင် ဟောကြားသော ဇဝံဂေလိသတင်းကောင်းမှာ မောရှေဟောကြားခဲ့သော တရားနှင့် ခြားနားခြင်းမရှိပေ။ ၄င်းက ကောင်းမွန်သောအရာများရောက်လာမည့် ထာဝရနှင့် ဆိုင်သော ကတိတော်တို့ကို ပေးကမ်း၏။ နောက်ဆုံးဆုလဒ်တော်မှာ ထာဝရဝမ်းမြောက်ခြင်းနှင့် ဘုရားသခင်ပေးသော ချမ်းသာခြင်းဖြစ်၏။

သူတို့၏မယုံကြည်ခြင်းကြောင့် အများစုကို ခါနန်ပြည်သို့ ဝင်ရောက်ဖို့ရန် ငြင်းပယ်ခြင်း ခံရ၏။ တောလည်ရာကျမ်း ၁၃ တွင် မောရှေက ခါနန်ပြည်အား မသိမ်းပိုက်မီတွင် ထိုပြည်အား သွားရောက်စုံစမ်းဖို့ရန်အတွက် သူလျှိုဆယ့်နှစ်ဦး (ဣသရေလမျိုးနွယ်စုထဲက တစ်ဦးစီ) ကို ရွေးချယ်ခဲ့ကြောင်းကို ဖော်ပြ၏။ ထိုသူလျှိုတို့သည် ပြန်လာကြသောအခါတွင် ထိုပြည်မှာ ထာဝရဘုရား ပြောခဲ့သည့်အတိုင်း ကောင်းသောပြည်ဖြစ်ကြောင်းကို ကောင်းသောသတင်းစကား ယူဆောင်ခဲ့ကြ၏။ သူတို့က ထိုပြည်၏ ထုတ်ကုန်တန်ဖိုးကို သက်သေထူဖို့ရန် ထိုပြည်၌ရှိသော အသီးကိုပင်လျှင် ယူဆောင်လာခဲ့ကြ၏။ သို့သော် သူလျှိုဆယ်ဦးတို့သည် တုံ့ဆိုင်းနေခဲ့ကြ၏။ သူတို့က ထိုပြည်၌နေသော လူတို့သည် သူတို့အတွက် အလွန်သန်မာကြကြောင်းကို ကြားပြော ကြ၏။ ပရိသတ်အများစုတို့သည် ထိုသူတို့ဘက်ရပ်တည်ကြ၍ အဲဂုတ္တုပြည်သို့ ပြန်လည် ဦးဆောင်ဖို့ရန် ခေါင်းဆောင်တစ်ဦးကို ခန့်ချင်ကြ၏။ မောရှေက ထိုသူတို့၏ အကြံအစည်ကို ခုခံတား ဆီး၍ ထိုအကြောင်းကို ထာဝရဘုရားထံကြားလျှောက်တော်မူခဲ့၏။

ထိုအချိန်တွင် သူလျှိုနှစ်ဦးဖြစ်သည့် ယောရှုနှင့် ကာလက်တို့က ထိုပြည်သို့ ဝင်ရောက် ချင်ကြ၏။ အကြောင်းမူကား၊ သူတို့သည် ကတိတော်ပေးသော ဘုရားသခင်ကို ယုံကြည်၍ သူတို့အား ထိုပြည်ကို ပေးလိမ့်မည်ဟုယုံကြည်ခြင်းရှိ၏။ ထာဝရဘုရား၏ ဆုံးဖြတ်စီရင်ချက်မှာ ဤသူလျှိုနှစ်ဦးမှ အပ ပရိသတ်ထဲမှာရှိသော အရွယ်ရောက်သူအားလုံးသည် ထိုကတိတော်ပြည်သို့ ဝင်ရောက်လိမ့် မည်မဟုတ်ဟူ၍ ဖြစ်၏။ ထာဝရဘုရားက သူတို့အား ချက်ခြင်းသေဒဏ်မစီရင်ဘဲ ထိုသူတို့သေ သည့်တိုင်အောင် သဲကန္တာရထဲ၌ နှစ်ပေါင်းလေးဆယ်လှည့်လည်စေပြီး၊ ထိုသူတို့၏ သားသမီးတို့ သည်သာ ထိုပြည်ကို အမွေခံခဲ့ရကြ၏။ သူတို့သည် ဘုရားသခင်အား မကိုးစားဘဲ မိမိတို့ကိုယ်ကို ကိုးစားခဲ့ကြ၏။ ဘုရားသခင် အခွင့်အာဏာတန်ခိုးတော်ကို သူတို့သည် ဝန်ခံဖို့ရန် ပျက်ကွက်ခြင်းက သူတို့အား ကြောက်စရာကောင်းသော အကျိုးဆက်ဆီသို့ ပို့ဆောင်ခဲ့၏။

**ဆင်ခြင်ရန်** - တစ်စုံတစ်ဦးက စိတ်နှစ်ခွနှင့် ဘုရားသခင်အား အစေမခံနိုင်ပေ။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ရှင်အား တစ်စိတ်တစ်ဝန်းထဲဖြင့် အမြဲ အစေခံခြင်းငှါမစတော်မူပါ။

သောကြာ၊ ဇူလိုင် (၂၆)

**ဟေဗြဲ ၄း၁-၈**

ယော ၁၄း၁-၄

*"ငါသည် အဘယ်အရပ်သို့သွားသည်ကိုငင်း၊ လမ်းခရီးကိုငင်း၊ သင်တို့သိကြ၏ဟု မိန့်တော်မူ၏"*

## ထာဝရနှင့်ဆိုင်သော ငြိမ်းသာခြင်း အကျိုးခံစားသူများ

ယောရှု ကာလက်နှင့် ထိုငယ်ရွယ်သောမျိုးဆက်တို့မှာ ချက်ခြင်းအကျိုးခံစားသောသူများ ဖြစ်ကြ၏။ သူတို့က ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းအားဖြင့် ခံယူကြပြီး၊ ထာဝရဘုရားသည် မိမိ၏ ကတိတော်တို့ကို ပြည့်စုံစေရန် အမြဲသစ္စာစောင့်ထိန်းသူ ဖြစ်တော်မူ၏။ ယုံကြည်သူအားလုံးတို့သည် ထိုချမ်းသာထဲသို့ ဝင်ရောက်ကြလိမ့်မည်။ ထိုအရာကို အငယ် ၃ တွင် ကတိပေးခြင်းဖြစ်၏။ "ငါတို့မူကား၊ ယုံကြည်သောသူဖြစ်၍ ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရကြ၏။ ထိုသို့နှင့်အညီ ဗျာဒိတ်တော်ကား၊ သူတို့သည် ငါ၏ချမ်းသာထဲသို့မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆိုသည်ဟုလာ၏။ ချမ်းသာဟုဆိုသော်၊ ကမ္ဘာဦးကပင် အမှုအရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်တော်မူရာချမ်းသာဟုဆိုလိုသတည်း။"

ထာဝရဘုရားပေးသည့် စိတ်ချသေချာသည့်ကတိတော် အားလုံးသည် ရောက်ရှိလာကြလိမ့်မည်။ ဖန်ဆင်းခြင်းပြီးနောက် ဘုရားသခင်အနားယူသည့် ခုနစ်ရက်နေ့သည် ထိုချမ်းသာခြင်း၏ရုပ်ပုံပန်းချီကားချပ်ဖြစ်သည်။ ၎င်းသည် ဆင်းရဲဒုက္ခလွတ်ငြိမ်းရာချမ်းသာခြင်းကို သရုပ်ဖော်ခြင်းဖြစ်၏။ ထိုအရာသည် ကောင်းကင်ဘုံ၌ရှိသော ဘုန်းတော်တို့ကြောင့် ပျော်ရွှင်ခြင်းနှင့် ပြည့်ဝသောအချိန်ဖြစ်လိမ့်မည်။ ထိုချမ်းသာခြင်း ထဲသို့ဝင်ပေါက်မှာ ဖွင့်ထားလျက်ရှိနေသေး၏။ ဤလောက၌ သခင်ယေရှုခရစ်တော်ရှိနေစဉ်တွင် သူသည် ယုံကြည်သူတို့အတွက်နေရာကို သွားရောက်ပြင်ဆင်ပေး၍ သူတို့အား သူ့ထံသို့ ပြန်လာခေါ်ဆောင်မည့်အကြောင်းကို ကတိပေးခဲ့၏။

ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်ပေါက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောကြားခြင်းအား တုန့်ပြန်မှုနှင့် ဆက်စပ်မှုရှိ၏။ အသင်းတော်ကို ဘုရားသခင်၏ နှုတ်ကပတ်တော်အား သွန်သင်ဟောကြားဖို့ရန်အတွက် ဘုရားသခင်နှင့်ဆိုင်သော ဖွဲ့စည်းပုံအဖြစ် ဖွဲ့စည်းတည်ထောင်ထား၏။ ဤအချက်သည် ပုံမှန်ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းနှင့် ကျမ်းစာသင်တန်းတို့အားဖြင့် ဖြစ်ပေါ်လာ၏။ အပြင်ဘက်နှင့် တစ်အိမ်ပြီးတစ်အိမ်သို့ ဧဝံဂေလိသတင်းကောင်း ဝေငှခြင်းကိုလည်း သတင်းကောင်းကို မကြားဖူးသူတို့ထံသို့ သတင်းစကားကို ပို့ဆောင်ဖို့ရန် အသုံးပြုကြ၏။ ယနေ့တွင် လူထုမီဒီယာသည် အလွန်အဆင့်မြင့်နေခဲ့ပြီ၊ မီဒီယာကို မှန်ကန်စွာ အသုံးချတတ်လျှင် ဧဝံဂေလိသတင်းကောင်းကို ဖြန့်ဝေဖို့ရန် အလွန်အကူအညီ ဖြစ်စေ လိမ့်မည်။ ထိုမီဒီယာက များစွာသောသူတို့အား ဧဝံဂေလိသတင်းကောင်းကို ကြားနာနိုင်ရန် အခွင့်အရေးပေးလိမ့်မည်။ လူတို့သည် ထိုဧဝံဂေလိသတင်းကောင်းကို ယုံကြည်သောအခါ ထိုထာဝရနှင့်ဆိုင်သော ချမ်းသာကို မျှော်လင့်ခြင်းရရှိ၏။

**ဆင်ခြင်ရန်** - "ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်းများရှိ၏။"

**ဆုတောင်းချက်** - အဖဘုရား၊ အထက်အရပ်၌ရှိသော ထိုအခန်းများကိုမျှော်ကြည့်ရန် အကျွန်ုပ်အား ကူညီတော်မူပါ။

စနေ၊ ဇူလိုင် (၂၇)
**ဟေဗြဲ ၄း၁-၈**
၁ ကော ၁၅း၁၂-၁၉

*"ငါတို့သည် ခရစ်တော်ကို အမှီပြု၍ ယခုဘဝ၌သာ မြော်လင့်စရာရှိလျှင်၊ အခြားသောသူအပေါင်းတို့ထက်သာ၍ ဆင်းရဲသောသူဖြစ်ကြ၏"*

## ထိုချမ်းသာထဲသို့ ဝင်ရောက်ဖို့ရန် တောင်းဆိုချက်များ

သခင်ယေရှုခရစ်တော်က ကြီးမားသောလိုအပ်ချက်ကို သိရှိခဲ့၍ မိမိ၏ တပည့်တော် တို့က ဧဝံဂေလိသတင်းကောင်းကို ကြားဖို့ရန်လိုအပ်သောအရပ်သို့ လိုအပ်သလောက် ယူဆောင်သွားနိုင်ရန် နည်းလမ်းတို့ကို ချထားပေး၏။ သခင်ဘုရားသည် ရာစုနှစ်တစ်လျှောက်လုံး ဤအမှုတော်အပေါ်ကြိုတင်သိမြင်ခြင်းရှိခဲ့၍ ကမ္ဘာမြေကြီးတစ်ခုလုံးသို့ ဧဝံဂေလိသတင်းကောင်းကို သယ်ဆောင်ဖို့ရန် မျိုးဆက်တိုင်းတွင် မိမိ၏အစေခံကျွန်တို့ကို ပေါ်ထွက်စေခဲ့ပြီ။ ထိုသတင်းကောင်းကို လက်ခံသောသူတို့သည် သူတို့ဝင်ရောက်ကြလိမ့်မည်ဟု ဘုရားသခင် အာမခံထားခဲ့သော ဘုရားသခင်၏ ဆုလဒ်တော်ကို ဝင်ရောက်ခံစားကြလိမ့်မည်။

လူအမျိုးတို့သည် ဟောကြားထားသော နှုတ်ကပတ်တော်ကို ယုံကြည်သောကြောင့် ထိုအရပ်သို့ ဝင်ရောက်ကြပြီး၊ လူအချို့တို့သည် မယုံကြည်သောကြောင့် ဝင်ရောက်ကြလိမ့်မည် မဟုတ်ပေ။ ဘုရားသခင်၏ ကယ်တင်ခြင်းသည် သူ၏ကျေးဇူးတော်အားဖြင့်သာ ရောက်ရှိလာခြင်းဖြစ်၏။ နှုတ်ကပတ်တော်ကို ဟောကြားခြင်းသည် ကျေးဇူးတော်၏နည်းလမ်းဖြစ်သည်။ ယေရှုက သမ္မာကျမ်းစာတို့သည် မပျက်စီးနိုင်ကြောင်းကို မိန့်ကြားခဲ့၏ (ရှင်ယောဟန် ၁၀း၃၅)။ ဘုရား သခင်၏ ချမ်းသာထဲသို့ ဝင်ရောက်ရန် မျှော်လင့်သောသူတို့သည် ဘုရားသခင်၏ နှုတ်ကပတ် တော်ကို လက်ခံခြင်းရှိရမည်။ နှုတ်ကပတ်တော်ကို ဟောကြားခြင်းသည် ကြားနာသောသူတို့သည် နားလည်နိုင်ရန်အတွက် နှုတ်ကပတ်တော်၏ အနှစ်သာရ ရှင်းပြခြင်းနှင့်အတူ တွဲသွားရမည်။ သမ္မာကျမ်းစာကို မှန်ကန်စွာ အနက်အဓိပ္ပာယ်ပြန်ဆိုခြင်းက မှန်ကန်သောအယူဝါဒကို ထုတ်ပေး၏။ ကျမ်းရေးသူက ဆာလံကျမ်းကို ကိုးကားထားသည်မှာ- "ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှစ်လုံးမရှိကြနှင့် . . ." (ဟေဗြဲ ၄း၇)။ ဤအချက်က ယုံကြည်ခြင်းအလျင်စလို လိုအပ်ကြောင်းကို ရှင်းလင်းပေး၏။ ယေရှုက ညအချိန်တွင် သူခိုးလာသကဲ့သို့ သူလာမည့်အကြောင်းကို ပြောကြားထား၍ ထိုဖြစ်ရပ်ပေါ်လာချိန်၌ အဆင်သင့်ရှိကြရန် ဖိတ်ခေါ်ထား၏။ ထိုနေ့ရက်သည် ယနေ့ပင်ဖြစ်၏။ သင်၏အပြစ်တို့ကို ခွင့်လွှတ်ခြင်း ခံရဖို့ရန် ယေရှုခရစ်တော်နှင့် သူ၏နှုတ်ကပတ်တော်ကို ယုံကြည်လော့။ သို့ပြုလျှင် သင်သည် ကယ်တင်ခြင်းကိုခံရမည်။ ထိုထာဝရနှင့်ဆိုင်သော ချမ်းသာထဲသို့ သင်ဝင်စားရလိမ့်မည်။

ဥပုဒ်နေ့သည် အပတ်စဉ်ရောက်လာသကဲ့သို့ ထာဝရနှင့်ဆိုင်သော အချိန်ကာလသည်လည်း ရောက်ရှိလာလိမ့်မည်။ ထိုအချိန်ကာလသည် ငြိမ်သက်ဝမ်းမြောက်ခြင်းရှိသော အချိန်ကာလဖြစ်လိမ့်မည်။ ဤချမ်းသာခြင်းကို ရရှိပိုင်ဆိုင်ခြင်းမှာ မိမိ၏သား သမီးတို့အတွက် ဘုရားသခင်၏ ဆန္ဒဖြစ်သည်။ ယုံကြည်သူတိုင်းအတွက် ဤအချက်ကို အမှန်ဖြစ်နိုင်ရန် သူပြုလုပ်ပေး၏။

**ဆင်ခြင်ရန်** - ခရစ်တော်ကို ယုံကြည်သောသူသည် ထိုထာဝရငြိမ်သက်ခြင်းကို ရရှိလိမ့်မည်။
**ဆုတောင်းချက်** - အဖဘုရား၊ ထိုဘုန်းတော်နှင့်ပြည့်သောပြည်၏အလင်းကို အကျွန်ုပ်အား တွေ့မြင်ခွင့်ပေးတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၂၈)
**ဟေဗြဲ ၄း၉-၁၆**
ဆာလံ ၃၃း၁-၉

*“အကြောင်းမူကား၊ ထာဝရဘုရားမြွက်ဆို၍၊
မြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍၊
မိန့်တော်မူသည်အတိုင်း တည်လျက်နေ၏”*

# ဘုရားသခင်၏ ငြိမ်းသာထဲသို့ ဝင်ရောက်ခြင်း၏ တာဝန်ဝတ္တရား

ဘုရားသခင်၏ငြိမ်းသာမှာ ထာဝရအသက်နှင့်ဆိုင်သော ဘုရားသခင်၏ ကျေးဇူးတော်လက်ဆောင်ဖြစ်သည်။ ထိုအရာကို ငြိမ်းသာဟူ၍ ခေါ်ဆို၏။ အကြောင်းမှာ ကယ်တင်ခြင်းခံရသောသူတို့သည် သူတို့အဖို့အသစ်သောအခန်းကို ဖွင့်ထားသကဲ့သို့ လောကီနှင့်ဆိုင်သောအရာတို့ကို ခင်တွယ်ခြင်းနှင့်အပြစ်တို့မှ လွတ်မြောက်စေခြင်းကို ခံရကြသောကြောင့် ဖြစ်သည်။ ထိုငြိမ်းသာထဲသို့ ဝင်ရောက်ဖို့ရန် လိုအပ်သောအရာဟူသမျှကို ဘုရားသခင်ထောက်ပံ့ခဲ့ပြီးဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ထိုငြိမ်းသာအဖို့နည်းလမ်းကို ပြင်ဆင်ရာ၌ တန်ဆာပလာတစ်ခုအဖြစ် သာလွန်ခြင်းရှိ၏။ ယေရှုခရစ်တော်သည် သူတို့၏ လုပ်ငန်း၌ ဖျန်ဖြေပေးသူ (ယဇ်ပုရောဟိတ်မင်း) အဖြစ် အစေခံပေးသည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် ကျေးဇူးတော်ပလ္လင်သို့ ချဉ်းကပ်ရာ၌ အာမခံချက်ရှိ၏။ ခရစ်တော်အားဖြင့် ထိုငြိမ်းသာထဲသို့ ဝင်ရောက်ဖို့ရန် အဘယ်သူမျှမမေ့လျော့သင့်ပေ။

ထိုငြိမ်းသာသည် ဘုရားသခင်၏လူတို့အတွက် ကျန်ရှိသည်ဟု ဤကျမ်းပိုဒ်က ပြောဆိုသောအခါ၊ ထိုငြိမ်းသာသည် ဘုရားသခင်၏ လူတို့အတွက် ချန်လှပ်ထားခြင်းရှိခြင်းကို ဆိုလိုရာရောက်၏။ ထိုအရာက ဘုရားသခင်၏လူတို့အား ဆောင်ယူရန်စောင့်စားနေ၏။ ဘုရားသခင်က အရာခပ်သိမ်းကို နေရာချထားတော်မူ၍ ၎င်းတို့၏ သေချာမှုကို အာမခံချက်ပေးတော်မူ၏။ ဤငြိမ်းသာထဲသို့ ဝင်ရောက်သောသူသည် ဘုရားသခင်ပင်လျှင် မိမိ၏အလုပ်ကို ရပ်စဲသည့်အတိုင်း သူ၏အလုပ်ကို ရပ်စဲရ၏။ ဖန်ဆင်းခြင်းအမှု၌ လူ၏တန်ခိုးကို အသုံးပြုခဲ့လျှင်၊ ထိုအမှုမှာ ဖြစ်နိုင်သောအလုပ် မဟုတ်ပေ။ ဘုရားသခင်က အချို့သောစွမ်းအင်ကို အသုံးပြု၍ ခြောက်ရက်နေ့ပြီးနောက်တွင် အနားယူခဲ့သည်ဟု (လူ့ရှုထောင့်အားဖြင့်) ဤနေရာတွင် မှန်းကြည့်ကြ၏။ ထိုနေ့ရက်ခြောက်ရက်နေ့များတွင် ကြီးမားသောအရာတို့ကို ပုံဖော်ခဲ့ပြီး၊ ခုနစ်ရက်နေ့တွင် ခပ်သိမ်းသောအရာတို့ကို ငြိမ်သက်စေ၏။ ကျမ်းရေးသူက အငယ် ၁၁ တွင် တာဝန်ဝတ္တရားရှိဖို့ လိုအပ်ကြောင်းကို ထောက်ပြရာတွင် “. . . မယုံကြည်သောစိတ်ရှိသဖြင့် လဲသကဲ့သို့ ငါတို့သည် မလဲ၊ ထိုငြိမ်းသာထဲသို့ ဝင်ရမည်အကြောင်း ကြိုးစားအားထုတ်ကြကုန်အံ့” ဟူ၍ ပြောဆိုခဲ့သည်။ ဤအမိန့်တော်က ဘုရားသခင်သည် မိမိ၏ငြိမ်းသာထဲသို့ ဝင်ရောက်သူတို့ထံမှ တာဝန်ဝတ္တရားအချို့တို့ကို တောင်းဆိုကြောင်း ပြသတော်မူ၏။ သို့သော် ဤအရာက ထိုငြိမ်းသာထဲသို့ ဝင်ရောက်ဖို့ရန် တောင်းဆိုချက်တို့ကို အထောက်အကူဖြစ်စေဖို့ရန် လူ့အပိုင်းတွင် ကောင်းမှုကုသိုလ် တစ်စုံတစ်ခုရှိနိုင်သည်ဟု ကောက်ချက်ချဖို့မဟုတ်ပါ။ ထိုနေရာသို့ ဝင်ခွင့်ရမည့်သူတို့မှာ အသစ်တဖန်မွေးဖွားခြင်းခံရ၍ မိမိတို့၏ အပြစ်တို့ကို နောင်တရပြီးသောသူတို့ ဖြစ်ကြ၏။ ဘုရားသခင်၏ ငြိမ်းသာထဲ၌ သူတို့ပါဝင်သည်အရာမှာ သူတို့ထံသို့ ဘုရားသခင်၏ ဆုလက်ဆောင်သာဖြစ်သည်။ တစ်စုံတစ်ဦးသည် ခရစ်တော်ကို ယုံကြည်သောအခါ ထိုအာမခံချက်ကို ရရှိ၏။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်သည် ထာဝရငြိမ်းသာခြင်း၏ အမှတ်အသားဖြစ်၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် အဆုံးထိတိုင်ယုံကြည်ခြင်း၌ တည်ပါမည်အ ကြောင်း ကျေးဇူးတော်ကို ပေးသနားတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၂၉)
**ဟေဗြဲ ၄း၉-၁၆**
ဆာလံ ၁၁၉း၁၀၅-၁၁၂

*"နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် အရေးကြီးသောတန်ဆာပလာဖြစ်၏

ရေးထားသောနှုတ်ကပတ်တော်က ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရောက်နိုင်ရန် လမ်းညွှန်ချက်ကို ပေး၏။ ယုံကြည်သူတို့၏ အောင်မြင်ခြင်းမှာ သူတို့၏ အစွမ်းကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်၏။ ရုပ်တုကိုးကွယ်ခြင်းသို့ရှေ့သွားခြင်းဖြစ်စေ သို့မဟုတ် ဘုရားသခင်၏ ပညတ်ချက် တစ်စုံတစ်ခုကို ဆန့်ကျင်ခြင်း အပြုအမူဖြစ်စေ၊ မယုံကြည်ခြင်းဖြစ်၍ ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်၏။ အစောပိုင်းတွင် ဤအချက်ကို ပြုခဲ့သော အခြားသောသူတို့ရှိခဲ့ကြ၍ မိမိတို့၏အပြစ်အတိုင်း တုန့်ပြန်ခြင်းကို ခံခဲ့ကြနှင့်ပြီ။

ကျမ်းရေးသူက ထိုစကားလုံးတို့ကို မိန့်ဆိုသောအခါတွင် သူ့စိတ်ထဲ၌ ဓမ္မဟောင်းကျမ်း၌ရှိသော ဖြစ်ရပ်တို့ကိုအတွေးရှိနေခဲ့လိမ့်၏။ ဘုရားသခင်ကို ယုံကြည်၍ မိမိတို့၏ ယုံကြည်ခြင်းကို မိမိတို့ အသက်တာ၌ ထုတ်ဖော်ပြသကြသောသူတို့သည် ရှိခဲ့ကြ၍ ဘုရားသခင်သည် သူတို့အား အသိအမှတ်ပြုကြောင်းကို ပြသခဲ့၏။ ဤအချက်တို့သည် ကျွန်ုပ်တို့အတွက် စံနမူနာများဖြစ်၍ သူတို့၏ခြေလှမ်းတို့ကို လိုက်လျှောက်ဖို့ရန်အလို့ငှါ ကြိုးစားအားထုတ်ရမည့်အကြောင်း နှိုးဆော်ချက်တို့ဖြစ်ကြ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို အထူးဗျာဒိတ်တော် (ဖွင့်ပြချက်) ဟူ၍ ခေါ်ဆိုပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ကြားရသောအရပ်ဒေသတိုင်းတွင် ဘုရားသခင်စကားပြောခြင်းဖြစ်၏။ ဘုရားသခင်က သဘာဝတရားအားဖြင့် မိမိကိုယ်ကို ဖွင့်ပြ၍ ထိုအချက်မှာ သာမန်ဗျာဒိတ်တော် (ဖွင့်ပြချက်) ဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော် မိန့်တော်မူသကဲ့သို့ ဤဗျာဒိတ်တော်ကို လူတိုင်း၌ရှိ၏။ ဤသဘာဝတရားအားဖြင့် ဖွင့်ပြမှုကို တုန့်ပြန်ခြင်းအား လူတို့တီထွင်ထားသည့် ကိုးကွယ်မှုပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မြင်တွေ့ရ၏။ လူတို့သည် ဘုရားသခင်၏ အထူးဗျာဒိတ်တော်ဖြစ်သော နှုတ်ကပတ်တော်စစ်ကို မကြားမချင်း၊ သဘာဝတရားအား ဖြင့် ဖွင့်ပြခြင်းဖြင့် မှန်ကန်သောအသိပညာ မရရှိနိုင်ကြပေ။ ဤအထူးဗျာဒိတ်တော်ဖြစ်သော ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတွင် ခြောက်ဆယ့်ခြောက်အုပ် ပါရှိ၏။ ဤကျမ်းတို့သည် ယုံကြည်သောသူတို့အား သွန်သင်ညွှန်ကြားပေးဖို့ရန် အသုံးဝင်ကြ၏။ ဤအရာတို့သည် သာမန်စကားလုံးများမဟုတ်ကြဘဲ ဘုရားသခင်၏ မှုတ်သွင်းတော်မူခြင်းအားဖြင့်ပေးသော စကားတော်တို့ဖြစ်ကြ၏။ ထို့ကြောင့် ထိုကျမ်းစာသည် တန်ခိုးသြဇာရှိ၍ နှစ်ဘက်သွားဓားတို့ထက် ပို၍ထက်မြတ်မှုရှိ၏။ အခြားသရုပ်ဖော်ချက်မှုကား၊ ထိုနှုတ်ကပတ်တော်၏ တန်ခိုးတော်သည် လူ၏စိတ်ဝိညာဉ်ကိုပင် ဝင်ရောက်ထိုးဖေါက်နိုင်၏။ ဘုရားသခင်က တစ်ကြိမ်စကားမိန့်ဆို၍ လူကို နှစ်ကြိမ်ကြားရ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ နှုတ်ကပတ်တော်သည် စိတ်နှလုံး၏အကြံအစည်တို့ကို ဖော်ထုတ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏စိတ်နှလုံးထဲ၌ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် အမြဲနေရာယူတော်မူပါစေ။

အင်္ဂါ၊ ဇူလိုင် (၃၀)
**ဟေဗြဲ ၄း၉-၁၆**
ယော ၁၄း၁-၇

*"ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့ မရောက်ရ"*

## ခရစ်တော်သည် ချမ်းသာခြင်းလမ်းစရီးတွင် ဖျန်ဖြေပေးသူဖြစ်တော်မူ၏

ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရောက်မည့်သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မိမိတို့၏ လမ်းပြသူအဖြစ် ပိုင်ဆိုင်ထားရပါမည်။ သို့မဟုတ်လျှင် ခရစ်တော်ကို ဖျန်ဖြေပေးသူအဖြစ်နှင့် ဘုရားသခင်၏အကြောင်းကို စုံလင်စွာသိရှိနိုင်ကြမည်မဟုတ်ပေ။ ဤလူတို့သည် ထိုချမ်းသာထဲသို့ ဝင်ရောက်ခွင့်ရကြမည်မဟုတ်ပေ။ တာဝန်ဝတ္တရားမှာ ဘုရားသခင်၏ အလိုတော်ကို သိ၍ ထိုအလိုတော်ကို ဆောင်ရွက်ရန်ဖြစ်၏။

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းသူဖြစ်သည့်အတိုင်း ခပ်သိမ်းသောအရာတို့ကို သိမြင်တော်မူ၏။ လူသည် ရုပ်ခန္ဓာနှင့်ဆိုင်သောအရာတို့ကိုသာ သိမြင်ခြင်းမဟုတ်ဘဲ၊ စိတ်နှလုံး၏ အတွေးအခေါ်များနှင့် အကြံအစည်အလုံးစုံတို့ကိုပင် သိမြင်တော်မူ၏။ လူတိုင်းက မိမိပြုသော ကောင်းသောအမှုဖြစ်စေ (သို့မဟုတ်) ဆိုးသောအမှုဖြစ်စေ၊ ခပ်သိမ်းသောအမှုတို့ကို သူ့ထံသို့ အစီရင်ခံစာကို ပေးကြရမည်ဖြစ်သည်။ ဘုရားသခင်၏ ဤဂုဏ်အင်္ဂါရပ်ကို နားလည်ခြင်းက ကျွန်ုပ်တို့သည် ပြုမူသင့်သည့်အတိုင်း ပြုမူရန်အလိုအလျောက် မိန့်ဆို၏။ ဤလူအပေါင်းတို့သည် ထိုချမ်းသာအကြောင်းကို သက်သေခံကြလိမ့်မည်။

ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်၍ အဖခမည်းတော်ဘုရား၏ လက်ျာဘက်၌ ထိုင်တော်မူ၏။ သူသည် ထိုအရပ်တွင် ယဇ်ပုရောဟိတ်မင်းအဖြစ် တည်ရှိတော်မူ၏။ ယဇ်ပုရောဟိတ်မင်း၏အလုပ်သည် ဓမ္မဟောင်းဝတ်ပြုခြင်းနည်းလမ်းတွင် အလွန်အရေးပါ၏။ အခြားသော လုပ်ငန်းတာဝန်တို့အပြင်၊ ယဇ်ပုရောဟိတ်မင်းသည် ဖျန်ဖြေရာနေ့တွင် လူတို့အတွက် လက်တွေ့ဖျန်ဖြေပေးရ၏။ သူသည် မိမိအတွက်နှင့် လူတို့အတွက် ယဇ်ကောင်ကို ပူဇော်ပေးရ၏။ သို့သော်၊ သူသည် ကောင်းကင်ဘုံသို့ ဖြတ်ကျော်ပြီးသည့် စစ်မှန်၍ ကြီးမြတ်သော ယဇ်ပုရောဟိတ်မင်း၏ ရုပ်ပုံ (အရိပ်) မျှသာဖြစ်၏။ ၅၏အခြေခံအပေါ်တွင်၊ စာရေးသူက ကျွန်ုပ်တို့အား မိမိတို့၏လုပ်ငန်း၌ ခိုင်မာစွာရပ်တည်ဖို့ရန် တိုက်တွန်းနိုးဆော်ပေး၏။ ထာဝရဘုရားက ယုံကြည်ခြင်းကို ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် နေရာချထားခဲ့၍ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏အခြေခံ သွန်သင်ချက်ကို ကိုင်စွဲသော ခရစ်ယာန်ဖြစ်ကြသည့်အတိုင်း ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ထုတ်ဖော်ပြသရမည်ဖြစ်၏။ ကျွန်ုပ်တို့ကို ခေါ်တော်မူခြင်းမှာ ထိုယုံကြည်ခြင်းကို အဆုံးတိုင် ကိုင်စွဲဖို့ရန်ဖြစ်သည်။ ဤအချက်က ထိုကတိတော်ဖြစ်သော ချမ်းသာထဲသို့ ကြိုဆိုပေးလိမ့်မည်။

လူ့ဇာတိအသွေးအသာကို ပိုင်ဆိုင်ထားသော ခရစ်တော်သည် ကျွန်ုပ်တို့၏ ချည့်နဲ့သော ခံစားချက်တို့ကိုစာနာတက်သော ယဇ်ပုရောဟိတ်မင်းဖြစ်၏။ သူသည် ကျွန်ုပ်တို့ကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် စုံစမ်းသွေးဆောင်ခြင်းကို ကြုံရသော်လည်း အပြစ်မပြုပေ။ လောကီနှင့်ဆိုင်သော ယဇ်ပုရောဟိတ်တို့သည် အပြစ်မပါသော သိုးသငယ်တစ်ကောင်ကို ပူဇော်ဖို့ရန် လိုအပ်၏။ ထိုအချက်သည် အပြစ်မရှိသော ခရစ်တော်၏ ပုံရိပ်ဖြစ်၏။

**ဆင်ခြင်ရန်** - ယေရှုသည် ပရောဖက်၊ ယဇ်ပရောဟိတ်နှင့် ရှင်ဘုရင်ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏ ဖျန်ဖြေပေးသူ၊ ယေရှုသည် ဘုန်းတော်ထင်ရှားစေသတည်း။

ဗုဒ္ဓဟူး၊ ဇူလိုင် (၃၁)
**ဟေဗြဲ ၄း၉-၁၆**
ဖိလိ ၁း၁၉-၂၆

*"ငါ့အသက်ရှင်သည် အရာမှာခရစ်တော် ဖြစ်၏"*

## ချမ်းသာခြင်းအခွင့်သည် ခရစ်တော်အားဖြင့်ဖြစ်၏

ခရစ်တော်လူ့ဇာတိအားဖြင့် မွေးဖွားခြင်း၏ရည်ရွယ်ချက်မှာ သူ၏ယဇ်ပုရောဟိတ်အလုပ်ကို အမြတ်တနိုးထားဖို့ဖြစ်၏။ သူက ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်ရောက်ခြင်း ကို လွယ်ကူချောမောစေ၏။ ၎င်းမှာ ခရစ်တော်ကိုယုံကြည်သောသူတစ်စုံတစ်ဦးကို အခွင့်အရေး ပေးကမ်းခြင်းဖြစ်၏။

ကျေးဇူးတော်ပလ္လင်တော်သို့ ရဲဝင့်စွာသွားရောက်ဖို့ တိုက်တွန်းချက်ကယုံကြည်သူတို့သည် ဘုရားသခင်၏သားသမီးဖြစ်ကြသကဲ့သို့ ထိုအခွင့်အရေးရရှိခြင်းအချက်ကို အလေးပေးဖော်ပြပေး၏။ ကျေးဇူးတော်က အခြေအနေအပေါ်တွင် မမူတည်သော ဘုရားသခင်၏ မဟာချစ်ခြင်းမေတ္တာတော်နှင့် ကယ်တင်ခြင်းကိုအခမဲ့ပေးကမ်းခြင်းကို ပြသပေး၏။ ကျွန်ုပ်သည်လည်း ခရစ်တော်အားဖြင့် ဘုရားသခင်၏ကရုဏာတော်ကို ရရှိခဲ့ကြ၏။ ဤအချက်ကို ခရစ်တော်သည် ကြွလာ၍လူတို့၏ ပုံသဏ္ဍာန်တော်အားဖြင့် ပြုပြင်ခြင်းကို ခံရစဉ်၌ ခရစ်တော်၏အလုပ်အားဖြင့် ပြသခဲ့၏။ ခရစ်တော်သည် လူသားတို့၌ရှိသော နာကျင်ခြင်းဝေဒနာအလုံးစုံတို့ကို ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးတွင် လက်ဝါးကပ်တိုင်၌တင်သတ်ခြင်း ဝေဒနာကို ခံစားခဲ့သည်။ ထိုအချက်မှာ ယုဒလူတို့အတွက် ကလဲ့စားချေသောအပြုအမူဖြစ်ခဲ့သော်လည်း၊ ထိုအချက်ကို ဘုရားသခင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ အကြောင်းမှာ ခရစ်တော်သည် အပြစ်တရား၏ပြစ်ဒဏ်ကို ယူဆောင်နိုင်ဖို့ရန်ဖြစ်၏။

အပြစ်ခွင့်လွှတ်ခြင်းနှင့်ကယ်တင်ခြင်းတို့သည် အပြစ်သားတို့အတွက် ဘုရားသခင်၏ မေတ္တာတော်ကို ထုတ်ဖော်ခြင်းဖြစ်ပြီး၊ ဘုရားသခင်က သားတော်ယေရှုကို ရွေးနုတ်ကယ်တင်ခြင်း ကတိတော်ကို ပြည့်စုံစေဖို့ရန်အတွက် ရည်ရွယ်ချက်ရှိစွာ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ဤအချက်တွင် ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းနှင့်အားလုံးအတွက် တစ်ကြိမ်ပူဇော်သည့် ယဇ်ကောင်ဖြစ်၏။ သူသည် အဓိကဇာတ်ကောင်နေရာ၌ ဝင်ရောက်လုပ်ဆောင်ခဲ့ပြီး၊ မောရှေနှင့်ဆိုင်သော ပညတ်တော်၌ရှိသော ထိုယဇ်ပူဇော်ခြင်းနှင့်ဆိုင်သော အရာကိုကိုယ်စားပြုသည့်ရုပ်ပုံကားချပ်ကို ပြည့်စုံစေခဲ့၏။ သူသည် အပြစ်ကင်းသောဘုရားသခင်၏သိုးသူငယ်တော်ဖြစ်လာခဲ့၏။ သူ့ထံသို့လာသောသူ အားလုံးသည် လိုအပ်သောအချိန်တွင် ကျေးဇူးတော်ကိုရှာတွေ့ကြလိမ့်မည်။ ထိုအချက်က ယုံကြည်သူတို့အား ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်ရောက်နိုင်ရန်အခွင့်အရေးနှင့် မျှော်လင့်ခြင်းကိုပေးတော်မူ၏။

လူတိုင်းသည် ဘုရားသခင်ပေးကမ်းသောအလှူကို လက်ခံကြဖို့ရန် တာဝန်ရှိပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သူတို့၏လမ်းပြရှင်ဖြစ်၏။ ယေရှုခရစ်က တောင်းဆိုချက်အလုံးစုံတို့ကို ပြည့်စုံစေခဲ့ပြီး၊ ယုံကြည်သူတို့အား သူ၏ထာဝရအိမ်တော်သို့ ဝင်ရောက်နိုင်ရန် မြတ်သောအခွင့်ကိုပေး၏။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်၌ အပြစ် လုံးလုံးခွင့်လွှတ်ခြင်းရှိ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် ထိုချမ်းသာထဲသို့ဝင်ရောက်မည့် သူတို့တွင်ပါဝင်သောသူဖြစ်စေပါ။ ၂ထထ

ကြာသပတေး၊ ဩဂုတ် (၁)
**ဟေဗြဲ ၅း၁-၁၀**
ထွ ၂၇း၂၁

*"...သားအစဉ်အဆက် စောင့်ရသောပညတ်တော်ဖြစ်သတည်း"*

## ခရစ်တော်၏ နှစ်ဆသော ယဇ်ပုရောဟိတ်ဖြစ်ခြင်း

ယဇ်ပုရောဟိတပြုသောအမှုသည်ခရစ်တော်ကိုပုံဆောင်မှုမျိုးဖြစ်၏။ ယုဒလူတို့က အာရုန်၏ ယဇ်ပုရောဟိတ်အရာနှင့် အလွန်ရင်းနှီးကျွမ်းဝင်ကြ၏။ ခရစ်တော်၏ ယဇ်ပုရောဟိတ်အရာကို မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာနှင့်လည်း နှိုင်းယှဉ်ခြင်းခံရ၏။ ဤနှိုင်းယှဉ်ချက်ကို ယဇ်ပုရောဟိတ်နှစ်ပါးအားဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ တပါးစီတိုင်းတွင် ခရစ်တော်၏ ယဇ်ပုရောဟိတ်မင်းအရာနှင့် တူညီသောအချက်ရှိကြ၏။ ဤနေရာ၌ ယုံကြည်သူတို့အတွက် သင်ခန်းစာမှာ ခရစ်တော်သည် နောက်ဆုံးသောယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူခြင်းအချက် ဖြစ်၏။

ဤကျမ်းပိုဒ်တွင်ဆိုသည့်အတိုင်း အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်အရာမှာ ယဇ်ပုရောဟိတ်မင်းတိုင်းကို လူတို့ထဲက ရွေးချယ်ထားခြင်းဖြစ်၏။ အာရုန်နည်းတူနောက်ပိုင်း ယဇ်ပုရောဟိတ်အရာကို ဣသရေလအမျိုးသားတို့ အဲဂုတ္တုပြည်မှ ထွက်မြောက်ရာကာလ၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထာဝရဘုရားက မောရှေအား အာရုန်နှင့် သူ့သားတို့ကို ယဇ်ပုရောဟိတ်ဖြစ်ဖို့ သီခြားထားရှိရန် မိန့်တော်မူခဲ့၏။ သူက ယဇ်ပုရောဟိတ်လုပ်ငန်းသည် အာရုန်နှင့် သူ့မျိုးဆက်တို့ အတွက် ထာဝရဥပဒေဖြစ်မည့်အကြောင်းကို ကြေညာခဲ့၏ (ထွက် ၂၉း၉)။ ယဇ်ပုရောဟိတ်ဖြစ်ဖို့ သီးခြားစွာထားခြင်းခံရသော အာရုန်၏သားတို့နှင့် သူတို့၏မျိုးဆက်တို့သည် ကိုယ်ခန္ဓာပိုင်း၌ အပြစ်အနာအဆာမရှိကြဖို့ရန် တောင်းဆိုထား၏။ ယဇ်ပူဇော်ဖို့ရန်အတွက် တောင်းဆိုထားသော သိုးသူငယ်ကဲ့သို့ပင်၊ ထိုတောင်းဆိုချက်မှာ ခရစ်တော်၏ သန့်ရှင်းစုံလင်ခြင်း၏ သင်္ကေတဖြစ်၏။

လေဝိအမျိုးအားလုံးသည် ဘုရားသခင်၏အမှုတော်မြတ်အတွက် သီးခြားထားခြင်းကို ခံရကြ၏။ ယဇ်ပုရောဟိတ်အားလုံးကို ထိုလေဝိထဲမှ ရွေးချယ်ထားခြင်းဖြစ်၍ ဣသရေလလူတို့အား ကတိတော်ပြည်ကို အမွေခွဲပေးရာတွင် ထိုလေဝိလူတို့ကို အုပ်စုခွဲ၍ အခြားသောမျိုးနွယ်စုထဲတွင် နေထိုင်စေကြ၏။ သူတို့သည် အခြားသောမျိုးနွယ်ကဲ့သို့ သီးသန့်အမွေမရရှိကြပေ (တရားဟော ၁၀း၈-၉၊ တောလည် ၃း၅-၉)။ ထို့ကြောင့် အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်၏ မူလတာဝန်တို့မှာ မောရှေနှင့်ဆိုင်သော ပညတ်ချက်မှဖြစ်ကြောင်းသေချာ၏။ ယဇ်ပုရောဟိတ်မင်းသည် ထိုမျိုးနွယ်စုမှဖြစ်လာရမည်ဖြစ်ပြီး လူတို့ကိုယ်စား ဘုရားသခင်ထံ ယဇ်ပူဇော်ခြင်းအမှုကို ပေးကမ်းရမည် ဖြစ်သည်။ ခရစ်တော်က လျစ်လျူရှုသောသူတို့ကို အလွန်သည်းခံနိုင်ခဲ့ပြီး၊ လမ်းပျောက်သောသူ တို့ကို ကရုဏာပြသခဲ့၏။

**ဆင်ခြင်ရန်** - ယဇ်ပုရောဟိတ်တို့ကို ဘုရားသခင်၏အမှုအရာတို့အား ဆောင်ရွက်ဖို့ရန် လူတွေက ခန့်ထားကြခြင်းဖြစ်၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်၏မျှော်လင့်ချက်သည် ကျွန်ုပ်တို့၏ ကြီးမြတ်သော ယဇ်ပု ရောဟိတ်မင်း ယေရှုခရစ် အစဉ်ဖြစ်စေတော်မူပါ။

သောကြာ၊ ဒြဂုတ် (၂)
**ဟေဗြဲ ၅း၁-၁၀**
ထွ ၃၀း၁၀

*"အာရုန်သည် . . . အပြစ်ဖြေခြင်းမင်္ဂလာကို ပြုရမည်။ သင်တို့သားစဉ်မြေးဆက်တို့သည် တနှစ်တခါ ထိုသို့ပြုရကြမည် . . . "*

## အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်ဖြစ်ခြင်း၏ တာဝန်များ

လူဇာတိသဘော၌ရှိစဉ်တွင် ခရစ်တော်သည် နှမ်းရိအားနည်းခြင်းရှိကြောင်း နားလည်ရ၏။ သူသည် အာရုန်ကဲ့သို့ပင် လူတို့ကြားထဲက ရွေးချယ်ခံ့ရသော ယဇ်ပုရောဟိတ် ဖြစ်သော်လည်း သူ၏မျိုးရိုးမှာမူ ယုဒအမျိုးမှဖြစ်၏။ အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်အရာ၏ ရုပ်ပုံကားချပ်မှာ ယဇ်ပုရောဟိတ်တပါး၏ တာဝန်များကို စုံလင်စေခြင်း၌ ပေးထားသောအလုပ် အားဖြင့် ရှင်းလင်းပြသခဲ့၏။ အာရုန်နည်းတူနောက်ပိုင်း၌ ခန့်ထားခြင်းခံရသော ယဇ်ပုရောဟိတ်သည် လည်းလူတို့အတွက် နှင့် မိမိအတွက်ရပ်၍ အပြစ်အတွက် ယဇ်ပူဇော်ခြင်းကို လုပ်ပေးရ၏။ ထိုသို့သောသူကို ဘုရားသခင်ကိုယ်တိုင် ခေါ်ယူခြင်းဖြစ်၍၊ အဘယ်သူမျှ မိမိကိုယ်ကို ဂုဏ်ယူဝင်ကြွားနိုင်မည် မဟုတ်ပေ။ မောရှေ၏ ပညတ်တော်တွင် ဤယဇ်ပုရောဟိတ်တို့မှာ များစွာသောတာဝန်ဝတ္တရားရှိကြ၏။ ဗိမာန်တော်နှင့် အဆက်မပြတ်ထွန်းထားသောမီးအိမ်ကို စောင့်ရှောက်ရကြ၏။ သူတို့သည် အမွှေးတိုင်ကို ထွန်းရပြီး ယဇ်ပူဇော်ပေးရ၏။ ထို့ပြင်၊ သူတို့သည် လူတို့ကို ကောင်းကြီး ပေးရ၍၊ မသန့်ရှင်းသောအရာတို့ကို သန့်ရှင်းစေရကြ၏။ သူတို့သည် နူနာစွဲသောသူတို့ဖော်ထုတ်ရပြီး၊ တံဖိုးခရာတို့ကို တီးမှုတ်ရ၏။ ဣသရေလလူတို့သည် ပြောင်းရွှေ့ကျလျှင် သူတို့သည် ပဋိညာဉ်သေတ္တာတော်ကို သယ်ဆောင်ရကြ၏။ ယဇ်ပုရောဟိတ်တို့နှင့် လေဝိတ်တို့၏မူလတာဝန်မှာ ပညတ်တော်ကို သင်ကြားပို့ချရန်ဖြစ်၏။ ဣသရေလလူတို့တွင် ဤလုပ်ငန်းနှစ်ခုနှင့် ပရောဖက် အလုပ်ကို တွဲ၍ ဆောင်ရွက်သောသူတို့ ရှိခဲ့ကြ၏။ သူတို့ထဲမှ ထင်ရှားသောသူတို့မှာ ရှမွေလ၊ ယေရမိနှင့် ဇေရာတို့ဖြစ်ကြ၏။ ယဇ်ပုရောဟိတ်တို့၏ တာဝန်ဝတ္တရားတို့ကို မောရှေရေးသာသော ကျမ်းငါးအုပ်တို့တွင် အကြိမ်များစွာ ဖော်ပြထား၏။

ယဇ်ပုရောဟိတ်တို့၏ အမှုတော်တို့သည် ဣသရေလတိုင်းပြည်တွင် လုံးလုံးမုချလိုအပ်သောအရာဖြစ်ပြီး၊ တိုင်းပြည်သည် ထိုသူတို့မပါဘဲ အလုပ်မလုပ်နိုင်ပေ။ ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သောဥပဒေ (ပညတ်တော်) ၏ တောင်းဆိုချက်တို့မှာ ခက်ခဲရှုပ်ထွေးလှ၏။ ခရစ်တော်ကို ယုံကြည်သောသူတို့ (ဓမ္မသစ်ကျမ်း၌ရှိသော) ကို ဤအရာတို့အား စောင့်ထိန်းဖို့ရန် မတောင်းဆိုတော့ပေ။ အကြောင်းမှာ ခရစ်တော်က ထိုအရာတို့ကို တစ်ကြိမ်ထဲတွင် ပြည့်စုံစေခဲ့ပြီးသောကြောင့် ဖြစ်၏။

ရှင်ပေါလုက ခရစ်တော်၏အလုပ်ကို ခရစ်ယာန်တို့၏ အခြေခံလွတ်ခြင်းအခွင့်ဟူ၍ သော်၎င်း၊ ပညတ်တရားကို ဘုရားသခင်၏ ကယ်တင်ခြင်းနှင့်ဆိုင်သော အကြံအစည်ကို စုံလင်စွာ သိရှိနားလည်ခြင်းသို့ ပို့ဆောင်ပေးသည့် အထိန်းတော်အဖြစ် ခေါ်ဆိုခဲ့၏ (ဂလာ ၃း၂၄)။ ယဇ်ပုရောဟိတ်လုပ်ငန်းတွင် အာရုန်သည် ခရစ်တော်၏ ကိုစားလှယ်ဖြစ်ခဲ့၏။ ဤယဇ်ပုရောဟိတ် အလုပ်နှင့် ယှဉ်၍ ပို၍ ရှေးကျသည့်အခြားသောယဇ်ပုရောဟိတ်မှာ မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အမှုဖြစ်၏။

**ဆင်ခြင်ရန်** - ယေရှုခရစ်၌ လွတ်ခြင်းရှိ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ခရစ်ယာန်တို့၏ လွတ်ခြင်းအခွင့်ကို အသုံးပြုဖို့ရန် ဉာဏ်ပညာကို ပေးသနားတော်မူပါ။

စနေ၊ ဩဂုတ် (၃)
**ဟေဗြဲ ၅း၁-၁၀**
ထွက် ၃၀း၁၀

*“. . . ထာဝရဘုရားအား အလွန်သန့်ရှင်းသော ယဇ်ပလ္လင်ဖြစ်သတည်း”*

## မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အမှု

ခရစ်တော်နှင့်ပတ်သက်၍ ဟေဗြဲ ၅း၁-၁၀ ကခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းဖြစ်ဖို့ရန် မိမိကိုယ်ကိုချီးမြှောက်ခဲ့ခြင်းမဟုတ်ကြောင်းကို အခိုင်အမာပြောဆိုထား၏။ သူအားထိုလုပ်ငန်း၌ ခမည်းတော်ဘုရားက ခန့်အပ်ထားခြင်းဖြစ်သည်။ မေလခိဇေဒက်သည် ခရစ်တော်၏အခြားသော ရုပ်ပုံကားချပ်ကို ပြဖို့ရန် ရောက်လာခဲ့၏။ သူ့ကို ငြိမ်သက်ခြင်းဘုရားနှင့် ဘုရားသခင်၏ ယဇ်ပုရောဟိတ်ဟူ၍ ခေါ်ဆိုခဲ့၏။ သူသည် ရှင်ဘုရင်တို့ကို လုပ်ကြံခြင်းမှ ပြန်လာခဲ့သော အာဗြဟံထံမှ ဆယ်ဖို့တစ်ဘို့ကို လက်ခံရရှိခဲ့၏။ ဤယဇ်ပုရောဟိတ်နှင့် ပတ်သက်သော်လည်း၊ လူပုဂ္ဂိုလ်ကိုယ်တိုင် အာဗြဟံနှင့်တွေ့ဆုံခဲ့ခြင်းက သူသည် သမိုင်း၌ရှိသော ပုဂ္ဂိုလ်ဖြစ်ခဲ့ကြောင်းကို ပြသခဲ့၏။

ခမည်းတော်က ခရစ်တော်၏အကြောင်း၌ ဤအချက်ကို ပြောဆိုခဲ့၏။ “. . . သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ” (ဆာလံ ၂း၇) ဟူ၍၎င်း၊ အခြားသောဆာလံတွင် “. . . သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်“ (ဆာလံ ၁၁၀း၄) ဟူ၍၎င်း ပြောဆိုခဲ့၏။ ဤယဇ်ပုရောဟိတ်သည် အာရုန်မတိုင်မီတွင်ဖြစ်၍၊ သူ၏အကြောင်းကို ကမ္ဘာဦးကျမ်း ၁၄း၁၈ တွင် အဦးဆုံးဖော်ပြခဲ့၏။ ဤယဇ်ပုရောဟိတ်အရာသည် အာရုန်၏ ယဇ်ပုရောဟိတ်အရာနှင့် ခြားနားခြင်းရှိ၏။

ဤစာပိုဒ်နှင့်ပတ်သက်၍ Matthew Henry က ပြောကြားရာတွင်၊ “ကျမ်းရေးသူတမန်တော်က ခရစ်တော်၏ ခေါ်ခြင်းခံရသည့်ကိစ္စနှင့် ပုဂ္ဂိုလ်ရေးသန့်ရှင်းခြင်းတို့ နှစ်ခုလုံးတွင် အာရုန်ရှေ့၌ ခရစ်တော်အား ပို၍ရွေးချယ်ထား၏။ သူ၏ခေါ်ခြင်းခံရခြင်းကိစ္စတွင် သူသည် ဘုရားဖြစ်သောကြောင့် သူ၏ ထာဝရမျိုးဆက်ကိုသော်၎င်း၊ လူသားဖြစ်သောကြောင့် သူ၏ အံ့ဖွယ်ရာ သန္ဓေတည်ခြင်းကိုသော်၎င်း၊ ဖျန်ဖြေသူဖြစ်သောကြောင့် ဘုရားသခင်က ခရစ်တော် အပေါ် မိမိ၏ချစ်ခြင်းမေတ္တာတော်အား၎င်း၊ ဖျန်ဖြေသူအရာ၌ ခရစ်တော်အား မိမိ၏ အခွင့်အာဏာ ဖြင့် ခန့်ထားတော်မူခြင်းအကြောင်းကို၎င်း၊ ထိုလုပ်ငန်း၌ ခရစ်တော်အား ဆောင်ရွက်စေရန် မိမိ၏ရာထူးအပ်နှံပေးခြင်းနှင့် သဘောတူပေးခြင်းတို့ကို၎င်း၊ ခရစ်တော်အား သူလက်ခံပေးထားခြင်းကို၎င်း၊ ဘုရားသခင်ဖေါ်ပြထား၏။”

ခရစ်တော်သည်လည်း မေလခိဇေဒက်နည်းတူ လောက၌ရှိစဉ် ဘုရားသခင်ထံ ဆုတောင်းခြင်းပြုခဲ့၏။

**ဆင်ခြင်ရန်** - ခရစ်တော်သည် မေလခိဇေဒက်၌မြင်တွေ့ရသည်အတိုင်း အာရုန်ထက် ကြီးမြတ်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်သည် ဖန်ဆင်းရှင်ဘုရားဖြစ်တော်မူကြောင်း အစဉ် အောက်မေ့သတိရလိုပါ၏။

တနင်္ဂနွေ၊ ဩဂုတ် (၄)

**ဟေဗြဲ ၅း၁-၁၀**

ဝတ် ၈း၃၄

*“. . . သင်တို့အဘို့ အပြစ်ဖြေခြင်းကို ပြုမည်အကြောင်း ထာဝရဘုရား မှာထားတော်မူပြီ”*

---

## မေလခိဇေဒက် ယဇ်ပုရောဟိတ်အရာ၏ ထူးခြားမှုများ

မေလခိဇေဒက်၏ သိကောင်းစရာအကြောင်းအရာမှာ မှုန်ဝါးနေသော်လည်း သမ္မာကျမ်းစာက သူသည် အာရုန်ထက်သာ၍ကောင်းသော ယဇ်ပုရောဟိတ်အရာကို ပိုင်ဆိုင်ထားသောသူအဖြစ် ကိုယ်စားပြုစေ၏။ သူ၏အကျင့်စရိုက်က ကောင်းကင်ပလ္လင်တော်၏လကျာ်ဘက်၌ သန့်ရှင်းသူတို့အားလုံးအတွက် ဖျန်ဖြေပေးသော ထာဝရယဇ်ပုရောဟိတ်မင်းကို အကောင်းဆုံးကိုယ်စားပြုပေး၏။ ဤကျမ်းပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ခရစ်တော်၏ ထူးခြားမှုတို့မှာ-

(က) သူသည် သားတော်ဖြစ်ပြီး၊ သူခံစားရသောဝေဒနာများအားဖြင့် နာခံခြင်းကို သင်ယူခဲ့၏။

(ခ) သူသည် စုံလင်သောသူဖြစ်၍ နာခံသောသူရှိသမျှတို့အတွက် ထာဝရကယ်တင်ခြင်း၏ ရင်းမြစ်ဖြစ်သည်။

(ဂ) သူသည် မေလခိဇေဒက်နည်းတူ နောက်ပိုင်းတွင် ယဇ်ပုရောဟိတ်မင်းအဖြစ် ဘုရားသခင်၏ ခေါ်တော်မူခြင်းကို ခံရ၏။

ဤအချက်မှ ခရစ်တော်၏ စစ်မှန်သောရုပ်ပုံကား ချပ်ဖြစ်တော်မူ၏။ ဤစာပိုဒ်၌ ကျမ်းရေးသူက ဓမ္မဟောင်းကျမ်း၌ မှတ်တမ်းတင်ထားပြီးသော ယဇ်ပုရောဟိတ်အရာ နှစ်ခုတို့ကို ရင်းနှီးကျွမ်းဝင်ခြင်းရှိကြသည့် ယုဒလူတို့ထံ မိန့်ကြားခြင်းဖြစ်သည်။ ထို့ကြောင့် ကျမ်းရေးသူက ဤသာဓကနှစ်ခုကို လွတ်လပ်စွာ အသုံးပြုခဲ့ခြင်းဖြစ်သည်။

အာရုန်၏ ယဇ်ပုရောဟိတ်အရာမှာ ပညတ်တော်တွင် သိကြရသကဲ့သို့ သမာရိုးကျ ဖြစ်၏။ မေလခိဇေဒက်မှာ အာဗြဟံ၏ခေတ်၌ ဖြစ်သောကြောင့် ပို၍စောခဲ့၏။ အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်အရာသည် ခရစ်တော်၏ ယဇ်ပုရောဟိတ်အရာနှင့် ရှင်းလင်းသောတူညီမှုရှိကြ၏။ အမှုဆောင်ရွက်ခြင်းတို့၌ အမြဲအမှတ်ရစေသည့်အချက်များကို ပေးထားကြ၏။ မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာသည်လည်း ထိုယဇ်ပုရောဟိတ်အရာနှင့် တူညီသောရုပ်ပုံကား ချပ်ဖြစ်သည်။ ထိုအမိန့်တော်နှစ်ခုတို့က အသွေးတော်အားဖြင့် ဖျန်ဖြေခြင်းလိုအပ်ကြောင်းကို ညွှန်ပြကြ၏။ ဤတောင်းဆိုချက်ကို ခရစ်တော်က စုံလင်စေခဲ့၏။

သင်၏အပြစ်တို့ကို ခရစ်တော်၏ အသွေးတော်အားဖြင့် ဖျန်ဖြေစေခြင်းခံရပြီလော။

**ဆင်ခြင်ရန်** - ခရစ်တော်၏ ယဇ်ပုရောဟိတ်အလုပ်သည် ဖျန်ဖြေခြင်းအတွက် မရှိမဖြစ်လိုအပ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အတွက် ခရစ်တော်၏ လုပ်ဆောင်ခဲ့ပြီးသော အရာတို့ကို အစဉ်အောက်မေ့စေတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၅)
**ဟေဗြဲ ၅း၁၁-၁၄**
ဂလ ၁း၆-၉

*"ခရစ်တော်၏ ကျေးဇူးအားဖြင့် သင်တို့ကိုခေါ်တော်မူသောသူနှင့် ဤမျှလောက် မြန်မြန်ခွါ၍ သင်တို့သည် အခြားသော ဧဝံဂေလိတရားကို ခံယူကြသောကြောင့် ငါသည် အံ့ဩခြင်းရှိ၏"*

## တမင်းတကာလျစ်လျူရှုခြင်း၏အသီး

ကျမ်းရေးသူက သူ၏စကားတို့ကို ကြားဖို့ရန် ပျင်းရိသောသူတို့အား မိန့်ကြားတော်မူ၏။ သူတို့က မိမိတို့၏စိတ်ကို ကန့်သန့်ထား၍ မိမိတို့၏ အတွေးအခေါ်တို့ကိုလည်း ပိတ်ထားကြ၏။ သူတို့သည် တစ်ရားစီရင်ခြင်းစီသို့ ဦးညွတ်ကျ၏။ သူတို့သည် ဧဝံဂေလိသတင်းကောင်းကို လက်ခံယုံကြည်ခြင်းမရှိကြဘဲ ထိုသမ္မာတရားတို့ကို လိုလားစွာ လျစ်လျူရှုကြ၏။

ကျမ်းရေးသူက သူတို့၏ လျစ်လျူရှုခြင်းအသီးသည် သူတို့၏ဝိညာဉ်ရေးရာ အသက်တာတို့ကို ကျဆင်းစေလိမ့်မည်ဟု ပြသခဲ့၏။ သူတို့သည် ယုံကြည်ခြင်းကိစ္စ၌ ကလေးသူငယ်ကဲ့သို့ အမြဲရှိနေကြလိမ့်မည်။ သူတို့သည် သမ္မာတရားကိုနားထောင်လျှင် အရွယ်ရောက်သူဖြစ်ကြ၍ ကောင်းမကောင်းကို ပိုင်းခြားနားလည်နိုင်ဖို့ရန်အတွက် ဝိညာဉ်ရေးရာနှင့်ဆိုင်သော ကြေခဲသော အစာကို စားကြရလိမ့်မည်။

ကျမ်းရေးသူက သူတို့၏ဝိညာဉ်ရေးရာ အခြေအနေကို စူးစမ်းလေ့လာမှုပြုလုပ်ခဲ့၏။ သူက မေလခိဇေဒက်နှင့် ခရစ်တော်၏အကြောင်းကို ပြောစရာများစွာရှိကြောင်း ဖော်ပြခဲ့၏။ သူသည် သမ္မာတရားကို အလွန်ရင်းနှီးကျွမ်းဝင်၍ မှန်ကန်သော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သိခဲ့၏။ သူ၏ပရိသတ်တို့သည် သူပြောကြားသော ဧဝံဂေလိသတင်းကောင်းကို သဘောမတူနိုင်ခဲ့ ကြပေ။ သူတို့က သဘောမတူခဲ့ကြပေ။ သူတို့သည် ကျမ်းရေးသူ ပြောဆိုထားသောအရာတို့ကို သိရှိကြသော်လည်း ကြားခြင်းငှါ ထုံထိုင်းခဲ့ကြ၏။

ဒီလူတွေ၏ သဘောထားကို ခရစ်တော်၏ ဧဝံဂေလိသတင်းကောင်းကို ယုဒအသိုင်းအဝန်းက ယေဘုယတုန့်ပြန်ခြင်း၌ မြင်တွေ့ခဲ့ကြ၏။ သူတို့သည် ခရစ်တော်အား မျက်နှာချင်းဆိုင်ရင်ဆိုင်ခဲ့ကြပြီး ခရစ်တော်သည် ကောင်းကင်သို့ ချီဆောင်ခြင်းကို ခံပြီးနောက်ပိုင်းတွင်လည်း တမန်တော်တို့ကို ဆန့်ကျင်ခဲ့ကြ၏။ ရှင်ပေတရု က (တမန်တော်တို့ထဲ၌ ပြောရေးဆိုခွင့်ရှိသူ) ထိုသူတို့၏ ခရစ်တော်ကို ဆန့်ကျင်ခြင်းကြောင့် သူတို့အား ဆန့်ကျင်သည့် ပြင်းထန်သောစကားလုံးဆိုခဲ့၏။ သတေဖန် (ကနဦးပိုင်းတပည့်တော်တို့ထဲ၌ ခေါင်းဆောင်တစ်ဦးဖြစ်သူ) က ခရစ်တော်နှင့်ပတ်သက်၍ ထိုသူတို့ထံသို့ ပြင်းထန်သောတရားဟောချက်ကို ဟောကြားခဲ့၏။ ထိုသူတို့က သတေဖန်ကို ကျောက်ခဲနှင့် ပစ်သတ်ခဲ့ကြ၏။ သူတို့သည် ခရစ်ယာန် ယုံကြည်ခြင်းကို မပြန့်နှံ့စေဖို့ရန် တားမြစ်ဖို့ဆုံးဖြတ်ခဲ့ကြပြီး သမ္မာကျမ်းစာနှင့် ပတ်သက်၍ သူတို့၏ မှားယွင်းသောနားလည်မှုကို အယူသည်းစွာ ဖက်တွယ်ထားကြသည်။ သူတို့သည် တမင်လျစ်လျူရှုကြ၏။

**ဆင်ခြင်ရန်** - တမင်လျှစ်လျူရှုခြင်းသည် အပြစ်ဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို သတိရှိစွာ ကြားနာနိုင်ဖို့ရန်နှင့် ကိုယ်တော်ထံမှ သင်ယူစေတော်မူပါ။

**ဟေဗြဲ ၅း၁၁-၁၄**

ဧ ၄း၁၇-၂၁

*". . . ခရစ်တော်၏စကားကို ကြားနာရသည်ဖြစ်၍၊ ယေရှု၌ သမ္မာတရားရှိသည်နှင့်အညီ . . . "*

## တမင်လျစ်လျူရှုခြင်းကို ထုတ်ဖော်ပြသခြင်း

ကျမ်းရေးသူက ဟေဗြဲလူတို့သည် အရည်အသွေးပြည့်မီသော ဆရာများဖြစ်သင့်ကြသော်လည်း အသိတရားနည်းပါးကြသည့်အကြောင်းကို သူတို့အား ပြောဆိုခဲ့၏။ သင်ကြားပေးမည့်သူတစ်စုံတစ်ဦးလိုအပ်ကြသေးသည်။ ယုဒလူတို့သည် ခရစ်တော်၏ ဧဝံဂေလိ သတင်းကောင်းကို ငြင်းပယ်ပြီး ခရစ်တော်ကို ဆန့်ကျင်ခဲ့ကြ၏။ နောက်ဆုံးတွင် ခရစ်တော်အား ကားတိုင်၌ တင်သတ်ရန် တောင်းဆိုခဲ့ကြသည်။

ကနဦးအသင်းတော်ခေတ်တွင် သမ္မာကျမ်းစာကို စုံလင်စွာနားလည်ထားသည်ဟု ဝန်ခံပြောဆိုသော ယုဒလူတို့၏ ကိုယ်ပိုင်ဘာသာရေး အယူအဆများရှိခဲ့၏။ ဖာရိရှဲတို့မှာ အထင်ရှားဆုံးဖြစ်ကြပြီး၊ နောက်တွင် ဇဒ္ဒုကဲများ၊ ကျမ်းတတ်များနှင့် ဘာသာရေးခေါင်းဆောင်များ ဟူ၍ရှိကြ၏။ သူတို့သည် မိမိတို့ကိုယ်ကို သမ္မာကျမ်းစာကို သိရှိနားလည်းခြင်းတွင် အခွင့်အာဏာရှိကြသည်ဟု ယူဆထားကြ၏။ သူတို့၏ ယူဆချက်ကို ဆန့်ကျင်သည့် ဘယ်ပုဂ္ဂိုလ်၊ ဘယ်အုပ်စုကိုမဆို ပယ်ချကြပြီး၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းကိုပင် လုပ်ဆောင်ခဲ့ကြသည်။ ထိုကဲ့သို့ရပ်တည်မှုက ခရစ်တော်ကို ငြင်းပယ်စေ၍ နောက်ဆုံးတွင် အသေသတ်စေကြ၏။ သူတို့သည် တမန်တော်တို့ကိုလည်း ရန်လိုမုန်းတီးကြပြီး၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် သုတ်သင်ရှင်းလင်းခြင်းကိုလုပ်ဆောင် ခဲ့ကြ၏။

ကျမ်းရေးသူက ဤစာပိုဒ်တွင် သူတို့သည် သင်ကြားပို့ချမည့်သူတစ်စုံတစ်ဦး လိုအပ်ကြောင်းကို သူတို့အား ပြောဆိုထား၏။ မိမိ၏ ကိုယ်ပိုင်အရည်အချင်းအားဖြင့် မဖြစ်နိုင်ကြောင်းကို ဝန်ခံသည့်သူတို့ထဲက လူတစ်ဦးမှာ ပညတ်တော်ကို သင်ကြားပေးသည့် စစ်မှန်သောဆရာဖြစ်သော ဖာရိရှဲထဲကတစ်ဦးဖြစ်သူ၊ ရှင်ယောဟန် ၃ ထဲက နိကောဒင်ဖြစ်၏။ သို့သော်၊ သူသည် သခင်ဘုရား၏ သာသနာအစောပိုင်းတွင် ခရစ်တော်၌ တစ်စုံတစ်ခုခြားနားခြင်းရှိသည်ကို မြင်တွေ့ခဲ့၏။ သူသည် ခရစ်တော်ထံသို့ ညအချိန်၌ လာရောက်ပြီး ကယ်တင်ခြင်းနှင့်ပတ်သက်၍ အခြေခံမေးခွန်းတို့ကို မေးခဲ့၏။ ယေရှုက သူ့ကိုရှင်းပြပေးခဲ့ပြီး ယုံကြည်သူဖြစ်လာခဲ့၏။ သူ၏ပြောင်းလဲခြင်းမှာ အမှန်ဖြစ်ခဲ့၏။ အကြောင်းမှာ ခရစ်တော်သေပြီးနောက်၊ ခရစ်တော်၏ အလောင်းတော်ကို သင်္ဂြိုလ်ရာ၌ အရိမသဲမြို့သာယောသပ်အား အကူအညီပေးခဲ့၏။ သူသည် ယုဒလူတို့၏ သင်္ဂြိုလ်ခြင်း၌ တောင်းဆိုထားသည့် အလေးချိန်တရာတန်ချိန်ရှိသော အမွှေးအကြိုင်ကို ယူဆောင်လာခဲ့သည်။ ဤအပြုအမူမှာ ခရစ်တော်၌ရှိသော မိမိ၏ ယုံကြည်ခြင်းကို ထုတ်ဖော်ခြင်းဖြစ်၏။

တမင်လျစ်လျူရှုခြင်းသည် ခရစ်ယာန်နာမည်ခံသောသူတိုင်းအတွက်လွယ်ကူလှ၏။ ယနေ့၌ရှိသော ယုံကြည်သူတို့သည် ကနဦးပိုင်း၌ရှိသော ဤဟေဗြဲလူတိုထံမှ သင်ခန်းစာကို သင်ယူရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်သည် စစ်မှန်သောဆရာနှင့် သမ္မကျမ်းစာကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသောသူ ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို သင်ယူနိုင်ဖို့အလို့ငှါ၊ အမြဲနှိမ့်ချတော်မူပါ။

**ဟေဗြဲ ၅း၁၁-၁၄**

၁ ပေ ၂း၁-၆

*“ထိုတရားနို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့”*

## ညွှန်ကြားချက်

ဘာသာရေးခေါင်းဆောင်တို့က တမန်တော်ရှင် ပေတရုနှင့် ရှင်ယောဟန်တို့ကို သတ်ဖို့ရန် ထိုင်ပင်ခဲ့ကြ၏။ ဂါမလျေလသည် ထရပ်၍ ထိုလူတို့အား ထိုသို့မပြုကြရန် တားမြစ်ခဲ့၏ (တမန် ၅း၃၃-၃၉)။ သူသည် ယုဒလူတို့၏ လွှတ်တော်အဖွဲ့ဝင်တစ်ဦးနှင့်ဥပဒေ၌ ဘွဲ့လွန်တပါး ဖြစ်၏။ သူသည် ယေရုရှလင်မြို့၌ ရှိသေလေးစားခြင်းခံရသူဖြစ်၏။ သူသည် ခရစ်တော်ကို ယုံကြည်လက်ခံသူ ဟုတ်မဟုတ် မှာ မသေချာသော်လည်း အနည်းဆုံးအနေဖြင့် တမန်တော်တို့သည် သာမန်လူတွေ မဟုတ်ကြောင်းနှင့် သူတို့၏စကားမှာ ကိုက်ညီမှုရှိကြောင်း (အဓိပ္ပာယ်ရှိကြောင်း) ကို ဝန်ခံခဲ့သူဖြစ်၏။

ထိုအချိန်က တမန်တော်ပေါလုမှာ ဖာရိရှဲတို့တွင် တစ်ဦးဖြစ်၍ ဂါမလျေလ၏ ကျောင်းသား တစ်ဦးဖြစ်နေသေး၏။ သူသည်အသင်းတော်အား အလွန်ရန်လိုမုန်းတီးခဲ့သော်လည်း၊ ယခုတွင် ဤစာပိုဒ် ကို ရေးသားသောသူဖြစ်သည့် အားလျော်စွာ ယုဒလူတို့၏စိတ်ထားကို ကောင်းစွာနားလည်ထား၏။ ဤယုဒလူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ အခြေခံစည်းမျဉ်းတို့ကို နားလည်ကြရန်လိုအပ်သည်။ ဤအချက်ကို နိကောဒင်က သခင်ယေရှုထံ၌ သွားလည် စဉ်မေးခဲ့သောအရာဖြစ်၏။ ဤအရာတို့မှာ ခရစ်ယာန်ဘာသာ၏ အခြေခံသွန်သင်ချက် (ခံယူချက်) များဖြစ်ကြ၏။ သို့သော်လည်း တမင်လျစ်လျူရှုခြင်းက သူတို့ကိုအမှောင်ထဲ၌ ထားတော်မူ၏။

ယနေ့တွင် ဤလမ်းလှုပ်ရှားမှုကြောင်းနှင့် တူညီသောအရာတို့မှာ သမ္မာကျမ်းစာ နှင့်ဆိုင်သော သမ္မာတရားကို တမင်လျစ်လျူရှုထားကြသော ကြီးမားသောဘွဲ့များနှင့်အတူ လီဘာရာလ် (*liberal*) ဘုန်းတော်ကြီးများပေါ်ထွက်လာကြ၏။ ဆယ့်ကိုးရာစုနှစ်တွင် အင်္ဂလိကန်အသင်းတော်၌ လီဘာရာလ် သွန်သင်ချက်က နေရာယူထားခဲ့၏။ ထိုအသင်းတော်၏ မူလရင်းစွဲယုံကြည်သူ သင်းအုပ်တပါးက သူ၏ အသင်းတော်၌ရှိကြသော သင်းအုပ်တို့မှာ ခရစ်တော်၏နာမမှုလွှဲ၍ ခရစ်တော်၏အကြောင်းကို ဘာမျှ မသိကြပါဟူ၍ ရေးထားခဲ့၏။ ယနေ့တွင်ရှိသော သင်းအုပ်တစ်ချို့တို့က မိမိတို့မှာ ဘုရားမဲ့ဝါဒီများဖြစ်ကြ ကြောင်း ထုတ်ဖော်ကြသည်မှာ အံ့ဩစရာ မဟုတ်ပေ။ ယနေ့တွင် အဓိကသော အသင်းတော်များကို သမ္မာကျမ်းစာနှင့်ဆိုင်သော သမ္မာကျမ်းစာ နှင့်ဆိုင်သော သမ္မာတရား ကင်းမဲ့ဟန်ရှိသော လီဘာရာလ် ဘုန်းတော်ကြီးတို့က ဦးဆောင်ခဲ့ကြ၏။ သို့သော်လည်း၊ သာမန်ပြည်သူလူထုရှေ့တွင် သူတို့သည် ပြည်သူလူထုအရေးကိစ္စတို့၌ သူတို့၏ စကားများကို စဉ်းစားပေးရသည့် ကြီးမြတ်သောခေါင်းဆောင်များ ဖြစ်နေကြ၏။ ဤမှားယွင်းသော သိုးထိန်းတို့တွင် သတိမမူဘဲလိုက်ကြသော သိုးစုများရှိကြ၏။

ကျမ်းရေးသူက ဤလူထုတို့ကို ယုံကြည်ခြင်း၌ ကလေးသူငယ်အဖြစ်နှင့် သူတို့အတွက် နို့ကိုသာသောက်သုံးရန်ပေးလို့ရသည့် သူတွေအဖြစ်မြင်ခဲ့၏။ သူတို့သည် နှုတ်ကပတ်တော်ကို နားလည်ခြင်း၌ အရည်ချင်းမရှိကြသော သူတို့ဖြစ်ကြောင်း ပြောကြား၏။ သူတို့သည် အစာမချေ နိုင်ကြသောကြောင့် ထိုရိုးရှင်းသောအစာဖြင့် သူစတင်ပေးခဲ့၏။ သူတို့အရွယ်ရောက် လာသော အခါတွင် မာသောအစာကို ကျွေးလို့ရနိုင်၏။

**ဆင်ခြင်ရန်** - ရိုးရှင်းသောဝိညာဉ်အစာသည် ရိုးရှင်းသောသမ္မာတရားကို သင်ယူချင်သော သူတိုင်းအတွက် ကောင်း၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် “နှုတ်ကပတ်တော်နို့စစ်ကို တောင့်တသော” သူ အမြဲဖြစ်စေတော်မူပါ (၁ ပေ ၂း၂)။

ကြာသပတေး၊ ဩဂုတ် (၈)

**ဟေဗြဲ ၅း၁၁-၁၄**

သု ၁း၁-၇

*“ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည်
ပညာ၏ အချုပ်အခြာဖြစ်၏. . . ”*

## ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျင့်သုံးရာ၌ဉာဏ်ပညာ

သခင်ဘုရားက ဧဝံဂေလိသတင်းကောင်းအား ပညတ်တော်ကို စုံလင်စေခြင်း ခေတ်ကာလဟူ၍ ခေါ်ဆို၏။ ထိုအရာက အရင်ချိန်၌ ဆန့်ကျင်ဘက်စခန်းတွင်ရှိခဲ့ကြသော မိမိ၏ ထင်ရှားသောတပည့်တော်တို့၌ အချို့သောသူတို့ကို သိမ်းသွင်းရန် မိမိ၏ကြားဝင်ခြင်းကို အခိုင်အမာပြောဆိုခဲ့၏။ ဤအချက်ကို နိကောဒင်နှင့် ရှင်ပေါလုတို့ကိစ္စမျိုးဖြစ်၏။ ထိုအရာက သူတို့သည် ကြီးထွားမှုကိုဖြစ်သည့် မာသောအစာကို ပိုင်ဆိုင်ထားချက်ဖြစ်သည်။ သို့သော်ငြားလည်း လူတိုင်းသည် အခြေခံအစားအစာများဖြင့် စတင်ရပါမည်။ လူတို့သည် နားမထောင်လျှင် သူတို့၏ ဝိညာဉ်ရေးရာကြီးထွားမှုသည် ရပ်တံ့နေလိမ့်မည်။ ထိုအချက်မှာ အလွန်အန္တရာယ်ကြီးပေလိမ့်မည်။

မေရှိယကြွလာပြီးသည့်နောက်ပိုင်းတွင်ပင်လျှင် ပညတ်တော်ကို လက်တွေ့အသုံးပြုပုံကို နားလည်ရန်ရှာဖွေခြင်းမှာ တန်ဖိုးရှိလှ၏။ နားထောင်ချင်သောသူရှိသမျှတို့သည် အဖြေကို ရှာတွေ့ကြလိမ့်မည်။ သူတို့သည် မိမိတို့၏ ဝိညာဉ်ရေးရာအသိအာရုံကို အသုံးချကြခြင်းဖြစ်သည်။ ပင်ကိုအသိစိတ်ကို အသုံးပြုရန် တောင်းဆိုချက်ကို ဘာသာရေးအရေးကိစ္စမဟုတ်သော အရာတွင်ပင် အသုံးပြုကြ၏။ ဤနေရာတွင် အဓိကအကြောင်းရင်းမှာ အမှန်တရားကို အရှိအတိုင်းပြောဆိုဖို့ရန်ဖြစ်သည်။ ဤကျမ်းပိုဒ်တွင် ဖော်ပြသောစကားလုံးတို့ကို မှတ်သားထားလော့။ “သင်တို့သည် ကာလကြာသောကြောင့်အရာအဖြစ်သို့ ရောက်သင့်သော်လည်း၊ ဘုရားသခင်၏ဗျာဒိတ်တော်၌ ရှေ့ဦးစွာသင်ရသောတရားနှုတ်ကို သူတပါးထံ၌ တဖန်သင်ရသောအကြောင်းရှိသည်ဖြစ်၍၊ ကြေခဲသောအစာကိုမသုံးဆောင်၊ နို့ကိုသားသုံးဆောင်ရသောသူဖြစ်ကြ၏။ နို့ကိုသာသုံးဆောင်သောသူမည်သည်ကား၊ သူငယ်ဖြစ်သောကြောင့် ဖြောင့်မတ်ခြင်းတရား၌ လေ့လာခြင်းမရှိ” (ဟေဗြဲ ၅း၁၂-၁၃)။ လူတစ်ဦးက မိမိ၏ပတ်သက်ရာတိုင်း၌ ရိုးသားမှုရှိလျှင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ရှိသော ဘုရားသခင်၏စိတ်တော်ကို နားလည်လိမ့်မည်။ သူသည် ကောင်းမကောင်းကို ခွဲခြားစေနိုင်သည် အသိပညာရတနာကို ရှာဖွေဖော်ထုတ်လိမ့်မည်။

ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ရတနာအမြောက်အများရှိ၏။ ဤအသိပညာက ကြီးထွားခြင်းသို့ ပို့ဆောင်ပေးလိမ့်မည်။ ထိုကြောင့် ကျမ်းရေးသူက မိမိ၏တင်စားထားသောစကားကို ဖော်ထုတ်ထားသည်မှာ- “ကောင်းကျိုးမကောင်းကျိုးကိုပိုင်းခြား၍ သိနိုင်သောဉာဏ်ပေးတတ်သော၊ အကြားအမြင်အတွေ့အစမ်းများသောသူတည်းဟူသော၊ စုံလင်သောအရွယ်ရှိသောသူတို့မူကား၊ကြေခဲသောအစာအဟာရကို သုံးဆောင်ကြ၏” (ဟေဗြဲ ၅း၁၄)။ ဤအရာများကို သင့်ကိုညွှန်ကြား ဖို့ရန် ရေးထားလျက်ရှိ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ နီးကပ်စွာလျှောက်လှမ်းခြင်းသည် အကျွန်ုပ်အား ကောင်းကင်ဘုံနှင့်ဆိုင်သော ဉာဏ်ပညာဖြင့် ဖြည့်စည်းပေး၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နားလည်ခြင်းအားဖြင့် ကိုယ်တော်၏စိတ်တော်ကို ရှာဖွေဖို့ရန် အကျွန်ုပ်ကိုသင်ယူစေတော်မူပါ။

သောကြာ၊ ဩဂုတ် (၉)

**ဟောရှေ ၆း၁-၈**

ဧ ၄း၁၁-၁၄

*". . . ငါတို့သည် နောက်တဖန်ခပ်သိမ်းသောဩဝါဒ လေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်ဘဲလျက်"*

## စုံလင်ခြင်းသို့ရှိတက်ခြင်း

ခရစ်ယာန်ယုံကြည်ခြင်း၏ တန်ဖိုးမှာ သမ္မာကျမ်းစာကို သိရှိရုံမျှသာမဟုတ်ဘဲ တစ်စုံတစ်ဦး၏အသက်တာနှင့် ဝိညာဉ်ရေး၌ ရင့်ကျက်ခြင်းရှိဖို့ရန် အသိပညာကို လက်တွေ့ ကျင့်သုံးဖို့ရန် လိုအပ်၏။ ဤအချက်မှာ ဤကျမ်းပိုဒ်၏ သင်ခန်းစာဖြစ်၏။ ရင့်ကျက်မှုမရှိခြင်းနှင့် လမ်းဟောင်းသို့ ပြန်၍ ရွေ့လျော့ခြင်းက ကျမ်းရေးသူကို စိတ်ပျက်အားလျော့စေ၏။ ဘုရားသခင်၏ ညွှန်ကြားချက် ကို ရှာဖွေခြင်းနှင့် အခြေခံသွန်သင်ချက်ကို သိရှိခြင်းသည် အလွန်အရေးကြီး၏။ ဤအချက်က လူတစ်ဦးကို ညဏ်အမြင်ပွင့်စေပြီးနောက် ပြန်ရွေ့လျော့ခြင်းမရှိစေရန် လုပ်ဆောင်ပေး၏။ မြေကြီးသည် မိုးရေကို ယူဆောင်လာသကဲ့သို့ ထိုအရာသည် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာဖြစ်သည့် အသီးကိုသီးပေး၏။ ဝိညာဉ်ရေးရာ၌ ရင့်ကျက်ခြင်းသည် ရှေ့သို့သွားရာလမ်းဖြစ်သည်။

ရင့်ကျက်ဖို့ရန် သွန်သင်ချက်လိုအပ်ချက်မှာ လူ၏ထင်မြင်ယူဆချက်အထက်မှာရှိ၏။ ခရစ်တော်၏ သွန်သင်ချက်၏ အဓိကကျင့်ဝတ်တို့ကို သိခြင်းမှာ အခြေခံကျသောအရာဖြစ်၏။ သို့သော်၊ ထိုသိခြင်းရုံမျှမြင့် လုံလောက်မှုမရှိပေ။ စုံလင်ခြင်းသို့ရှေ့ဆက်သွားဖို့ရန် လိုအပ်၏။ ဓမ္မဟောင်းခေတ်၌ဖြစ်စေ ဓမ္မသစ်ခေတ် အသင်းတော်၌ဖြစ်စေ သမ္မာကျမ်းစာကို သင်ကြားပေး သည့်ဆရာများ ရှိခဲ့ကြ၏။ သူတို့၏ သွန်သင်ချက်တွင် သာမန်အသိပညာများဖြစ် သည့်အရာများ ပါရှိကြသည်။ အကြောင်းမှာ ထိုအရာတို့သည် လိုအပ်သောကြောင့် အရေးပေးဖော်ပြရ၏။

စွန့်စားခြင်းတိုင်း၌ ကြီးထွားခြင်းအမှုကို အလိုလိုမျှော်လင့်ရစမြဲဖြစ်သည်။ တိုးတတ်မှုကို မြင်တွေ့ရပါမည်။ ဤအချက်မှာ ယုံကြည်ခြင်းကိစ္စရပ်တွင်လည်း အတူတူပင်ဖြစ်၏။ ကျွန်ုပ်တို့သည် ပိုမိုသင်ယူခြင်းမရှိဘဲ ထပ်တူကျသော သွန်သင်ချက်တို့ကို အစဉ်အမြဲ သင်ယူလို့မရပေ။ နှစ်ဆယ် ရာစုနှစ် အလယ်ပိုင်းလောက်တွင် အရှေ့အဖာရိက၌ရှိသော အင်္ဂလီကန် အသင်းတော်ထဲတွင် နိုးထသော လှုပ်ရှားမှုရှိခဲ့၏။ ထိုလှုပ်ရှားမှုကို လူတို့ရှေ့၌ အပြစ်များကို ဝန်ခံခြင်းအားဖြင့် ပုံဖော် ကြ၏။ ထိုအရာက သာမန်အသိတရားသာရှိသော တစ်ချို့လူတို့က အပြစ်ကျူးလွန်ပြီးနောက် ပိုင်းတွင် အပြစ်သွားရောက်ဝန်ခံခြင်းသည် ကောင်းသောအရာ ဖြစ်သည်ဟု ယူဆကြသည့်အချက် ကို ရောက်ရှိစေ၏။ ထိုအချက်က ထိုလှုပ်ရှားမှုကို နာမည်ပျက်စေ၏။ ရင့်ကျက်မှုအားနည်းခြင်းကို လမ်းဟောင်းသို့ ပြန်သွားခြင်းက အမြဲလိုက်နေ၏။ ရှင်ပေါလုက ခရစ်ယာန် ရင့်ကျက်ခြင်းကို ဤသို့ဖြင့် ဖော်ပြထား၏။ "ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏ အရပ်တည်း ဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း" (ဧဖက် ၄း၁၃)။ စုံလင်ခြင်းဆီသို့ သင်၏တိုးတက်မှုသည် အဘယ်သို့နည်း။

**ဆင်ခြင်ရန်** - စစ်မှန်သောယုံကြည်ခြင်းကို ရင့်ကျကလိုသော ပြင်းပြခြင်းက သက်သေထူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် ယုံကြည်ခြင်း၌ စုံလင်ခြင်းရှိနိုင်ပါမည်အကြောင်း၊ ကိုယ်တော်၏နှုတ်ကပတ်တော်၊ ဝိညာဉ်တော်အစာအားဖြင့် အစဉ်အမြဲ ကျွေးမွေးတော်မူပါ။

စနေ၊ ဩဂုတ် (၁၀)

**ဟောဲဗဲ ၆း၁-၈**

၁ ပေ ၁း၅-၉

*"စိတ်ဝိညာဉ်ကို ကယ်တင်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏အကျိုးကို ခံရကြ၏"*

## ရင့်ကျက်ခြင်းသို့သွားရာလမ်း

အမျိုးမျိုးသော လှုံ့ဆော်မှုထဲမှ ခရစ်တော်ကို ယုံကြည်ကြောင်း ထုတ်ဖော်သောလူထုရှိကြ၏။ တစ်ချို့သောသူတို့က ထိုကဲ့သို့သောအဖွဲ့ကို လိုက်ဖက်သောအဖွဲ့အဖြစ် မြင်ကြ၏။ ဤအချက်တို့က ခရစ်ယာန်ဘာသာကို မြင်ကြည်ပြီး ၄င်း၏အပြင်ပန်းတန်ဖိုးအားဖြင့် စီရင်ကြလိမ့်မည်။ သူတို့သည် ထိုအခြေခံအကြောင်းအရာကို သင်ယူကျင့်သုံးသော်လည်း ထိုအရာထက်လွန်၍ မသွားကြတော့ပေ။ သူတို့သည် မိမိတို့၏ ထုတ်ဖော်ဝန်ခံချက်တို့အား ခိုင်လုံသောရှင်းပြချက်ကို ပေးနိုင်ကြလိမ့်မည်မဟုတ်ပေ။

ကျမ်းရေးသူက မရင့်ကျက်သောသူတို့နှင့် သက်ဆိုင်သည့် အချို့သောအရာဖြစ်သည့် ဗတ္တိဇံမင်္ဂလာ၊ လက်တင်ခြင်းမင်္ဂလာ၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းနှင့် ထာဝရတရားစီရင်ခြင်း သွန်သင်ချက်တို့ကို ဖော်ပြ၏။ ဤသွန်သင်ချက်တို့ကို သင်ကြားခြင်းမှာ မှားယွင်းသည့်အချက်မရှိသော်လည်း ယုံကြည်သူတို့၏ စိတ်နေစိတ်ထားမှာ ထိုသွန်သင်ချက်တို့နှင့် အရေးပါမှု အတူတူပင်ဖြစ်သည်။ ဤသွန်သင်ချက်ကျင့်သုံးခြင်းကို ခရစ်ယာန်ဘာသာ၏ အပြင်ပိုင်းထင်ရှားမှုအဖြစ်ယူဆနိုင်၏။ ကျမ်းရေးသူက ယုံကြည်ခြင်း၏ မည်သည့်အခြေခံသဘော တရားမှမရှိသည့် စက်ရုပ်ကဲ့သို့ စူစမ်းလေ့လာမှုဖြစ်ပေါ်လာခြင်းမျိုးဖြစ်သော ဤအရာတို့၏ အန္တရာယ်ကို မြင်တွေ့ခဲ့၏။ ထိုကဲ့သို့ဖြစ်လာလျှင်၊ ယုံကြည်ခြင်းကို ထုတ်ဖော်ဝန်ခံခြင်းသည် အချည်းနှီးဖြစ်ပေလိမ့်မည်။ ဘာသာရေးသည် စက်ရုပ်ကဲ့သို့ဖြစ်လာလျှင်၊ ထိုဘာသာသည် စစ်မှန်သောဘာသာတရားအဖြစ်မှ ကျရှုံး၏။ အပြင်ဘက်ဖြစ်သော စူးစမ်းလေ့လာခြင်းများသည် အတွင်းပိုင်း၌ရှိသော လူ၏စွမ်းအားကို ဖြည့်ဆည်းပေး၏။ သို့သော် ဘာသာရေးနှင့်ဆိုင်သော ကျင့်စဉ်များအားလုံးအတွက် ကောင်းကြီးမင်္ဂလာကို ဘုရားသခင်သာ ပေးတော်မူ၏။ ဤကျင့်စဉ်တို့ကို ယုံကြည်ခြင်းအားဖြင့် ကျင့်သုံးရပါမည်။ ကျမ်းရေးသူက ဤအချက်များကို ပြောသောအခါ၊ သူ၏စိတ်ထားကို သိမြင်ရ၏။

အပြင်ပိုင်း ကျင့်သုံးခြင်းသည် ဘုရားသခင်၏ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရပါမည်။ အဘယ်ကြောင့်ဆိုသော်၊ ကယ်တင်ခြင်းအစီအစဉ်အားလုံးသည် ဘုရားသခင် ကျေးဇူးတော်၏ ဆုလက်ဆောင်ဖြစ်၏။ ထိုအရာနှင့်အတူရောက်လာသော အလင်းသည် ထိုကောင်းကင်ဘုံနှင့်ဆိုင်သော ဆုလက်ဆောင်ကို မြည်းစမ်းခွင့်ပေးတော်မူ၏။ ထိုအရာသည် အပြစ်တို့ကို ခွင့်လွှတ်ခြင်းအား နားလည်သဘောပေါက်ခြင်း၊ ဖြောင့်မတ်ခြင်းတရား၏ စိတ်ချသေချာခြင်းနှင့် ဘုရားသခင်၏ မိသားစုထဲသို့ အမွေခံဖြစ်ခြင်းတို့ဖြစ်သည်။ ယုံကြည်သူသည် ထိုအရာတို့ထက်ပိုသော သန့်ရှင်းသောဝိညာဉ်တော်ကို မျှဝေခံစားသောသူဖြစ်စေတော်မူ၏။ အစောပိုင်းအသင်းတော်တွင် ထိုအချက်သည်လည်း ယုံကြည်သူတို့၏အသက်တာ၌ ဘုရားသခင်၏တန်ခိုးတော် ထင်ရှားခြင်းနှင့်အတူ လိုက်ပါခဲ့၏။ ထိုအချက်တို့သည် သမ္မာကျမ်းစာ ရေးသားခြင်း မပြီးဆုံးမီက ဘုရားသခင်၏ ကိုယ်တိုင်ထင်ရှားခြင်းတစ်ခုဖြစ်သည်။

**ဆင်ခြင်ရန်** - ဘာသာရေးနှင့်ဆိုင်သော အစီအစဉ်တိုင်းက သမ္မာကျမ်းစာ၏ ထောက်ခံမှု ရှိရပါမည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်၌ ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်သည်အဓိပ္ပာယ်ရှိစွာကိုယ်တော်ကို အစေခံပါရစေ။

တနင်္ဂနွေ၊ ဩဂုတ် (၁၁)
**ဟေဗြဲ ၆း၁-၈**
၂ ပေ ၁း၁၉-၂၁

*“. . . ဘုရားသခင် သန့်ရှင်းသူတို့သည်
သန့်ရှင်းသောဝိညာဉ်တော်၏
တိုက်ထွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏”*

## ရင့်ကျက်ခြင်းအတွက် ဘုရားသခင်၏တန်ဆာပလာ

ရေးထားသောနှုတ်ကပတ်တော်သည် မှုတ်သွင်းတော်မူခြင်းအားဖြင့်ပေးထားသော ဘုရားသခင်၏စုံလင်သော ဗျာဒိတ်တော်ဖြစ်၏။ ထိုအချက်က နှုတ်ကပတ်တော်ကို ပြိုင်ဘက်ကင်းသော အာဏာပိုင်ဖြစ်စေတော်မူ၏။ နှုတ်ကပတ်တော်သည် ခရစ်ယာန်တို့၏ ယုံကြည်ခြင်းနှင့် ကျင့်သုံးခြင်းအတွက် အခြေခံဖြစ်လာ၏။ နှုတ်ကပတ်တော်သည် စုံလင်ခြင်းသို့ ပို့ဆောင်သည့် ဝိညာဉ်အစာကို ခရစ်ယာန်တို့ ရှာတွေ့ရာနေရာဖြစ်၏။

ဘုရားသခင်၏နှုတ်ကပတ်တော် ဟောကြားချက်ကို ဖတ်ရခြင်းဖြင့်သော်၎င်း၊ ကြားရခြင်းဖြင့်သော်၎င်း၊ တစ်စုံတစ်ဦးသည် ထိုနှုတ်ကပတ်တော်တို့ကို အရေးစိုက်နိုင်ဖို့ရန်အလို့ငှါ ဝိညာဉ်တော်က ထိုသူ၏ စိတ်နှလုံးကို တို့ထိတော်မူ၏။ ထိုအချက်သည် ဘုရားသခင်၏ ကောင်းသောနှုတ်ကပတ် တော်ကို အမှန်မြည်းစမ်းခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သခင်ဘုရားက မိမိ၏ နှုတ်ကပတ်တော်ကို အသုံးပြုသောအခါ အသက်တာတို့ကို မြင်နိုင်သောနည်းလမ်းဖြင့် ပြုပြင်ပြောင်းလဲစေတော်မူ၏။ ဤအချက်သည် ခရစ်တော်အား မိမိ၏သခင်နှင့် ကယ်တင်ရှင်အဖြစ် လက်ခံပြီးနောက်တွင် ပထမဆုံး သော ခြေလှမ်းဖြစ်တော်မူ၏။ ရင့်ကျက်ခြင်း၌ မြဲမြံသောတိုးတက်ခြင်းသည် ဤအဦးဆုံးသော ခြေလှမ်းက လိုက်လာလိမ့်မည်။

နှုတ်ကပတ်တော်၏တန်ခိုးသည် အဆုံးထိခိုင်မြဲသောသူတိုင်းအတွက် နောက်ဆုံးဆုလဒ်တော် ကဲ့သို့ ဖြစ်လာ၏။ မယုံကြည်သောသူတို့ကိုမူ ထိုအရာနှင့် ပတ်သက်မှုမရှိပေ။ သို့သော် သူတို့၏ အချိန်ဖြုန်းတီးမှုတို့က အဆုံးရောက်လာသောအခါ သူတို့အားကြော့မိလာလိမ့်မည်။ ဤအချက်ကို ရှင်လုကာ ၁၆ ထဲ၌ ယေရှုပြောခဲ့သော သူဌေးကြီးထံသို့ ရောက်ခဲ့၏။ သူဌေးကြီး၏ မျက်လုံးသည် သူပျော်မွေ့ခဲ့သည့် မိမိ၏ စည်းစိမ်ကြွယ်ဝခြင်းနှင့် ဇိမ်ခံသောအရာ၌သာ စေ့စေ့ကြည့်ရှုခဲ့၏။ ဘုရားသခင်၏ ခေါ်ဖိတ်မှုကိုသူ လျစ်လျူရှုခဲ့ပြီး၊ အသက်ကုန်ဆုံးခဲ့၏။ လောကပစ္စည်းဥစ္စာချို့တဲ့၍ ဆင်းရဲဒုက္ခခံထိုက်သူဟူ၍ ရေတွက် ခြင်းခံရသော၊ ဘုရားသခင်ကိုကြောက်ရွံ့သော သူဌေးကြီး၏ ဆင်းရဲသောအိမ်နီးချင်း လာဇရုသည် ကောင်းကင်ဘုံကို ရရှိခဲ့၏။ သခင်ယေရှုက ထိုနှိုင်းယှဉ်ချက်ကို ဘုရားသခင်အား ငြင်းဆန်သောသူတို့၏ အလွန်ဆင်းရဲခြင်းကို ပြသဖို့ရန်ပေးခဲ့၏။ ထိုသူ ဌေးကြီးသည် ကြီးစွာသောဝေဒနာခံစားခဲ့ရ၍ အသက်ရှင် ကျန်ရစ်ကြသေးသော မိမိ၏ညီအစ် ကိုတို့ထံသို့ စေတမန်စေလွှတ်ပေးရန် တောင်းဆိုခဲ့၏။ သူဌေးကြီးအဖြေ ပြန်ရခဲ့သည်မှာ သူ၏ညီအစ် ကိုတို့မှာ မောရှေနှင့် ပရောဖက်တို့ကို နားထောင်ရမည်။ ထိုသို့နားထောင်လျှင် ကောင်းကင်ဘုံနှင့် ဆိုင်သောဆုတော်ကို ရရှိကြလိမ့်မည်။

ယုံကြည်သူအားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဖော်ပြသည်အတိုင်း ခရစ်တော် ၏ ကယ်တင်ခြင်းဆုကျေးဇူးတော်ကို ယုံကြည်လက်ခံသောအခါ ထိုမျှော်လင့်ခြင်းကို ပိုင်ဆိုင်ထားကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သူတို့အား ယုံကြည်ခြင်း၌ ကြီးထွားစေဖို့ရန်အကူအညီပေးသည့် ဘုရားသခင်၏ တန်ဆာပလာဖြစ်၏။ ဘုရားသခင်၏ ရေးထားသော နှုတ်ကပတ်တော်ကို သင်သည် အဘယ်သို့တန်ဖိုးထားသနည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်နှုတ်ကပတ်တော်၏ ကောင်းကြီးမင်္ဂလာသည် ထိုအရာအား အစဉ်ဆင်ခြင်တွေးတောခြင်းအားဖြင့် ရောက်ရှိလာ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်အား နေ့စဉ်နေ့တိုင်းဖတ်ကြားနိုင်ဖို့ရန် အကျွန်ုပ်ကို ဆုံးမပဲ့ပြင်တော်မူပါ။

တနင်္လာ၊ ဩဂုတ် (၁၂)
**ဟောရှေ ၆း၁-၈**
ယော ၁၅း၁-၉

*"...အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသော အသီးကိုသီးတတ်၏ ..."*

## လမ်းလွှဲခြင်းအန္တရာယ်

ယုံကြည်သူအတွက် ယုံကြည်ခြင်းမှ လမ်းလွှဲခြင်း သည် ကျမ်းစာပညာ ရပ်အရ ဖြစ်နိုင်သောအရာမဟုတ်ပေ။ ယုံကြည်ခြင်းကို စွန့်ပစ်ခြင်းဖြင့် အဆုံးသတ်သောသူတို့သည် အရင်ကတည်းကပင် ယုံကြည်သူမဟုတ်ခဲ့ကြကြောင်းကို ပြသ၏။ သူတို့သည် ဝန်ခံထုတ်ဖော်ခြင်း သာပြုသော်လည်း ယုံကြည်ခြင်းကို မပိုင်ဆိုင်ခဲ့ကြပေ။ ဤကျမ်းပိုဒ်တွင် ထိုကဲ့သို့သော သူတို့ကို ရည်ညွှန်း ထားခြင်းဖြစ်၏။

မိမိတို့၏ စိတ်နှလုံးကို ခိုင်မာစေ၍ လမ်းလွှဲသောသူတို့သည် ဘုရားသခင်၏သားတော်ကို အသစ်တဖန် ကားတိုင်တင်သတ်၍ အရှက်ရစေကျ၏။ အာဒံ၏လွန်ကျူးခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မူလအပြစ်သည် လူသားအားမျှော်လင့်ချက်မဲ့သော အခြေအနေတွင် ထားရန် လုံလောက်၏။ ခရစ်တော်အားဖြင့်လာသော ကယ်တင်ခြင်းသည် မျှော်လင့်ခြင်းနှင့် ရွေးနှုတ်ကယ်တင်ခြင်းကို ယူဆောင်လာခဲ့၏။ ထိုရွေးနှုတ်ခြင်း၏အဖိုးမှာ လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ ဝေဒနာခံခြင်းနှင့် အသေခံခြင်းဖြစ်သည်။ လက်ဝါးကားတိုင်မှာ တင်သတ်ခြင်းသည် ကြီးလေးသော အပြစ်ဒဏ် လွှတ်ငြိမ်း စေသည့် နည်းလမ်းတစ်ခုဖြစ်သကဲ့သို့ ရာဇဝတ်သားများ၊ လူသတ်သမားများနှင့် ဒါးပြများအတွက် ချန်ထားပေး၏။ ဘုရားသခင်၏သားတော်သည် သူ့ထံသို့လာသောသူတို့၏ အပြစ် တို့ကို ခွင့်လွှတ်ခြင်း ရရှိနိုင်ကြဖို့ရန်အတွက် အပြစ်ဒဏ်ကိုပေးဖို့ရန် ထိုရာဇဝတ်သားတို့နှင့်အတူ ရေတွက်ခြင်းကိုခံရ၏။ ခရစ်တော်ပေးကမ်းသော ဤကယ်တင်ခြင်းကို ငြင်းပယ်သောသူတို့သည် ခရစ်တော်ကို နောက်တဖန် ကားတိုင်၌တင်သတ်ကြခြင်းနှင့် တူညီ၏။

ကျမ်းရေးသူက ကယ်တင်ခြင်း၏အသီးကို မသီးသောနာမည်ခံ ယုံကြည်သူတို့ကို ဆန့်ကျင်သတိပေးခဲ့၏။ သူကအကြင်မြေသည် မိမိအပေါ်သို့ အဖန်ဖန်ကျသော မိုးရေကိုသောက်၍၊ လုပ်သော သူတို့အတွက် ဟင်းသီးဟင်းရွက်ကို ဖြစ်စေတတ်၏ဟူ၍ သာဓကပေး၏။ ထိုမြေသည် ဘုရား သခင်ထံမှ ကောင်းကြီးမင်္ဂလာကို ခံတတ်သည်ဟု သူမိန့်ဆိုခဲ့၏။ အခြားတဖက်တွင်၊ အကြင်မြေသည် ဆူးပင် အမျိုးမျိုးကို ဖြစ်စေသောအခါ၊ ထိုမြေသည် ငြင်းပယ်ခြင်းကိုသော်၄င်း၊ ကျိန်ခြင်းကိုသော်၄င်း၊ မီးရှို့ခြင်း ကိုသော်၄င်း ခံရတတ်၏။ ဤဆန့်ကျင်ဘက်အရာမှာ အလွန်ရိုးရှင်း၏။ ဤသတင်းစကားမှာ ကယ်တင်ခြင်း အသီးများကို မသီးဘဲယုံကြည်ခြင်းကို ထုတ်ဖော်ဝန်ခံခြင်းသာပြုသောသူတို့သည် ကျိန်ခြင်းကို ခံရစဉ်တွင် အမှန်တကယ် ကယ်တင်ခြင်းရရှိသောသူတို့သည် ကယ်တင်ခြင်း၏ အသီးတို့ ကိုသီး၍ ယုံကြည်ခြင်း၌ ကြီးထွားလျက် သာ၍ကြီးမြတ်သော ကောင်းချီးမင်္ဂလာဘက်သို့ ဦးတည် သွားသင့်ပါသည်။ ရွေးချယ်စရာသည် လူတိုင်းအတွက် ရှင်းရှင်းလင်းလင်း ရှိ၏။

ရင့်ကျက်ခြင်းသည် ယုံကြည်သူတိုင်း၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ ထိုသို့ အောင်မြင်ဖို့ ရန်မှာ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားကို ဆက်လက်သင်ယူလျက် နာခံဖို့ရန် လိုအပ်၏။ လမ်းမှန်ကိုလိုက်ခြင်းက ကောင်းသောအသီးများကို သီး၏။ နာမည်ခံယုံကြည် သူဖြစ်ခြင်းမှာ တကယ်အန္တရာယ်ရှိ၍ သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်၌ ကြီးထွားဖို့လိုအပ်၏။ သင်သည် ကြီးထွားနေသော ခရစ်ယာန်ဖြစ်သလား။

**ဆင်ခြင်ရန်** - ခရစ်တော် ယုံကြည်ခြင်းကို လောက၌ရှိသော စိတ်ဝင်စားစရာတို့နှင့် ရောထွေးလို့မရနိုင်ပေ။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏အသက်တာ၌ဖြစ်သော အခြေအနေအားလုံးတွင် ခံရပ်နိုင်ဖို့ရန် စစ်မှန်သောယုံကြည်ခြင်းနှင့် ရဲရင့်ခြင်းခွန်အားကို ပေးတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၁၃)

**ဟေဗြဲ ၆း၉-၂၀**

တ ၂း၃၈-၄၀

*“အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်၎င်း၊ သင်တို့၏ သားသမီးတို့နှင့်၎င်း၊ ဝေးသောသူတို့တွင် ငါတို့၏ . . . ”*

## ခရစ်တော်၏ ကတိတော်တို့အပေါ်တွင် ရပ်တည်ခြင်း

ဤစာပိုဒ်သည် ရင့်ကျက်ခြင်းအကြောင်းကို ဆက်လက်ဖော်ပြ၏။ တစ်စုံတစ်ဦးသည် ခရစ်တော်၏ ကတိတော်တို့အပေါ်တွင် ရပ်တည်သောအခါ ထိုရင့်ကျက်ခြင်းသည် ရောက်လာ၏။ ဤအရာများသည် ရောက်လာမည့်အရာများ ဖြစ်ကြသည်မှာ - ဘုရားသခင်သည် သန့်ရှင်းသူတို့အတွက် ကျွန်ုပ်တို့ လုပ်ဆောင်ချက်တို့ကို မေ့လျော့ဖို့ရန် မတရားသောသူ မဟုတ်ပေ။ ပျင်းရိသောသူမဟုတ်ဘဲ၊ လုံးလဝီရိယရှိသူဖြစ်ဖို့လိုအပ်၏။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း နှင့် သည်းခံခြင်းအားဖြင့် ကတိတော်ကို အမွေခံရ၏။ ဤအရာသည် ယုံကြည်သူတို့၏ မှီခိုအားထားရာဖြစ်၏။ ယေရှုသည် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်း၊ အာမခံချက်ဖြစ်တော်မူ၏။

သူတို့၏ ရင့်ကျက်ခြင်းတွင် ယုံကြည်သူတို့အား ကယ်တင်ခြင်းနှင့်အတူပါလာသည့် သာ၍ကောင်းသောအရာတို့က ဆွဲဆောင်ပေး၏။ ဤအရာတို့မှာ ကောင်းချီးမင်္ဂလာနှင့် ဝိညာဉ်တော်၏ အသီးဖြစ်ကြသည်။ ထို့ကြောင့် ယုံကြည်သူတို့သည် ဝိညာဉ်ရေးရာ၌ ရင့်ကျက်ကြသည့်အတိုင်း ဤအရာတို့အတွက် ဆန္ဒပြင်းပြကြလိမ့်မည်။ ဤအရာမှာ ယုံကြည်သူတို့နှင့် မယုံကြည်သူတို့ကြားတွင်ရှိသော ခြားနားချက်တစ်ခုဖြစ်၏။ ဤတိုက်တွန်းခွန်အားပေးချက်သည် မိမိတို့၏ ယုံကြည်ချက်ကို ကြေညာဖို့ရန် သူတို့အား ဆွဲဆောင်ရန်နည်းလမ်းဖြစ်၏။ သူတို့ကို သီးခြားထားရန် ရှင်းလင်းသောမျဉ်းကြောင်း ရှိလိမ့်မည်။ အစောပိုင်းနေ့ရက်များတွင် ကင်ညာနိုင်ငံ၌ ခရစ်ယာန်အနည်းငယ်သာ ရှိကြသောအခါ၊ သူတို့၏ ယုံကြည်ခြင်းကြောင့် အထင်သေးခြင်းကို ခံခဲ့ရကြ၏။ လူမျိုးနွယ်စုတစ်စုက လေ့လာဖို့ရန်အတွက် လုပ်လေ့လုပ်ထရှိသော ဘာသာရေး ထုံးတမ်းဓလေ့ရှိ၏။ ဤအရာတို့မှာ ရုပ်တုကိုးကွယ်ခြင်းနှင့် အယူသည်းခြင်းဖြစ်သော်လည်း၊ ထိုအရာတို့ကို လူတို့က အလွန်အလေးထားကြ၏။ ခရစ်ယာန်တို့ကိုမူ ပစ်ပယ်ခြင်းခံရသူအဖြစ် ရှုမြင်ကြ၏။ ခရစ်ယာန်တို့သည် မိမိတို့၏ ရပ်တည်ချက် ထုတ်ဖော်ကြပြီး၊ မိမိတို့၏ ကယ်တင်ခြင်းနှင့်အတူ လိုက်ပါလာသည့် ပြောင်းလဲသောအသက်တာကို ပြသခဲ့ကြ၏။ ဘုရားသခင်က မိမိကတိတော်ကိုသိစေ၍မျှော်လင့်ခြင်းကို ပေးခဲ့၏။

ဤကျမ်းပိုဒ်က ဤအချက်ကို အငယ် ၁၀ တွင် လုပစ္စာအခိုင်အမာ ပြောထားသည်မှာ “အကြောင်းမူကား၊ သင်တို့သည် သန့်ရှင်းသူတို့ကို အထက်ကလုပ်ကျွေးသည်သာမကာ၊ ယခုပင်လုပ်ကျွေးခြင်းအမှုကို၎င်း၊ ထိုသို့ပြုသောအားဖြင့် နာမတော်ကိုထောက်၍ ပြသောမေတ္တာကို၎င်း၊ ဘုရားသခင်သည် မေ့လျော့သည်တိုင်အောင် အဓမ္မအမှုကို ပြုတော်မူမည်မဟုတ်။” ယုံကြည်သူတို့၏ ဆုလက်ဆောင်မှာ ဘုရားသခင်၏ ကတိတော်များအပေါ်တွင် ခိုင်မာစွာအမြစ်တွယ်၏။ သူတို့သည် မိမိတို့အတွက် ဘုရားသခင်လုပ်ပေးနိုင်သောအရာနှင့် ဘုရားသခင်ကို သိရှိကြသောအခါတွင် ဤအရာသည် သူတို့အတွက် ကြီးမားသောရာတနာ ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ အလိုတော်အတိုင်း ခပ်သိမ်းသောအရာတို့ကို ပိုင်ဆိုင်ကြောင်းကို ဤအရာက သေချာစေ၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏ ကတိတော်တို့မှာ နံနက်တိုင်း နေထွက်သကဲ့သို့ သေချာမှုရှိ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ကိုယ်တော်ရှင်၏ ကတိတော် တို့ကို ကျွန်ုပ်သည် ဘယ်တော့မှ သံသယမဖြစ်ပါရစေနှင့်။

ဗုဒ္ဓဟူး၊ ဩဂုတ် (၁၄)
**ဟေဗြဲ ၆း၉-၂၀**
ယောဝ ၁၀း၂၈-၃၀

*"ထာဝရအသက်ကိုလည်း ငါပေး၏ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်. . . "*

## ဘုရားသခင် ကတိတော်၏ လုံးလုံးအာမခံချက်

တောင်ပေါ်ဒေသနာတွင် ယေရှုက မိမိ၏တပည့်တော်တို့အား ဘုရားသခင်သည် သူတို့ အတွက် လုံလောက်မှုရှိကြောင်းကို ပြသဖို့ရန် ဘုရားသခင်၏ ကတိတော်တို့၌ လုံးလုံးအာမခံချက် ရှိသည့်အချက်ကို အလေးပေးဖော်ပြခဲ့၏။ သန့်ရှင်းသူတို့အား ဆက်လက်ပြုစုခြင်းသည် အလွန်အဖိုး ထိုက်သောအမှုဖြစ်၏။ သခင်ယေရှုခရစ်တော်၏ သာသနာကြီးမြတ်သောအပိုင်းကို သူသည် နေရာတိုင်း သို့သွား၍ ကောင်းသောအမှုကို ပြုလုပ်သည်ဟု ဖော်ပြချက်အားဖြင့် အကျဉ်းချုပ် တင်ပြရသည်။

တမန်တော်တို့သည် ယေရှု၏ခြေလှမ်းကိုလိုက်၍ သန့်ရှင်းသူတို့အားလုံးကို ခရစ်တော် လုပ်စေခဲ့သောအရာကိုပင် လုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြ၏။ သခင်ဘုရားအတွက် အမှုတော်ဆောင် ခြင်း၌ အတုယူစရာကောင်းသော ဖွဲ့လုံးလဝီရိယသည် ထင်ရှားမြင်သာသောအရာ ဖြစ်ရပါမည်။ ထိုအရာ အား ခရစ်တော်ကို ချစ်ခြင်းမေတ္တာအားဖြင့် လှုံ့ဆော်ရ၏။ ထို့ကြောင့် ဘုရားသခင်၏ သားသမီး တို့သည် သခင်ဘုရား သင်ကြားပေးခဲ့သည့်အတိုင်း တစ်ဦးကိုတစ်ဦး ချစ်ခြင်းမေတ္တာပြသရကြမည်။ တမန်တော်တို့ သည် အကူအညီပေးဖို့ရန် မိမိတို့အား ခေါ်ဆိုသောအချိန်တိုင်းတွင် တုံ့ဆိုင်းမနေ ခဲ့ကြပေ။ ရှင်ပေတရုနှင့် ရှင်ယောဟန်တို့သည် ယုံကြည်သူအသစ်တို့ကို ကူညီဖို့ရန် ရှမာရိသို့ သွားခဲ့ကြ၏။ အခြားသောအခွင့်အခါတွင် ရှင်ပေါလုသည် ဧဝံဂေလိသတင်းကောင်းကို ဟောပြောရာ၌ ယေရှုဆလင်အသင်းတော်အတွက် အသပြာကောက်ခံပေးခဲ့၏။ သူသည် သန့်ရှင်းသူ တို့၏ ဝိညာဉ်ရေးရာနှင့် ကိုယ်ကာယပိုင်းတွင် သက်သာ ချောင်ချိရေးအတွက် လူသားအနေဖြင့် ဖြစ်နိုင်သောအရာဟူသမျှကို လုပ်ဆောင်ပေးခဲ့၏။ ထိုကဲ့သို့သော ကောင်းသောအလုပ်တို့မှာ ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းကို ထင်ရှားစေသောအရာများ ဖြစ်ကြသည်။

ဘုရားသခင်၏ကတိတော်တို့၌ မျှော်လင့်ခြင်းကို အဆုံးထိတိုင် လုံးလုံးအာမခံချက်ရှိ၏။ ကျမ်းရေးသူက သူ၏ပရိသတ်တို့အား ပျင်းရိသောသူမဖြစ်ကြဖို့ရန် အကြံပေး၏။ သို့သော ယုံကြည်ခြင်း နှင့် သည်းခံခြင်းအားဖြင့် ကတိတော်တို့ကို အမွေခံသောသူတို့ နောက်သို့လိုက်လျှောက်ကြရန် အကြံပေးခဲ့၏။ ထိုကတိတော်မှာ သေချာမှုရှိသော်လည်း တစ်စုံတစ်ဦးသည် ထိုကတိတော်သို့ ရောက်ရှိ သည့်တိုင်အောင် သာမန်စမ်းသပ်မှုတို့ကို တောင့်ခံရပါမည်။ လူ၏ အားနည်းခြင်းက ဘုရားသခင် သည် မိမိ၏သားသမီး တို့အား အခမဲ့ပေးကမ်းခဲ့ပြီးသောအရာတို့ကို လျော့နည်းသွားစေဖို့ရန် ခွင့်မပြုပါ။ ဘုရားသခင်သည် ကတိတော်တို့ကို မိမိကိုယ်ကို ကတိသစ္စာပြုခြင်းအားဖြင့် ပြုလုပ်ခဲ့၏။ အကြောင်းမူကား သူသည် အခြားသော သူအားဖြင့် ကတိသစ္စာပြုလို့မရနိုင်ပါ။ ထို့ကြောင့် မိမိ၏ ကတိသစ္စာတိုင် တည်ခြင်းကို အဘယ်အရာက မျှကျော်လွန်၍မရပေ။ ကတိတော်၏အဆုံးမှာ သူပြုလုပ်ခဲ့သော ထိုသူတို့အတွက် သူ၏ဆုလက်ဆောင်ဖြစ်၏။ ထိုအရာကို သူသည် အမှန်ပြုလုပ်လိမ့်မည်။ ဘုရားသခင် က ကတိတော်ကို အမွေခံမည့်သူ ထိုသူထံသို့ မိမိ၏မပြောင်းလဲနိုင်သော အကြံအစည်တော်ကို အတည်ပြု၏။ ကတိတော်များ၏ အစိတ်အပိုင်းတစ်ခုမှာ ဘုရားသခင်သည် အာဗြဟံ၏ မျိုးဆက်တို့ကို ကောင်းကင် ၌ရှိသော ကြယ်များကဲ့သို့ များပြားစေလိမ့်မည်ဟူ၍ ဖြစ်၏။ ထာဝရဘုရားက အာဗြဟံအား သူ့အားဖြင့် မြေကြီးပေါ်မှာရှိသော လူမျိုးအားလုံးကို ကောင်းချီး မင်္ဂလာခံစားစေမည်ဟူ၍လည်း မိန့်တော်မူခဲ့၏။ ဤအချက်တို့မှာ ကယ်တင်ခြင်းနှင့် လုံခြုံခြင်းအရာတွင် ကြီးမြတ်သော ကတိတော်တို့ဖြစ်ခဲ့ကြသည်။

**ဆင်ခြင်ရန်** - "ယေရှုသည် အကျွန်ုပ်အဖို့ဖြစ်ကြောင်း ကျွန်တော်သေချာသိပါ၏။"
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် ကိုယ်တော်အား သစ္စာရှိစွာလိုက်စေ၍ ခပ်သိမ်းသော သံသယကို အဝေးသို့ ထွက်သွားစေတော်မူပါ။

## ဘုရားသခင်၏အကျင့်စရိုက်သည် ပြောင်းလဲခြင်းမရှိပေ

ဘုရားသခင်၏ မပြောင်းလဲသောအကျင့်စရိုက်သည် သူ၏ကတိတော်အားလုံး ပြည့်စုံလာမည့်အကြောင်း အာမခံချက်ဖြစ်၏။ "သူသည် မိမိ၏ဘုရားဖြစ်ခြင်းနှင့် စုံလင်ခြင်းတို့၌သော်၎င်း၊ မိမိ၏ရည်ရွယ်ချက်နှင့် ကတိတော်တို့၌သော်၎င်း အစဉ်အမြဲအတူတူပင်ဖြစ်၏" ( Berkhof )။

ဘုရားသခင်၏ ကတိတော်တို့၏ အချို့သာဓကတို့မှာ ဤအရာများဖြစ်ကြ၏။ ဘုရားသခင်က အဦးဆုံးတရားဝင်ဖြစ်သော ကတိတော်ကို အာဗြဟံထံသို့ ပြုလုပ်ခဲ့၏။ ဤအရာမှာ များစွာသောမျိုးဆက်တို့အားဖြင့် ပြည့်စုံစေရန်ဖြစ်သော ပဋိညာဉ်တစ်ခုဖြစ်ခဲ့၏။ ထိုဖခင်ကြီး ကိုယ်တိုင်သည် ထိုကတိတော်၏ လုံးလုံးစုံလင်ခြင်းကို မြင်တွေ့နိုင်ရန် အသက်မရှင်ခဲ့ပေ။ သူသည် စိတ်ရှည်စွာသည်းခံခဲ့ပြီး သူအသက်ရှင်ချိန်ကာလ၌ သေးငယ်သောအပိုင်းသာ စုံလင်ခဲ့၏။ ထာဝရဘုရားက ထိုကတိတော်တို့ကို ကတိသစ္စာပြုခြင်းနှင့်အတူသက်သေထူ၏။ ဘုရားသခင်သည် ထိုကတိတော်ကို တကယ်ဖြစ်လာ လိမ့်မည်ဟု အာဗြဟံအား စိတ်ချစေ၏။

အာဗြဟံသည် မိမိ၏သားဣဇာက်အားဖြင့် ပဋိညာဉ်ပြုထားချက် စုံလင်ခြင်းကို မျှော်လင့်ခြင်းနှင့်အတူ ကွယ်လွန်ခဲ့၏။ ထာဝရဘုရားက ဣဇာက်အားဖြင့် ထိုပဋိညာဉ်ကို အတည်ပြုခဲ့၏။ သာ၍ကြီးမားသောပြည့်စုံခြင်းကို မျက်မြင်တွေ့သူတို့မှာ ယာကုပ် (ဣဇာက်၏သား) ၏ မိသားစုဖြစ်၏။ ယာကုပ်သည် မိမိ၏သားဆယ့်နှစ်ဦးတို့၏ မိသားစုတို့နှင့်အတူ အဲဂုတ္တုပြည်သို့ သွားရောက်ပြီး၊ နှစ်လေးရာကြာပြီးနောက် တိုင်းပြည်တည်ထောင်ဖို့ရန် လူဦးရေအလွန်လုံလောက်သော အနေအထားသို့ ရောက်ခဲ့၏။ ဘုရားသခင်သည် သူတို့အား အဲဂုတ္တုပြည်မှ ခေါ်ထုတ်ခဲ့၍ ခါနာန်ပြည်တွင် နေရာချထားခဲ့၏။ ထိုတိုင်းပြည်ကို ယာကုပ်၏ နောက်ပိုင်းနာမည်ဖြစ်သော ဣသရေလ (အစ္စရေး) ဟူ၍ ခေါ်တွင်၏။ ကတိတော်သည် အစိတ်အပိုင်းတစ်ခု ပြည့်စုံခဲ့သော်လည်း ထပ်၍ ပြည့်စုံလာမည့်ကတိတော်များစွာ ရှိပေး၏။

ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိ၍ သူ့အတွက်လိမ်လည်ဖို့ရန်မှာ ဖြစ်နိုင်သောအရာ မဟုတ်ပါ။ ဤအချက်က ယုံကြည်သူတို့ရှေ့မှောက်တွင် ထားရှိသော မျှော်လင့်ချက်အတွက် ခိုင်မာသော နှစ်သိမ့်ခြင်းကို ပေးတော်မူ၏။ ဤမျှော်လင့်ချက်မှာ စိတ်ဝိညာဉ်၏ ခိုင်မာ၍သေချာသော မှီခိုအားထားရာ ဖြစ်တော်မူ၏။ ယေရှုခရစ်တော်မှာ နောက်ဆုံးသော ဆုလက်ဆောင်ဖြစ်တော်မူ၏။ ထိုစုံလင်ခြင်းသည် ယာကုပ်က မိမိသား ယုဒထံသို့ လှုံတံတော်သည် သူ၏အိမ်မှ ထွက်ခွာလိမ့်မည်မဟုတ်ဟူ၍ ကောင်းချီး မင်္ဂလာပေးခြင်းနှင့်အတူ စတင်ခဲ့၏။ များစွာသော ပရောဖက်ပြုချက် (အနာဂတ်အကြောင်းကို ကြို ဟောချက်) တို့သည် လိုက်လာခဲ့၏။ ထိုကြောင့် အချိန်ကာလစေ့သောအခါ ကလာတိ ၄း၄ တွင် ဖော်ပြထားသကဲ့သို့ မိန်းမမွေးသော မိမိ၏သားတော်ကို စေလွှတ်တော်မူခဲ့၏။ ယေရှုကို မာရိက မွေးဖွား ခဲ့၏။ ဘုရားသခင်သည် သစ္စာရှိတော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှါ၊ ဤလောကသို့ ကြွလာတော်မူသည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ . . . အပြစ်ရှိသော သူတို့တွင် ငါသည် အကြီးဆုံးဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ရှင်၏ ကတိတော်တို့ကို ဘယ်တော့မှ သံသယ မဝင်အောင် ကူညီတော်မူပါ။

သောကြာ၊ ဩဂုတ် (၁၆)
**ဟေဗြဲ ၆း၉-၂၀**
ဧ ၁း၇-၁၂

*"အကြောင်းမူကား၊ ခရစ်တော်ကို မြော်လင့်နှင့်သောငါတို့အားဖြင့် ဘုန်းတော်ကို ချီးမွမ်းစေခြင်းအကြောင်း ဖြစ်သတည်း"*

## ဘုရားသခင်၏ ကတိတော် အမွေခံများ

သစ္စာရှိသောသူတို့သည် ဘုရားသခင်၏ ကတိတော် အမွေခံများဖြစ်ကြသည်။ ဤအမွေခံခြင်းသည် အာဗြဟံ၏ သာဓကၡမြင်တွေ့ခဲ့ရသည့်အတိုင်း ယုံကြည်ခြင်းနှင့် သည်းခံခြင်း အားဖြင့် ရောက်ရှိလာ၏။ ယနေ့၌ရှိသော ခရစ်ယာန်အသင်းတော်တွင် လက်ဝါးကားတိုင်သည် ယုံကြည်ခြင်း၏ သင်္ကေတဖြစ်လာခဲ့ပြီ။ ထိုအရာသည် ခရစ်တော်၏ အလွန်ကြောက်မက်ဖွယ်ရာ ဝေဒနာခံခြင်းနှင့် သေခြင်းကို အမှတ်ရစေသောအရာဖြစ်သော်လည်း၊ ခရစ်တော်သည် ယုံကြည် သူတိုင်းအတွက် ကယ်တင်ခြင်း၏ မြော်လင့်ရာဖြစ်တော်မူ၏။

ဓမ္မဟောင်း ပညတ်တော်၌ရှိသော ယဇ်ပူဇော်ခြင်း အခမ်းအနားတို့မှာ ခရစ်တော်၏ လုပ်ငန်း၏ ရုပ်ပုံများသာဖြစ်ခဲ့ကြသည်။ ဤကျမ်းပိုဒ်က ဗိမာန်တော်တွင်ရှိသော အသန့်ရှင်းဆုံး နေရာနှင့် သန့်ရှင်းသောနေရာကို ကာပေးထားသည့် ကုလားကာကို ရည်ညွှန်ထား၏။ ယဇ်ပုရောဟိတ်မင်းတစ်ပါးတည်းသာ ယဇ်ပူဇော်ခြင်းအခမ်းအနားတွင် လိုအပ်သောအရာတို့ကို သွားရောက်လုပ်ဆောင်ရန် ပညတ်တရားက ခွင့်ပြုထား၏။ ယဇ်ပုရောဟိတ်မင်းသည် ထိုအမှုကိစ္စကို လူတို့ကိုယ်စား အပြစ်ဖြေရာနေ့တွင် တစ်နှစ်တစ်ကြိမ် လုပ်ဆောင်ခဲ့၏။ သူတို့ပေးကမ်းသည့် ယဇ်ပူဇော်ခြင်းတို့ကို မကြာခဏပြန်ပူဇော်ခဲ့ကြရ၏။ ယေရှုခရစ်တော် ဝင်ရောက်ခြင်းသည် ထိုအကြိမ်ကြိမ်ပြန်၍ပူဇော်ကြခြင်းအမှုကို အဆုံးသတ်စေခဲ့သည်။ သူသည် ထိုကုလားကာထဲသို့ တကြိမ်သာ ဝင်ရောက်ခဲ့၏။ သူ၏ ယဇ်ပူဇော်ခြင်းအမှုသည် ထပ်၍ ပြုလုပ်စရာမလိုတော့ပေ။ အာရုန်၏ တာဝန်မှာ ဤစုံလင်သောသူ ရောက်မလာခင်၌သာ အသုံးဝင်ခဲ့၏။

ရှင်ပေါလုက လက်ဝါးကားတိုင်နှင့်ပတ်သက်၍ သုံးသပ်ချက်တစ်ခုပေးရာတွင် "ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏အကြောင်းအရာကို ဟောပြော ကြ၏။ ထိုအကြောင်းအရာသည်ကား၊ ယုဒအမျိုးသား ထိမိ၍ လဲစရာအကြောင်းဖြစ်၏။ တပါးအမျိုးသား၌ကား၊ မိုက်မဲခြင်းဖြစ်၏။ သို့သော်လည်း၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ခေါ်တော်မူသောသူတို့၌ ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော်တည်းဟူသော ခရစ်တော်၏တရားဖြစ်၏" (၁ ကော ၁း၂၃-၂၄) ဟူ၍ ပြောခဲ့၏။

ရှင်ကျက်ခြင်းလမ်းသည် ယုံကြည်ခြင်းနှင့်အစပြု၍ ယုံကြည်ခြင်းဖြင့် အဆုံးသတ်၏။ ကယ်တင်ခြင်းနှင့်အတူပါလာသော ဆုလက်ဆောင်တို့သည် ထာဝရတန်ဖိုးရှိ၏။ ဘုရားသခင်၏ ကတိတော်တို့မှာ အမြဲသေချာမှုရှိ၏။ သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသော သန့်ရှင်းသူတို့သည် ပြောင်းလဲခြင်းမရှိနိုင်သော ဘုရားသခင်ကို ယုံကြည်ကိုးစားကြသည့်အတိုင်း ကျွန်ုပ်တို့အတွက် စံပြဖြစ်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကတိတော်တို့အပေါ် ရပ်တည်ကြ၏။ သင်သည်ကော အဘယ်သို့နည်း။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ ဘုရားသခင်သည် လောကတခုလုံး၏ ဘုရင်ဖြစ်တော်မူ၏။ သူသည် မိမိ၏အလိုတော်နှင့်ညီသော အကြံအစည်အတိုင်း ကျေးဇူးတော်ကို မျှဝေပေးတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ရှင်၏ ကတိတော်တို့ကို အကျွန်ုပ်သည် ယုံကြည်သည့်အတိုင်း ကိုယ်တော်၏အလိုတော်မရှိသောအရပ်တွင် အကျွန်ုပ်ကို ချန်ထားတော်မမူပါနှင့်။

စနေ၊ ဩဂုတ် (၁၇)
**ဟေဗြဲ ၇း၁-၁၀**
က ၁၄း၁၈-၂၀

"သင်၏ ရန်သူတို့ကို သင်၏လက်၌ အပ်နှံတော်မူသော၊
အမြင့်ဆုံးသော ဘုရားသခင်လည်း၊
မင်္ဂလာရှိတော်မူစေသတည်းဟု မြွက်ဆို၏. . ."

## မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာ

ခရစ်တော်၏ ယဇ်ပုရောဟိတ်အရာကို မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာနှင့် နှိုင်းယှဉ်ထား၏။ သူ၏အရာသည် ခရစ်တော်၏ ယဇ်ပုရောဟိတ်အရာ၌ရှိသော အချို့သောအရည်အချင်းကို ပိုင်ဆိုင်ထား၏။ အာဗြဟံထံသို့ သူ၏အမှုဆောင်ခြင်းအရာမှာ တစ်ကြိမ်သာဖြစ်ခဲ့ပြီး သူ၏မျိုးရိုးမှာ လျှို့ဝှက်ထား၏။ သို့သော် သူသည်ယဇ်ပုရောဟိတ်တပါး အမှန်ဖြစ်ခဲ့၏။ သူသည် ခရစ်တော်ကဲ့သို့သော သူဖြစ်ခဲ့၏။ ယုဒလူတို့၏ စိတ်ထဲတွင် ခရစ်တော်၏အမှုတော်ကို ထိုယဇ်ပုရောဟိတ် အမျိုးအစားကဲ့သို့ နားလည်သဘောပေါက်ရပါမည်။

မေလခိဇေဒက်၏ မည်သူမည်ဝါဖြစ်ခြင်းကို ရှင်းလင်းစွာပြောဆို၍မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူ၏နောက်ခံသမိုင်းကို အနည်းငယ်သာ ဖော်ပြထားသောကြောင့် ဖြစ်သည်။ သူ့ကို ရှလင်မင်းကြီးဟူ၍ ခေါ်ဆို၏။ (ရှလင်သည် ယေရုရှလင်မြို့၏ နာမည်ဟောင်းဖြစ်၏)။ ထိုနာမသည်လည်း "ငြိမ်သက်ခြင်းဘုရင်" ဟူအဓိပ္ပာယ်ရှိ၏။ သူသည် အမြင့်ဆုံးသောဘုရားသခင်၏ ယဇ်ပုရောဟိတ်တစ်ပါးဖြစ်၏။ သူ၏အကြောင်းကို ကမ္ဘာဦးကျမ်း ၁၄း၁၈ တွင် တစ်ကြိမ်ဖော်ပြထား၏။ သူ့ကို ဆာလံကျမ်းနှင့် ဟေဗြဲဩဝါဒစာတွင်လည်း ကိုးကားဖော်ပြထား၏။ အာဗြဟံကို ယုဒလူတို့က အလွန်အလေးထားကြ၏။ သို့သော်လည်း မေလခိဇေဒက်ကို အာဗြဟံထက် သာ၍ကြီးမြတ်သောနေရာ၌ ထားကြ၏။

သူ့ကို ခရစ်တော်သာ ပိုင်ဆိုင်ထားသည့် နာမဖြစ်သော "ဖြောင့်မတ်ခြင်း၏ဘုရင်" ဟူ၍လည်း ခေါ်ဆိုထား၏။ သူသည် ရှင်ဘုရင်တစ်ပါးဖြစ်သည့်တိုင်၊ ယဇ်ပုရောဟိတ်လည်း ဖြစ်ခဲ့၏။ ကမ္ဘာဦးကျမ်းတွင် သူသည် အာဗြဟံထံမှ ဆယ်ဖို့တစ်ဖို့ကို လက်ခံရရှိခဲ့ကြောင်း ဖော်ပြ ၏။ အာဗြဟံခေတ်တွင် သူ၏ယဇ်ပုရောဟိတ်တို့နှင့် ဆက်နွှယ်သည့်အချက်အလက်တို့ကို မသိရှိ ရပေ။ အာရုန်နှင့် လေဝိအမျိုးသားတို့၏ ယဇ်ပုရောဟိတ်ဖြစ်ခြင်းမျိုးတွင် ဖော်ပြထားသော ကိစ္စရပ် အတိုင်း သူ၏အကြောင်းကို အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ သို့သော်၊ သူ၏ ယဇ်ပုရောဟိတ် အရာကို အာရုန်၏အရာထက် သာ၍ကြီးမြတ်သကဲ့သို့ ဖော်ပြထား၏။ ထိုခေတ်ကာလတွင် ရေးထားသော ကျမ်းစာမရှိခဲ့သော်လည်း လူတို့သည် ဘုရားသခင်ကို သိခဲ့ကြပြီး၊ ယနေ့ခေတ်တွင် လုပ်ဆောင်ကြသကဲ့သို့ ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်ခဲ့ကြ၏။ မေလခိဇေဒက်သည် ခရစ်တော်၌ရှိသော အရည်အသွေးမျိုးများစွာ ရှိခဲ့၏။ ထို့ကြောင့် သူသည် အာရုန်ထက်သာလွန်သော ဖျန်ဖြေသူဖြစ်၏။

**ဆင်ခြင်ရန်** - အပြစ်တရားသည် လူကို ဘုရားသခင်နှင့်ကွာစေ၏။ ထို့ကြောင့် လူသည် ဖန်ဆင်းရှင်နှင့် ပြန်လည်သင့်မြတ်စေဖို့ရန် ဖျန်ဖြေသူတစ်ပါးလိုအပ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းတရားအတွက် သက်သေဖြစ်နိုင် ပါမည့်အကြောင်း ကျေးဇူးတော်ကို ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၁၈)
**ဟေဗြဲ ၇း၁-၁၀**
ယောဘ ၈း၅၆-၅၉

*"သင်တို့အဘ အာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကို မြော်မြင်ခြင်းငှါ အလွန်အလိုရှိ၏။ မြင်ရသောအခါ ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဟု မိန့်တော်မူ၏"*

# မေလခိဇေဒက်၏ အကျင့်စရိုက်

ယောဘဝတ္ထုမှာ လူတို့နှင့် ဘုရားသခင်၏ မိတ်သဟာရဖွဲ့ခြင်းကို ကြည့်ရှုနိုင်သည့် ပြတင်းပေါက်တခုကဲ့သို့ ဖြစ်၏။ ယောဘသည် သူ၏မိသားစုအတွက် ယဇ်ပုရောဟိတ်တပါး ဖြစ်ခဲ့၏။ သို့သော်၊ မေလခိဇေဒက်သည် သာ၍များသောလူထု၊ ဖြစ်နိုင်ချေရှိသည်မှာ မိမိ၏ တိုင်းပြည်၌နေသော လူထုအားလုံး၏ ယဇ်ပုရောဟိတ် ဖြစ်ခဲ့သည်။ ထိုအချိန်တွင် တိုင်းပြည်နှင့်ဘာသာရေးကို ခွဲထားခြင်းမရှိပေ။ ဓမ္မဟောင်းကျမ်း မပေါ်ခင်ခေတ်လောက်တွင် ယဇ်ပုရောဟိတ်မင်းတို့သည် အစိုးရလုပ်ငန်းတို့လည်း ကိုင်ထားကြ၏။ မေလခိဇေဒက်သည် ကျမ်းရေးသူက မေရှိယပုံဆောင်ဖြစ်သည့် သူ၏အချက်အလက်တို့ကို ဖော်ပြရန် ရွေးချယ်သည့် အတိုင်း ခရစ်တော်နှင့် တူညီသည့်အချက်များများစွာရှိ၏။

ဤကျမ်းပိုဒ်က ခရစ်တော်နှင့် ဤရှေးခေတ် ယဇ်ပုရောဟိတ်ကြားတွင်ရှိသော ဆင်တူသည့်အချက်အလက်တို့ကို အသေးစိတ်ဖော်ပြပေး၏။ သူသည် မိခင် (သို့) ဖခင်မရှိကြောင်းကို ပြောဆိုထား၏။ အကြံပြုချက်က သူ၏ မိဘများမရှိခြင်းကို ဆိုလိုခြင်းမဟုတ်ဘဲ၊ သူ၏ မိဘများမသိရကြောင်းကို ဆိုလိုခြင်းဖြစ်၏။ သူ၏အကြောင်းနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြချက်မရှိသောကြောင့် သမ္မာကျမ်းစာထဲ၌ ဖော်ပြထားချက်ထက် ကျော်လွန်ပြီး ထင်မြင်ချက်မပြုလုပ်သင့်ပေ။ သူသည် ရှေးမျိုးဆက်မရှိကြောင်းနှင့် ဘဝအစ (သို့) အဆုံးမရှိကြောင်းကိုလည်း ထည့်သွင်းဖော်ပြထား၏။

သူ၏ ယဇ်ပုရောဟိတ်အရာမှာ ခရစ်တော်၏ ယဇ်ပုရောဟိတ်အရာနှင့်အတူ ကောင်းစွာ လိုက်လျောညီထွေမှုရှိသည်။ ခရစ်တော်နှင့် မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာတို့ နှိုင်းယှဉ်ချက်ကို အသုံးပြုခြင်းမှာ ကြားနာသူပရိတ်သတ်တို့ (ဟေဗြဲလူတို့) အား ယေရှုသည် အမှန်တကယ် မေရှိယဖြစ်ကြောင်းကိုငှင်း၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင်နှင့် ပရောဖက်တို့၏ လုပ်ငန်းကို သူလုပ်ကိုင်ထားကြောင်းကိုငှင်း လက်ခံယုံကြည်စေရန်ဖြစ်၏။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ယဇ်ပုရောဟိတ်တစ်ပါးမျှသာမဟုတ်ပေ။ သူသည် ဤလောက၏အပြစ်ကို ဆောင်ယူသွားသော ဘုရားသခင်၏ သိုးသူငယ်လည်းဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်တော်သည် ကျွန်ုပ်၏ကယ်တင်ရှင်ဖြစ်သကဲ့သို့ သူ၏ ဖျန်ဖြေပေးခြင်း အလုပ်ဖြင့် အကျွန်ုပ်အား ရောင့်ရဲခြင်းရှိစေတော်မူပါ။ အဘယ်ကြောင့်ဆိုသော်၊ သူမှအပအခြားသော ဖျန်ဖြေပေးသူမရှိပါ။

တနင်္လာ၊ ဩဂုတ် (၁၉)

**ဟေဗြဲ ၇း၁-၁၀**

တော ၁၈း၂

*"လေဝိသားတို့သည် . . . ဣသရေလအမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို ငါပေးပြီ"*

# မေလခိဇေဒက်၏ သာလွန်ကြီးမြတ်ခြင်း

ယုဒလူတို့သည် ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားသည့် မေရှိယ၏အကြောင်းကို လက်ခံသဘောတူခဲ့ကြ၏။ သို့သော်၊ ယေရှုသည် ထိုကျမ်းစာတို့ကို အမှန်တကယ်လာရောက်ပြည့်စုံ စေကြောင်းကို လက်ခံဖို့ရန် အခက်တွေ့ကြ၏။ ရှင်ယောဟန် ၈ က ယေရှုနှင့်ပတ်သက်၍ ယုဒအဖွဲ့အစည်း၏ သာမန်သဘောထားကို ကိုယ်စားပြု၏။ သူတို့သည် ငြင်းခုန်ခဲ့ကြပြီး နောက်ဆုံးတွင် ယေရှုအား ပစ်ဖို့ရန် ကျောက်ခဲကို ကောက်ကြ၏။ ယေရှုက ယုံကြည်စိတ်ချလောက်သော (ခိုင်လုံသော) ဆွေးနွေးချက်ကို ပြောကြားသော်လည်း သူတို့သည် လက်မခံနိုင်ကြပေ။

ဟေဗြဲဩဝါဒစာကို ယုံကြည်ပြီးသော ယုဒလူမျိုးထံသို့ ရေးသားခဲ့ခြင်းဖြစ်သော်လည်း သူတို့၏ယုံကြည်ခြင်းခိုင်မာလာဖို့ရန်အတွက် ဤသွန်သင်ချက်တို့ကို သူတို့လိုအပ်ခဲ့၏။ သူတို့ကို လာမေးသောသူတို့အား ပြန်ဖြေပေးနိုင်ဖို့ရန် သူတို့အား ပြင်ဆင်ပေးခြင်းဖြစ်၏။ သူတို့သည် သမ္မာကျမ်းစာ အားလုံးကို စုံလင်စွာမသိရှိလျှင် မိမိတို့၏ ယုံကြည်ခြင်းကို ကာကွယ်နိုင်ကြမည် မဟုတ်ပေ။

မေလခိဇေဒက်သည် ကြီးမြတ်သောသူဖြစ်ကြောင်းကို အာဗြဟံသည် နားလည်သဘောပေါက်သောကြောင့် သူ့ထံသို့ ဆယ်ဖို့တစ်ဖို့ကို ပေးခြင်းဖြင့်သူ၏ ရိုသေလေးစားမှုကို ပြသခဲ့၏။ ဤအချက်မှာ ယဇ်ပုရောဟိတ်၏အလုပ်ကို နည်းလမ်းတကျ မဖွဲ့စည်းမီကဖြစ်သောအရာ ဖြစ်သော်လည်း ယဇ်ပုရောဟိတ်အရာနှင့်ပတ်သက်၍ အမြင်သဘောထားမှာ အစအဦးကပင် တည်ရှိခဲ့၏။ အာဗေလ၏ ပူဇော်သက္ကာမှာ ဝတ်ပြုကိုးကွယ်ခြင်းအပြုအမူဖြစ်၍ သူနောက်မှလာသော မျိုးဆက်တိုင်းက ထိုနည်းတူ ပြုခဲ့ကြ၏။ သမ္မာကျမ်းစာတွင် ဖော်ပြမထားသော်လည်း ယဇ်ပုရောဟိတ်အရာနှင့်ပတ်သက်၍ အာဗြဟံ သည် များစွာသိရှိခဲ့၏။ ကမ္ဘာဦးကျမ်း ၁၄ ၌ ဖော်ပြသည့် ထိုအပြုအမူနှင့် ဆယ်ဘို့တစ်ဘို့ပေးခြင်းတို့က ထိုခေတ်ကာလ၏ ဘာသာရေးအကြောင်းကို များစွာပြောပြပေး၏။ လေဝိအမျိုးသားတို့က ယဇ်ပုရောဟိတ်အရာကို အာရုန်၏ အစပြုပေးမှုအားဖြင့် လက်ခံရရှိခဲ့ကြ၏။ သူတို့သည်လည်း လူထုထံမှ ဆယ်ဘို့တစ်ဘို့ကို လက်ခံရရှိခဲ့ကြ၏။ ဤယဇ်ပုရောဟိတ်တို့၏ အမှုတော်ကို မောရှေ၏ ပညတ်တော်ထဲ တွင် အသေးစိတ်ရှင်းလင်းဖော်ပြထား၍ ဤအရာကိုယုဒလူတို့သည် အလွန်ရင်းနှီးကျွမ်းဝင်ခဲ့ကြ၏။ လေဝိအမျိုးတို့သည် အာဗြဟံ၏ မျိုးရိုးမှဆင်းသက်လာကြသော မိမိတို့၏ ညီအစ်ကိုများဖြစ်ကြ၏။ မေလခိဇေဒက်မှာမူ လေဝိအမျိုးမှမဟုတ်ပေ။ သို့သော်လည်း သူ၏ ယဇ်ပုရောဟိတ်အရာမှာ သာ၍ကြီးမြတ်ခြင်းရှိ၏။ တောလည်ရာကျမ်း ၁၈း၂၁ နှင့် ၂၆ တို့တွင် သူတို့၏ဆယ်ဘို့တစ်ဘို့ လက်ခံရရှိခြင်းအကြောင်းနှင့် သူတို့ရရှိထားသောအရာတို့မှ ပြန်၍ဆယ်ဘို့တစ်ဘို့ကို ပူဇော်ခြင်းလုပ်ရမည့် အကြောင်းကို ဖော်ပြထား၏။ မေလခိဇေဒက်သည် အားလုံးအထက်တွင်ရှိ၏။ သူ၏ ယဇ်ပုရောဟိတ်အရာမှာ ဣသရေလလူတို့၏ နေ့စဉ်အသက်တာ၌ ဆက်လက်မမြင်တွေ့ခဲ့ကြ သော်လည်း သူသည် ထာဝရယဇ်ပုရောဟိတ်ဖြစ်ကြောင်း ဖော်ပြ၏။

**ဆင်ခြင်ရန်** - ဝတ်ပြုရာကျမ်းနှင့်ဆိုင်သော ယဇ်ပုရောဟိတ်အရာသည် ခရစ်တော်၏ ထာဝရယဇ်ပုရောဟိတ်အရာ၏ အမျိုးအစားဖြစ်၍ ၎င်း၏ရည်ရွယ်ချက်ကို ဆောင်ရွက်ခဲ့ကြ၏။

**ဆုတောင်းချက်** - ယေရှုခရစ်တော်သည် ကျွန်ုပ်၏သခင်နှင့် ဖျန်ဖြေသူဖြစ်သကဲ့သို့ ကျွန်ုပ်၏နှုတ်သည် သူ့ကိုချီးမွမ်းပါစေသော်။ သခင်ယေရှု၏ နာမတော်အားဖြင့် ဆုတောင်းပါ၏။

အင်္ဂါ၊ ဩဂုတ် (၂၀)
**ဟေဗြဲ ၇း၁-၁၀**
၁ ယော ၂း၁-၂

*"ထိုသခင်သည် ငါတို့၏အပြစ်မက၊*
*လောကီသားအပေါင်းတို့၏*
*အပြစ်ဖြေစရာအကြောင်းဖြစ်တော်မူ၏"*

## ယဇ်ပုရောဟိတ်အရာနှစ်စုတို့၏ခြားနားချက်

အာရုန်နှင့်မေလခိဇေဒက်တို့၏ ယဇ်ပုရောဟိတ်အရာတို့ကြားတွင် ခြားနားချက်ရှိ၏။ အာရုန်၏ယဇ်ပုရောဟိတ်အရာသည် ယာကုပ်၏သားဆယ့်နှစ်ဦးထဲက တစ်ဦးဖြစ်သောလေဝိ၏ မိသားစုထဲမှဆင်းသက်နေစဉ်တွင် မေလခိဇေဒက်မှာ ရှေးမျိုးရိုးမရှိဘဲ အနိုင်းမဲ့ဖြစ်ခဲ့သည်။ မေလခိဇေဒက်၏နာမသည် နောက်ခံသမိုင်းပေးထားခြင်း မရှိဘဲ မြင်ကွင်းထဲသို့ချက်ခြင်းဝင်ရောက်ခဲ့၏။

လေဝိအမျိုးတို့သည် ဆယ်ဘို့တဘို့ကို လက်ခံရရှိကြသော်လည်း ဤလောကတွင် လူ့ဘဝအတွက် သတ်မှတ်ထားသောအချိန်ထက် ကျော်လွန်၍အသက်မရှင်ခဲ့ကြပေ။ မေလခိဇေဒက်သည် ခြားနားသောဖော်ပြချက်ရှိ၍ ဤစာပိုဒ်က သူသည်အသက်ရှင်ကြောင်းကို သွယ်ဝိုက်ညွှန်းဆိုထား၏။ အာရုန်၏ယဇ်ပုရောဟိတ်အရာတွင်အသက်ကန့်သတ်ချက်ရှိ၏။ တစ်စုံတစ်ဦးကို အသက်သုံးဆယ်အရွယ်တွင် ယဇ်ပုရောဟိတ်အဖြစ် အစေခံရန် ခွင့်ပြုကြပြီး၊ အသက်ငါးဆယ်အရွယ်တွင် အနားယူရ၏။ ထိုအရာမှာ လူတစ်ဦးသည်နှစ်ပေါင်းနှစ်ဆယ်သာ ယဇ်ပုရောဟိတ်အဖြစ်အမှုထမ်းရ၏။ ဤကာလသည်တိုတောင်းလှ၍ ထိုအမှုဆောင်ရွက်ရသည့်အသက်တာကို ကြီးမားစွာကန့်သတ်ထားကြောင်းကို ပြသ၏။ ထိုလုပ်ငန်းကိုခရစ်တော်လာရောက်ပြည့်စုံစေခဲ့ပြီးနောက်တွင် ရှင်းရှင်း ဖျက်သိမ်း၍ လေဝိတို့သည်လည်း ယဇ်ပုရောဟိတ်အဖြစ် အမှုမထမ်းရွက်ကြတော့ပေ။ ဤကိစ္စပြီးနောက် ထိုလုပ်ငန်း ထဲသို့ လုပ်ကိုင်ဖို့ရန် သူတို့ကိုယ်ကို အတင်းဖိအားပေး၍ ဝင်ရောက်သောသူတို့သည် အဓိပ္ပာယ်မဲ့သောရည်မှန်းချက်ကို လုပ်ဆောင်ကြခြင်းဖြစ်၏။ ဤကျမ်းပိုဒ်ကလည်း လေဝိတို့သည် မေလခိဇေဒက်အား အာဗြဟံအားဖြင့် ဆယ်ဘို့တဘို့ကို ပေးခဲ့ကြကြောင်း အခိုင်အမာပြောဆိုထား၏။

ကျမ်းရေးသူက မေလခိဇေဒက်အကြောင်းနှင့်ပတ်သတ်၍ ဤအချက်ကိုပြောကြားခဲ့၏။ "အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက်အပိုင်းအခြားမရှိဘဲ၊ ဘုရားသခင်၏သားတော်နှင့်တူ၍ ယဇ်ပုရောဟိတ်အရာ၌ အစဉ်အမြဲတည်၏" (ဟေဗြဲ ၇း၃)။ ထိုနေရာတွင် သူ၏ယဇ်ပုရောဟိတ်အရာမှာ ထာဝရအတွက်ဖြစ်၍ ယုံကြည်သူတို့သည် ကယ်တင်ခြင်းအတွက် ခရစ်တော်ထံသို့သာ လာရောက်ကြဖို့ ဖိတ်ခေါ်ခြင်းကို အရေးစိုက်ပေး၏။ ယေရှု သာ ကယ်တင်တော်မူ၏။ Berkhof က ခရစ်တော်၏ယဇ်ပုရောဟိတ်နှင့်ဆိုင်သော လုပ်ငန်းနှင့်ပတ်သက်၍ ဤအချက်ကို ထပ်ဖြည့်ထားပေး၏။ "အပြစ်အတွက် ကြီးမြတ်သောယဇ်ပူဇော်ခြင်းကို ယူဆောင်ခြင်းအား ဆောင်ရွက်သည့်အပြင် ယဇ်ပုရောဟိတ်ဖြစ်သော ခရစ်တော်သည် မိမိ၏လူများအတွက် ကြားဝင်ဖျန်ဖြေခြင်းအမှုကိုလည်း ပြုလုပ်ပေး၏။ ရှင်ယောဟန် ၁၄း၁၆ တွင် သူ့ကိုသွယ်ဝိုက်နည်းအားဖြင့် ငါတို့၏ဥပဇ္ဈာယ်ဆရာ(*parakletos*) ဟူ၍၎င်း၊ ၁ ယော ၂း၂ တွင် အတိအလင်းအားဖြင့်သော်၎င်း၊ ခေါ်ဆိုထား၏။ ထိုစကားလုံး၏အဓိပ္ပာယ်မှာ "အကူအညီပေးရန် ခေါ်ခြင်းခံရသောသူ၊ တရားရုံးရှေ့နေ၊ အခြားသူတို့၏ကိစ္စကို ကြားဝင်ဖျန်ဖြေပေးသူ" ဟူ၍ ဆိုလို၏။

ဆင်ခြင်ရန် - အာရုန်နှင့်ဆိုင်သောယဇ်ပုရောဟိတ်အရာသည် ကျွန်ုပ်တို့အား ခရစ်တော်ထံသို့ ပို့ဆောင်ပေးဖို့ရန် အထိန်းတော်၏အစိတ်ပိုင်းတစ်ခုဖြစ်သည်။

ဆုတောင်းချက် - အဖဘုရား၊ ကျွန်ုပ်သည် အထိန်းတော်ထံမှသော်၎င်း၊ ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာထံမှသော်၎င်း ကောင်းစွာသင်ယူစေတော်မူပါ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၂၁)
**ဟေဗြဲ ၇း၁၁-၂၈**
၂ ယော ၈-၉

*"ငါတို့သည် ကိုယ်ပြုစုသောအရာမပျောက်မပျက်၊ စုံလင်သောအကျိုးကို ရမည်အကြောင်း၊ သင်တို့သည် ကိုယ်ကိုကိုယ် သတိပြု၍ စောင့်ရှောက်ကြလော့"*

## ဝတ်ပြုရာကျမ်းတွင်ရှိသော ယဇ်ပုရောဟိတ်အရာတို့၏မစုံလင်ခြင်း

ဤကျမ်းပိုဒ်က ဆွေးနွေးချက်နှင့်နှိုင်းယှဉ်ချက်တို့ကို ဝတ်ပြုရာကျမ်းတွင်ရှိသော ယဇ်ပုရောဟိတ်အရာမှာ ယာယီသာဖြစ်ကြ၍ ခရစ်တော်၏ယဇ်ပုရောဟိတ်အရာထက် နိမ့်ကျခဲ့ကြောင်းကို ပြသဖို့ရန်အတွက် ဆက်လက် ဖော်ပြပေး၏။ မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာမှာ ထိုစုံလင်သောသူကို ကိုယ်စားပြုဖို့ရန်အကောင်းဆုံးဖြစ်၏။ ဝတ်ပြုရာကျမ်းထဲကအရာမှာ ရုပ်ပုံမျှသာဖြစ်သည်။ သူသည် ယုံကြည်သူတို့အတွက် ကြားဝင်ဖျန်ဖြေခြင်း ကို ဆောင်ရွက်ပေးဖို့ရန် အမြဲအသက်ရှင်၏။ သူသည် လိုအပ်သောအရည်အချင်းအားလုံးကို ပိုင်ဆိုင်၍ သူ၏ယဇ်ပူဇော်ခြင်းမှာ အထပ်ထပ်လုပ်စရာမလိုဘဲ တကြိမ်တည်းသာပူဇော်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူသည်ထာဝရ သန့်ရှင်းတော်မူသောသူဖြစ်၏။

ဝတ်ပြုရာကျမ်းနှင့်ဆိုင်သော ယဇ်ပုရောဟိတ်အရာမှာ စုံလင်ခြင်းမရှိကတည်းက မေလခိဇေဒက်နောက် ပိုင်းတွင် အခြားသောယဇ်ပုရောဟိတ်တစ်ပါးပါးပေါ်ထွက်ဖို့ရန် လိုအပ်ခဲ့၏။ လေဝိမိသားစုမှလာသော အာရုန်နှင့် ဆိုင်သောယဇ်ပုရောဟိတ်အရာတွင် ကန့်သတ်ချက်များရှိကြ၍ ဘုရားသခင်၏တောင်းဆိုချက်ကို မပြည့်စုံစေနိုင်ပေ။ ကျမ်းရေးသူက ဝတ်ပြုရာကျမ်းနှင့်ဆိုင်သော ယဇ်ပုရောဟိတ်အရာအောက်တွင် လူတို့သည် ပညတ်တော်ကို လက်ခံရရှိကြသောကြောင့် မေလခိဇေဒက်နည်းတူ နောက်ပိုင်းတွင် အခြားသောသူတစ်ဦး လိုအပ်ချက်နှင့်ပတ်သတ်၍ မေးခွန်းထုတ်ခဲ့၏။ ယဇ်ပုရောဟိတ်အရာကို ပြောင်းလဲပစ်ကတည်းက ပညတ်တော်ကိုလည်း ပြောင်းလဲရန် လိုအပ်သည်ဟု ကျမ်းရေးသူက ဆိုခဲ့၏။ လက်တွေ့တွင် ထိုအရာကို ပင်ကိုယ်ပြောင်းလဲထားခြင်းမဟုတ်ဘဲ မောရှေ ၏ ပညတ်တော်ကို ထားရမည့်နေရာ၌ ထားရှိခြင်းဖြစ်၏။

ဤနေရာတွင် ပညတ်တော်၏ခိုင်လုံခြင်းနှင့်ဧဝံဂေလိသတင်းကောင်း၏ ဆန့်ကျင်ခြင်းမှာ အဓိက အချက်ဖြစ်၏။ ယေရှုခရစ်၏ကြွလာခြင်းက မောရှေ၏ပညတ်တော်၌ ဟောကိန်းထုတ်ခဲ့သည့် အချက်ကို ပြည့်စုံခြင်းသို့ ရောက်စေ၏။ ပညတ်တော်ကိုပြောင်းလဲစေကြောင်းကို ပြောဆိုထား၏။ အဘယ် ကြောင့်ဆိုသော် အာရုန်နှင့်ဆိုင် သော ယဇ်ပုရောဟိတ်အရာ၏လုပ်ငန်းသည် အဆုံးသတ်ခဲ့ပြီး၊ ထိုအကျိုး ဆက်က ပညတ်တော်ကိုပြောင်းလဲစေ၏။ ခရစ်တော်က ယခုတွင်ယဇ်ပုရောဟိတ်ရုံးကို နေရာယူ ထား၏။ ကိုယ်ခန္ဓာနှင့်စပ်ဆိုင်လျှင် သူသည်လေဝိအမျိုးမှ မွေးဖွားလာခြင်းမဟုတ်ပေ။ ထိုအမျိုးသည် ယဇ်ပုရောဟိတ် အရာနှင့်စပ်ဆိုင်သည်ဟု မောရှေသည် တခွန်းကိုမျှ မပြောခဲ့ပါ။ ငါတို့သခင်သည် ယုဒအမျိုး ထဲကပေါ်ထွန်း သည်ဟု ကျမ်းရေးသူကဖော်ပြ၏။ ဤနေရာတွင် ဆွေးနွေးစရာမှာ ၎င်း၏ရည်ရွယ်ချက် ဆောင်ရွက်ခဲ့ပြီးသော အာရုန်နှင့်ဆိုင်သောယဇ်ပုရောဟိတ်အရာကို အဆုံးသတ်ရန်နှင့် ခရစ်တော်၏ ယဇ်ပုရောဟိတ်အရာကို အတည်ပြုရန်ဖြစ်၏။ သူသည်မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာကို အကောင်းဆုံးကိုယ်စားပြု၏။ အာရုန်၏ယဇ်ပုရောဟိတ်အရာမှာ လုံလောက်မှုမရှိစဉ်တွင် ဤအရာက၎င်း၏ စုံလင်သောစရိုက်ကို ပြသပေး၏။

ဆင်ခြင်ရန် - ဝတ်ပြုရာကျမ်းနှင့်ဆိုင်သော ယဇ်ပုရောဟိတ်အရာသည် စုံလင်သောသူ၏ရုပ်ပုံသာ ဖြစ်၏။

ဆုတောင်းချက် - အဖဘုရား၊ ကျွန်ုပ်၏ထာဝရနှင့်ဆိုင်သော ယဇ်ပုရောဟိတ်မင်းဖြစ်သောယေရှုကို ကျွန်ုပ်သည် အစဉ်စိတ်ချမှီခိုပါရစေ။

*“ထိုနည်းတူ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏”*

## ခရစ်တော်သည် အခြားသောရာထူးရှိရပါမည်

ယေရှုခရစ်တော်၏အကြောင်းမှာ ယုဒလူတို့သည် အကြိမ်ကြိမ်ငြင်းခုန်ကြသည့် အကြောင်းအရာဖြစ်ပြီး၊ သူတို့သည် ခရစ်တော်အား ဘုရားသခင်၏သားတော်၊ ကတိတော်ဖြစ်သောမေရှိယဖြစ်ကြောင်းကို ငြင်းပယ်ထားကြ၏။ တမန်တော်တို့သည် ခရစ်တော်ကောင်းကင်သို့ချီဆောင်ခြင်းခံရပြီးနောက်တွင် ခရစ်တော်၏ဧဝံဂေလိသတင်းကောင်းကို ဆက်လက်ဟောကြားကြသော်လည်း သူတို့သည် လှောင်ပြောင်ခြင်းနှင့်ညှင်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရကြ၏။ အနှုတ်လက္ခဏာဆောင်သော ထိုလက်ခံခြင်းမှာ ဤဩဝါဒစာကိုရေးသားရခြင်း၏ အကြောင်းအရင်း များထဲတွင် တစ်ခုဖြစ်သည်။ ယုဒခရစ်ယာန်တို့သည် မိမိတို့၏ယုံကြည်ခြင်းနှင့်ပတ်သတ်၍ မေးခွန်းများကို ဖြေပေးခြင်း၌ အခက်တွေ့ခဲ့ကြ၏။ ထို့ကြောင့် ဤပေးစာသည် ယုဒခရစ်ယာန်တို့အား မိမိတို့၏ရန်သူတို့နှင့် ရင်ဆိုင်ဖို့ရန် အကူအညီပေးသော စာစောင်ဖြစ်သည်။

ခရစ်တော်သည် မေလခိဇေဒက်နှင့်ဆင်တူသည့်အတိုင်း ယဇ်ပုရောဟိတ်ဖြစ်ရန် ထမြောက်တော်မူခဲ့သည်။ သူသည် ကိုယ်ခန္ဓာနှင့်စပ်ဆိုင်သော ပညတ်တော်အတိုင်း ခန့်ထားခံရခြင်းမဟုတ်ပေ။ မေလခိဇေဒက်နှင့် ပတ်သတ်၍ အာဗြဟံနှင့်သူ၏ပတ်သက်မှုကို ပို၍ပြောဆိုထား၏။ အာဗြဟံသည် မေလခိဇေဒက်အား ဘုရားသခင်၏ ယဇ်ပုရောဟိတ်တပါးအဖြစ် အသိအမှတ်ပြု၍ ဘုရားသခင်ထံ၌ထားရှိသော မိမိ၏ယုံကြည်ခြင်းကို ထုတ်ဖော်ပြသသည့်အနေဖြင့် သူ့ကိုဆယ်ဘို့တဘို့ပေးလှူခဲ့၏။ သူ၏အပြုအမူက သူသည်ဝိညာဉ်ရေးလမ်း၌ ဘုရားသခင်အား မည်ကဲ့သို့အစေခံရမည်ကိုကောင်းစွာ သိရှိခဲ့ကြောင်းပြသ၏။ ယေရှုက အာဗြဟံသည် မိမိအားတွေ့မြင်ခဲ့ကြောင်းကို ဝန်ခံခဲ့၏။ ထိုယဇ်ပုရောဟိတ်အရာကို အဆုံးမရှိသောအသက်တာအတိုင်း ပြုလုပ်ခဲ့၏။ ထိုအချက်မှာ သူ၏ယဇ်ပုရောဟိတ်အရာကို ထာဝရတည်စေမည့်အရာဖြစ်သည်။ ဤအချက်ကို မေလခိဇေဒက်၏ အရာက အကောင်းဆုံး ကိုယ်စားပြုပေး၏။ ပညတ်တရားကအကျိုးကိုမပေးနိုင်ပေ။ သို့သော်လည်း၊ သာ၍မြတ်သော မျှော်လင့်ခြင်းအခွင့် သည် နေရာကျ၏။ ထိုမျှော်လင့်ခြင်းသည် ယေရှုခရစ်အား ဖြင့်ရောက်လာ၍ ထိုခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ တိုးဝင်ချဉ်းကပ်ရကြ၏။

ရှင်ပေါလုသည် ဂလာတိပြည်၌ရှိသောယုံကြည်သူတို့ထံသို့ ဤဘာသာရပ်နှင့်တူသည့်အကြောင်းကို ရေးခဲ့သောအခါ၊ အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကိုသူ၏ဖြောင့်မတ်ခြင်း အဖြစ် မှတ်တော်မူခြင်းအကြောင်းကို အလေးပေးဖော်ပြခဲ့၏။ ယုံကြည်ခြင်းရှိသောသူတို့သည် အာဗြဟံ၏သားတို့ ဖြစ်ကြ၍ အာဗြဟံနှင့်အတူ ကောင်းကြီးမင်္ဂလာခံစားသောသူဖြစ်ကြကြောင်းကို သူထပ်ဖြည့်ခဲ့၏။ အဓိကအချက်မှာ ယုံကြည်ခြင်းဖြစ်၍ယုံကြည်ရမည့်သူမှာ ခရစ်တော်ဖြစ်၏။ ဤယုံကြည်ခြင်းကို မေလခိဇေဒက်နှင့်ဆုံတွေ့စဉ်တွင် အာဗြဟံ၌ရှိခဲ့၏။ ဖြောင့်မတ်သောသူသည် ထိုယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ ပညတ်တရားကို ကျွန်ုပ်တို့အား ထိုယုံကြည်ခြင်းသို့ ခေါ်ဆောင်ခဲ့သည့်အထိန်းဟူ၍ခေါ်ဆိုထား၏။ နိုင်ငံအားလုံး၌ရှိသော လူတို့ကိုခရစ်တော်၌ရှိသော ထိုယုံကြည်ခြင်းအောက်သို့ ခေါ်ဆောင်ခံရ၏။

ဆင်ခြင်ရန် - တစ်စုံတစ်ဦးသည် ယေရှုခရစ်တော်အား ကတိတော်နှင့်ဆိုင်သော မေရှိယဖြစ်သည်ဟု ယုံကြည်သောအခါ သူသည်ဖြောင့်မတ်သူအဖြစ် ရေတွက်ခြင်းခံရ၏။

ဆုတောင်းချက် - အဖဘုရား၊ ကျွန်ုပ်သည် ကြားဝင်ဖြန်ဖြေခြင်းကို ပြုလုပ်ပေးနိုင်သော သူထံ၌ဝန်ခံအပ်နှံပါရစေ။

သောကြာ၊ ဩဂုတ် (၂၃)
**ဟေဗြဲ ၇:၁၁-၂၈**
ဆာလံ ၁၁၀

*“ထာဝရဘုရားသည် အရှင်၏အာဏာတော်လှံတံကို ဇိအုန်မြို့မှ လွှတ်တော်မူမည်။ ကိုယ်တော်သည် ရန်သူတို့၏အလယ်၌ အုပ်စိုးတော်မူလိမ့်မည်”*

# ဖြစ်စဉ်နှစ်ခုကြား၏ ခြားနားချက်

ဝတ်ပြုရာကျမ်းနှင့်ဆိုင်သော ယဇ်ပုရောဟိတ်တို့ကို အကျိန်တော်မရှိဘဲခန့်ထားခြင်းခံရကြ၏။ ခရစ်တော် ကိုမူကား အကျိန်တော်နှင့်အတူ ယဇ်ပုရောဟိတ်အဖြစ် ခန့်ထားခံရ၏ (ဆာ ၁၁၀း၄)။ ထို့ကြောင့် ခရစ်တော်သည် သာ၍မြတ်သောသက်သေ၏ အာမခံချက်ဖြစ်လာခဲ့သည်။ ယေရှုက သူသည်လမ်းခရီး၊ သမ္မာတရားနှင့်အသက် ဖြစ်သည်ဟု ပြောဆိုသောအခါ၊ သူ၏ထာဝရနှင့်ဆိုင်သော ပဋိညာဉ်တရား၏ ယဇ်ပုရောဟိတ်ဖြစ်ခြင်းအကြောင်းကို ပြသနေခြင်းဖြစ်သည်။ ယနေ့တွင်ဧဝံဂေလိသတင်းကောင်းကို ဟောကြားသောအခါ ဤသမ္မာတရားကိုအရေးပေး ဟောကြားရမည်။ ယုံကြည်သူတို့သည် အသစ်တဖန်မွေးဖွားခြင်းကို အမှန်ခံရ၍ခရစ်တော်နှင့်လိုက်ဖက်အောင် နေထိုင်ရပါမည်။

အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်တို့မှာ အလွန်များပြား၍ ကွယ်လွန်ခဲ့ကြသည်။ ဤအချက်က သူတို့သည် ယာယီသာဖြစ်ကြောင်းကိုပြသ၏။ သူတို့သည် ခန့်ထားသောအရပ်နှင့်ရည်ရွယ်ချက်အတွက် အမှုထမ်း ခဲ့ကြပြီး၊ ထိုရည်ရွယ်ချက်မှာ အဆုံးရှိခဲ့၏။ ဤနှိုင်းယှဉ်ချက်နှင့်ရှင်းပြချက်တို့မှာ အမှန်လိုအပ်၏။ အကြောင်းမှာ လူ၏စိတ်သည် သူတို့မြင်တွေ့ထားသောအရာတို့ကို ယုံကြည်ဖို့ရန် ယိုင်တတ်၏။ အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်တို့၏အလုပ်က ယုဒလူတို့၏စိတ်ကို ခိုင်မြဲစွာစုပ်ကိုင်ထား၏။ အဘယ့်ကြောင့်ဆိုသော် ယုဒလူတို့သည် ခရစ်တော်၏ယဇ်ပုရောဟိတ်အရာကို လက်ခံရန်လွယ်ကူစွာ ဆွဲဆောင်မှု မခံရဖို့ရန်အတွက် ထိုယဇ်ပုရောဟိတ်တို့ သည် သူတို့ကြားတွင်နေထိုင်ခဲ့ကြသည်။ သို့သော် သမ္မာတရားသည်အစဉ်ရပ်တည်၏။

ခရစ်တော်၏ယဇ်ပုရောဟိတ်အရာသည် ပြောင်းလဲလို့မရသောကြောင့် သူသည်ယဇ်ပုရောဟိတ်အဖြစ် အစဉ်ဆက်လက်ဆောင်ရွက်နေ၏။ သူသည်မိမိအားဖြင့် ဘုရားသခင်ထံလာရောက်ကြသည့် အဝေးဆုံး၌ရှိသော သူတို့ကို ကယ်တင်ရန်တတ်စွမ်းနိုင်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ထိုသူတို့အတွက် ကြားဝင်ဖျန်ဖြေခြင်းတို့ လုပ်ပေးတော်မူ၏။ ဤနည်းအားဖြင့် သူသည်သူ့ဌာန၏တာဝန်ဝတ္တရားကို လက်တွေ့ဆောင်ရွက်ခဲ့သည်။ ယဇ်ပုရောဟိတ်မင်း၏ဌာနသည် အချို့သောအရည်အချင်းကို တောင်းဆို၏။ ခရစ်တော်ထံတွင် ဤမြင့်မားသော ဝိညာဉ်ရေးရာ အရည်အချင်းတို့ကိုမြင်တွေ့ရ၏။ သူသည် သန့်ရှင်းသောသူ၊ အပြစ်ကင်းသောသူနှင့် အစွန်းအထင်း မရှိသောသူဖြစ်၍ အပြစ်သားတို့ထံမှသီးခြားခံရပြီး၊ ကောင်းကင်တို့ထက် သာ၍မြင့်မားတော်မူ၏။ သူသည် နေ့ရက် စဉ်အတိုင်း ယဇ်ပူဇော်ခြင်းလုပ်ဖို့ရန် မလိုအပ်ပေ။ သို့သော်လည်း သူသည်မိမိကိုယ်ကို တစ်ကြိမ်တည်းပူဇော်ခဲ့၏။ ဤအချက်သည်လည်း အာရုန်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်တို့နှင့်မတူသည့် ခြားနားသောအချက်တစ်ခုဖြစ်သည်။ ဝတ်ပြုရာကျမ်းနှင့် ဆိုင်သော ပညတ်တရားသည် နေ့စဉ်အထပ်ထပ်ပြုရသည့် အခြားသော ယဇ်ပူဇော်ခြင်းမျိုးကို ညွှန်ကြားခဲ့၏။ ဤသို့ဖြစ်ရခြင်းအကြောင်းအရင်းမှာ တိရစ္ဆာန်နှင့်ဆိုင်သော ယဇ်ပူဇော်ခြင်းတို့သည် လုံလောက်မှု မရှိခဲ့ပေ။ အခြားတစ်ဖက်တွင် ခရစ်တော်သည်ယဇ်ပုရောဟိတ်သော်၎င်း၊ ယဇ်ကောင်သော်၎င်း နှစ်မျိုးလုံးဖြစ်တော်မူ၏။ သူသည်မိမိ၏ကိုယ်ခန္ဓာကို ပူဇော်ပေးလှူခဲ့၏။ ခရစ်တော်သည် စုံလင်သောသူဖြစ်၍ ဘုရားသခင်၏ဂတိတော်ကို ပြည့်စုံစေခဲ့ပြီ။

ဆင်ခြင်ရန် - ရှေးယဇ်ပုရောဟိတ်တို့ကို ပညတ်တရားအားဖြင့် ခန့်ထားခဲ့ကြသော်လည်း သားတော်ကိုမူ ထာဝရအဖို့ကြိုတင်ခန့်ထားခြင်းဖြစ်သည်။

ဆုတောင်းချက် - အဖဘုရား၊ ယေရှုခရစ်တော်သည် အစဉ်အမြဲအကျွန်ုပ်၏အာမခံဖြစ်ပါစေသော်။

စနေ၊ ဩဂုတ် (၂၄)
**ဟေဗြဲ ၈း၁-၁၃**
ဆာလံ ၁၁၀

*"ထာဝရဘုရားက၊ . . . နောက်တဖန် စိတ်ပြောင်းလဲခြင်းရှိတော်မမူ"*

## အသစ်ဖြစ်ပြီးသာ၍ကောင်းသောပဋိညာဉ်တရား

ပဋိညာဉ်တရားသည် ကျိန်ခြင်းအားဖြင့်လုပ်ရသည့်သဘောတူညီချက်ဖြစ်၏။ ဤစာပိုဒ်၏ အနေအထားတွင် ဘုရားသခင်သည်ဘိုးဘေးတို့နှင့်အတူ ပဋိညာဉ်တရားတစ်ခုကို ပြုလုပ်ခဲ့၏။ ထိုပဋိညာဉ်တွင် သူ၏လူတို့နှင့်အတူ မည်သို့မည်ပုံအလုပ်လုပ်မည့်အကြောင်းကို ရှင်းရှင်းလင်းလင်းဖော်ပြ၏။ ထိုပဋိညာဉ်တရားသည် အာဗြဟံနှင့်စတင်ခဲ့ပြီး၊ မောရှေ၏လက်အားဖြင့် မှတ်တမ်းတင်ထားဖို့ရန် ဘုရားသခင်ကအပ်ထားသောအချိန်တွင် ထပ်၍ဖြည့်စွက်ခြင်းနှင့်အတူ ကွယ်ကာ စောင့်ထိန်းထား၏။ ဘုရားသခင်ပေးထားသောပညတ်တရားသည် ဘုရားသခင်နှင့်သူ၏လူတို့သည် မိသဟာယဖွဲ့ရာတွင် လမ်းပြသူဖြစ်လာခဲ့သည်။ ဘုရားသခင်သည် ဣသရေလအိမ်သူအိမ်သားတို့ အား သူ၏ဘုန်းတော်ကိုပြသဖို့ရန် ရွေးချယ်ခဲ့၏။ ယခုတွင်မူ ဘုရားသခင်သည်အသစ်ဖြစ်ပြီး သာ၍ ကောင်းသောပဋိညာဉ်တရားကို ပြောဆိုခဲ့၏။ သူသည်ပုရောဖက်တို့အားဖြင့် ဂတိတော်ကိုပြုလုပ်ခဲ့၏။

မိန့်ဆိုခဲ့ပြီးသောအရာများ၏ အတိုချုပ်ကိုပေးထား၏။ ပဋိညာဉ်တရားသစ်ကို ပဋိညာဉ်တရားဟောင်းအား သမ္မာကျမ်းစာမှလာသော ဉာဏ်ပညာအားဖြင့်မဟုတ်ဘဲ ထုံးတမ်းဓလေ့စွဲကိုင်ထားသောလူတို့ကို မိတ်ဆက်ပေးရပါမည်။ ပဋိညာဉ်တရားသစ်သည် ယေရှုခရစ်နှင့်အတူ ခပ်သိမ်းသောအရာတို့ကို လုပ်ဆောင်ဖို့ရန်ဖြစ်၏။ ထို့ကြောင့် ဤစာပိုဒ်တွင်ယေရှုအား မိတ်ဆက်ပေးသည်မှာ "ယခုဆိုခဲ့ပြီးသော အကြောင်းအရာတို့၏ အချုပ်အခြာဟူမူကား၊ ထိုသို့သော ယဇ်ပုရောဟိတ်မင်းသည် ငါတို့၌ရှိ၏။ ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ျာဘက်မှာ ထိုင်နေတော်မူ၏။ လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော၊ သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကို ပြုသောသူဖြစ်တော်မူ၏" (ဟေဗြဲ ၈း၁-၂)။ ခေတ်ဟောင်းဝတ်ပြုခြင်းတွင် ယဇ်ပုရောဟိတ်မင်းသည် အလွန်အရေးပါသော အမှုတော်ဆောင်ဖြစ်၏။ လူတို့သည် မိမိတို့၏အမှုတော်အချိန်ဇယား၌ အလွန်အသားကျသည်ဖြစ်၍ သူတို့၌ရှိသော အနည်းငယ်သောအသိတရားအားဖြင့် ထိုအမှုတော်ဆောင်ခြင်းကို ပြောင်းလဲခြင်းငါ မမျှော်လင့်ခဲ့ပေ။ ဤနေရာတွင်ရှိသော ယဇ်ပုရောဟိတ်မင်းအကြောင်းဖော်ပြချက်က ထိုယဇ်ပုရောဟိတ်မင်းမှာ လူထုသိခဲ့သည့်အရာနှင့် လုံးဝခြားနားနေသည်ကို ပြသ၏။ ဤနေရာတွင် တူညီ သည့်အချက်မှာ ထိုယဇ်ပုရောဟိတ်နှစ်ပါးတို့သည် ယဇ်ကောင်တို့ကို ပူဇော်ရာတွင် ပညတ်တရားတောင်း ဆိုသည့်အတိုင်း ဆောင်ရွက်ကြ၏။ ဤအသစ်သောယဇ်ပုရောဟိတ်သည် ဤလောက၌ရှိသော တဲတော်တွင် အစေမခံခဲ့ပေ။ လောက၌ရှိသောယဇ်ပုရောဟိတ်တို့သည် ပညတ်တရားက သတ်မှတ်ထား သည့်အတိုင်း ဆောင်ရွက်ခဲ့ကြ၏။

ယဇ်ပုရောဟိတ်သစ်မှာ သာလွန်ထူးခြားသောသူဖြစ်၍ သူသည်ဘုရားသခင်၏သားတော်ပင်ဖြစ်ကြောင်းကို ဤနေရာတွင်ပြသထား၏။ ဤယဇ်ပုရောဟိတ်မင်းနှင့် ဆက်နွယ်သည့်အချက်တို့ကို ယုဒလူတို့အဖို့ လက်ခံသဘောတူနိုင်မည့်အချက်ဖြစ်နိုင်သော်လည်း၊ သူတို့ကြားထဲတွင် လမ်းလျှောက်နေသောသူကို မည်သူမည်ဝါဖြစ်ကြောင်း ရွေးထုတ်ဖို့ရန်ပျက်ကွက်ခဲ့ကြသည်။ သူသည် သူတို့အား ဗိမာန်တော်နှင့် စီနဂုတ် (တရားဇရပ်) တွင်သင်ကြားပေးခဲ့၏။ သို့သော် သူတို့သည် သူ့အားပုရောဖက်ပြုချက်တို့နှင့်အတူ ဆက်စပ်တွေးတောဖို့ရန် ပျက်ကွက်ခဲ့သည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်တို့၏ဘုရားသခင်ရှေ့မှာ ရှင်ဘုရင်အရာ၌လည်းကောင်း၊ ယဇ်ပုရောဟိတ်အရာ၌လည်းကောင်း၊ ခန့်ထား၍ မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကိုခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ဟု အသစ်သောသီချင်းကိုသီ၍လျှောက်ဆိုကြ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုခရစ်တော်တစ်ပါးတည်းသာ ကျွန်ုပ်၏ယဇ်ပုရောဟိတ်မင်းအဖြစ် ကျွန်ုပ်သည် ဝန်ခံသတ်မှတ်ပါရစေ။

**ဟေဗြဲ ၈း၁-၁၃**

ထွက် ၂၅း၄၀

*"တောင်ပေါ်မှာ သင့်အား ပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ လုပ်ခြင်းငှါ သတိပြုရမည်"*

## ပဋိညာဉ်တရားဟောင်း၏တန်ဖိုး

ယေရှုကြွလာခြင်းက ပဋိညာဉ်တရားဟောင်းဖြစ်သည့်ပညတ်တရားအားဖြင့် ထားရှိသော ဌာနကိုဖယ်ရှားပစ်ခဲ့သည်။ ဤအချက်မှာ ကြီးမားသောသဘောထားကွဲလွဲမှုကိုဖြစ်လာစေခဲ့သော်လည်း သမ္မာတရားသည် တည်၏။ လူနှင့်ဆိုင်သောယဇ်ပုရောဟိတ်မင်းသည် ကောင်းကင်နှင့် ဆိုင်သောအရာများ၏အရိပ်နှင့်သာဓကအဖြစ် အစေခံ၏ထာဝရဘုရားက မိမိ၏လူတို့အားစုံလင်သော ယဇ်ပုရောဟိတ်မင်းထံသို့ ပို့ဆောင်ပေးဖို့သင်ကြားပို့ချပေးဖို့ရန်အတွက် ထိုအမိန့်တော်တို့ကို ကျင့်သုံးဖို့ရန်တောင်းဆိုခဲ့သည်။

မောရှေက တဲတော်နှင့်တဲတော်၏ပရိဘောဂတို့ကို တည်ဆောက်သောအခါ၊ တောင်ပေါ်တွင် ရှိစဉ်ကဘုရားသခင်ညွှန်ကြားထားသည့်နည်းလမ်းအတိုင်း သူလိုက်လျှောက်ခဲ့သည်။ ဘုရားသခင်က သူ့အားဖွင့်ပြခဲ့ပြီး မိမိပြသခဲ့ပြီးသည့်အတိုင်း တိတိကျကျတည်ဆောက်နိုင်မည် ဆောက်လုပ်သူများကို ဉာဏ်ပညာပေးခဲ့၏။ တဲတော်ထဲ၌လုပ်သည့်ဤကိုယ်ကာယနှင့်ဆိုင်သော ဝတ်ပြုကိုးကွယ်ခြင်းပုံသဏ္ဌာန်တို့က သာ၍ကောင်းမြတ်သောသာသနာကို ကြိုတင်နိမိတ်ပြခဲ့ကြသည်။ ထိုအရာတို့သည် အစစ်မဟုတ်၊ အရိပ်များ(ရုပ်ပုံ) သာဖြစ်ကြ၏။ ဘုရားသခင်၌ ထိုအမိန့်တော်ပြဌာန်းချက်တို့ကို လေ့လာဖို့ရန် ဣသရေလလူတို့ရှိတော်မူ၏။ သူသည် ထိုအရာတို့ကို သူတို့အား ဆက်လက်သင်ကြားပေးပြီး ရောက်လာမည့်သာ၍မြတ်သောပဋိညာဉ်တရားအကြောင်းကို သူတို့အား ပြောပြခဲ့သည်။ မေရှိယသည် ကတိတော်ပေါ်အခြေခံ၍ သာ၍မြတ်သောဤပဋိညာဉ်တရား၏ ဖျန်ဖြေပေးသူဖြစ်သည်။ ဤကတိတော်တို့ကို အလေးထားနေသရွေ့၊ ခပ်သိမ်းသောအရာတို့သည် ဣသရေလနှင့်အတူ ကောင်းမွန်စွာအဆင်ပြေ၏။ သို့သော်လည်း ဤကတိတော်များ စုံလင်စေဖို့ရန် အချိန်ရောက်လာသောအခါတွင် သူတို့သည် အဆင်သင့်မရှိကြပေ။

ဤစာပိုဒ်တွင် ကျမ်းရေးသူကပဋိညာဉ်တရားသစ်နှင့်ပတ်သတ်၍ ဘုရားသခင်ကမိမိ၏ ကတိတော်တို့ကို ပြည့်စုံစေခဲ့ပြီဟု သက်သေထူ၏။ ခရစ်တော်သည် ပရောဖက်တို့ကြိုတင်ဟောထားသည့်အတိုင်း အပျိုကညာအားဖြင့် မွေးဖွားလာ၏။ ထိုနည်းတူ ပရောဖက်တို့အား ကြိုတင်ပြောထားသည့်အတိုင်း ဗတ္တိဇံဆရာယောဟန်သည် ခရစ်တော်၏လမ်းခရီးကို ပြင်ဆင်ပေးဖို့ရန် စေလွှတ်ခြင်းကိုခံရ၏။ ယေရှုသည် သင်ကြားခြင်းနှင့်အရင်က မရှိဖူးသည့်ကြီးမားသောအလုပ်များစွာကို လုပ်ဆောင်ဖို့ရန်ခြေလှမ်းစတင်သောအခါတွင် ယုဒလူတို့၏အဆက်မပျက် ဆန့်ကျင်ပုန်ကန်ခြင်းကို ခံရ၏။ သူ့ကိုယုံကြည်၍တပည့်တော်ဖြစ်လာကြသူအနည်းစုရှိခဲ့သော်လည်း၊ ယုဒတိုင်းပြည်၏ တရားဝင်ရပ်တည်မှုမှာ အနုတ်လက္ခဏာဆောင်၏။ သူတို့သည် ခရစ်တော်အား ငြင်းပယ်၍ လက်ဝါးကပ်တိုင်၌တင်သတ်ခဲ့ကြ၏။ သို့သော်လည်း၊ အမှန်တရားမှာသူသည် မေရှိယဖြစ်၍၊ ပဋိညာဉ်သစ်တရား၏ကတိတော်တို့ကို ပြည့်စုံစေဖို့ရန် သူကြွလာခဲ့ခြင်းဖြစ်၏။ သူ၏သတင်းစကားမှာ ပဋိညာဉ်တရားဟောင်းအောက်တွင် ရှိခဲ့သောနည်းကဲ့သို့ ဣသရေလလူတို့အတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ဘဲ တကမ္ဘာလုံးအတွက်ဖြစ်၏။ တမန်တော်တို့အားဤသတင်းကား ဟောကြားဖို့ရန် စေခိုင်းခဲ့သည်။

**ဆင်ခြင်ရန်** - ယေရှုသည် ကောင်းကင်နှင့်ဆိုင်သောယဇ်ပုရောဟိတ်မင်းအမှန်ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ဤသမ္မာတရားကို ရှင်းရှင်းလင်းလင်းနားလည်ဖို့ရန် အကျွန်ုပ်အား အခွင့်ပေးတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၂၆)
**ဟေဗြဲ ၈း၁-၁၃**
ယေ ၃၁း၃၁-၃၄

*"ထိုသူတို့က၊ ထာဝရဘုရားကိုသိလော့ဟု၊ အမျိုးသားချင်း. . . တယောက်ကိုတယောက် ဆုံးမဩဝါဒမပေးရကြ။. . . အကြောင်းမူကား၊. . . ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်"*

## ဒုတိယပဋိညာဉ်တရား၏ ရည်ရွယ်ချက်

ယေရှုခရစ်သည် ပဋိညာဉ်တရားသစ်၏ ဖျန်ဖြေသူအမှန်ဖြစ်ကြောင်းကို ပြီးခဲ့သောစာပိုဒ်တွင် သက်သေထူခဲ့ပြီးဖြစ်၏။ တမန်တော်တို့ဟောသော သတင်းစကားသည် ဘုရားသခင်ကတိတော်ပေးထားခဲ့သည့်အတိုင်း ကမ္ဘာပေါ်ရှိတိုက်ကြီးများအားလုံးသို့ ပျံ့နှံ့ခဲ့၏။ ပဌမတရားမှာ စုံလင်ခြင်းမရှိသောကြောင့် ဒုတိယတရားလိုအပ်၏။ ဤစာအုပ်တွင် ဤအချက်ကိုများစွာဖော်ပြထား၏။

ပညတ်တရားသည် အားမရှိ၊ အကျိုးကိုမပေးနိုင်သောကြောင့် ပယ်ရှင်းခြင်းသို့ရောက်ကြောင်းကို ဟေဗြဲ ၇း၁၈ ကပြောဆိုထား၏။ သမ္မာကျမ်းစာမှန်ကန်သောရှာဖွေမှုက ယုဒလူတို့အားရောက်လာမည့်ပြောင်းလဲမှုအတွက် ပြင်ဆင်ပေးခဲ့လိမ့်မည်။ ဟေဗြဲ ၈း၈-၁၃ တွင် ကျမ်းရေးသူက မိမိ၏ပရိသတ်တို့အား ပရောဖက်တို့အားဖြင့် ဘုရားသခင်ပေးခဲ့သော ကတိတော်အကြောင်းကို ပြန်လည်အမှတ်ရစေ၏။ ပဋိညာဉ်သစ်မှာ သူတို့မသိခဲ့သောအရာမဟုတ်ကြောင်းကို ပြသဖို့ရန် ယေရမိအနာဂတ္တိကျမ်း ၃၁း၃၁-၃၄ မှကျမ်းချက်တို့ကို သူကိုးကားခဲ့၏။ ဤအချက်မှာ ထိုကတိတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ "ပဌမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်၍ မိန့်တော်မူသည်ကား၊ ငါသည် ဤလူမျိုး၏ဘိုးဘေးတို့ကို လက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသောအခါ၊ သူတို့၌ ငါပေးသောပဋိညာဉ်တရားနှင့် ခြားနားသောပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသောအချိန်ကာလရောက်လိမ့်မည်။ အရင်ငါပေးဘူးသော ပဋိညာဉ်တရား၌ သူတို့သည်မတည်ကြ။ ငါသည်လည်း သူတို့ကို မကြည့်ရှုမပြုစုဘဲနေ၏" (ဟေဗြဲ ၈း၈-၉)။

ဘုရားသခင်က ပဋိညာဉ်တရားသစ်ကို ယူဆောင်ခဲ့ပြီး မိန့်ကြားသည်မှာသူသည် သူတို့၏ဘုရားဖြစ်လိမ့်မည်ဟူ၍၎င်း သူတို့သည်သူ၏လူဖြစ်ကြလိမ့်မည်ဟူ၍၎င်း ဖြစ်၏။ သူက သူတို့သည် သင်ကြားသူမရှိဘဲ သူ့ကိုသိကြလိမ့်မည်ဟု ထပ်မံဖြည့်စွက်ခဲ့သည်။ ဘုရားသခင်သည် သူတို့အားဂရုဏာထား၍သူတို့၏လွန်ကျူးခြင်းနှင့် ပြစ်မှားခြင်းအပြစ်တို့ကို မအောက်မေ့ဘဲနေမည်ဖြစ်သောကြောင့် သူ၏ကျေးဇူးတော်ကို ပေါ်လွင်စေလိမ့်မည်။ ဤအချက်သည် ပဋိညာဉ်တရား၏ ဖျန်ဖြေသူခရစ်တော်အားဖြင့် ကြားဝင်ကျေနပ်စေခြင်း၏ အခြေခံအပေါ်တွင် ကျရောက်လာလိမ့်မည်။ ကယ်တင်ခြင်းသည် ကျေးဇူးတော်အားဖြင့်သာ အစဉ်အမြဲရပ်တည်၏။

ပဋိညာဉ်သစ်ရောက်လာခြင်းက အရင်ရှိနှင့်သော ပဋိညာဉ်ကိုအဟောင်းဖြစ်စေ၏။ ထို့ကြောင့် ထိုအဟောင်း၏သတ်မှတ်ချက်တို့ကို လေ့လာဖို့ရန် မလိုအပ်တော့ဘဲအသစ်ကိုသာဖက်တွယ်ထားကြဖို့ရန်ဖြစ်၏။ ဤအရာအားလုံးသည် ဘုရားသခင်၏ထာဝရအကြံအစည်တော်တွင် မှီခိုရပ်တည်၏။ ယုံကြည်သူတို့မှာ ဤကမ္ဘာမတည်မရှိမီကပင် ခရစ်တော်၌ ရွေးကောက်တော်မူခြင်းခံရသူတွေဖြစ်ကြ၏။ သင်သည် ရွေးချယ်ခံရပါသလား။

**ဆင်ခြင်ရန်** - ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းမှာအစအဦးကပင် ဖြစ်ပြီး အဆုံးတိုင်ထိုသို့ဖြစ်လိမ့်မည်။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုခရစ်အားဖြင့် ကိုယ်တော်၏ကျေးဇူးတော်ပေးကမ်းမှုကို ကျွန်ုပ်လက်ခံပါရစေ။

အင်္ဂါ၊ ဩဂုတ် (၂၇)

**ဟေဗြဲ ၉း၁-၁၀**

တောာ ၃း၆-၈ "သူတို့သည် ပရိသတ်စည်းဝေးရာတဲတော်ရှေ့မှာ . . . "

## ပဋိညာဉ်တရားဟောင်း၏အချက်အလက်များ

မောရှေ၏ပညတ်တရားတွင် ပဋိညာဉ်တရားဟောင်း၏အပြင်ပန်းနှင့်ဆိုင်သော လေ့လာရှာဖွေထားသည့်အချက်အလက်တို့ကို အသေးစိတ်ရှင်းလင်းပြသ၏။ သန့်ရှင်းရာဌာန၏ ဖွဲ့စည်းပုံ အသွင်ပြင်နှင့်၎င်း၏ ပရိဘောဂတို့ကို အသေးစိတ်ဖော်ပြပြီးဖြစ်၏။ ယဇ်ကောင်တို့နှင့်ယဇ်ပုရောဟိတ်တို့၏ လုပ်ပုံလုပ်နည်းတို့ကိုလည်း ပြသခဲ့ပြီးဖြစ်၏။ ဤအရာသည် သူတို့၏အသစ်ပြုပြင်ခြင်းခံရမည့်အရာကို မျှော်လင့်ခြင်းနှင့် သူတို့၏အရေးပါအရာရောက်ခြင်းကို ပြသဖို့ရန် ထပ်၍ဖော်ပြခြင်းဖြစ်ပါသည်။

သန့်ရှင်းရာဌာဟောင်း၏ဖွဲ့စည်းပုံသည် ဘုရားသခင်၏စည်းမျဉ်းများရှိကြပြီး လောကနှင့် ဆိုင်သော သန့်ရှင်းရာဌာနတော်သာဖြစ်သည်။ ဤစည်းမျဉ်းတို့မှာ ယဇ်ပုရောဟိတ်တို့သည် မိမိတို့၏ သာသနာကိုမည်သို့မည်ပုံထမ်းရွက်ကြရမည့်အကြောင်း၊ လမ်းညွှန်ချက်တို့ဖြစ်၏။ သန့်ရှင်းရာဌာနမှာ တဲတော်တစ်ခု (ရွှေ့၍ရသောတဲ) ဖြစ်သောကြောင့် ဖွဲ့စည်းပုံ၏ အစိတ်အပိုင်း၊ အရွယ် အစားနှင့် အရောင်အပါအဝင်၊ အားလုံးကိုရှင်းလင်းစွာ ရေးဖွဲ့လို့ရသည်။ မူလညွှန်ကြားချက်တွင် ဘုရားသခင်က မောရှေအား ဤအချက်ကို ပြောထားခဲ့၏။ "ငါသည် သင်တို့တွင်ကျိန်းဝပ်ရာဘို့ သန့်ရှင်းရာဌာနကို လုပ်ကြစေ။ ငါပြသမျှသော တဲတော်ပုံ၊ တဲတော်တန်ဆာပုံနှင့်အညီ လုပ်ရမည်" (ထွက် ၂၅း၈-၉)။ ထိုတဲတော်အတွက် ဘုရားသခင် သည် ဤညွှန်ကြားချက်ကို ပေးခဲ့ခြင်းမှာ ထိုကာလအတွက်ကျိုးကြောင်းဆီလျှော်တော်မူ၏။ အဘယ်ကြောင့်ဆိုသော်၊ ဣသရေလလူတို့သည် ခရီးသွားနေကြရပြီး၊ နေထိုင်ရာ အတည်တကျမရှိခဲ့ကြပေ။ ဣသရေလလူတို့သည် တခြားသောအရပ်သို့ ရွှေ့သွားကြရသည့်အချိန်တိုင်းတွင် ထိုတဲတော်ကို တစ်စစီဖြုတ်၍ ပရိဘောဂနှင့်အစိတ်အပိုင်းတို့ကို သယ်ယူဖို့ရန်အတွက် လေဝိအမျိုးသားတို့ကို ခန့်ထားကြ၏ (တောာ ၃း၆-၈၊ ၂၁-၃၇)။

သူတို့သည် ကတိတော်ပြည်သို့အခြေချပြီးနောက်ပိုင်းတွင် တဲတော်အား သန့်ရှင်းရာဌာန အဖြစ် နှစ်ပေါင်းများစွာဆက်လက်အသုံးပြုခဲ့ကြ၏။ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာသောအခါ၊ သူသည် အတည်တကျဖြစ်သောအဆောက်အအုံလိုအပ်ကြောင်းကို မြင်တွေ့ခဲ့၏။ သူသည် ထိုရည်ရွယ်ချက်အတွက် ကျောက်များနှင့်သစ်သားတို့ကို ပြင်ဆင်ထား၏။ ထာဝရဘုရားက သူ၏ ဆန္ဒကို သဘောတူခွင့်ပြုသော်လည်း ထိုအရာကို တည်ဆောက်ခွင့်ကိုမူ မပေးခဲ့ပေ။ ရှောလမုန် မင်းကြီးသည် ထိုအဆောက်အအုံကို ပြီးစီးခဲ့၍ အပ်နှံခြင်းကိုပြုခဲ့၏။ ၎င်း၏ပုံစံမှာ အရွယ်အစားနှင့် ပရိဘောဂနှစ်ခုတွင် တဲတော်ကဲ့သို့ပင်ဖြစ်၏။ သူတို့က မောရှေ၏ပညတ်တရားအတိုင်း ပဋိညာဉ် တရား၏အချက်အလက်တို့သည် ကျန်ရှိနေကြောင်းကို သေချာစေကြ၏။ ဤအချက်မှာ သူတို့သည် အသစ်သောပဋိညာဉ်ကိုစောင့်မျှော်နေခဲ့ကြစဉ် ရုပ်ဝတ္ထုနှင့်ဆိုင်သော သင်ခန်းစာဖြစ်၏။

**ဆင်ခြင်ရန်** - ပဋိညာဉ်ဟောင်းနှင့်အသစ်တို့သည် တစ်ပါးတည်းသောဘုရားသခင်ပြုလုပ်ခဲ့သည့်အလွန်လိုက်ဖက်သော ပဋိညာဉ်တရားများဖြစ်ကြ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ပဋိညာဉ်တရားတို့၏တန်ဖိုးကို နားလည်နိုင်ရန် အကျွန်ုပ်အား ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၂၈)
**ဟေဗြဲ ၉း၁-၁၀**
ထွက် ၃၀း၁၀

*“. . . တနှစ်တခါ ထိုသို့ပြုရကြမည်။ ထာဝရဘုရားအား အလွန်သန့်ရှင်းသော ယဇ်ပလ္လင်ဖြစ်သတည်း”*

## ဟောင်းသောသန့်ရှင်းရာဌာနတော်၏ဝန်ဆောင်မှု

တဲတော်တွင် ကုလားကာအားဖြင့် ပိုင်းခြားထားသောအခန်းနှစ်ခန်းရှိ၏။ ၎င်းတို့မှာ သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံးဌာနတို့ဖြစ်၏။ သန့်ရှင်းရာဌာနတွင် အဦးဆုံးသောပရိဘောဂ တစ်ခုမှာ အကာရှသစ်သားဖြင့် လုပ်ထားသောစားပွဲဖြစ်၏။ ထိုစားပွဲပေါ်တွင် ရှေ့တော်မုန့်ကို အမြဲထားရ၏။ ၎င်းမုန့်မှာ ယဇ်ပုရောဟိတ်တို့သာ စားသုံးနိုင်သည့်သန့်ရှင်းသောမုန့်ဖြစ်၏။ ဤအရာများကို မီးခုံးတိုင်တဘက်တချက် သုံးလက်စီထွက်၍၊ အလက်ခြောက်လက်ရှိသော ရွှေမီးခွက် (သို့) မီးခုံးနှင့်အတူတကွ သန့်ရှင်းရာဌာန ပဌမအရပ်တွင် ထားရမည်။ ၎င်း၏ အသွင်သဏ္ဍာန် အသေးစိတ်ကိုထွက်မြောက်ရာကျမ်းတွင် ပေးထား၏။ တဲတော်၏ပတ်လည်တွင် ကြေးဝါနှင့် သုတ်လိမ်းထား၍ အကာရှသစ်သားဖြင့်လုပ်ထားသော ယဇ်ပလ္လင်တခုလည်းရှိ၏။ ယဇ်ပုရောဟိတ်တို့လက်ဆေးစရာဖို့ အသုံးပြုဖို့ရန် ကြီးမားသောကြေးဝါအင်တုံတစ်ခုလည်း ရှိ၏(ထွက် ၃၀း၁၇-၂၁)။ တဲတော်၏ ဤအခန်းကိုယဇ်ပုရောဟိတ်တို့က နေ့စဉ်အခြေခံလိုအပ်ချက်အတွက် အသုံးပြုရကြ၏။

အသန့်ရှင်းဆုံးဌာနဖြစ်သော ဒုတိယအခန်းတွင် ရွှေလင်ပန်းနှင့်ရွှေဖြင့် မွမ်းမံသော ပဋိညာဉ်သေတ္တာရှိ၏။ ထိုပဋိညာဉ်တရားသေတ္တာ၌ မန္နမုန့်ကိုထားသောရွှေအိုး၊ အပွင့်ပွင့်သော အာရုန်၏လှံတံ၊ ပဋိညာဉ်တရားကို ရေးထားသောကျောက်ပြားတို့ရှိကြသည်။ သေတ္တာတော်ကိုဖုံးအုပ်ထားသောဂရုဏာပလ္လင်တော်ကို ခေရုဗိမ်သည်လွှမ်းမိုးထားလျက်ရှိ၏။ ဤနေရာသည် အသန့်ရှင်းဆုံးသောနေရာဖြစ်၍ ထိုနေရာတွင်ရှိသောပရိဘောဂတို့မှာ အလွန်အသုံးနည်း၏။ ထိုအရာတို့သည် သင်္ကေတအတွက်သာဖြစ်ကြ၏။ ပဋိညာဉ်သေတ္တာတော်ကို အရေးကြီးဆုံးသောပရိဘောဂအစိတ်အပိုင်းအဖြစ် စွဲကိုင်ထားကြ၏။ ၎င်းသည် ဗာဗုလုန်လူတို့က ဗိမာန်တော်ကိုဖျက်ဆီးခဲ့သည့်တိုင်အောင်ကျန်ရှိနေခဲ့၏။

ယဇ်ပုရောဟိတ်တို့က ပဋိညာဉ်တရားဟောင်း၏ပူဇော်သက္ကာတို့ကို တဲတော်၏ပဌမအခန်းတွင် နေ့စဉ်ပူဇော်ခဲ့ကြ၏။ တဲတော်၏ဒုတိယအခန်းတွင် ယဇ်ပုရောဟိတ်မင်းသည် အပြစ်ဖြေရာနေ့၌ “မိမိ၏အပြစ်ကြောင့်၎င်း၊ လူများအပြစ်ကြောင့်၎င်း၊ ပူဇော်သောအသွေးကိုဆောင်၍ တနှစ်လျှင် တစ်ခါတည်းသာဝင်ရ၏” (ဟေဗြဲ ၉း၇)။ ဤဟေဗြဲဩဝါဒစာကို ရေးသောသူက သန့်ရှင်းသော ဝိညာဉ်တော်သည် “ပဌမတဲတော်မပျက်မှီတိုင်အောင်၊ အသန့်ရှင်းဆုံးဌာနသို့သွားသော လမ်းမဖွင့်သေးသောအကြောင်းကို” ကြိုတင်နိမိတ်ပေးထား၏ (ဟေဗြဲ ၉း၈)။

**ဆင်ခြင်ရန်** - သန့်ရှင်းခြင်းမှာ အကြီးမားဆုံးသောတောင်းဆိုချက်အမြဲဖြစ်၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည်သန့်ရှင်းသောသူဖြစ်ဖို့ရန် အစဉ်အမြဲကြိုးစားပါရစေ။

ကြာသပတေး၊ ဩဂုတ် (၂၉)
**ဟေဗြဲ ၉း၁-၁၀**
၁ ယော ၁း၅-၉

*“. . . ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။”*

## ယဇ်ပူဇော်ခြင်း၏အဓိပ္ပာယ်

ကျမ်းရေးသူက ပဋိညာဉ်တရားဟောင်း၏အချက်အလက်တို့ကို ထပ်၍ပြောဆိုခြင်းသည် သင့်လျော်သည်ဟုယူဆ၏။ အကြောင်းမှာ ဤအရာကိုစာဖတ်သူတို့က အလွန်ရင်းနှီးကျွမ်းဝင်ပြီးသား အရာဖြစ်သောကြောင့် ဖြစ်သည်။ သူတို့သည် ၎င်း၏ဝိညာဉ်ရေးရာနှင့်ဆိုင်သော အရေးပါမှုကို နားလည်ဖို့ရန်လိုအပ်ကြ၏။ ဤသည်မှာ တောင်းဆိုထားသောတာဝန်ဖြစ်ပြီး၊ ၎င်းဖော်ပြပါအချက် အလက်တို့ကို မှန်ကန်စွာလေ့လာထားကြရပါမည်။ Albert Barmes (Notes on the Bible) က ဤအခန်းကြီး၏အတိုချုပ်ကို ဤသို့ပေးထား၏။ “ဤဟေဗြဲအခန်းကြီး ၉ ၏ ယေဘုယျပုံစံမှာ အရင်အခန်းကြီးနှစ်ခန်းနှင့် တူညီခြင်းရှိ၍ ခရစ်တော်သည် ယုဒလူတို့နှင့်ဆိုင်သော ယဇ်ပုရောဟိတ် မင်းထက်သာ၍ ကြီးမြတ်သောယဇ်ပုရောဟိတ်မင်းဖြစ်ကြောင်းကို ပြသ၏။ ဤတမန်တော်က ခရစ်တော်၏ရာထူးနှင့်ပတ်သတ်၍၎င်း၊ သူသည် ထိုကာလ၌ရှိသောဖျန်ဖြေသူဖြစ်ကြောင်းကို၎င်း၊ ဟုတ်မှန်ကြောင်းကို ပြသခဲ့ပြီ။ ယခုတွင် တမန်တော်က ယေရှုပြုခဲ့သောယဇ်ပူဇော်ခြင်း၏ အစွမ်းကို ရည်ညွှန်းခြင်းမှာ အမှန်ဖြစ်ကြောင်းပြသဖို့ရန် ဆက်လက်ဆွေးနွေးထား၏။ ထိုအကြောင်းကြောင့် သူကယုဒလူတို့၏ရှေးက ယဇ်ပူဇော်ခြင်းဖြစ်စဉ်ကိုပြ၍ထိုအရာတို့ကို ကယ်တင်ရှင်လုပ်သော ယဇ်ပူဇော်ခြင်းနှင့်နှိုင်းယှဉ်ဖော်ပြထား၏။ အရေးကြီးသောအချက်မှာ အရင်ခေတ်ကအရာသည် အရိပ်၊ သင်္ကေတ (သို့) ရုပ်ပုံမျှသာဖြစ်ပြီး နောက်ပိုင်းမှလာသောအရာမှာ စစ်မှန်သောအရာဖြစ်ပြီး အစွမ်းလည်းထက်၏။”

ယဇ်ပူဇော်ခြင်းသည် မျက်မှောက်ကာလ၏ ပုံရိပ်ဖြစ်သည်ဟု ဟေဗြဲ ၉း၉က ပြောဆိုထား၏။ ၎င်းတွင် မိမိ၏အဓိပ္ပာယ်ပြည့်ဝစေသည့်အဓိပ္ပာယ်ပြန်ဆိုခြင်းနှင့် သင်္ကေတနှင့်ဆိုင်သော အဓိပ္ပာယ်ရှိကြောင်းကို ရည်ညွှန်းဖော်ပြချက်တစ်ခုဖြစ်၏။ ဟေဗြဲလူတို့သည် မိမိတို့ကိုယ်စား အခြားသောအသက်ကိုပေးရသည့် ပူဇော်သက္ကာမျိုးကိုပေးရသည်။ ဤကိုယ်စားပြုခြင်းတို့က လူသား အားလုံး၏အပြစ်အတွက် မိမိ၏အသက်ကိုစတေးသောယေရှုခရစ်တော်၏ နောက်ဆုံးသောယဇ်ပူဇော်ခြင်းကို ညွှန်ပြခဲ့၏။ ယဇ်ပုရောဟိတ်တို့ပူဇော်ခဲ့သော ထိုပူဇော်ခြင်းတို့က သူတို့ကိုမစုံလင်စေနိုင်ပေ။ ယဇ်ပူဇော်ခြင်းနည်းလမ်းတွင် စားဖွယ်၊ သောက်ဖွယ်၊ အမျိုးမျိုးသောဆေးကြောစရာနှင့် သွေးသားနှင့်ဆိုင်သောစည်းမျဉ်း ပါဝင်သည်။ ဤစာပိုဒ်က ပြန်လည်ပြုပြင်ခြင်းကာလတွင် ဤယဇ်ပူဇော်ခြင်းတို့၏ မှန်ကန်သောအဓိပ္ပာယ်ကိုပေးဖို့ လိုအပ်ချက်ကို ရည်ညွှန်း၏။ ထိုပြန်လည်ပြုပြင်ခြင်း ကာလမှာ အမှန်ရောက်ရှိခဲ့ပြီးဖြစ်သည်။ အကြောင်းမူကား၊ ခရစ်တော်သည် ပညတ်တရားရည်ရွယ်ခဲ့သည့်အရာအားလုံးကို စုံလင်စေခဲ့ပြီးဖြစ်သောကြောင့် ထိုယဇ်ပူဇော်ခြင်းတို့ကို ထိန်းသိမ်းထားဖို့ရန် မလိုအပ်တော့ပေ။

**ဆင်ခြင်ရန်** - လူတိုင်းသည် သိုးသူငယ်၏အသွေးတော်အားဖြင့် ဆေးကြောခံရဖို့လိုအပ်ကြ၏။
**ဆုတောင်းချက်** - အဖဘုရား၊ သိုးသူငယ်ဖြစ်သောယေရှုခရစ်တော်၏ အသွေးတော်အားဖြင့်ဝိညာဉ် ဆေးကြောခြင်း၌ ကျွန်ုပ်၏ယုံကြည်ခြင်းကိုရှိစေတော်မူပါ။

သောကြာ၊ ဩဂုတ် (၃၀)

**ဟေဗြဲ ၉း၁၁-၂၈**

ယော ၁၉း၂၆-၃၇

*"ယေရှုသည် ပုံးရည်ကိုခံပြီးမှ၊ အမှုပြီးပြီဟု မိန့်တော်မူလျက်. . ."*

## ပဋိညာဉ်တရားသစ်၌ရှိသော

ပဋိညာဉ်တရားဟောင်းသည် ရောက်ရှိလာမည့်ကောင်းမြတ်သောအရာ၏ ပုံရိပ်ဖြစ်နေစဉ်တွင် ၎င်း၏အဓိပ္ပာယ်ကိုယခုဖွင့်ပြလျက်ရှိ၍ ၎င်းသည် ခရစ်တော်၌ပြည့်စုံခဲ့ပြီဖြစ်ကြောင်းကို အတည်ပြုရ၏။ အသွေးသွန်းလောင်းခြင်းသည် အပြစ်တို့ကိုခွင့်လွှတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းကို ယူဆောင်လာပေးသည့် အဓိကသော့ချက်ဖြစ်၏။ ပဋိညာဉ်တရားဟောင်းတွင်ဝတ်ပြုခြင်းမှာ အကြိမ်ကြိမ်လုပ်နေရစဉ် ခရစ်တော်သည်မိမိကိုယ်ကို တစ်ကြိမ်သာပူဇော်ခဲ့၍ ဖျန်ဖြေသူအဖြစ် ဆက်လက်တည်ရှိနေ၏။

တရားဟောင်းသည် ခရစ်တော်၌ပြည့်စုံတော်မူ၏။ အဘယ်ကြောင့်ဆိုသော် သူသည်ကောင်းသောအရာရောက်လာဖို့ရန်အတွက် ဘုရားသခင်၏ယဇ်ပုရောဟိတ်မင်းဖြစ်၏။ ရုပ်ပုံသည်လက်တွေ့နှင့်အလွန်ခြားနား၏။ နှစ်စဉ်နှစ်တိုင်း ပူဇော်သည့်ထောင်သောင်းများစွာသော ပူဇော်သက္ကာတို့သည် ခရစ်တော်ကိုကိုယ်စားပြုခဲ့ကြ၏။ ခရစ်တော်သာ စစ်မှန်သောယဇ်ပုရောဟိတ်မင်းဖြစ်၍ သူ၏ပူဇော်သက္ကာသည်သာ စစ်မှန်သောပူဇော်သက္ကာဖြစ်၏။ သူသည်လက်ဝါးကပ်တိုင်၌ အသေခံနေစဉ်တွင် "အမှုပြီးပြီ" ဟု (ရှင်ယောဟန် ၁၉း၃၀) ကြွေးကြော်ခဲ့၏။ ဤအချက်မှာ ဤလောကတွင် လာရောက်ပြည့်စုံစေမည့်အမှုတော်ကို ပြီးစီးခဲ့ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ထိုအချက်က သူ့အမှုတော်၏အဆုံးသတ်ခြင်းကို မဆိုလိုဘဲ၊ ဘုရားသခင်၏တောင်းဆိုချက်ကို ဖြည့်ဆည်းပေးရန်နှင့် လူ၏ရွေးနှုတ်ကယ်တင်ခြင်းကို ယူဆောင်လာပေးဖို့ အပြစ်မှခွင့်လွှတ်ခြင်းရရှိဖို့ရန်အတွက် ပေးထားသည့် အဖိုးအခကိုဆိုလို၏။ ဤကျမ်းပိုဒ်က ယေရှုသည်ကျွန်ုပ်တို့အတွက် ထာဝရရွေးနှုတ်ကယ်တင်ခြင်းကို ရရှိခဲ့သည်ဟု ဖော်ပြ၏။ ဤအချက်မှာ ပဋမအကြိမ်ခရစ်တော်ကြွလာခြင်း၏ ရည်ရွယ်ချက်၏ သမိုင်းမှတ်တိုင်ဖြစ်၏။

ဤကျမ်းပိုဒ်က ခရစ်တော်၏အသွေးတော်မှာ တိရစ္ဆာန်တို့၏အသွေးနှင့်နှိုင်းယှဉ်ခြင်းကို ပြုရာတွင် အလွန်သာလွန်ကြီးမြတ်ကြောင်းကို ဖော်ပြထား၏။ "အကြောင်းမူကား၊ အညစ်အကြေးရှိသောသူတို့အပေါ်၌ ဖြန်းသောနွားအသွေး၊ ဆိတ်အသွေး၊ နွားမကလေး၏ပြာသည်၊ သူတို့ကိုယ်ခန္ဓာ၌ စင်ကြယ်ခြင်းကိုပြုနိုင်သည်မှန်လျှင်၊ ထိုမျှမက၊ အပြစ်ကင်းသော ကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင့်ရှေ့၌ တင်လျှူပူဇော်သောခရစ်တော်၏ အသွေးသည်၊ သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည်အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသော စိတ်ကိုစင်ကြယ်စေခြင်းငှါ၊ သာ၍တတ်နိုင်တော်မူသည်မဟုတ်လော" (ဟေဗြဲ ၉း၁၃-၁၄)။ ခရစ်တော်ကြွလာခြင်းသည် ပဋိညာဉ်တရားဟောင်း၏ အသစ်ဆီသို့ပြောင်းလဲခြင်းဖြစ်သည်။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ရွေးနှုတ်ကယ်တင်ခြင်းလုပ်ငန်းကို စုံလင်စေဖို့ရန်အတွက် ယဇ်ပုရောဟိတ်နှင့်ယဇ်ကောင်နှစ်ခုလုံး ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ရှင်၏သားတော်ကို ကျွန်ုပ်၏ရွေးနှုတ်ကယ်တင်ခြင်းအတွက် ကိုးစားပါ၏။

စနေ၊ ဩဂုတ် (၃၁)
**ဟေဗြဲ ၉း၁၁-၂၈**
မာ ၁၄း၂၄-၂၅

*"ကိုတော်ကလည်း၊ ဤခွက်ကား၊ ပဋိညာဉ် တရားသစ်နှင့်ဆိုင်၍၊ လူမျိုးအဘို့အလို့ငှါ သွန်းသောငါ၏ အသွေးဖြစ်၏"*

## အသွေးသည် သန့်ရှင်းစင်ကြယ်ခြင်းအတွက် လိုအပ်၏

မောရှေ၏ပညတ်တရားကို မဖွဲ့စည်းမှီ ကြာရှည်ပြီးသောကာလတွင် လူတို့သည် အသွေးပူဇော်ခြင်းလိုအပ်ကြောင်း သမ္မာတရားကိုသိရှိခဲ့ကြ၏။ အာဗေလမှာ ထိုအရာကိုအဦးဆုံး လုပ်သောသူဖြစ်၏။ မောရှေ၏ခေတ်ကာလမတိုင်မီတွင် ဖော်ပြထားသည့်အခြားသူတို့မှာ နောဧနှင့် ယောဘတို့ဖြစ်ကြ၏။

အသွေးသွန်းလောင်းခြင်းသည် ပဌမပဋိညာဉ်တရားတွင် လိုအပ်သောအရာဖြစ်၏။ မောရှေကိုယ်တိုင်က နွားသူငယ်နှင့်ဆိတ်အသွေးတို့အား စာအုပ်ပေါ်နှင့်လူထုတို့အပေါ်သို့ ဖျန်းဖို့ရန် အသုံးပြုခဲ့၏။ သူသည်တဲတော်နှင့်အိုးခွက်တို့အပေါ်ကိုလည်း အသွေးကိုဖျန်း၏။ တိရစ္ဆာန်ပူဇော်ခြင်းကို နားလည်ထားကြသည်မှာ ကိုယ်ခန္ဓာကိုသန့်ရှင်းစေခြင်းဟူ၍ ဖြစ်၏။ ဤအချက်မှာ ဝတ်ပြုပုံစံအဟောင်းကို လွှမ်းမိုးထားသည့်ဓလေ့ထုံးတမ်းဖြစ်၏။ ယဇ်ပုရောဟိတ်တို့သည် အသွေးပူဇော်ခြင်းလုပ်ငန်းကို လုပ်ဆောင်ဖို့ရန် အမြဲတမ်းခန့်အပ်ထားခြင်းခံရ၏။ ယဇ်ပုရောဟိတ်မင်းကလည်း၊ အသန့်ရှင်းဆုံးသောယဇ်ကောင်ကို တစ်နှစ်တွင်တစ်ကြိမ် ပူဇော်ရ၏။ ဤအချက်တို့ကို မေရှိယကြွလာသည့်အချိန်ထိတိုင်အောင် အကြိမ်ကြိမ်လုပ်ဆောင်ဖို့ရန်ဖြစ်၏။

တမန်တော်တို့က ပဋိညာဉ်တရားသစ်နှင့်အတူပါလာမည့်ပြောင်းလဲခြင်းအကြောင်း၏ အသေးစိတ်ကိုမိန့်ကြားကြရာတွင် အပြင်ပိုင်းလေ့လာခြင်းတို့ကို အရေးမစိုက်ကြပေ။ နည်းလမ်းဟောင်းကိုအသုံးပြုခဲ့ကြပြီးသော လူတို့ကိုနည်းလမ်းသစ်အား လက်ခံကြဖို့ရန်လွယ်ကူစွာဆွဲဆောင်လို့ မရကြပါ။ သူတို့၏နားလည်ခြင်းဉာဏ်ကို လင်းစေနိုင်ဖို့ရန်မှာ ဘုရားသခင်၏ ဝိညာဉ်တော်သာ တတ်နိုင်တော်မူ၏။ အသစ်သောနည်းလမ်းကို လက်ခံသောသူတို့သည်လည်း ၎င်းအား လက်တွေ့အသုံးချပုံနှင့် အချက်အလက်တို့အား သိရှိရန်လိုအပ်၏။

ပဋိညာဉ်တရား၌ သက်သေခံသူရှိရပါမည်။ ထိုပဋိညာဉ်သည် ထိုသက်သေခံသူသေဆုံးပြီးနောက်တွင်ပင် ကျန်ရစ်တတ်၏။ ဤအချက်အားလုံးကို ဟေဗြဲ ၉း၂၂ တွင် အတိုချုံးထား၏။ "ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတတ်အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။" ဤအရာကို ထွက်မြောက်ရာကျမ်း ၂၉း၁၂ နှင့် ဝတ်ပြုရာကျမ်း ၈း၁၅ တွင် ပညတ် ထားခဲ့၏။ မောရှေက အသွေးကိုယဇ်ပလ္လင်၏ဦးချိုတွင်ထား၍၊ သန့်ရှင်းစေဖို့ရန်၎င်း၊ ပြန်လည်သင့်မြတ်စေဖို့ရန်၎င်း ယဇ်ပလ္လင်၏အောက်ခြေနားတစ်ဝိုက်လုံးကို ထိုအသွေးအား သွန်းလောင်းတော်မူ၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အပြစ်ကိုဘယ်အရာက ဆေးကြောပစ်နိုင်ပါမည်နည်း။ ယေရှု၏ အသွေးတော်မှအပ အခြားအရာမရှိပေ။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် နှင်းထက်ပို၍ဖြူဖွေးနိုင်သောကြောင့် ကိုယ်တော်ရှင်ကို ကျေးဇူးတင်ပါ၏။

## ခရစ်တော်သည် ပဋိညာဉ်တရားသစ်၏ဖျန်ဖြေသူဖြစ်၏

ခရစ်တော်သည် "ပဋိညာဉ်တရားသစ်၏အာမခံ" (ဟေဗြဲ ၉း၁၅) ဟူ၍ခေါ်ခြင်းခံရ၏။ ဤအရာသည် ဘုရားသခင်၏ကတိတော်အတိုင်း ရောက်လာခြင်းဖြစ်၏။ ခရစ်တော်သည် ဖျန်ဖြေသူဖြစ်သကဲ့သို့ ထာဝရနှင့်ဆိုင်သောအမွေတော်အတွက် ကတိတော်တို့ကိုအာမခံရန်အလို့ငှါ ပညတ်တော်၏တောင်းဆိုချက်အားလုံးကို ဖြည့်ဆည်းခဲ့၏။ ခရစ်တော်၏ဤလုပ်ငန်းကိုဤဟေဗြဲဩဝါဒစာတွင် အကြိမ်ကြိမ်ဖော်ပြထား၏။ အဘယ်ကြောင့်ဆိုသော်၊ ထိုအမှုမှာ သူကြွလာခြင်း၏အရေးကြီးဆုံးသောရည်ရွယ်ချက်ဖြစ်၏။

သခင်ယေရှုခရစ်တော်က နောက်ဆုံးသောညစာသုံးဆောင်သောအခါ၊ စပျစ်ရည်သည် လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှါ သွန်းသောပဋိညာဉ်တရားသစ်နှင့် ဆိုင်သော သူ၏အသွေးတော်ဖြစ်၏ဟူ၍ မိန့်ဆိုခဲ့၏။ ဤအချက်မှာ အသင်းတော်အားသူ့ကို အောက်မေ့ဖို့ရန် လုပ်ဆောင်ဖို့မိန့်ဆိုထားသောအရာဖြစ်၏။ ထိုညတွင်ပင် သူသည်အဖမ်းခံရ၍ နောက်ပိုင်းတွင် ကားတိုင်တင်သတ်ခြင်းကိုခံခဲ့ရ၏။ စစ်သူရဲသည် သူ့နံဘေးအားထိုးဖောက်သောအခါ သူ၏အသွေးတော်သည် စီးကျခဲ့၏။ ရောမလူတို့နှင့်သူ့အားစွပ်စွဲသောယုဒလူတို့က သူ့ကိုသေသင့်သည့်သာမန်ရာဇဝတ်သားကဲ့သို့ ရှုမြင်ခဲ့ကြ၏။ သို့သော် သူတို့သည် ဘုရားသခင်၏ကတိတော်ကို စုံလင်စေခဲ့ကြခြင်းဖြစ်ကြောင်းကို မသိရကြပေ။

သခင်ဘုရားကကျမ်းစာ၌ရေးထားသည့်အတိုင်း လူသားသည် သွားရလိမ့်မည်။ သို့သော်လည်း၊ သူ့ကိုသစ္စာဖောက်သောသူအပေါ်တွင် ကျိန်ခြင်းကိုမြွက်ဆို၏ဟူ၍ ပြောဆိုသောအခါ ဆန့်ကျင်သည်ဟုထင်ရသောဤအချက် (*paradox*) ကိုရှင်းပြခဲ့သည်။ သူကထိုကဲ့သို့သောသူသည် မမွေးဖွားလျှင်သာ၍ ကောင်းကြောင်းကိုဖြည့်စွက်ထား၏။

ခရစ်တော်၏သေခြင်းနှင့်ကားတိုင်၌ တင်သတ်ခံရခြင်း၏ဖြစ်ရပ်တစ်ခုလုံးမှာ အပြစ်ကိုလွှတ်ဖို့ရန်အတွက် အသွေးတောင်းဆိုချက်ကို စုံလင်စေဖို့ရန်ဖြစ်၏။ ပင်တေကုတ္တေနေ့တွင် ပေတရုဟောကြားသောအခါ၊ ကြားနာသောသူတို့အား တိုက်တွန်းခဲ့သည်မှာ၊ "ပေတရုကလည်း သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင်တရ၍ တယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်" (တမန် ၂း၃၈)။ ကယ်တင်ခြင်းသည် ယေရှု၏အသွေးတော်သွန်းလောင်းခြင်းကြောင့်သာ ဖြစ်နိုင်၏။

**ဆင်ခြင်ရန်** - ဖျန်ဖြေသူအဖြစ် ခရစ်တော်၏အလုပ်သည် လိုအပ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုခရစ်တော်သည် ကြားဝင်ဖျန်ဖြေခြင်း အကြောင်းဖြစ်သည်ကို သိရှိခြင်း၌ အကျွန်ုပ်သည်နှစ်သိမ့်ခြင်းကို ရှာတွေ့ပါရစေ။

တနင်္လာ၊ စက်တင်ဘာ (၂)

**ဟေဗြဲ ၉း၁၁-၂၈**

၂ ကော ၅း၁၈-၂၁

*"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏. . . "*

## သာ၍ကောင်းမြတ်သောယဇ်ပူဇော်ခြင်း လိုအပ်ရခြင်း

ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့ကို လောကီနည်းလမ်းထက်သာ၍ကောင်းသောယဇ်ပူဇော်ခြင်းဖြင့် သန့်ရှင်းစေဖို့လိုအပ်၏။ ခရစ်တော်၏ယဇ်ပူဇော်ခြင်းထက်သာ၍ ကောင်းသောယဇ်ပူဇော်ခြင်းမျိုးမရှိနိုင်ပေ။ သူသည် လူ့လက်ဖြင့်မလုပ်သောအရပ်သို့ ဝင်ရောက်ခဲ့၍ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ရှေ့တော်၌ပေါ်ထွက်နေ၏။ အထပ်ထပ်ပြန်၍ပူဇော်ရသော ပဋိညာဉ်တရားဟောင်းနှင့်မတူဘဲ သူသည်မိမိကိုယ်ကို တကြိမ်သာပူဇော်ခဲ့၏။ သူ၏တကြိမ်ပူဇော်မှုက အလုံးစုံလုံလောက်၏။ မိမိကိုယ်ကို ယဇ်ပူဇော်ခြင်းအားဖြင့် အပြစ်တရားကိုဖယ်ရှားခဲ့၏။ နည်းလမ်းဟောင်းယဇ်ပူဇော်ခြင်းမှာ ခရစ်တော်၏ပူဇော်သက္ကာအားဖြင့် အကျိုးခံစားကြမည့်သူတို့အား သတိပေးဖို့ရန်အတွက်ဖြစ်၏။

ခပ်သိမ်းသောအရာတို့၏အဆုံးသည် လူသည်တခါဘဲသေ၍ ထိုနောက်မှတရားစီရင်ခြင်းခံရမည်အကြောင်း ကြေညာခြင်းအမှုပင်ဖြစ်သည်။ သူတို့သည် ခရစ်တော်အား ယုံကြည်သည်ဖြစ်စေ (သို့) မယုံကြည်သည်ဖြစ်စေ ဤအချက်မှာ အရေးကြီးဆုံးအပိုင်းဖြစ်လိမ့်မည်။ ခရစ်တော်သည် များစွာသောသူတို့၏အပြစ်များကို သယ်ဆောင်ဖို့ရန် တကြိမ်ပူဇော်ခြင်းကို ခံတော်မူ၏။ သူသည် ကယ်တင်ခြင်းအတွက် သူ့အားယုံကြည်သည့်လူတို့ထံသို့ ဒုတိယအကြိမ်ထင်ရှား လာလိမ့်မည်။

လောကီသားတို့၏အပြစ်များအတွက် ခရစ်တော်၏မိမိကိုယ်ကို ပူဇော်ခြင်းအရာမှာ ဘုရားသခင်၏ထာဝရကာလကပင် ကြိုတင်ခန့်မှန်းထားခြင်းဖြစ်၏။ ၎င်းကို ကမ္ဘာဦးကျမ်း ၃း၁၅ တွင် အဦးဆုံးအကြိမ်ထုတ်ဖော်ခဲ့၏။ "သင်နှင့် မိန်းမကို၎င်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို၎င်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။" ဤအရာက ဧဝံဂေလိသတင်းကောင်း၏မူလအစကို ရည်ညွှန်းထား၏။ ဘုရားသခင်က ပဋိညာဉ်တရားဟောင်း၏ကတိတော်တို့ကို ခရစ်တော်၏ ပဌမအကြိမ်ကြွလာခြင်း၌ ပြည့်စုံစေခဲ့၏။

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းက နောက်ဆုံးသောဆုလက်ဆောင်ကို ဖော်ပြလိမ့်မည်။ ဆုလက်ဆောင်အဖို့ တရားစီရင်ခြင်းနှင့်အပြစ်ဒဏ်ပေးဖို့ တရားစီရင်ခြင်းရှိကြလိမ့်မည်။ ဘယ်ဆုလက်ဆောင်ကို သင်မျှော်လင့်ပါသနည်း။ တစ်စုံတစ်ဦးသည် သခင်ဘုရားရှေ့တော်သို့ လာရောက်သောအချိန်တိုင်း၌ ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာတရားကိုအခြေခံ၍ မိမိ၏စိတ်နှလုံးကိုစမ်းစစ်ဖို့ရန် လိုအပ်၏။ ယေရှုသည် မိမိ၏အစေခံတို့အား ဆုလက်ဆောင်ပေးဖို့ ကြွလာသောအခါ အဘယ်သို့သောဆုလက်ဆောင်ကို သင်ရရှိမည်နည်း။

**ဆင်ခြင်ရန်** - ခရစ်တော်၏နေ့သည် အမှန်ရောက်လာလိမ့်မည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏သာ၍ကောင်းသော ယဇ်ပူဇော်ခြင်းကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

**ဟေဗြဲ ၁၀း၁-၁၈**
ဂလာ ၃း၂၄-၂၅

*"ယုံကြည်ခြင်းတရားသည် ရောက်လာသောအခါ၊ ငါတို့သည် ထိုအထိန်း လက်မှလွတ်ကြ၏"*

# ခရစ်တော်၏စုံလင်ခြင်း (၁)

ဤကျမ်းပိုဒ်က ခရစ်တော်၏စုံလင်ခြင်းကို မစုံလင်သောပညတ်တရားနှင့်အတူ နှိုင်းယှဉ်၍ အလေးပေးဖော်ပြထား၏။ ပညတ်တရားက ပဋိညာဉ်တရားဟောင်းကို ပုံဖော်ထားသော မောရှေအောက်တွင်ပေးထားသည့်ပညတ်ချက်များနှင့် စည်းမျဉ်းတို့ကို ရည်ညွှန်းထား၏။ သူတို့ကို ရောက်လာမည့် သာ၍ကောင်းသောအရာတို့၏အရိပ် (သို့) ပုံရိပ်ဟူ၍ ခေါ်ခြင်းခံရ၏။ ထိုရောက်လာမည့်သာ၍ကောင်းသောအရာမှာ သာ၍ကောင်းသော ပဋိညာဉ်တရားဖြစ်၏။ ထိုစုံလင်သော ပဋိညာဉ်တရားသည် ယေရှုခရစ်အားဖြင့် ရောက်လာ၏။ ဤအချက်မှာ ဤဗျာဒိတ်တော်၏ ဆိုလိုရင်းအဓိပ္ပာယ်ဖြစ်၏။

ပညတ်တရား၏ ထိုက်တန်မှုသည် အရိပ်နှင့်ပုံရိပ်တို့သာ ဖြစ်ကြ၏။ အထိန်းနှင့် နှိုင်းယှဉ်ခြင်းခံရ၏ (ဂလာ ၃း၂၄-၂၅)။ မူရင်းစကားတွင် *paidagogos* ဖြစ်ပြီး ကလေးကိုညွှန်ကြားသူ (သင်ကြား) ဟူ၍ အဓိပ္ပာယ်ရှိ၏။ ပညာတတ်သောသူတိုင်းက သင်ကြားခြင်းအား ကူညီပေးသည့် ရုပ်ပုံများအသုံးပြုခြင်း၏ အကျိုးသက်ရောက်တတ်ပုံကို သိကြသည်။ ထိုရုပ်ပုံတို့က လူငယ်တို့၏စိတ်ထဲ၌ အစစ်အမှန်ကိုသိရှိစေ၏။ ကလေးတို့၏ ဆော့စရာအရုပ်များနှင့် လှုပ်ရှားမှုတို့က ဤအချက်ကိုပုံရိပ်ပြသနိုင်ကြမည်။ ကလေးတို့သည် ရွှံ့ဖြင့် ချက်ပြုတ်၍ အိမ်ဆောက်တတ်ကြ၏။ ကားနှင့်ကလေးလေးကိုလည်း လုပ်တတ်ကြ၏။ သို့သော်လည်း မိုးရွာသောအခါ သူတို့၏အိမ်၌အရိပ်ခိုလို့မရနိုင်ပေ။ ထိုနည်းတူ သူတို့သည်ဖျားနာသောအခါ သူတို့၏ကားက သူတို့အားဆေးရုံသို့ မပို့ဆောင်နိုင်ပေ။ သို့စေကာမူ ဤကစားစရာအရုပ်များသည် ကလေးများအတွက် အလွန်အဓိပ္ပာယ်ရှိ၏။ ထိုနည်းတူ ယဇ်ပူဇော်ခြင်းတို့ကို အကြိမ်ကြိမ်ပြုရသော်လည်း၊ တကြိမ်ထဲတွင် မစုံလင်စေနိုင်ပေ။ သူတို့သည် အကျိုးသက်ရောက်မှုမရှိသော်လည်း အပြစ်တရားကိုနားလည်သဘောပေါက်မှုယူဆောင်လာပေး၏။ နှစ်စဉ် စောင့်ထိန်းရသောအပြစ်ဖြေရာနေ့မှာ အမြဲတမ်းသတိပေးသောအရာဖြစ်၏။ မယုံကြည်သောယုဒလူတို့သည် ဟေဗြဲဘာသာတွင် *Yom Kippur* ဟုခေါ်သည့်ထိုနေ့ကို ယခုတိုင်အောင် စောင့်ထိန်းနေကြ၏။ ၎င်းကို မကြာသေးမီက ဖြစ်သော အာရပ်နှင့် အစ္စရေးစစ်ပွဲသမိုင်းတွင် ရန်သူတို့က ထိုနားရက်နေ့ကို အခွင့်အရေးယူထားကြောင်း အတိုချုံးဖြင့် ဖော်ပြထား၏။ သမိုင်းစာအုပ်များတွင် ထိုစစ်ပွဲကိုအပြစ်ဖြေရာနေ့ဟူ၍ပင် မှည့်ခေါ်ကြ ၏။

ထိုယဇ်ပူဇော်ခြင်းတို့နှင့် သက်ဆိုင်သောဥပဒေတို့ကို သမ္မာကျမ်းစာထဲတွင် ခရစ်တော်အားဖြင့် ပြီးမြောက်ခဲ့ပြီးသောအရာတို့ကို အမှတ်ရစေသော သူအဖြစ် ထိန်းသိမ်းထား၏။ ဤနှိုင်းယှဉ်ချက်က ကျွန်ုပ်တို့ကို ခရစ်တော်အလုပ်၏ ချီးမွမ်းဖွယ်ရာအရည်အသွေးတို့ကို အသိအမှတ်ပြုဖို့ ကူညီပေး၏။ လက်တွေ့တွင် ထိုယဇ်ပူဇော်ခြင်းအခမ်းအနားတို့မှာ ပြီးဆုံးခဲ့ပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော်၊ ခရစ်တော်သည် ထိုအရာတို့၏ရည်ရွယ်ချက်ကို စုံလင်စေခဲ့ပြီးဖြစ်၏။

**ဆင်ခြင်ရန်** - အပြစ်ဖြေရာနေ့က ခရစ်တော်ကိုကားတိုင်တင်သတ်မည့်နေ့အား ရှေ့နိမိတ်ပြသ၏။

**ဆုတောင်းချက်** - "ပေးတော်မူသော ဩဝါဒလမ်းကို အကျွန်ုပ်နားလည်စေတော်မူပါ" (ဆာလံ ၁၁၉း၂၇)။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၄)

**ဟေဗြဲ ၁၀း၁-၁၈**

မသဲ ၂၆း၂၈

*"ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏ . . . "*

## ခရစ်တော်၏စုံလင်ခြင်း (၂)

ခရစ်တော်အားဖြင့် စုံလင်ခြင်းသည် ရောက်လာသောအခါ လူနှင့်ဆိုင်သောယဇ်ပုရောဟိတ်တို့၏ ဌာန သည်ဖျက်သိမ်းခံရပြီး၊ ယဇ်ပူဇော်ခြင်းမလိုအပ်တော့ပေ။ ပွဲတော်နေ့များကိုလည်း ဖျက်သိမ်းထား၏။ ဥပုဒ်နေ့ (*Sabbath day*) သာ ထာဝရနှင့်ဆိုင်သည့် ကိုယ်ကျင့်တရားနှင့်ဆိုင်သော ပညတ်တရား၏အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ထိန်းသိမ်းထား၏။ ခရစ်ယာန်အသင်းတော်တွင် ဥပုသ်နေ့သည် ရက်သတ္တပတ်၏ ပဌမနေ့သို့ ပြောင်းလဲခဲ့သည်။ ဤအချက်သည် အသင်းတော်နှင့် ယုဒအယူဝါဒတို့ကြားတွင် ခြားနားမှုအကျိုးဆက်ဖြစ်၏။

တိရစ္ဆာန်ယဇ်ပူဇော်ခြင်း၏ ချို့တဲ့မှုမှာ အပြစ်တရားကိုအဆုံးထိ မဖယ်ရှားနိုင်ကြခြင်းဖြစ်၏။ သူတို့သည် ဘုရားသခင်၏တောင်းဆိုချက်ကို ကျေနပ်မှုမလုပ်နိုင်ပေ။ ဒါဝိဒ်က ဤသို့ဖော်ပြခဲ့၏။ "ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်နားကိုဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူသောအခါ၊ ကျမ်းစာလိပ်၌ အကျွန်ုပ်ကို အမှတ်ပြု၍ ရေးထားသည်နှင့်အညီ၊ အကျွန်ုပ်သည် သွားပါမည်ဟု ဝန်ခံပါ၏" (ဆာလံ ၄၀း၆-၇)။ ဘုရားသခင်ရှေ့၌ လက်ခံနိုင်သောဝတ်ပြုကိုးကွယ်ခြင်းသည် အပြင်ပန်းသဏ္ဌာန် လုပ်ဆောင်ချက်တို့၏ ကုသိုလ်အပေါ်တွင် မမှီခိုဘဲ ဘုရားသခင်၏ ကျေးဇူးတော်အပေါ်တွင် မှီခိုရ၏။ ဘုရားသခင်က ပဌမပဋိညာဉ်တရားကို ဖယ်ရှားခဲ့ပြီး၊ ဒုတိယ ပဋိညာဉ်ကို တည်ထောင်ခဲ့၏။ သူသည် ဘုရားသခင်၏အလိုတော်အား ဆောင်ရွက်ရန် နှစ်သက်ကြောင်းကို ဒါဝိဒ်သည်ကြွေကြော်ခဲ့သည်။ ထို့ကြောင့် ယဇ်ပူဇော်ခြင်းကို ဘုရားသခင်နှစ်သက်တော်မမူကြောင်း သိရှိနားလည်ခြင်းက ထိုအရာတို့သည် အပြင်ပန်းသဏ္ဌာန်တာဝန်အရ ဆောင်ရွက်ပြုလုပ် ခြင်းသာသာမဟုတ်ကြောင်းကို ထင်ရှားစေလျှက်ရှိ၏။

**ဆင်ခြင်ရန်** - ပဋိညာဉ်တရားသစ်၏တန်ဖိုးမှာ အဆုံးမရှိနိုင်ပေ။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ အထုံးအဖွဲ့တော်လမ်းကို ကျွန်ုပ်အားသွန်သင်တော်မူပါ။ (ဆာလံ ၁၁၉း၁၀၇)။

ကြာသပတေး၊ စက်တင်ဘာ (၅)
**ဟေဗြဲ ၁ဝး၁-၁၈**
တ ၈း၂၆-၄ဝ

*"... ယေရှုခရစ်တော်သည်
ဘုရားသခင်၏သားတော် ဖြစ်တော်မူကြောင်းကို
အကျွန်ုပ်ယုံကြည်ပါသည်ဟု ဝန်ခံ၍"*

# ပဋိညာဉ်တရားသစ်သည် ပြည့်စုံခဲ့ပြီ

ရောက်လာမည့်ပဋိညာဉ်တရားသစ်ဟူသော သမ္မာတရားကို ယုဒဘာသာရေးဆရာတို့ အားလုံးက သိခဲ့ကြသော်လည်း အမှန်တကယ်ပြည့်စုံခြင်းကာလသို့ ရောက်ရှိလာသောအခါ ထိုအရာကို လက်မခံနိုင်ကြပေ။ ဤအရေးကိစ္စကို ဤကျမ်းပိုဒ်တွင်ဖော်ပြရသည့် အကြောင်းအရင်း တစ်ခုမှာ မယုံကြည်သောယုဒလူတို့က ၎င်းကိုငြင်းဆန်ခဲ့ကြသောကြောင့် ဖြစ်သည်။ ဒုတိယ အကြောင်းအရင်းမှာ အသင်းတော်အနေဖြင့်လည်း ပဋိညာဉ်တရားသစ်နှင့် တရားဟောင်းတို့၏ ဆက်စပ်မှုကို ရှင်းပြနိုင်ဖို့ရန် လိုအပ်သောကြောင့်ဖြစ်၏။ ဤအရာကို ရှင်းလင်းစွာတင်ပြရပါမည်။

ခရစ်တော်အားဖြင့် ရောက်လာသည့်စုံလင်ခြင်းမှာ တစ်စုံတစ်ဦးသည် ခရစ်တော်၌ရှိသည့် သမ္မာတရားကိုလက်ခံသောအခါ စစ်မှန်သောသန့်ရှင်းခြင်းသို့ ရောက်ရှိ၏။ သူသည် သမ္မာတရားကို နှုတ်ကပတ်တော်တွင် ကြေငြာထား၏။ ထို့ကြောင့် မေရှိယနှင့်ဆိုင်သော ပရောဖက်ပြုချက်တို့ထဲက တစ်ခုတွင် ဟေရှာယက ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရေးသားခဲ့၏။ "ထိုသို့ မိမိအသက်ကို သေခြင်း၌သွန်း၍၊ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့် လူများတို့၏အပြစ်ကို ဆောင်ရွက်၍၊ မတရားသောသူတို့အဘို့ တောင်းပန်သောကြောင့်၊ လူကြီးတို့ကိုသူ၏အဘို့ ဖြစ်စေခြင်းငှါ ဝေခွဲမည်။ အစွမ်းသတ္တိရှိသော သူတို့ကို သူ၏လက်ရဥစ္စာကဲ့သို့၊ ကိုယ်တိုင်ဝေဖန်ရသောအခွင့် ရှိလိမ့်မည်" (ဟေရှာ ၅၃း၁၂)။ ဤအရာမှာ ယုံကြည်သူတို့က ပြောင်းလဲခြင်းသည် အမှန်ရောက်လာမည်ကိုသိနိုင်ဖို့ရန် ဖြစ်၍ ထိုပြောင်းလဲခြင်းသည် ရောက်လာလျှင် သူတို့သည်၎င်းကို မှတ်မိကြလိမ့်မည်။ ထိုအရာမှာ ဖိလိပ္ပုနှင့် တွေ့ဆုံခဲ့သော အချိန်တွင် အဲသယောပိပြည်သား မိန်းမစိုးတစ်ဦးဖတ်ခဲ့သည့် ဟေရှာယအနာဂတ္တိကျမ်း၌ရှိသော အခန်းမှာ ထိုအခန်းပင်ဖြစ်၏။ သူသည် ထိုသူအားယေရှုခရစ်အကြောင်းကို ပြောဖို့ရန် ထိုကျမ်းပိုဒ်မှ စတင်ခဲ့၏။ ဘုရားသခင်၏သားတော်သည် ပူဇော်သက္ကာကို တစ်ကြိမ်သာပူဇော်၍ ဘုရားသခင်၏ လက်ျာဘက်တွင် ထိုင်တော်မူ၏။ ဤအရာသည် အမှန်ဖြစ်ကြောင်းကို သမ္မာကျမ်းစာထဲတွင် အကြိမ်များစွာအတည်ပြု၍ သူသည်ထိုနေရာတွင် အပြစ်သားတို့အတွက် ကြားဝင်ဖျန်ဖြေပေးနေ၏။ သူသည်မိမိ၏ရန်သူတို့ကို မိမိခြေတင်ရာ မချမထားမှီတိုင်အောင် ထိုနေရာတွင် ရှိနေလိမ့်မည်။ သူ၏ပူဇော်ခြင်းအားဖြင့် ယုံကြည်သောသူတို့အား စုံလင်စေ၍စင်ကြယ်စေခဲ့ပြီ။

ခရစ်တော်သည် ယဇ်ပုရောဟိတ်၏ဌာနကိုနေရာယူ၍ ထာဝရယဇ်ပုရောဟိတ်ဖြစ်တော် မူ၏။ ထို့ကြောင့် သူသည်ကယ်တင်ခဲ့ပြီးသောသူတို့နှင့်ခမည်းတော်ဘုရားကြားတွင် ဖျန်ဖြေသူဖြစ်၏။ သူသည်စုံလင်သူဖြစ်၍ သူကိုယ်တိုင်အပြင် အခြားသောအရာတစ်ခုခုကို ထပ်၍ပူဇော်ဖို့ရန် မလိုအပ်ပေ။ သို့မဟုတ် သူ၏ယဇ်ပူဇော်ခြင်းကိုလည်း အကြိမ်ကြိမ်ထပ်လုပ်ဖို့ မလိုပေ။ သူက မိမိသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်ကြောင်းကို ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ဖော်ပြသောအခါ သူသည် ပြည့်စုံသောအတည်ပြုချက်ပေးခြင်းဖြစ်၏။ ဤအချက်က ယေရှုကိုသာ၍ ကြီးမြတ်သောသူဟူ၍၎င်း၊ လိုအပ်ချက်မရှိ၊ ပြည့်စုံသောသူဟူ၍၎င်း ဖော်ပြ၏။

**ဆင်ခြင်ရန်** - ယေရှုက ကျွန်ုပ်တို့၏အပြစ်များအားလုံးအတွက် ဆပ်ပေးတော်မူ၍ကျွန်ုပ်တို့ အားလုံးသည် သူ့ကိုအကြွေးတင်ကြ၏။

**ဆုတောင်းချက်** - "အို ထာဝရဘုရား၊ အကျွန်ုပ်သည် အလွန်ဆင်းရဲခြင်းကိုခံရပါ၏။ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော်မူပါ" ( ဆာလံ ၁၁၉း၁ဝ၇)။

*“. . . ဘုရားသခင်၏ သန့်ရှင်းသူတို့သည်
သန့်ရှင်းသောဝိညာဉ်တော်၏
တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏”*

## သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာတရားကိုဖွင့်ပြ၏

ခရစ်တော်က သူသင်ကြားပေးသည့်အရာအားလုံးကို သူတို့အားအမှတ်ရစေမည့်သူဖြစ်သော ဥပဇ္ဈာယ်ဆရာကို သူတို့ထံသို့စေလွှတ်မည်ဟု ကတိပေးခဲ့၏။ ဥပဇ္ဈာယ်ဆရာသည် ယုံကြည်သူတို့၏စိတ်နှလုံးထဲတွင် သက်သေတစ်ဦးဖြစ်၍ ဘုရားသခင်နှုတ်ကပတ်တော်အား ရေးသားရန် လူတို့အား ညွှန်ကြားရန် ဘုရားသခင်အသုံးပြုလေ့ရှိ၏။

ခရစ်တော်ကတိပေးထားသော စကားလုံးတို့မှာ “ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဇ္ဈာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ ငါစေလွှတ်မည်။ ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင်၊ ဒုစရိုက်အပြစ်ကိုငှင်း၊ အပြစ်ကင်းခြင်းကိုငှင်း၊ အပြစ်စီရင်ခြင်းကိုငှင်း၊ လောကီသားတို့အား ထင်ရှားစွာဘော်ပြမည်။ ငါ့ကိုမယုံကြည်ကြသောကြောင့် ဒုစရိုက်အပြစ်ကို ဘော်ပြမည်။ ငါသည် ခမည်းတော်ထံသို့ သွားမည်ဖြစ်၍၊ သင်တို့သည် နောက်တဖန် ငါ့ကိုမတွေ့မမြင်ရသောကြောင့်၊ အပြစ်ကင်းခြင်းကို ဘော်ပြမည်။ ဤလောကကို အစိုးရသောမင်းသည် အပြစ်စီရင်ခြင်းကို ခံရသောကြောင့် အပြစ်စီရင်ခြင်းကို ဘော်ပြမည်” (ရှင်ယောဟန် ၁၆း၇-၁၁)။ ထို့ကြောင့် ခရစ်တော် ၏အမှုတော်ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆက်လက်ဆောင်ရွက်နေ၏။ သိသာထင်ရှားသော အောင်မြင်ခြင်းမှာ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရသောအားဖြင့် ရေးသားခဲ့ကြသောနှုတ်ကပတ်တော် စုံလင်ခြင်းဖြစ်၏ (၂ ပေ ၁း၂၁)။ ပဋိညာဉ်တရားသစ်ကို ရှင်းလင်းစွာကြေညာထား၏။

ထာဝရဘုရားက သူ၏နှုတ်ကပတ်တော်အား သူတို့ကိုသင်ကြားပေးမည်အကြောင်း သူ၏နှုတ်ကပတ်တော်ကို သူတို့အတွင်းထဲသို့သွင်း၍ သူတို့၏နှလုံးပေါ်မှာ ရေးထားမည့်အကြောင်းကို ကတိပေးခဲ့၏။ ထို့နောက် အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင် လူတိုင်းက ထာဝရဘုရားကိုသိကြ၍ ဘုရားသခင်ကလည်း သူတို့၏အပြစ်ဒုစရိုက်တို့ကို မအောက်မေ့ဘဲနေမည် (ယေရမိ ၃၁း၃၃-၃၄)။ အပြစ်အတွက် အခြားသောပူဇော်သက္ကာမလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်ကမိမိကိုယ်ကို ပူဇော်ခဲ့ပြီးဖြစ်၍ သူသည်လုံလောက်သော ယဇ်ကောင်ဖြစ်တော်မူ၏။

ကယ်တင်ခြင်းစိတ်ချမှု (အာမခံချက်) သည် ခရစ်တော်၏နှုတ်ကပတ်တော်နှင့်စုံလင်သော ယဇ်ပူဇော်ခြင်းအားဖြင့်သာ ရောက်ရှိလာ၏။ ပညတ်တရားသည် မိမိ၏အခန်းကို ဆောင်ရွက်၍ ဘုရားသခင်သည် ဧဝံဂေလိတရားကို ထင်ရှားစေ၍ခရစ်တော်အားဖြင့် စုံလင်စေခဲ့၏။ ယေရှုခရစ်တစ်ပါးတည်းသာ မိမိ၏အသွေးတော်အားဖြင့် ကျွန်ုပ်တို့၏အပြစ်ကို ဖယ်ရှားပေးနိုင်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်က ကျွန်ုပ်တို့ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရှင်းလင်းသော အသိဉာဏ်ကိုပေးတော်မူ၏။

**ဆုတောင်းချက်** - “အို၊ ထာဝရဘုရား . . . နှုတ်ကပတ်တော်အတိုင်း ဉာဏ်ကိုပေးသနားတော်မူပါ” (ဆာလံ ၁၁၉း၁၆၉)။

စနေ၊ စက်တင်ဘာ (၇)
**ဟေဗြဲ ၁၀း၁၉-၂၅**
၂ သက် ၅း၂၃

*"ငြိမ်သက်ခြင်း၏ အရှင်ဘုရားသခင်*
*ကိုယ်တော်တိုင်လည်း၊ သင်တို့ကိုအကုန်အစင်*
*သန့်ရှင်းစေတော်မူပါစေသော. . . "*

# ယုံကြည်ခြင်းဝန်ခံချက်ကို စွဲကိုင်ခြင်း

ခရစ်တော်၌ရှိသည့်စုံလင်ခြင်းသည် ယုံကြည်ခြင်းဝန်ခံချက်ကို ခိုင်မာစေ၏။ ကျမ်းရေးသူက ယုံကြည်ခြင်းကို စွဲကိုင်ထားဖို့လိုအပ်ကြောင်း တိုက်တွန်းထား၏။ သူသည် ခရစ်တော်၌ရှိသော သမ္မာတရားကို လက်တွေ့ကျင့်သုံးဖို့ရန် လမ်းညွှန်ချက်ကိုပေး၏။

ယုံကြည်ခြင်းဝန်ခံချက်ကို စွဲကိုင်ရခြင်း၏အကြောင်းရင်းမှာ ယုံကြည်သူတို့သည် ယေရှုခရစ်၏အသွေးတော်အားဖြင့် အသန့်ရှင်းဆုံးဌာနတော်သို့ ရဲဝံ့စွာဝင်ရောက်ခွင့်ရှိကြခြင်းကြောင့် ဖြစ်၏။ အရင်စည်းမျဉ်းတွင် ယဇ်ပုရောဟိတ်မင်းကိုယ်တိုင်အတွက်ပင် အလွန်တုန်လှုပ်ဖွယ်ရာနှင့် ကြောက်လန့်စရာအခိုက်အတန့်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်၊ သူ၏ပူဇော်ခြင်းကို ဘုရားသခင်လက်ခံမည်လောဟူ၍ စိုးရိမ်ပူပန်နေရ၏။ ထိုပူဇော်မှုအတိုင်း သူတို့အားလုံးသည် နှစ်စဉ်ပြန်၍ပူဇော်ရ၏။ ထိုအကြိမ်ကြိမ်ပြန်ပူဇော်ရခြင်းက သူတို့၏ပုံမှန်လုပ်နေကြသည့် ပူဇော်သက္ကာတို့၌ လိုလောက်မှုမရှိကြောင်းကို ညွှန်ပြ၏။

ကျမ်းရေးသူက အသစ်သောအသက်ရှင်ပုံနည်းလမ်းမှာ ယုံကြည်သူတို့အတွက် အလေးထားရသောအရာဖြစ်ကြောင်းကို အတိချုံးဖော်ပြ၏။ ဤအသက်ရှင်ပုံနည်းလမ်းသစ်မှာ ကြီးမားသောဆုလာဘ်နှင့်အတူ ရောက်လာခဲ့၏။ ထိုဆုလာဘ်မှာ ခရစ်တော်၏အသွေးတော်သွန်းလောင်းခြင်းအားဖြင့် အပြစ်အားလုံးခွင့်လွှတ်ခံရကြောင်း အာမခံချက်နှင့်နောက်ထပ်ပြန်၍ ယဇ်ပူဇော်ဖို့ရန် မလိုအပ်တော့ခြင်းအကြောင်း ဖြစ်၏။ ကုလာကာသည် သန့်ရှင်းရာဌာနတော်နှင့် အသန့်ရှင်းဆုံးဌာနတော်တို့ခွဲခြားထား၏။ သို့သော်လည်း ယုံကြည်သူတို့သည် "သန့်ရှင်းရာဌာနထဲသို့ ယေရှု၏အသွေးတော်ကို အမှီပြု၍" ဝင်ရောက်နိုင်ကြ၏ (ဟေဗြဲ ၁၀း၂၀)။ ဤအချက်မှာ ဝတ်ပြုရာကျမ်းနှင့်ဆိုင်သော ယဇ်ပူဇော်ခြင်းအမှုတို့ကို ကိုယ်စားပြုသည်အတိုင်း ခရစ်တော်၌ရှိသော ရွေးနှုတ်ကယ်တင်ခြင်း၏ရုပ်ပုံကို တဖန်အတည်ပြုပေး၏။

ယဇ်ပုရောဟိတ်မင်းသည် ပညတ်တရား၏တောင်းဆိုချက်တို့ကို ဆောင်ရွက်ပေးသည့် ဗိမာန်တော်၌ရှိသော အစေခံဖြစ်၏။ သခင်ယေရှုခရစ်သည် ကြွလာသောအခါတွင် ရှေးပူဇော်ခြင်းတို့၌ရှိသော ကိုယ်စားပြုစရာအားလုံးကို စုံလင်စေခဲ့၏။ သူသည် ယဇ်ပုရောဟိတ်မင်းနှင့် ယဇ်ကောင်လည်းဖြစ်၏။ ဤစုံလင်ခြင်းမှာ ပညတ်တရား၌ရှိသော ခရစ်တော်၏အလုပ်နှင့် အသက်တာနှင့်ပတ်သတ်၍ ပေးထားသောရုပ်ပုံစုံလင်ခြင်းဖြစ်၏။ ကျမ်းရေးသူသည် ယုဒအဖွဲ့အစည်းတို့တွင် ထိုအချက်လက်ခံခြင်းမျိုးမရှိသည့်ချိန်မျိုးတွင် ရေးခဲ့၏။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုမရှိသောအခါ ဧဝံဂေလိသတင်းကောင်း ဟောကြားခြင်းကို ဇာတိစိတ်ဖြင့်သာ လက်ခံသောကြောင့်၊ ထိုအရာကကြားနာသောသူတို့အား အကျိုးကိုမပေးနိုင်ပေ။ သို့သော် ခရစ်တော်၏အလုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်အားဖြင့် အကောင်းတုန့်ပြန်သောသူတို့အား ကောင်းကြီးပေးဖို့ရန် ရပ်တည်၏။

**ဆင်ခြင်ရန်** - ခရစ်တော်၌ စုံလင်သောသန့်ရှင်းခြင်းအာမခံချက်ရှိ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်တော်၏အသွေးတော်အားဖြင့် အကျွန်ုပ်ကိုအစဉ်အမြဲသန့်ရှင်းစေတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၈)

**ဟေဗြဲ ၁၀း၁၉-၂၅**

ကောလော ၁း၂၃

*". . . သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏ မြော်လင့်ခြင်းမှ မရွေ့လျော့ဘဲ . . . "*

## ပြုမူလုပ်ဆောင်ခြင်းလမ်းကြောင်း

ခရစ်တော်ပြုသောအမှုသည် ဘုရားသခင်၏ငြင်းပယ်၍မရသော ကျေးဇူးတော်အားဖြင့် အကောင်း တုံ့ပြန်သောသူတို့အား ကောင်းချီးပေးရန် ဖြစ်၏။ ယုံကြည်ချက်ကို စွဲကိုင်ခြင်းတွင် ယုံကြည်သူတို့သည် ပြောင်းလဲခြင်းကိုယူဆောင်ဖို့ရန် အလို့ငှါ သတ္တိရှိစွာ လုပ်ဆောင်ရပါမည်။ အစောပိုင်းခရစ်ယာန်တို့သည် အနည်းစုသာဖြစ်ကြသော်လည်း ရှေ့ဆောင်သူတို့အများစု မှာ ယုဒလူတို့ဖြစ်ကြ၏။ အချိန်တိုတိုအတွင်း၌ သူတို့သည်ကြီးမားသောခြေလှမ်းကို လှမ်း၍ ကမ္ဘာလောကကို ပြောင်းပြန်လှန်ကြသောသူများအဖြစ် ကျော်ကြားမှုကိုရရှိကြ၏။ စစ်မှန်၍မြင်နိုင်သော ပြောင်းလဲမှုသည် ရောက်ရှိရပါမည်။

ကျမ်းရေးသူသည် ယုံကြည်သူတို့ထံသို့ ဤဖိတ်ခေါ်ချက်ကို ဟောကြားခဲ့၏။ "ငါတို့သည် သစ္စာနှင့်ပြည့်စုံသောသဘောရှိ၍၊ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌ တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင် ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့် ဆေးကြောခြင်းရှိပြီးမှ၊ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၁၀း၂၂)။ ဤအရာသည်လည်း ဆေးကြောခြင်း၏သင်္ကေတဖြစ်၏။ သို့သော်လည်း အပြစ်တရားမှစိတ်နှလုံးဆေးကြောခြင်းအလုပ်မှာ ခရစ်တော်အားဖြင့် ပြီးမြောက်ခဲ့ပြီးသော အလုပ်ဖြစ်၏။ ယုံကြည်ခြင်းသည် လိုအပ်သော အခြေခံသဘောတရားဖြစ်၏။ အပြင်ပိုင်းနှင့်ဆိုင်သောပြောင်းလဲခြင်းသည် အတွင်းပိုင်းပြောင်းလဲခြင်း၏ သက်သေကိုပြပေး၏။ ခရစ်တော်၏အသွေးတော်အားဖြင့် ဆေးကြောခံရသောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှ လက်ခံရရှိထားသော ညွှန်ကြားချက်အားဖြင့် ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီလာဖို့ရန် သန့်ရှင်းသောဝိညာဉ်တော်က သင်ကြားပို့ချပေး၍ သူ၏စိတ်နှလုံး၌ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် အတည်ပြုပေး၏။ ဤဆေးကြောခြင်း (ဟေဗြဲ ၁၀း၂၂)မှာ တစ်စုံတစ်ဦးသည် ထာဝရအသက်ကိုအမွေခံစားဖို့ရန်အလို့ငှါ ရေနှင့်ဝိညာဉ်တော်အားဖြင့် အသစ် တဖန်မွေးဖွားခြင်းကိုခံရမည်ဟု သခင်ဘုရားမိန့်ခဲ့သောစကားနှင့် ဆင်တူ၏။

ကျမ်းရေးသူသည် ထိုပြောင်းလဲခြင်းအသက်တာကို လက်တွေ့ကြုံတွေ့ပြီးသော သူတို့အား ယိမ်းယိုင်ခြင်းမရှိဘဲ ယုံကြည်ခြင်း၌ခိုင်မြဲစွာ ရပ်တည်ဖို့ရန်တိုက်တွန်းထား၏။ ထိုအချက်ကို ဤနေရာ၌ နှစ်ကြိမ်တိုင် အလေးပေးဖော်ပြထား၏။ ထိုသို့ဖော်ပြရသည့်အချက်မှာ စုံစမ်းခံရသောအခါ ယုံကြည်ခြင်းကို စွဲကိုင်ခြင်းမပြုဘဲ လွယ်ကူစွာသံသယဝင်တတ်သောကြောင့်ဖြစ်ပါသည်။ ၎င်းမှာ ညှင်းပန်းနှိပ်စက်ခြင်း(သို့) သွေးသားနှင့်ဆိုင်သော အချို့သောစုံစမ်းသွေးဆောင်ခြင်းတို့ ဖြစ်နိုင်၏။ ထို့ကြောင့် ယုံကြည်သူတို့သည် "မေတ္တာစိတ်ရှိစေခြင်းငှါ၎င်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှါ၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြရ၍ . . . အချင်းချင်းစည်းဝေးခြင်း အမှုကို မရှောင်မလွှဲကြပါနှင့်" (ဟေဗြဲ ၁၀း၂၄-၂၅)။ တစ်စုံတစ်ဦး၏ယုံကြည်ခြင်းသည် ခိုင်မြဲဖို့ရန် သခင်ဘုရား၌အချင်းချင်းတိုက်တွန်းခြင်း မှာ အလွန်လိုအပ်သောအရာဖြစ်၍ လုံးဝလျစ်လျူမရှုရပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်ညီအစ်ကိုတို့၏ဝိညာဉ်ရေးကြီးထွားခြင်းကို ကျွန်ုပ်ဂရုစိုက်ပေးပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ရှင်နှင့်အတူ လျှောက်လှမ်းပြီး ကျွန်ုပ်၏လုပ် ဖော်ကိုင်ဖက် ညီအစ်ကိုတို့အတွက် ကောင်းချီးမင်္ဂလာယူဆောင်ပေးသူဖြစ်စေတော်မူပါ။

**ဟေဗြဲ ၁၀း၁၉-၂၅**
ဆာလံ ၁၃၃

*"ညီအစ်ကိုတို့သည် သဘောတူလျက်ပေါင်းဘော်ကြသည်
အရာမှာ အလွန်ကောင်းပေ၏"*

# မိဿဟာယဖွဲ့ခြင်းသည် ယုံကြည်ခြင်းထုတ်ဖော်ခြင်းကို ထောက်ပံ့၏

သူ၏ဩဝါဒတို့၌ ရှင်ပေါလုဖော်ပြထားသောများစွာသောလူတို့မှာ မိမိတို့၏ မိဿဟာယဖွဲ့ခြင်း(စည်းဝေးခြင်း)၌ ကောင်းချီးမင်္ဂလာခံရကြ၏။ လုဒိသည် စံပြကောင်းတစ်ဦးဖြစ်၏။ သူမသည် ယုံကြည်ပြီးနောက် တစ်ပြိုင်နက်တည်း ရှင်ပေါလုအားမိမိ၏အိမ်သို့ ခေါ်ဖိတ်ခဲ့၏။ ခရစ်ဝင်ကျမ်းတို့တွင်လည်း ယေရှုအားမိမိတို့၏အိမ်သို့ ခေါ်ဖိတ်ကြိုဆိုသော မာရိ၊ မာသနှင့်လာဇရုတို့မောင်နှမတို့ ရှိခဲ့ကြပြီး၊ သူတို့သည်လည်း ကောင်းချီးမင်္ဂလာကို ခံစားရကြ၏။ သူတစ်ပါးအပေါ်သို့ ကောင်းသော အလုပ်ကို ဆောင်ရွက်ခြင်းကလည်း ယုံကြည်ခြင်း၏ထင်ရှားမှုဖြစ်၏။ သူတစ်ပါးထံသို့ သခင်ဘုရား ၌ ကောင်းသော အလုပ်ကို လွှဲအပ်သောသူတို့သည် ထာဝရကောင်းချီးမင်္ဂလာခံရသောသူဖြစ်ကြ၏။

ယုံကြည်ခြင်း၏အပြင်ပိုင်း ထင်ရှားခြင်းတို့ထဲက တစ်ချက်မှာ ညီအစ်ကိုတို့နှင့်အတူ မိဿဟာယဖွဲ့ချင်စိတ်ဖြစ်၏။ ကျမ်းရေးသူက "ထိုမှတစ်ပါး မေတ္တာစိတ်ရှိစေခြင်းငှါ၎င်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှါ၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့" (ဟေဗြဲ ၁၀း၂၄) ဟူ၍ဖော်ပြထား၏။ ဤအချက်မှာ ယုံကြည်ခြင်းကို တည်ဆောက်သောခြေလှမ်းတစ်လှမ်းဖြစ်၏။ ယုံကြည်သူတို့က ဤအတူတကွမိဿဟာယဖွဲ့ခြင်းကို နှစ်သက်ရပါမည်။ ကျမ်းရေးသူက "လူအချို့တို့၏ထုံးစံရှိသည် အတိုင်း အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ သခင်ဘုရားကြွလာမည့်ကာလအချိန် သည် အလွန်နီးသောကြောင့် အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့" ဟူ၍ ဖြည့်စွက်ခဲ့၏။ ဤအချက်မှာ ယုံကြည်သူတို့အား ဒေသသာရအသင်းတော်သို့ ပါဝင်ကြဖို့ရန် ဖိတ်ခေါ်ခြင်းဖြစ်၏။

"ကျွန်ုပ်တို့သည် ဒေသသာရအသင်းတော်၌ပါဝင်သင့်သည့်အခြေခံအကြောင်းအရင်းမှာ ဘုရားသခင်၏တိတိကျကျမိန့်တော်မူချက်ကြောင့် ဖြစ်သည်။ ဓမ္မသစ်ကာလတွင် ဒေသသာရအသင်းတော်၏ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၌ ပျက်ကွက်ခဲ့ခြင်းကြောင့် စုံစမ်းသွေးဆောင်ခြင်းသို့ အရေးနိမ့်ကျသောသူတို့ရှိခဲ့ကြ၏။ ဤဟေဗြဲဩဝါဒစာရေးသူက အသင်းတော်၌ရှိသော အသင်းသားအားလုံးသည် တစ်ယောက်အပေါ် တစ်ယောက် တာဝန်ဝတ္တရားရှိကြကြောင်းကို ထောက်ပြခဲ့၏။ သူတို့သည် ကောင်းသောအလုပ်ကိုလုပ်ဖို့ရန် တစ်ယောက်ကိုတစ်ယောက် ထောက်မကြည့်ရှုကြပြီး ဘုရားသခင်၏ရှေ့၌ အစဉ်အမြဲထိုက်တန်သောအသက်တာဖြင့် အသက်ရှင်ရန်အချင်းချင်း တိုက်တွန်းနှိုးဆော်ရပါမည်။ ဤအချက်ကို အသင်းတော်၏ နောက်ခံအနေအထားအပေါ် အမှီပြု၍ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်လိမ့်မည်။ ထို့ကြောင့် ယုံကြည်သူတို့ကို အချင်းချင်း စည်းဝေးခြင်း (ဝတ်ပြုခြင်း သို့ မိဿဟာယဖွဲ့ခြင်း) အမှုကို မရှောင်မလွှဲကြဖို့ အမိန့်တော်ရှိ၏" (The King James Open Bible)။

ခရစ်တော်က ကျွန်ုပ်တို့ကိုယုံကြည်ခြင်းလမ်း၌ထား၏။ ကျွန်ုပ်တို့သည် သူ၏နှုတ်ကပတ်တော်ထဲ၌ သူပေးထားသောတိုက်တွန်းခြင်းတို့ကို ဂရုစိုက်ရပါမည်။ ကျွန်ုပ်တို့ကို သင်ကြားပို့ချခြင်းနှင့် အချို့သောညွှန်ကြားချက်တို့ကို ထောက်ပြခြင်းတွင် ကောင်းသောရည်ရွယ်ချက်ရှိတော်မူ ၏။ ကျွန်ုပ်တို့သည် တစ်ကိုယ်တည်းရပ်တည်၍မရပေ။ ကျွန်ုပ်တို့သည် စိတ်နှလုံးတူသော ယုံကြည်သူ တို့နှင့် မိဿဟာယဖွဲ့ခြင်းလိုအပ်၏။ ကျွန်ုပ်တို့သည် သခင်ဘုရား၏နေ့ (တနင်္ဂနွေ) ကိုစောင့်ထိန်းကြ၍ သာ၍ ခိုင်မာသောအသင်းအဖွဲ့ကို တည်ဆောက်ထားသောကြောင့် ဤအရာသည် ဖြစ်နိုင်၏။

**ဆင်ခြင်ရန်** - အသင်းတော်သည် မိဿဟာယဖွဲ့ခြင်းမရှိဘဲ မနေသင့်ပေ။
**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်ယာန်မိဿဟာယဖွဲ့ခြင်းအစီအစဉ်ကို ချစ်ခင်မြတ်နိုးနိုင်ရန် အကျွန်ုပ်အား ကူညီမစတော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၁၀)
**ဟေဗြဲ ၁၀း၂၆-၃၉**
ရော ၃း၂၃-၃၁

*"ထိုကြောင့် လူမည်သည်ကား၊ ပညတ်တရား၏ အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ်သည်ဟုယူရ၏"*

## နောက်ပြန်လှည့်ခြင်း၏အန္တရာယ်

ဤလက်ရှိကျမ်းပိုဒ်ထဲ၌ဖော်ပြထားသည့် စိန်ခေါ်မှုနှင့်တိုက်တွန်းခြင်းတို့မှာ ဘုရားသခင်၏ သားသမီးတို့အားလိုက်လျှောက်ရမည့်လမ်းကိုသော်၎င်း၊ ယုံကြည်ခြင်း၌အသက်ရှင်ခြင်း၏စိန်ခေါ်မှုကို အနိုင်ယူနိုင်မည့်နည်းလမ်းကိုသော်၎င်း ပြသဖို့ရန်ရည်ရွယ်ခြင်းဖြစ်၏။ နောက်ပြန်ဆုတ်ခွာမှုသည် အမှန်ဖြစ်နိုင်၏(ဟေဗြဲ ၁၀း၃၈)။ စာတန်သည် ယုံကြည်သူတို့အား လိမ်လည်ဖို့ရန်အမြဲရှိနေ၏။ ဤကျမ်းပိုဒ်က ထိုကဲ့သို့ရွေ့လျော့ခြင်း၏အကျိုးဆက်တို့ကို ပြောဆိုထား၏။ ကျမ်းရေးသူက ဘုရားသခင်ကိုသာကြောက်ရွံ့ကြဖို့ရန် လိုအပ်ကြောင်းကို ထောက်ပြထား၏။ ကျမ်းရေးသူက သူသည် ဆင်းရဲခံရမည့်သူဖြစ်သော်လည်း ရွေ့လျော့သောသူမဟုတ်ကြောင်းကို သက်သေခံဝေငှခဲ့၏။

နောက်ပြန်ဆုတ်သောသူတို့အတွက် အကျိုးဆက်များရှိ၏။ အစောပိုင်းတွင် ခရစ်တော်သည် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သည့်အတိုင်း လက်ဝါးကပ်တိုင်ပေါ်တွင် မိမိကိုယ်ကို ပူဇော်ခဲ့၍ ကျွန်ုပ်တို့အတွက် ယဇ်ကောင်ဖြစ်လာခဲ့သည့်အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်၏။ ဤယဇ် ပူဇော်ခြင်းမှာ သူ၏ကယ်တင်ခြင်းတန်ခိုးတော်ကို ယုံကြည်သောသူတို့၏အပြစ်အတွက် ဖျန်ဖြေခြင်း ဖြစ်၏။ ဤသမ္မာတရားသည် ကယ်တင်ခြင်းသတင်းကောင်း၏အလယ်ဗဟိုဖြစ်၏။ ယုံကြည်သူတိုင်း သည် ထိုအကြောင်းကို နားလည်ရပါမည်။ စာရေးသူက ကျွန်ုပ်တို့သည် သမ္မာတရားအကြောင်းကို လက်ခံခြင်းရှိပြီးမှ အပြစ်ဒုစရိုက်ကို တမင်သက်သက်ကျူးလွန်ကြလျှင် အပြစ်ဖြေဖို့အတွက် နောက်ထပ်ယဇ်ကောင်မရှိတော့ကြောင်း ပြောဆိုထား၏။ ထိုသို့အစား ကြောက်စရာ၊ ဒဏ်ခတ်ခြင်း နှင့် ရက်စက်စွာပြုခြင်းတို့ကြုံတွေ့ရမည်။ ဤသတင်းစကားကို ဟေဗြဲခရစ်ယာန်တို့အား အဓိကရည် ရွယ်ထားခြင်းဖြစ်သောကြောင့် ကျမ်းရေးသူက မောရှေ၏ပညတ်တရားကို သာဓကအဖြစ်အသုံးပြု ခဲ့၏။ မောရှေ၏စကားကိုပယ်သောသူသည် သက်သေခံနှစ်ဦး (သို့) သုံးဦးရှိလျှင် သေဒဏ်ကျခံရ ကြောင်းကို သူဖော်ပြခဲ့၏။

ထိုနည်းတူ၊ လွန်ကျူးခြင်းအပြစ်တိုင်းတွင် အပြစ်ဒဏ်ခတ်ခြင်းရှိကြောင်းမှာ အမှန်ဖြစ်၏။ အပြစ်၏အခကား သေခြင်းဖြစ်၏။ ထို့ကြောင့် ကျမ်းရေးသူက "ထိုမျှမက၊ ဘုရားသခင်၏ သားတော်ကို ခြေဖြင့်ကျော်နင်းလျက်၊ မိမိကိုစင်ကြယ်စေသော ပဋိညာဉ်တရား၏ အသွေးကိုအပြစ် တင်လျက်၊ ဆုကျေးဇူးကိုပေးသော ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်ရှိသော သူသည်၊ အဘယ်မျှလောက် ကြီးစွာသောဒဏ်ဖြင့်ခံထိုက်သည်ကို သင်တို့ထင်ကြသနည်း" (ဟေဗြဲ ၁၀း၂၉) ဟူ၍ ဖြည့်စွက်ထား၏။ ထိုကဲ့သို့သော အခြေအနေတွင်ပင်လျှင် ဘုရားသခင်သည် ကျေးဇူးတော်၏ တံခါးတော်ကိုပိတ်၍မထားပါ။ အပြစ် ဒဏ်ခတ်ခြင်းသည် ရှိစေကာမူ၊ ယေရှုခရစ်တော်အားဖြင့် သူပေးသောထာဝရအသက်ဆုလက်ဆောင် မှာ အစဉ်အမြဲတည်၏။ ထို့ကြောင့် အပြစ်သားတိုင်းသည် နောင်တရကြရမည်။

**ဆင်ခြင်ရန်** - တပည့်တော်ဖြစ်ခြင်းမှာ ယေရှုနှင့်အတူ တသက်တာမိဿဟာယဖွဲ့ခြင်းဖြစ်၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်သည် အဆုံးထိ ကျွန်ုပ်ကိုစောင့်လျှောက် ပါစေသော်။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၁)
**ဟေဗြဲ ၁၀း၂၆-၃၉**
မသဲ ၁၂း၄၃-၄၅

*" . . . ထိုလူ၏ နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက် သာ၍ဆိုးသည်ဟု မိန့်တော်မူ၏. . . "*

## ဘုရားသခင်ကိုသာ ကြောက်ရွံ့ဖို့ရန်ဖြစ်၏

ယုံကြည်သူတို့သည် သမ္မာတရားကိုသိ၍၊ ထိုသမ္မာတရားအားဖြင့် ကယ်တင်ခြင်းကိုခံရလျှင် သူတို့သည် ထိုသမ္မာတရား၌ဆက်လက်တည်ရှိရန် လိုအပ်၏။ နောက်ဆုတ်ခြင်း၏ကြောက်စရာကို ၎င်းနှင့်ရောက်လာသည့်အကျိုးဆက်တို့၌ မြင်တွေ့ရ၏။ ယေရှုကလူတစ်ဦး၏အထဲမှထွက်ခွာခဲ့သော ညစ်ညူးသောဝိညာဉ် (နတ်ဆိုး) ထိုလူထဲသို့ပြန်ဝင်လာခြင်းက ထိုလူ၏အခြေအနေအား ထိုနတ်ဆိုး မထွက်ခွာခင်ကထက် ပို၍ဆိုးရွားစေလိမ့်မည်ဟု ပြောဆိုခဲ့၏။

အခြေအနေတိုင်းတွင် ဘုရားသခင်သည် တရားသူကြီးဖြစ်၍ သူ့ကိုသာကြောက်ဖို့ရန် လိုအပ်၏။ ဤကျမ်းပိုဒ်က ဘုရားသခင်သည်အာဏာအကြီးဆုံးတရားသူကြီးဖြစ်သည့်အတိုင်း ကလဲ့စားချေမှုကို လုပ်ပေးမည့်သူဖြစ်ကြောင်းကို မောရှေ၏ပညတ်တရားမှ ကိုးကားထား၏။ အသက်ရှင်တော်မူသော ဘုရားသခင်၏လက်တော်သို့ကျရောက်ခြင်းအမှုသည် ကြောက်မက်ဖွယ်သောအမှုဖြစ်ကြောင်းကို ထပ်၍ထည့်ထား၏ (ဟေဗြဲ ၁၀း၃၁)။ ထို့ကြောင့် တစ်စုံတစ်ဦးသည် အလွန်အမင်းအကြောက်တရားဖြင့် အသက်မရှင်ရန် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းရှိရန် အရေးကြီးလှ၏။ ဤအချက်မှာ ကျမ်းရေးသူ၏အကြံအစည် ဖြစ်၏။ "သင်တို့သည် အလင်းသို့ရောက်ပြီးသည်နောက် . . . ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာများကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့်တွေ့ကြုံသောအထက်ကာလအချိန်ကို အောက်မေ့ကြလော့" (ဟေဗြဲ ၁၀း ၃၂-၃၃)။ အစောပိုင်းကာလတွင် ယုံကြည်ခြင်းကို အလွန်များစွာဆန့်ကျင်မှုဖြစ်သောကြောင့် ပြည်သူတို့၏အပြုအမူမှာ ယေဘုယျအားဖြင့် ခရစ်ယာန်တို့ကိုအထင်သေးကြ၏။ ယုံကြည်သူတို့မှာ "ကဲ့ရဲ့ညှင်းဆဲခြင်းနှင့်ဆင်းရဲဒုက္ခဝေဒနာများကြောင့်" လူများစိုက်ကြည့်ခြင်းကို ခံရသောသူတွေဖြစ်ကြ၏ (ဟေဗြဲ ၁၀း၃၂-၃၃)။ သို့သော်လည်း သူတို့သည်အခြားသောယုံကြည်သူတို့နှင့်အတူ ဆင်းရဲဒုက္ခကို အတူရင်ဆိုင်ကြ၏။ ကျမ်းရေးသူက သူတို့အားထိုနေ့ရက်တို့နှင့်သူတို့ဖြတ်ကျော်ခဲ့သောအရာတို့ကို အောက်မေ့ဖို့ရန် ပြောဆိုခဲ့၏။ သူတို့၏ယုံကြည်ခြင်းမှာ အချည်းနှီးမဟုတ်ပေ။ ထို့ကြောင့် သူတို့ကို ခိုင်မာစွာတည်ရှိရန် သူတိုက်တွန်းနှိုးဆော်ခဲ့သည်။

ကျမ်းရေးသူက မိမိ၏သက်သေခံချက်ကို ဟေဗြဲခရစ်ယာန်တို့အား တိုက်တွန်းဖို့ရန်အတွက် အသုံးပြုခဲ့၏။ ဘုရားသခင်၏ဤအစေခံကျွန်သည် သူ၏ယုံကြည်ချက်ကြောင့် ထောင်ချခြင်းခံရသောကြောင့် သူတို့သည် သူ့အပေါ် ကြင်နာသောစိတ်ရှိကြ၏။ သူတို့သည် သူနှင့်အတူဝမ်းမြောက်စွာ ရပ်တည်ကြပြီး မိမိတို့၏ယုံကြည်ခြင်း (သို့) သင်းအုပ်ကြောင့် ရှက်ကြောက်ခြင်းမရှိကြပေ။ ယုံကြည်သူတို့၏ညှင်းပန်းနှိပ်စက်ခံရခြင်းမှာ ထိုအစောပိုင်းကာလတို့တွင် ဆက်လက်ဖြစ်ပေါ်ခဲ့ပြီး၊ ၎င်းကိုပုံသဏ္ဍာန်မျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြ၏။ ထောင်ချခံရခြင်း၊ သူတို့၏ဥစ္စာများကို ဆုံးရှုံးစေခြင်းနှင့်မတရားသဖြင့် စော်ကားခြင်းတို့မှာ အသုံးများသောပုံသဏ္ဍာန်ဖြစ်၏။ ကျမ်းရေးသူက သူတို့၏ ပစ္စည်းဥစ္စာများကို သူတစ်ပါးလုယူဖျက်ဆီးသော်လည်း၊ ကိုယ်သုံးစရာဘို့ကောင်းကင်ဘုံ၌သာ၍ မြတ်သောအမြဲတည်သောဘဏ္ဍာရှိသည်ကို သိ၍၊ လုယူဖျက်ဆီးခြင်းကို ဝမ်းမြောက်သောစိတ်နှင့် ဝန်ခံကြကြောင်းကို ချီးကျူးထား၏။ သို့သော်လည်း ထိုညှင်းဆဲခြင်းတို့က သူတို့အား ခရစ်တော်၏ ချစ်ခြင်းမေတ္တာမှ ကွာစေလိမ့်မည်မဟုတ်ပေ။

**ဆင်ခြင်ရန်** - "ခရစ်တော်အတွက် ရပ်တည်လော့၊ ရပ်တည်လော့။"
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏ပိုင်ဆိုင်သမျှသောအရာတွေထက် ကယ်တင်ခြင်းကို သာ၍ တန်ဖိုးထားစေတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၁၂)

**ဟေဗြဲ ၁၀း၂၆-၃၉**

မသဲ ၅း၁၁-၁၂

*". . . ဆိုးညစ်သော ဤလူမျိုး၌ ထိုနည်းတူဖြစ်လတ့်ဟု မိန့်တော်မူ၏"*

## အဆုံးထိ သည်းခံခြင်း

ညှင်းပန်းနှိပ်စက်ခြင်းက အကြောက်တရားကို ယူဆောင်လာသော်လည်း၊ အကောင်းဘက်မှာမူ ထိုအရာတို့ကိုသည်းခံသောသူတို့အတွက် ကြီးမားသောဆုလာဘ်က စောင့်နေကြောင်းကို သခင်ခရစ်တော်ကကတိပေးထားပါသည်။ ကျမ်းရေးသူကလည်း သူ၏စာဖတ်သူတို့အား ကြီးမားသောဆုတော်ရှိသည်ဟု မိမိတို့ယုံကြည်စိတ်ချမှုကိုမစွန့်လွှတ်ရန် ပြောသောအခါတွင် ထိုဆုလာဘ်ကို ရည်ညွှန်းထားခြင်းဖြစ်၏။

ဤတိုက်တွန်းချက်ကို ကျမ်းရေးသူကဤစာအုပ်၌ မိန့်ကြားထားသည့်သွန်သင်ချက်နှင့်ဆက်နွယ်မှုရှိပါ၏။ ဤအချက်များကို ခရစ်ယာန် အသင်းတော်တို့အား ခိုင်မာသောအခြေခံအုတ်မြစ်ကိုပေးဖို့ရန်အသင့်ထားပေးခြင်းဖြစ်သည်။ ဟေဗြဲ ယုံကြည်သူတို့မှာ ပဋိညာဉ်တရားဟောင်းမှ ပြောင်းလဲ၍သူတို့၏သခင်နှင့်ကယ်တင်ရှင်ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖက်တွယ်ထားရန်ဖြစ်၏။ ကျမ်းရေးသူက ဟေဗြဲ ၁၂း၁-၂ တွင်ပြုလုပ်ထားသော မေတ္တာရပ်ခံချက်မှာလည်း ဤကျမ်း၏နောက်ခံအကြောင်းဟုဆိုနိုင်ပါ၏။ ဘုရားသခင်သည် သူ၏ကတိတော်တို့၌သစ္စာရှိကြောင်းကို သိရှိခြင်းသည်အားရစဖွယ်ဖြစ်၏။ ကျမ်းရေးသူက ထိုသစ္စာရှိခြင်းကို စိတ်ဝင်စားစေခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မှတ်သွင်းထားသောကျမ်းစာထဲတွင် ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရ၏။ ၎င်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်၍ခရစ်တော်၏ အသင်းတော်ကပိုင်ဆိုင်ထား၏။ ၎င်းသည် ယနေ့တွင်စကားပြောနေ၏။

ကျမ်းရေးသူက သူတို့အားအဆုံးထိ သည်းခံရန်ညွှန်ကြားချက်ကို ပေးခဲ့၏။ သူတို့သည် သည်းခံခြင်းလိုအပ်လျက်ရှိ၏။ ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်၍ကတိတော်ကိုလက်ခံကြလော့။ ရန်သူက သူတို့အားပျက်ရယ်ပြု၍ သူတို့သည်အရှုံးပေးဖို့ရန် ညှင်းပန်းနှိပ်စက်လိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာခြင်းကသူတို့အား ညွှန်ကြားချက်ကိုပေး၍ သခင်ဘုရားက သူတို့ကို စွန့်ပစ်လိမ့်မည်မဟုတ်ပေ။ ဤကျမ်းပိုဒ်က သခင်ဘုရားသည် မိမိ၏ကြွလာခြင်းကို ဆိုင်းလင့်လိမ့်မည်မဟုတ်ကြောင်းကို ဖော်ပြထား၏။ ဘုရားသခင်၏သမ္မာတရားသည် အချိန်တိုင်း၌အမြဲတည်နေ၏။ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည် (ဟေဗြဲ ၁၀း၃၈)။ ထိုယုံကြည်ခြင်းကို စောင့်ထိန်းရန်လိုအပ်၍ဘုရားသခင်တတ်စွမ်းနိုင်သောအရာကို မြင်တွေ့ရပါမည်။ အဆုံးထိ သည်းခံရန်ကြိုးစားနေစဉ်တွင် နောက်ဆုတ်ခြင်း (ရွှေ့လျော့ခြင်း)၏ အန္တရာယ်သည်လည်း တကယ်ရှိ၏။ ကျမ်းရေးသူက မျှော်လင့်ခြင်းအကြောင်း မှတ်ချက်နှင့်အတူ အဆုံးသတ်ထား၏။ သူက "ငါတို့မူကား၊ ပျက်စီးခြင်းသို့ရောက်အံ့သောငှါ ရွှေ့လျော့သောသူမဟုတ်၊ စိတ်ဝိညာဉ်သည်ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ ယုံကြည်သောသူဖြစ်ကြ၏" (ဟေဗြဲ ၁၀း၃၉)။ ဤကြေညာချက်ကို အတည်ပြုခြင်း၌စာရေးသူဘက်၌ ကျွန်ုပ်တို့ရပ်တည်နိုင်သလား။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်သူ၏အဖြစ်တော်အားလုံးကို သိခြင်းက တစ်စုံတစ်ဦးအား အမြဲတမ်း ယုံကြည်စိတ်ချမှုရှိစေ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အား အဆုံးထိရပ်တည်စေပြီး သခင်ဘုရား၏ ကယ်တင်ခြင်းကို မြင်တွေ့ စေတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၁၃)

**ဟေဗြဲ ၁၁း၁-၂၀**

ကမ္ဘာ ၄း၁-၅

*". . . ထာဝရဘုရားသည် အာဗေလနှင့် သူ၏ ပူဇော်သက္ကာကို ပမာဏပြုတော်မူ၏"*

## ယုံကြည်ခြင်းကို ချီးကျူးခြင်း

ယနေ့ဖတ်ရသောသင်ခန်းစာတွင် ယုံကြည်ခြင်းကိုစကားလုံးအနည်းငယ်ဖြင့် ရှင်းလင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပေးထား၍များစွာသောစံပြပုဂ္ဂိုလ်တို့အားဖြင့် ရှင်းလင်းဖော်ပြထား၏။ ဤစံပြပုဂ္ဂိုလ်တို့မှာ ယုံကြည်ခြင်း၏သူရဲကောင်းများဖြစ်ကြ၏။ ယုံကြည်ခြင်းသည် လူတစ်ဦးကယ်တင်ခြင်း၏ မူလအချက်ဖြစ်၍၎င်းကို ယုံကြည်သူတို့၏နှလုံးထဲ၌ တည်ဆောက်ထားသည့်အတိုင်း တိုးတက်မှုရှိ၏။

ယုံကြည်ခြင်း၏ ကနဦးကြေညာချက်တွင် သင့်လျော်သောဤအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အတူ ဤကျမ်းပိုဒ်ကိုအစပြုထား၏။ "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်း ဖြစ်၏" (ဟေဗြဲ ၁၁း၁)။ ထို့နောက် ကျမ်းရေးသူက ဓမ္မဟောင်းကျမ်း၌ရှိကြသော သန့်ရှင်းသူတို့၏အသက်တာ၌ ရှိသောယုံကြည်ခြင်းလမ်းသို့ လိုက်လျှောက်ရန် စတင်ခဲ့၏။ ထိုယုံကြည်ခြင်းကြောင့်၊ ရှေးလူကြီးတို့သည် ချီးမွမ်းတော်မူခြင်းကို ခံရကြ၏ဟူ၍ သူဖော်ပြထား၏။ ဤအချက်က ယေဘုယျအားဖြင့် သမ္မာကျမ်းစာထဲတွင် ရေးထားသကဲ့သို့ ဘုရားသခင်၏ ဗျာဒိတ်တော်ကို ရည်ညွှန်းခြင်းဖြစ်နိုင်၏။ ထို့နောက် လောကဓာတ်တို့သည် ဘုရားသခင်၏အမိန့်တော်ကြောင့်သာ တည်သည်ကိုယုံကြည်ခြင်းအားဖြင့် သိရှိနားလည်ကြကြောင်းဟူ၍ ဖန်ဆင်းခြင်းသမိုင်းကို သူကိုးကားဖော်ပြခဲ့၏။ ဘုရားသခင်၏ဖန်ဆင်းခြင်းလုပ်ဆောင်မှုတွင် သက်သေခံမည့်သူတစ်ဦးမှမရှိပေ။ ဘုရားသခင်က ထိုဖန်ဆင်းခြင်းအကြောင်းကို မောရှေထံသို့ ဖော်ပြခဲ့ပြီး မောရှေကၡင်းကို မှတ်တမ်းတင်ထားခဲ့၏။

ဖန်ဆင်းခြင်းအကြောင်းကို ဆွေးနွေးငြင်းခုန်စရာအကြောင်းဖြစ်ခဲ့ပြီ။ အဘယ့်ကြောင့်ဆိုသော် ဇာတိပကတိအားဖြင့် နားလည်ခြင်းသည် ယုံကြည်ခြင်းနှင့်သဟဇာတမဖြစ်သောကြောင့် ဖြစ်၏။ သမိုင်းတလျှောက်တွင် ကျွန်ုပ်တို့သည်သူ၏ကတိတော်တို့ကို ယုံကြည်လက်ခံနိုင်မည့် အကြောင်းသက်သေပြခဲ့ပြီ။ အကြောင်းမူကား၊ သူသည်မိမိ၏ကတိတော်အားလုံးကို အမှန်ဖြစ်လာ စေခဲ့သောကြောင့်ဖြစ်၏။ ဘုရားသခင်၏တည်ရှိခြင်းအကြောင်း ယုံကြည်ချက်သည်လည်း ယုံကြည်ခြင်းအားဖြင့် ဆင်းသက်လာ၏။ သူဖန်ဆင်းထားသောအရာတို့နှင့်အသိတရားတို့တွင် သူ၏လက်ရာတော် (အလုပ်)တို့ကို ထင်ရှားတွေ့မြင်နိုင်၏။ ဤကျမ်းပိုဒ်ကယုံကြည်ခြင်းအားဖြင့် ရှင်သန်ပြုမူခဲ့ကြသော စံပြပုဂ္ဂိုလ်များစွာကို ဖော်ပြပေး၍နောက်ပိုင်းတွင် ဘုရားသခင်သည်ထိုသူတို့၏ကိုးစားခြင်းကို သက်သေထူပေးခဲ့၏။ ထိုအရာသည် အာဗေလနှင့်စတင်၏။ အစောပိုင်းကာလကတည်းကပင် လူသည်ဘုရားသခင်အားဝတ်ပြုကိုးကွယ်ဖို့ရန် သင်ယူခဲ့၏။ ထို့ကြောင့် အာဗေလသည် ယဇ်ကောင်အဖို့ သိုးသူငယ်ကိုပူဇော်ဆက်ကပ်ခဲ့သော်လည်း၊ သူ့အကိုမှာမူ လယ်မှထွက်သောအသီးတို့ကို ပူဇော် ဆက်ကပ်ခဲ့၏။ အာဗေလအား အဘယ်သူကသာ၍ကောင်းသောယဇ်ပူဇော်ခြင်းကို ပေးလှူရန် ညွှန်ကြားထားသည်ကို ဖော်ပြမထားပေ။ ဘုရားသခင်က သူ့ကိုအသိအမှတ်ပြု၍၊ သူ၏ယုံကြည်ခြင်း သည် ယနေ့ထိတိုင်အောင် စကားပြောနေသေး၏။

ရှေးကမ္ဘာ၌ရှိသော အခြားသောစံပြပုဂ္ဂိုလ်မှာ ဧနောက် ဖြစ်၏။ ဤကျမ်းပိုဒ်က ဧနောက်သည် ပြောင်းလဲစေခြင်းခံရ၍ သေခြင်းတရားမကြုံတွေ့ရကြောင်းကို ဖော်ပြ၏။ သူ၏လုပ်ဆောင်ချက်တို့က ဘုရားသခင်အားကျေနပ်စေ၍ သေခြင်းဝေဒနာကိုမခံစားရဘဲ ကောင်းကင်ဘုံသို့ တိုက်ရိုက်သွားရောက်ခွင့်ကို ပေးအပ်ခြင်းခံရ၏။ ဤအချက်မှာ ယုံကြည်ခြင်း၏အံ့ဖွယ်ရာဆုလက်ဆောင်ဖြစ်၏။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းခရီးသည် ကယ်တင်ခြင်းခရီးဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ အာဗေလနှင့်ဧနောက်တို့၏ယုံကြည်ခြင်းကို ကျွန်ုပ်ရှိပါရစေ။

စနေ၊ စက်တင်ဘာ (၁၄)

**ဟေဗြဲ ၁၁း၁-၂၀**

ဆာလံ ၅၅း၂၂

*"ထမ်းရွက်ရသောဝန်ကို ထာဝရဘုရား၌ ချထားလော့။ သင့်ကိုမစတော်မူမည် . . . "*

## ယုံကြည်ခြင်းအားဖြင့် သိမြင်ရသောသမိုင်းဝင်ဖြစ်ရပ်များ

ကျမ်းရေးသူက "ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကိုငှင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုငှင်း ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၆) ဟူ၍ပြောဆိုသောအခါတွင် ယုံကြည်ခြင်း၏အလုပ်ကို အလေးပေးဖော်ပြခြင်းဖြစ်၏။ ယုံကြည်ခြင်းသည် ဘုရားသခင်၏စိတ်တော်ကို တို့ထိစေသော ဘာသာစကားတစ်မျိုးဖြစ်၏။

ဘုရားသခင်က နောဧအားသူမမြင်ဘူးခဲ့သည့် ကြီးမားလှသောကပ်ဘေးကြီးကျရောက်လာမည့်အကြောင်းကို သတိပေးခဲ့၏။ သူသည် နောဧအားသူ၏အိမ်သားတို့ကို ကယ်တင်ဖို့ရန်အတွက် သင်္ဘောကြီးတစ်စီးတည်ဆောက်ရန် မိန့်တော်မူခဲ့၏။ နောဧသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အား နာခံ၏။ ဘုရားသခင်သည် အပြစ်တရားကြောင့် ကမ္ဘာမြေပေါ်သို့ ပြစ်ဒဏ်ခတ်ခြင်းကပ်ဘေးကိုဖြစ်စေခဲ့၏။ သို့သော် နောဧမှာ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းတရားကို အမွေခံသောသူဖြစ်ခဲ့၏။ ထိုသင်္ဘောအကြောင်းနှင့်ပတ်သက်၍ ဖော်ပြထားသည့်အရွယ်ပမာဏမှာ ကြီးမားသောကုန်ပစ္စည်းကို သယ်ဆောင်နိုင်သည့်ခေတ်ပေါ် သင်္ဘောကြီးတို့နှင့်နှိုင်းယှဉ်လို့ရနိုင်၏။ နောဧသည် ထိုသင်္ဘောထဲသို့ ကုန်းနေတိရစ္ဆာန်အားလုံးထဲမှ အထီးနှင့်အမတစ်စုံစီကိုငှင်း၊ စင်ကြယ်သောတိရစ္ဆာန်တို့၌ ခုနစ်ကောင်စီအားငှင်း ယူဆောင်ရပါမည်။ ထို့ကြောင့် သင်္ဘောမှာထိုသူတို့အားလုံးဆံ့နိုင်ဖို့ရန် လုံလောက်သောအရွယ်အစားရှိရပါမည်။ ထာဝရဘုရားကမြေကြီးပေါ်သို့ ရေလွှမ်းမိုးခြင်းဖြစ်စေသောအခါတွင် နောဧနှင့်သူ့မိသားစုတို့မှာ အခြားသောလူသားတို့အားလုံးဖျက်ဆီးခံရသကဲ့သို့ ဖျက်ဆီးမခံရဘဲ၊ ကယ်တင်ခြင်းခံရ၏။ လူသားမျိုးနွယ်စုမှာ နောဧ၏မိသားစုရှစ်ဦးမှ ပြန်စတင်ခဲ့ပြီး ယနေ့မြင်တွေ့ရသော လူထုကြီးဖြစ်လာခဲ့၏။ နောဧသည် ဤအရာအားလုံး၌ ဘုရားသခင်ကိုယုံကြည်ခဲ့၏။

နောဧပြီးနောက် ကောင်းကင်ဘုံမှနောက်ထပ်စကားပြောတော်မူခြင်းကို ခံရသောပုဂ္ဂိုလ်မှာ အာဗြဟံဖြစ်၏။ ဘုရားသခင်က သူ့အားသူ၏ဇာတိတိုင်းပြည် (ဘိုးဘွားတို့ရှိရာအရပ်) မှထွက်၍ သူပြလတ့်သောတိုင်းပြည်သို့ သွားရောက်ရန်မိန့်ဆိုခဲ့၏။ အာဗြဟံသည် ဘုရားသခင်တည်ထောင်တော်မူထားသောမြို့ကို မျှော်ကြည့်ခဲ့၏။ သူသည် မိမိ၏သားစဉ်မြေးဆက်တို့အား ပေးဖို့ရန်ဘုရားသခင်ကတိတော်ပေးထားသည့် ခါနာန်ပြည်သို့ပြောင်းရွှေ့ခဲ့၏။ ဤတိုင်းပြည်တွင် သူသည်သူစိမ်းသာဖြစ်၍ သူ၏မိန်းမသေဆုံးသောအချိန်တွင်လည်း သူ့ကိုသင်္ဂြိုလ်ဖို့ရန် နေရာကိုတောင်းလျှောက်ခဲ့ရ၏။ သူသည် ဘုရားသခင်၏ကတိတော်ကို ကိုးစား၍ခါနာန်ပြည်၌ နေထိုင်ကြသောသူတို့၏ရှေ့တွင် မျက်နှာရ၏။ သူ၏မိန်းမ စာရာ နှင့်သူသည် အသက်ကြီးသောအချိန်တွင်သားတစ်ဦးရရှိကြမည်ဟု ဘုရားသခင်က သူတို့ကိုကတိပေးခဲ့၏။ သူ၏သားသမီးတို့သည်လည်းမိုဃ်းကောင်းကင်၌ရှိသော ကြယ်များကဲ့သို့ငှင်း၊ ပင်လယ်ဘေးတွင်ရှိသော သဲလုံးများကဲ့သို့ငှင်း၊ ထိုသားတစ်ဦးအားဖြင့် များပြားစေမည့်အကြောင်းကို ဘုရားသခင်ကသူ့အား ကတိပေးထား၏။ ထို့ကြောင့် လူတစ်ဦးထံမှမရေတွက်နိုင်သောလူထုသည် ပေါ်ထွက်လာခဲ့၏။ ဤအရာတို့ကိုလက်တွေ့၌ မမြင်တွေ့ဘဲ အာဗြဟံသည်ဤလောကထဲက ထွက်ခွာခဲ့သော်လည်း၊ ထိုအရာအားလုံးကိုသူသည် ယုံကြည်ခြင်းအားဖြင့် မြင်ခဲ့၏။

**ဆင်ခြင်ရန်** - "ယုံကြည်ခြင်းသည် လောကကိုအောင်နိုင်သည့်အောင်မြင်ခြင်းဖြစ်၏။"

**ဆုတောင်းချက်** - အဖဘုရား၊ ယုံကြည်ခြင်းအားဖြင့် အောင်မြင်ခြင်းကို ကျွန်ုပ်အားပေးတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၁၅)

**ဟေဗြဲ ၁၁း၁-၂၀**

လု ၁၆း၂၃-၃၁

*". . . မောရှေမှစ၍ ပရောဖက်များရှိကြ၏။
ပရောဖက်တို့၏ စကားကို နားထောင်ကြစေဟုဆို၏"*

## ကောင်းကင်ဘုံနှင့်ဆိုင်သော ကတိတော်သည်ယုံကြည်ခြင်းအားဖြင့်တည်၏

ယုံကြည်ခြင်း၏ သူရဲကောင်းတို့သည် မြေကြီးပေါ်မှာ "တကျွန်းသူတစ်နိုင်ငံသား၊ ဧည့်သည့်အာဂန္တုဖြစ်" သိရှိနားလည်ကြ၍ ကတိတော်နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးကိုမခံရဘဲ သေလွန်ခဲ့ကြ၏။ သူတို့နေထိုင်စရာဖို့ ထာဝရအိမ်တော်ရှိကြောင်းကို သူတို့သိခဲ့ကြ၏။ ရှင်ပေတရုက ထိုဝေါဟာရစကားနှင့်တူညီသော စကားကိုအသုံးပြုခဲ့၏ (၁ ပေ ၂း၁၁)။ ယေရှုကလည်း သူ၏တပည့်တော်တို့အတွက် နေစရာအခန်းကိုပြင်ဆင်ပေးဖို့ရန် သွားမည့်အကြောင်းကိုရှင်းရှင်းလင်းလင်းဖော်ပြခဲ့၏။ ကျမ်းစာပုံပြင်ထဲတွင် ကောင်းကင်ဘုံ၏ပုံကိုရေးဆွဲထားသည့် ရှုခင်းလည်းရှိ၍ ၎င်းက အမှန်တည်ရှိကြောင်းကို အတည်ပြုခြင်းဖြစ်၏။

အာဗြဟံနှင့်ဖခင်ကြီးများတို့သည် ကောင်းကင်ဘုံနှင့်ဆိုင်သော ထိုအိမ်ကိုယုံကြည်ခဲ့ကြ၍ ၎င်းအိမ်ကိုမျှော်ကြည့်ခဲ့ကြ၏။ မြေကြီးပေါ်မှသူ၏ထွက်ခွာခြင်းမှာ ရှေ့သို့ခြေလှမ်းလှမ်းခြင်းဖြစ်၏။ အာဗြဟံနှင့်ဣသရေလတို့သည် သူတို့အတွက် ဘုရားသခင်ပြင်ဆင်ထားသော သာ၍ကောင်းသောမြို့ကိုအလိုရှိခဲ့ကြ၏။ ထာဝရဘုရားက အာဗြဟံထံသို့တိုင်းပြည်တစ်ခုကို ပေးမည်ဟုကတိပေးခဲ့၍ ဣသရေလတို့ထံသို့ ထိုပြည်မှာ နို့နှင့်ပျားရည်စီးသောပြည်ဖြစ်ကြောင်းကို ဖော်ပြခဲ့၏။ ကျမ်းစာသမိုင်းတွင် ထိုတိုင်းပြည်၏မြို့တော်မှာ ယေရုရှလင်မြို့ဖြစ်ခဲ့၏။ ထို့ကြောင့် ယေရုရှလင်သည် ကောင်းကင်ဘုံ၏သင်္ကေတဖြစ်၏။ ဗျာဒိတ်ကျမ်းတွင် ကောင်းကင်မှဆင်းသက်သော သန့်ရှင်းသောမြို့တော်မှာ ယေရုရှလင်မြို့သစ်ဟူ၍ ခေါ်ဆို၏။ ထိုမြို့မှာ သာ၍ကောင်းသောမြို့ဖြစ်၍ ဘုရားသခင် သည်သူတို့၏ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကိုရှက်တော်မမူပေ။

ကျမ်းရေးသူက ဣဇက် ပူဇော်ခြင်းကို ဖော်ပြလာခဲ့သည့်အတိုင်း၊ ဤသူရဲကောင်းတို့၌ခရစ်တော်ယုံကြည်ခြင်းမျိုးဖြစ်သည့် ယုံကြည်ခြင်းကို ပိုင်ဆိုင်ခဲ့ကြသည်ဟုဆိုနိုင်၏။ ဘုရားသခင်၏ကတိတော်မှာ ဣဇက်တွင်ဖြစ်ခဲ့ပြီး ခရစ်တော်သည် ဣဇက်မှဆင်းသက်လာခဲ့၏။ အာဗြဟံသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ယုံကြည်ခဲ့၍ ဘုရားသခင်သည် သူ၏သား ဣဇက်အားသေခြင်းမှထမြောက်စေနိုင်ကြောင်းကို သူသိရှိခဲ့၏။ နောက်ဆုံးတွင် ဘုရားသခင်သည် ဣဇက်အတွက် အစားထိုး ပံ့ပိုးပေးခဲ့သောကြောင့် သူ့သားကိုပူဇော်ဖို့ရန် မလိုအပ်တော့ပေ။ ဣဇက်မှာ တကယ်ရှိခဲ့၍ ခရစ်တော်မှာသူ့မျိုးဆက်ထဲက တစ်ဦးအဖြစ်မွေးဖွားခဲ့၏။ ခရစ်တော်က အာဗြဟံသည် သူ၏နေ့ရက်ကို မြင်တွေ့ဖို့ရန် အလွန်တောင့်တခဲ့၍၊ ထိုနေ့ရက်ကိုသူမြင်တွေ့ခဲ့ကြောင်းကို ဖော်ပြထား၏။ အာဗြဟံသည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ယုံကြည်လက်ခံခဲ့၏။ ယနေ့ခရစ်ယာန်တို့၏ကယ်တင်ခြင်းခံရသည့်နည်းလမ်းအတိုင်း အာဗြဟံသည်လည်း ခံရ၏။

**ဆင်ခြင်ရန်** - အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သောကြောင့် ကောင်းကင်ဘုံသို့ ဝင်စားရ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်သည် ယုံကြည်ခြင်းအားဖြင့် ကောင်းကင်နှင့်ဆိုင်သော ထိုမြို့ကို ကြည့်ရှုပါရစေ။

တနင်္လာ၊ စက်တင်ဘာ (၁၆)

**ဟေဗြဲ ၁၁း၂၁-၄၀**

ကမ္ဘာ ၄၈း၁၆-၂၂

*"ငါ့ကို ခပ်သိမ်းသောဘေးဒဏ်အထဲက ကယ်နှုတ်တော်မူသော ကောင်းကင်တမန်သည် . . . "*

## ယာကုပ်နှင့်ယောသပ်တို့၏ယုံကြည်ခြင်း

ဤအပိုင်းသည် ဣသရေလလူတို့၏ဖခင်ဖြစ်သော ယာကုပ်နှင့်စတင်၏။ သူ၏နာမဖြစ်သော ဣသရေလကိုတိုင်းပြည်၏နာမအဖြစ် ပေးခဲ့၏။ ဓမ္မဟောင်းကျမ်း၌ရှိသော အဓိကပုဂ္ဂိုလ်များနှင့် နာမည်မဖော်ပြသောအခြားသူများအကြောင်းကို ဖော်ပြပါသည်။ သို့သော် သူတို့တွင်တူညီသောအချက်တစ်ခုရှိကြသည်မှာ သူတို့သည် ယုံကြည်ခြင်းကို လက်တွေ့ကျင့်သုံးကြ၍ ကောင်းသောအောင်မြင်ခြင်းရရှိခဲ့ကြ၏။ သူတို့သည် ယုံကြည်ခြင်းက ဘယ်အရာတို့ကို လုပ်နိုင်ကြောင်းကိုထုတ်ဖော်ပြသခဲ့ကြ၍၊ ဘုရားသခင်က သူတို့ခေတ်တွင် သူတို့ကို ကြီးမားစွာ အသုံးပြုခဲ့၏။

ယာကုပ်သည် ယုံကြည်ခြင်းအားဖြင့် ယောသပ်၏သားတို့ကိုကောင်းချီးပေးခဲ့ကြောင်းကို ပြောဆိုထား၏။ ဤအရာမှာ ယာကုပ်သည်ဧဖရိမ်နှင့်မနာရှေတို့ကို သူ၏မိသားစုအဖြစ် ခံယူစေသော၊ ကမ္ဘာဦးကျမ်း ၄၈ ကို ကိုးကားခြင်းဖြစ်၏။ ယောသပ်သည် မိမိ၏သားတို့အား ယာကုပ်ထံသို့ ခေါ်ဆောင်လာသောအခါတွင် သားအကြီးကို ယာကုပ်၏လက်ျာဘက်သို့ရှင်း၊ သားငယ်အား လက်ဝဲဘက်သို့ရှင်း နေရာယူစေ၏။ သို့သော် ယာကုပ်သည် ထိုကလေးနှစ်ယောက်အား ကောင်းကြီးမင်္ဂလာပေးဖို့ရန် လက်ကို ဆန့်ကျင်ဘက်သို့ထားလျက် ကောင်းကြီးမင်္ဂလာပေး၏။ သားငယ်သည်အကြီးထက် ပိုကြီးမြတ်မည်ကို ယုံကြည်ခြင်းအားဖြင့် ကြိုတင်မြင်တွေ့ခဲ့၏။ ဤအရာသာလျှင် ယာကုပ်ပြောခဲ့သည့် ပရောဖက်နှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာမဟုတ်ပေ။ ကမ္ဘာဦးကျမ်း ၄၉ တွင် သူသည်မိမိ၏သား ဆယ့်နှစ်ဦးကို ကောင်းကြီးပေးခဲ့၏။ မှတ်သားစရာအကောင်းဆုံးမှာ ယုဒအမျိုး၏ရှင်ဘုရင်ဖြစ်ခြင်း ဆုဖြစ်၏။ သခင်ယေရှုသည် မိမိ၏ပဋိညာဉ်တရားနှင့်ဆိုင်သော ကတိတော်တို့ကို ယုဒအမျိုးအားဖြင့် စုံလင်စေရန်ကြွလာခဲ့၏။ ယေရှုခရစ်တော်သည် ယုဒအမျိုးမှမွေးဖွားလာခဲ့၏။ ယာကုပ်သည် ကြိုတင် ဟောထားသည့်အတိုင်း ဧဖရိမ်သည်မနာရှေထက် သာ၍ကြီးမြတ်၏။

ယောသပ်သည်လည်း ဣသရေလအမျိုးသားတို့၏ အဲဂုတ္တုပြည်မှထွက်ခွာခြင်းအကြောင်း ကို ဖော်ပြပြီး၊ မိမိ၏အရိုးတို့နှင့်ပတ်သက်၍ အမိန့်ပေးခဲ့၏။ သူသည် အသက် ၁၁၀ နှစ်တွင် သေဆုံးခဲ့၏။ ဤအချက်က သူ၏ဖခင်ယာကုပ်သည် အဲဂုတ္တုပြည်သို့ရောက်ခဲ့ပြီးနောက် နှစ်ပေါင်း ရှစ်ဆယ်အသက်ရှင်ခဲ့ကြောင်း ထင်ရှားစေ၏။ ကြိုတင်ဟောထားသော ထွက်မြောက်ခြင်းအမှန် မရောက်ရှိမီ နှစ်ပေါင်းသုံးရာကျော်လောက်က ယောသပ်သေခဲ့ခြင်းဖြစ်၏။ ဤအချက်အားလုံးကို သူသည် ယုံကြည်ခြင်းဖြင့် မြင်တွေ့ခဲ့သောကြောင့် မိမိ၏အရိုးတို့အား ခါနာန်ပြည်သို့ သင်္ဂြိုလ်ပေးဖို့ရန် အမိန့်ပေးခဲ့၏။ အဲဂုတ္တုလူတို့သည် ကိုယ်ခန္ဓကို ယိုယွင်းပျက်စီးခြင်းမရှိဘဲ ရာစုနှစ်များစွာ ခံနိုင်ဖို့ရန် ထားခြင်းပညာ၌ နာမည်ကျော်ကြားခဲ့ကြ၏။ ယောသပ်သည် သေ၍ ဂူထဲသို့ထားခြင်း ခံရသောအချိန်တွင် သူ၏ကိုယ်ခန္ဓာမှာ မပုပ်မသိုးစေရန် ဆေးလိမ်းခဲ့ကြ၏။ ဣသရေလတို့သည်ထွက်ခွာသွားကြသောအခါ ယောသပ်အမိန့်ပေး ခဲ့သည့်အတိုင်း လုပ်ဆောင်ခဲ့၍ သူ၏အရိုးတို့ကို မိမိ၏ သားငယ်ဧဖရိမ်၏ အမွေခံရာနယ်မြေ၌ သင်္ဂြိုလ်ခဲ့ကြ၏။ ယောသပ်ပရောဖက်ပြုထားသည့် နေ့ရက်သည် အမှန်ရောက်လာခဲ့၏။

**ဆင်ခြင်ရန်** - ဘိုးဘွားတို့၏ ယုံကြည်ခြင်းသည် ယနေ့ထိတိုင်အသက်ရှင်၏။

**ဆုတောင်းချက်** - အဖဘုရား၊ သခင်ဘုရား၏နေ့သည် ကျွန်ုပ်ထံသို့ကောင်းကြီးမင်္ဂလာအဖြစ် ရောက်ရှိပါစေသော်။

အင်္ဂါ၊ စက်တင်ဘာ (၁၇)
**ဟေဗြဲ ၁၁း၂၁-၄၀**
ထွက် ၃း၁-၆

*“မောရှေသွား၍ ကြည့်ရှုကြောင်းကို ထာဝရဘုရားမြင်တော်မူလျှင်၊ မောရှေ၊ မောရှေဟု ချုံထဲက ခေါ်တော်မူ၏”*

## ထွက်မြောက်ရာကျမ်း၌တွေ့ရသော မောရှေ၏ယုံကြည်ခြင်း

ဘုရားသခင်သည် မောရှေအား အဲဂုတ္တုပြည်မှ ဣသရေလလူတို့ကို ခေါ်ထုတ်ဖို့ရန် အထူးနည်းလမ်းဖြင့် ပြင်ဆင်ခဲ့၏။ မောရှေသည် သူငယ်ဖြစ်စဉ်တွင်သေခြင်းမှ ကယ်တင်ခံရ၍ မွေးကင်းစသားယောကျ်ားအားလုံးကို သတ်ဖို့ရန် အမိန့်ကိုဆန့်ကျင်လျက် ရှင်ဘုရင်မိသားစု၏ကွယ်ကာမှုပေးအပ်ခံရခြင်းမှာ မောရှေ မိဘတို့၏ ယုံကြည်ခြင်းကြောင့်သာ ဖြစ်၏။

သူ့အသက်တာ၏ပြောင်းလဲမှုတစ်ခုမှာ ယုံကြည်ခြင်းဖြင့် အဲဂုတ္တုကိုချန်ရစ်ပြီး ဖါရောသမီး၏သားဟု ခေါ်ဝေါ်ခြင်းကိုငြင်းပယ်ခဲ့၏။ သူသည်အရွယ်ရောက်သောအခါ၊ အပြစ်၌ပျော်မွေ့ခြင်းထက် ဘုရားသခင်၏လူတို့နှင့်အတူ ဆင်းရဲဒုက္ခခံခြင်းကို ရွေးချယ်ခဲ့၏။ မိဒျန်အရပ်၌ သူသည်နောက်ပိုင်းဘယ်အရာကျရောက်လာမည်ကို မသိဘဲ သိုးကျောင်းသား ဖြစ်ခဲ့၏။ သူသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို အဆင်ပြေစေလိမ့်မည်ဖြစ်ကြောင်းနှင့် အရာရာတို့သည် မိမိမျှော်လင့်ထားသည်ထက် သာလွန်၍ ဖြစ်ပေါ်လာမည်အကြောင်း ဘုရားသခင်အား ကိုးစားခဲ့၏။

ထွက်မြောက်ရာကျမ်းတစ်ခုလုံးသည် ဣသရေလသမိုင်းနှင့်ကမ္ဘာသမိုင်းတွင်ရှိသော နယ်နိမိတ်သတ်မှတ်မှုဖြစ်ရပ်ဖြစ်၏။ မောရှေသည် မိဒျန်၌သိုးကျောင်းနေစဉ်တွင် ဘုရားသခင်ခေါ်တော်မူခဲ့၏။ သူ၏ဦးဆောင်မှုအောက်တွင် ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှ ထွက်ခွာရမည့်အချိန်ကာလရောက်လာခဲ့၏။ အဓိကအတားအဆီးမှာ ထိုပြည်သို့ဘုရားသခင်စေလွှတ်ခဲ့သည့် ကြောက်မက်ဖွယ်ရာကပ်ဘေးတို့ကို ဂရုမစိုက်ဘဲ ဣသရေလလူတို့ကို ထွက်ခွာခွင့်မပြုသော ဖာရော ဘုရင်ဖြစ်၏။ နောက်ဆုံးမှာ ဘုရားသခင်က အဲဂုတ္တုပြည်၌ရှိသော သားဦးရှိသမျှတို့ကို သေစေခဲ့၏။ ဣသရေလလူတို့ကို ဘုရားသခင်ကထိုကပ်ဘေးမှ ကာကွယ်ဖို့ရန်အတွက် ဘုရားသခင်၏နည်းလမ်းဖြစ်သည့်ပသခါပွဲကို စောင့်ထိန်းဖို့ရန် တောင်းဆိုခဲ့၏။ အိမ်ထောင်စုတစ်ခုစီတိုင်းက သိုးသူငယ်ကို သတ်၍အသွေးကို တံခါးဘောင်၌သုတ်ထားရပါမည်။ သူတို့သည် ထိုအရာကို ယုံကြည်ခြင်းအားဖြင့်ပြု၍ ကယ်တင်ခံရကြ၏။

သူတို့၏ထွက်ခွာခြင်း၌ ရင်ဆိုင်ရသောအခြားအတားအဆီးမှာပင်လယ်နီဖြစ်၏။ အဲဂုတ္တုစစ်သားတို့က သူတို့အားပြန်ဖမ်းဆီး၍၊ အဲဂုတ္တုပြည်သို့ပြန်ခေါ်သွားဖို့ရန် သူတို့နောက်သို့လိုက်လာခဲ့ကြသောကြောင့် သူတို့သည် ကြောက်ရွံ့တုန်လှုပ်ခဲ့၏။ သူတို့သည် မောရှေကိုဆန့်ကျင်ဘက်ပြုကြ၍ ညည်းတွားကြသော်လည်း မောရှေသည်ဘုရားသခင်ထံကြီးမားသောယုံကြည်ခြင်းရှိ၏။ သူသည် ထိုသူတို့အားငြိမ်ဝပ်စွာရပ်နေကြဖို့ရန်နှင့် ဘုရားသခင်၏ကယ်တင်ခြင်းကို ကြည့်ရှုကြဖို့ ပြောဆိုခဲ့၏။ တစ်ညထဲတွင် ပင်လယ်သည် နှစ်ပိုင်းပိုင်း၍ ဣသရေလလူတို့သည် ကုန်းမြေပေါ်ဖြတ်လျှောက်ရသကဲ့သို့ တဘက်ကမ်းသို့ဖြတ်လျှောက်ခဲ့ကြ၏။ အဲဂုတ္တုလူတို့သည် သူတို့နောက်သို့လိုက်ဖို့ရန် ကြိုးပမ်း ကြသောအခါ ရေသည်သူတို့အပေါ်သို့ လွှမ်းမိုးထားသောကြောင့် ရေနစ်သေဆုံးကြရ၏။ မောရှေ၏ ယုံကြည်ခြင်းကို ဣသရေလလူတို့အားလုံးရှေ့၌ သက်သေထူခဲ့၏။ သူတို့သည် အောင်မြင်ခြင်းသီချင်းကို သီဆိုလျက် ဘုရားသခင်၏အံ့ဖွယ်ရာကယ်တင်ခြင်းကြောင့် ဘုရားသခင်အားချီးမွမ်းခဲ့ကြ၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့သည် သူ့ကိုမရှာသောအချိန်တွင် ဘုရားသခင်သည်ကျွန်ုပ်တို့ကို လိုက်ရှာ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏ဝိညာဉ်ရေးအောင်မြင်ခြင်းနေ့ရက်ကို မျှော်ကြည့်ပါရစေ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၈)
**ဟေဗြဲ ၁၁း၂၁-၄၀**
ဆာလံ ၂၀

*“. . . ငါတို့မူကား၊ ငါတို့ဘုရားသခင်တည်းဟူသော ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလိမ့်မည်”*

## ခါနာန်ပြည်တွင်အခြေချရာ၌ယုံကြည်ခြင်း

ခါနာန်ပြည်သိမ်းပိုက်ခြင်းနှင့်အခြေချနေထိုင်ခြင်းတို့မှာ ယုံကြည်ခြင်း၏အပြုအမူဖြစ်၏။ ယောရှုသည် ယုံကြည်ခြင်းအားဖြင့် အဦးဆုံးသောတိုက်ပွဲကို အနိုင်ယူခဲ့၏။ ယေရိခေါမြို့ရိုးပြိုကျခြင်းက ဘုရားသခင်၏လက်တော်ကိုအတည်ပြု၏။ သူတို့သည် စစ်တိုက်ဖို့ရန်မလို၊ ဘုရားသခင်မိန့်ထားသည့်အတိုင်း လုပ်ဆောင်ရန်သာလိုခဲ့၏။ ဣသရေလလူတို့သည် မြို့ကို လွယ်ကူစွာ သိမ်းပိုက်ခဲ့၏။ သူတို့သည် ယောရှုထံ ဘုရားသခင် မိန့်တော်မူခဲ့သောအရာတို့ကို နာခံ၍ဆောင်ရွက်ခဲ့ကြ၏။ (ထိုအမိန့်တော်မှာ ထိုမြို့သူမြို့သားအားလုံးကို ကွပ်မျက်ဖို့ရန်ဖြစ်၏)။ ရာခပ်နှင့်သူမ၏မိသားစုသာ ယောရှုစေလွှတ်ခဲ့သော သူလျှိုနှစ်ဦးကို ကယ်ခဲ့သောကြောင့် ကယ်တင်ခြင်းခံရ၏။ ထိုသူနှစ်ဦးသည် ထိုမြို့ကိုဘုရားသခင် ပေးသောအခါ သူမနှင့်သူမမိသားစုမသတ်ရမည့်အကြောင်းကို သူမထံသို့သစ္စာကတိပြုခဲ့ကြ၏။ ဤကျမ်းပိုဒ်တွင် သူမသည်ဘုရားသခင်အား ကိုးစားသောသူအဖြစ် ဖော်ပြထား၏။

ယောရှု၏အချိန်ကာလကို တရားသူကြီးတို့အချိန်ကာလက လိုက်လာခဲ့၍ဤကျမ်းပိုဒ်က ယုံကြည်ခြင်းကို လက်တွေ့ပြသခဲ့ကြသော ဂိဒေါင်၊ ဗာရက်နှင့်ရှုန်ဆုံအကြောင်းတို့ကို ဖော်ပြ၏။ ဂိဒေါင်သည် မိမိဖခင်၏စပါးကိုနယ်လျက်နေစဉ်တွင် ဣသရေလလူတို့ကိုဦးဆောင်ဖို့ရန် ခေါ်ခြင်းခံရ ၍၊ အစောပိုင်းတွင် သူ၏တာဝန်ဝတ္တရားကိုဆောင်ရွက်ဖို့ရန် အကြောက်တရားရှိခဲ့သော်လည်း သူသည်အောင်မြင်သူဖြစ်ခဲ့၏။ ဘုရားသခင်က သူ့ကိုညွှန်ကြားချက်ပေး၍ သူသည်တိုက်ပွဲကို ရိုးရှင်းသောဗျူဟာဖြင့်အနိုင်ယူခဲ့၏။ ပရောဖက်မ ဒေဗောရ၏တိုက်တွန်းခြင်းနှင့်အတူ ဗာရက်သည်လည်း ဣသရေလတပ်ထံသို့ အောင်မြင်ခြင်းကို ယူဆောင်ခဲ့၏။ ရှုန်ဆုံမှာ အလွန်ကြီးမားသော ကိုယ်ကာယပိုင်းဆိုင်ရာခွန်အားကို ပေးခြင်းခံရ၍ သူသည်တရားသူကြီးဖြစ်နေစဉ်တွင် များစွာသော စွန့်စားခန်းတို့ကို လုပ်ဆောင်ခဲ့၏။ ဣသရေလသမိုင်း၏ရှင်ဘုရင်ခေတ်ကာလတွင် ဒါဝိဒ်၊ ရှမွေလ နှင့် အခြားသောပရောဖက်တို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အား ကိုးစားကြသောသူအဖြစ် ပေါ်ထွက်ခဲ့ကြ၏။ ဘုရားသခင်သည် သူတို့ကိုကြီးမားစွာ အသုံးပြုခဲ့၏။

နာမည်ဖော်ပြခြင်းမခံရသောသူများစွာရှိခဲ့ကြသေး၏။ သူတို့သည် တိုင်းနိုင်ငံတို့ကို လက်အောက်ခံစေပြီး (သိမ်းပိုက်)၊ ဖြောင့်မတ်ခြင်းတရားကို ယူဆောင်ခဲ့ကြ၏။ လောင်သောမီးကို ငြိမ်းသတ်ပေးပြီး ထက်သောဓားရန်မှလွတ်မြောက်ခဲ့ကြ၏။ မိန်းမတို့သည်လည်း သူတို့၏လူသေကို အသက်ရှင်လျက်ပြန်ရရှိခဲ့ကြ၏။ အခြားသောသူတို့မှာ ရက်စက်စွာလှောင်ပြောင်ခြင်းနှင့် ရိုက်နှက်ခြင်းမျိုးကဲ့သို့ စုံစမ်းခြင်းဒုက္ခကို ခံရကြ၏။ သူတို့သည် ကျောက်ခဲနှင့်ပစ်ခြင်းသော်၎င်း၊ လွှဖြင့် ပိုင်းဖြတ်ခြင်းခံရကြ၏။ သူတို့သည် အလွန်ဒုက္ခဝေဒနာခံရသော်လည်း မိမိတို့၏ ယုံကြည်ခြင်း၌ ခိုင်မာစွာရပ်တည်ခဲ့ကြ၏။ သူတို့သည် ဤလမ်းကိုစတင်ဖောက်လုပ်သူ ဖြစ်ခဲ့ကြသည်။ များစွာသော လူတို့သည် ထိုလမ်းသို့လိုက်သွားခဲ့ကြပြီးဖြစ်၏။

**ဆင်ခြင်ရန်** - ယခု မျက်မှောက်မျိုးဆက်တို့သည် ထိုယုံကြည်ခြင်းကိုလိုက်လျှောက်ရန် တာဝန်ရှိ၏။

**ဆုတောင်းချက်** - အဖဘုရား၊ကျွန်ုပ်အားယုံကြည်ခြင်း၌ခရစ်တော်၏လမ်းသို့ လိုက်စေတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၁၉)

**ဟေဗြဲ ၁၂း၁-၁၃**

ဖိလိ ၂း၄-၈

*“ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့”*

# ခရစ်တော်၏ပုံဥပမာ

သည်းခံခြင်းမှာ လွယ်ကူသောအရာမဟုတ်သော်လည်း၊ ၎င်းတွင်ထိုက်တန်သောဆုလက်ဆောင်ရှိ၏။ ခရစ်တော်၏လူ့ဇာတိခံယူခြင်းသာဓကသည် ဤအချက်ကိုအကောင်းဆုံးကိုယ်စားပြု၏။ ဆုံးမပြုပြင်ခြင်းသည်လည်း နာကျင်ခြင်းကို ခံစားစေ၍ရွှင်လန်းခြင်းမရှိပါ။ သို့သော်ငြားလည်း ၎င်းသည် အပြစ်ဒုစရိုက်ကိုကျူးလွန်သော သူတို့အားနောင်တရ၍ ပြန်လည်ပြုပြင်ခြင်းရှိဖို့ရန် ကူညီပေးသောအရာဖြစ်ကြောင်း သေချာလှ၏။ ထိုအတွေ့အကြုံရရှိခြင်းနောက်တွင် အနာဂတ်တည်ငြိမ်ခိုင်ခံ့စေတော်မူ၏။ ဤအချက်မှာ ကျမ်းရေးသူက ရွေးနှုတ်ကယ်တင်ခြင်းနှင့် ကျမ်းစာနှင့်ကိုက်ညီသောကိုယ်ကျင့်တရား ထိန်းသိမ်းခြင်းတို့အား ဆက်သွယ်ထားသည့်သတင်းကောင်းဖြစ်၏။

ကျမ်းရေးသူက ကျွန်ုပ်တို့သည် ကြီးမားသောသက်သေအပေါင်းတို့နှင့် ဝန်းရံလျက်ရှိသည့်အကြောင်းကို ဖော်ပြ၏။ ထိုအရာက အရင်အခန်းတို့၌ ကိုးကားထားသော သန့်ရှင်းသူတို့၏ ရှည်လျားသောစာရင်းကို ရည်ညွှန်းထားခြင်းဖြစ်၏။ သူတို့၏ယုံကြည်ခြင်းအသက်တာမှာ အလွန်ကြီးမားကြောင်းကို အဘယ်သူမျှမငြင်းနိုင်ပေ။ ဤသက်သေ၏အခြေခံအကြောင်းရင်းတွင်၊ ကျွန်ုပ်တို့ကိုလွယ်ကူစွာရန်ပြုသော အပြစ်ဒုစရိုက်၏ခပ်သိမ်းသောဝန်တို့ကို ဖယ်ရှားပစ်ဖို့ကို တိုက်တွန်းထား၏။ ဤအရာက သန့်ရှင်းသူတို့၏ အဆင့်အတန်းကို တိုင်းတာစေနိုင်မှာဖြစ်၏။ ထို့ကြောင့် သူက ငါတို့မျက်မှောက်၌ ထားသောပန်းကုံးတိုင်သို့ အားမလျော့ဘဲပြေးကြဖို့ရန် မိန့်ဆိုခဲ့၏။ ကျွန်ုပ်တို့သည် သည်းခံခြင်းတစ်ခုတည်းဖြင့် မထိန်းသိမ်းနိုင်ကြောင်းနှင့် ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြဖို့ရန် ရည်ညွှန်းထား၏။

အပြစ်၏ဝန်သည် အလွန်လေးနိုင်သောကြောင့် ၎င်းကိုဖယ်ရှားဖို့ရန် ငြင်းဆန်သောသူတို့သည် ထိုပြိုင်ပွဲ၌ တိုးတက်မှုတစ်စုံတရာမလုပ်နိုင်ပေ။ ယုံကြည်ခြင်း၏ပြိုင်ကွင်း၌ အမှတ်အသားထားဖို့ရန် ငြင်းပြသောဆန္ဒမှာ ကျွန်ုပ်တို့၏ချဉ်းကပ်ခြင်းနည်းလမ်းအပေါ်တွင် မူတည်၍ ဖြစ်နိုင်သောအရာနှင့်မဖြစ်နိုင်သောအရာဖြစ်၏။ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့တွင် ခပ်သိမ်းသောအရာတို့ကို လုပ်နိုင်သောအရည်အချင်းရှိကြသော်လည်း ခရစ်တော်မပါဘဲ အဘယ်အမှုကိုမျှ မတတ်နိုင်ကြပေ။ ခရစ်တော်၏အတုယူစရာမှာ သူသည်မိမိ၏ရှေ့တော်တွင် ထားသည့်ဝမ်းမြောက်စရာကြောင့် လက်ဝါးကပ်တိုင်ကို သည်းခံခဲ့၏ (ထိုအရာမှာ သူရွေးနှုတ်ကယ်တင်မည့် သူတို့ကိုဆိုလို၏)။ ခရစ်တော်၏ ဆင်းရဲဒုက္ခခံခြင်းကို လက်ဝါးကပ်တိုင်၌ နာကျင်ခံစားရသည့်အရာက ကန့်သတ်၍မထားပေ။ ဤအချက်မှာ သူ၏နိမ့်ချခံရခြင်း၏ အမြင့်ဆုံးအခြေအနေသာဖြစ်၏။ ခရစ်တော်၏ လူ့ဇာတိခံရခြင်းတစ်ခုလုံးသည် ဒုက္ခဆင်းရဲခံရသော အသက်တာဖြစ်၏။ သူသည်ကျွန်ုပ်တို့အတွက် ကောင်းသောပုံဥပမာကို ချထားခဲ့၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏ပုံဥပမာသည် လိုက်လျှောက်ရန် ထိုက်တန်သော အရာဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏လမ်း၌ရှိသော အပြစ်၏ဝန်အားလုံးကို ဖယ်ရှားပေးတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၂၀)
**ဟေဗြဲ ၁၂း၁-၁၃**
ဟေရှာ ၆၁း၁-၃

*“. . . ဆင်းရဲသားတို့အား ဝမ်းမြောက်စရာ သိတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကိုဘိသိက်ပေးတော်မူပြီ . . .”*

## ခရစ်တော်၏ဒုက္ခဝေဒနာခံခြင်း

ယေရှု အဖမ်းခံရခြင်းငှါ ယုဒလူတို့က ပူးပေါင်းလုပ်ကြံကြ၏။ သူ၏တပည့်တော်ထဲက တစ်ဦးဖြစ်သော ယုဒရှကာရုတ်နှင့်အတူ သူတို့သည်လျှို့ဝှက်ကြံစည်ကြ၏။ သူတို့က ထိုသူအား ငွေအသပြာသုံးဆယ်ကို ပေး၍သူကလည်း ယေရှုကိုဖမ်းဆီးဖို့ရန် သူတို့ကိုကူညီပေး၏။ ထိုအမှုနှင့် ပတ်သက်၍ မတရားမှုမှာ အစကပင် သိသာထင်ရှားခဲ့သော်လည်း ဥပဒေနှင့်မညီသော စစ်ကြောခြင်းကိုဆက်လက်လုပ်ဆောင်ခဲ့ကြ၏။

သူတို့သည် ယေရှုအားဆန့်ကျင်၍ မှားယွင်းသောသက်သေကို ရှာဖွေခဲ့သည့်ယဇ်ပုရောဟိတ်မင်းရှေ့သို့ ခေါ်ဆောင်ခဲ့ကြ၏။ ယဇ်ပုရောဟိတ်မင်းက ယေရှုသည်ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း အတည်ပြုချက်ကို ရှာဖွေဖို့ရန် မေးခွန်းမေးခဲ့၏။ ယေရှုက သူသည်ဘုရားသခင်၏သားတော်မှန်ကြောင်းကို ပြန်ပြောသောကြောင့် သူ့အား ဘုရားသခင်ကို မထီမဲ့မြင်ပြုသောသူအဖြစ် စွပ်စွဲကြ၏။ ထို့ကြောင့်သူတို့သည် အသေသတ်ရန်ဆန္ဒရှိကြ၏။ သို့သော်လည်း သူတို့သည် ထိုသို့လုပ်ရန်ရောမဥပဒေအောက်တွင် အခွင့်အာဏာမရှိခဲ့ကြပေ။ ရောမရှင်ဘုရင်ပိလတ်မင်းသည် ယေရှု၌အပြစ်ရှိကြောင်းကို မတွေ့ရှိခဲ့ကြောင်း ဝန်ခံခဲ့သော်လည်း ယေရှုကိုသေဒဏ်ချမှတ်ခဲ့၏။ ယေရှုသည် လက်ဝါးကပ်တိုင်၌ တင်သတ်ခြင်းခံရ၏။ စစ်သူရဲတစ်ဦးက ယေရှု၏နံဘေးကို လှံတံနှင့်ထိုးဖောက်၍ သွေးနှင့်ရေယိုစီးထွက်လာခဲ့၏။ ထို့နောက် သူသည် ဂူထဲသို့သင်္ဂြိုလ်ခြင်းခံရ၏။ ဤသို့ဒုက္ခဆင်းရဲခြင်းနှင့် နှိမ့်ချခြင်းတို့ကိုခံခဲ့၏။ ကျမ်းရေးသူက ယေရှု၏သည်းခံခြင်းကို ပြောဆိုသောအခါတွင် ယေရှုခံသွားခဲ့သော ဤဒုက္ခဆင်းရဲတို့ကို ရည်ညွှန်းခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်အတွက် အသက်ရှင်ခြင်းတွင် အားလျော့စိတ်ပျက်ခြင်းမရှိသင့်ပေ။ အပြစ်တရားနှင့်တိုက်လှန်ခြင်းက များစွာသော စွန့်လွှတ်ခြင်းကို တောင်းဆိုထား၏။ ယုံကြည်သူတို့သည် သွေးထွက်သည့်တိုင်အောင် အပြစ်တရားကို မခုခံခဲ့သေးပါ။ သို့သော် ခရစ်တော်၏ဧဝံဂေလိသတင်းကောင်းကို ကာကွယ်ရာ၌ထိုအဘိုးအခကို ပေးဖို့ လိုအပ် ကောင်း လိုအပ်နိုင်၏။

“အပြစ်ရှိသောသူတို့လက်တွင်၊ ထိုမျှလောက်ကြီးစွာသော ဆီးတားနှောင့်ရှက်ခြင်းကို ခံတော်မူသောသခင်ကို ထောက်ရှုဆင်ခြင်သောအားဖြင့်၊ အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်အံ့သောငှါ ကြိုးစားကြလော့” (ဟေဗြဲ ၁၂း၃)။ ယေရှုသည် ကျွန်ုပ်တို့အပြစ်၏ ပြစ်ဒဏ်ကိုပေးဖို့ရန် အလွန်ခက်ခဲသောခရီးကိုလျှောက်သွားခဲ့ရ၏။ သူ့ကိုယုံကြည်သောသူရှိသမျှတို့သည် မိမိတို့၏ အပြစ်အတွက် ငရဲထဲ၌ ထာဝရစီရင်ခြင်းကို ခံစရာမလိုတော့ပေ။ ဘုရားသခင်သည် ခရစ်တော်၏ ဤကောင်းမှု ကုသိုလ်အလုပ်ကို အပြစ်သားများနောင်တရဖို့ရန် ပေးကမ်းခဲ့၏။ သူတို့သည် မထိုက်တန်ကြသော်လည်း၊ ဘုရားသခင်၏ကျေးဇူးတော်သည် သူတို့ထံသို့ရောက်ခဲ့၏။

**ဆင်ခြင်ရန်** - သင်၏ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော ယေရှုကို စေ့စေ့ထောက်ရှုလော့။

**ဆုတောင်းချက်** - အဖဘုရား၊ယေရှုခရစ်သည် ကျွန်ုပ်အတွက်နာကျင်ခြင်းဝေဒနာ ခံစားရသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

စနေ၊ စက်တင်ဘာ (၂၁)
**ဟေဗြဲ ၁၂း၁-၁၃**
သု ၃း၁၁-၁၂

*"ငါ့သား၊ ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့် . . . "*

## ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့် ဆုံးမခြင်း

ဆုံးမခြင်းဆိုသည်မှာ မိဘတို့သည်လမ်းမှားသောမိမိသားသမီးတို့ကို ပြုပြင်ခြင်းဖြစ်ပါသည်။ ဤစာရေးဆရာက သားသမီးတို့အား ဆုံးမခြင်းကို မထီမဲ့မြင်မပြုခြင်းငှါ တိုက်တွန်းနှိုးဆော်ခဲ့၏။ ဘုရားသခင်သည် မိမိချစ်တော်မူသောသူတို့အား ဆုံးမတော်မူကြောင်း သူဆိုခဲ့၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သားကဲ့သို့ဆုံးမတော်မူ၏။ သားသမီးတို့သည် မိဘတို့၏ချစ်ခြင်းကို နားလည်၍ ဆုံးမခြင်းသည်လည်း မိမိတို့ကောင်းဖို့ရန်အတွက်ဖြစ်ကြောင်း သဘောပေါက်ရပါမည်။ ဤသည်ကား မိသားစု၌ရှိသင့်သော ဆက်နွယ်မှုဖြစ်ပါသည်။ ထို့ကြောင့် စာရေးဆရာက ကျွန်တော်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်သောကြောင့် "စိတ်ဝိညာဉ်တို့၏အဘအလိုသို့" (ဟေဗြဲ ၁၂း၉) ဆက်ကပ်ကြရမည်ဖြစ်ကြောင်း ဆိုခဲ့၏။ ဆိုလိုသည်မှာ ဘုရားသခင်၏သားသမီးတို့သည် ဆုံးမခြင်းခံရသောအခါ ဘုရားသခင်၏အလိုကိုသိခြင်းငှါ ကြိုးစားဆန်းစစ်ကြရပါမည်။ ဆုံးမခြင်းသည် ဘုရားသခင်နှင့်အကျွန်ုပ်တို့၏မိဿဟာယဖွဲ့ခြင်းကို ပြုပြင်တတ်၏။ အပြစ်သည် သန့်ရှင်းခြင်းကိုငင်း၊ ဘုရားသခင်နှင့်အကျွန်ုပ်တို့၏မိဿဟာယဖွဲ့ခြင်းကိုငင်း ဖျက်ဆီးတတ်ပြီး၊ ဆုံးမခြင်းက ထိုအရာတို့ကို ပြန်လည်ပြုပြင်တတ်၏။ စာရေးဆရာက ဆုံးမခြင်းခံနေစဉ်အချိန်သည် ဝမ်းမြောက်စရာမကောင်းသော်လည်း နောက်ဆုံးတွင် ဖြောင့်မတ်ခြင်းအသီးအပွင့်ကို ပွင့်စေတတ်၏။ ဆုံးမခြင်းက အကျွန်ုပ်တို့၏အားလျော့ခြင်းများကို ပြန်လည်နိုးကြားစေတတ်၏။ အကျွန်ုပ်တို့လျှောက်လှမ်းသောလမ်းခရီးကို ဖြောင့်ဖြူးစေပြီး မစွမ်းသောခြေတို့ကို ကျန်းမာစေတတ်၏ (ဟေဗြဲ ၁၂း၁၃)။

ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့်ယှဉ်သော ဆုံးမခြင်းနှင့်သည်းခံခြင်းတို့သည် ဘုရားသခင်လက်ခံတော်မူသောအမှုဖြစ်၏။ ခွန်အားယူစရာအမှုဟူမူကား ဘုရားသခင်သည် ကိုယ်တော်အတွက် ကျွန်တော်တို့ပြုသောအမှုကို အလေးထားလျက် ကောင်းကင်ဘုံ၌နေစရာပြင်ဆင်ပေးတော်မူ၏။ တမန်တော်ယောဟန်သည် ခရစ်တော်နောက်လိုက်တို့ထဲတွင် ထင်ရှားသောနောက်လိုက်တစ်ပါးဖြစ်ပါသည်။ သူနှင့်သူ၏ညီအစ်ကိုတို့သည် ခရစ်တော်ထံ၌ ခရစ်တော်၏လကျာ်ဘက်နှင့်လက်ဝဲဘက်၌ ထိုင်ရသောအခွင့်ကိုတောင်းလျှောက်ကြ၏။ ယေရှုက သူတို့တောင်းလျှောက်သောအရာကို ပေးခြင်းငှါမိမိ၌အခွင့်မရှိကြောင်း မိန့်တော်မူ၏။ သူတို့သည် ဘဝသင်ခန်းစာကို ခက်ခဲစွာသင်ယူခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဆုံးမခြင်းသည် အကျွန်ုပ်အတွက်ကောင်းသောအမှုဖြစ်၏။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ဆုံးမတော်မူသောအခါ သည်းခံနိုင်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၂)
**ဟေဗြဲ ၁၂:၁၄-၂၉**
၂ တိ ၂:၃-၅

*"ထိုသို့အလိုငှါ သင်သည်၊ ယေရှုခရစ်ထံ၌ ကောင်းသောစစ်သူရဲကဲ့သို့၊ ဆင်းရဲဒုက္ခကိုသည်းခံလော့။"*

## သည်းခံခြင်းလမ်းအဆုံး၌ ဆုလာဘ်ရှိ၏

သည်းခံခြင်းအဆုံးတွင် ဆုလာဘ်ရှိ၏။ ဘုရားသခင်၏ကျေးဇူးတော်သိရှိခြင်း၌ ငြိမ်သက် ခြင်းနှင့် သန့်ရှင်းခြင်းရှိ၏။ အမျက်ဒေါသနှင့် ဆန့်ကျင်ခြင်းအမှုအလုံးစုံတို့ကို ဖယ်ရှားတတ်၏။ ပညတ်တရားသည် ထိတ်လန့်စရာကောင်းခဲ့သော်လည်း၊ ယေရှုခရစ်တော်၌ ဘုရားသခင်၏ကျေးဇူး တော်သည် မျှော်လင့်ခြင်းတံခါးကို ဖွင့်ပေးခဲ့၏။ ထို့ကြောင့် သည်းခံခြင်းသည် ကြီးမားသောဆုလာဘ် ကို ယူဆောင်ပေးသော နာခံခြင်းဖြစ်ပါသည်။

စာရေးဆရာက လူအပေါင်းတို့နှင့်အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းကိုလိုက်ခြင်းငှါ တိုက်တွန်းခဲ့၏။ ဇာတိအလိုကို လိုက်နေကြသောလူတို့နှင့်အတူနေထိုင်ကြသည်ဖြစ်သောကြောင့် ဤအမှုသည် လွယ်ကူသောအရာမဟုတ်ကြောင်း ခရစ်ယာန်တိုင်းသိထားပါသည်။ ထိုသို့ဇာတိအလို ကို လိုက်သောသူများအကြားတွင် အမြတ်ဒေါသထွက်ခြင်းနှင့် မကျေနပ်ခြင်းတို့သည် အစဉ်ဖြစ်ပွား တတ်၏။ ထို့ကြောင့် ယုံကြည်သူများသည် ကောင်းသောအကျင့်ကိုကျင့်၍ ပုံသက်သေကောင်း ပြကြရပါမည်။ ခရစ်တော်ပြတော်မူသော သာဓကဟူမူကား သူတစ်ပါးတို့နှင့်ရင်းနှီးကျွမ်းဝင်ခြင်းအမှု ပြုခြင်းဖြစ်ပါသည်။ လူတိုင်းက ကျွန်ုပ်တို့ကိုချစ်ရမည်ဟု မဆိုလိုပါ။ သို့သော်လည်း ပညတ်တရား သင်ပေးသည့်အတိုင်း အကျွန်ုပ်တို့၏ချစ်ခြင်းသည် အကြောင်းအရင်းပေါ်၌မတည်မှီသော ချစ်ခြင်း ဖြစ်ပါပါမည်။ ခရစ်ယာန်အသိုင်းအဝိုင်းထဲတွင် ဤစံနှုန်းကို ရောက်နိုင်ခြင်းငှါ အလွန်သည်းခံခြင်း ရှိဖို့လိုအပ်ပါသည်။

ထို့ပြင် စာရေးဆရာက ပညတ်တရားအကြောင်းကို ပြန်လည်ဖော်ပြ၍ သန့်ရှင်းခြင်းပါရမီ ကို အမှီလိုက်ခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ အကြောင်းမှာ သန့်ရှင်းခြင်းမရှိသောသူသည် ဘုရားသခင် ကို မမြင်ရကြ။ ဤသည်ကား အပြစ်မှလွတ်မြောက်ခြင်းပင်ဖြစ်ပါသည်။ သန့်ရှင်းခြင်းဆိုသည်မှာ အကျင့်စာရိတ္တဖြောင့်မတ်မှန်ကန်ခြင်းဖြစ်၍ ဘုရားသခင်၏ဂုဏ်လက္ခဏာတစ်ပါးဖြစ်ပါသည်။ သန့်ရှင်းခြင်းမရှိသောသူသည် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို မခံရ၊ ကောင်းကင်နိုင်ငံကို လည်း မြင်ရမည်မဟုတ်။ စာရေးဆရာက ကျွန်ုပ်တို့အား ဘုရားသခင်၏ကျေးဇူးတော်ကို မရဘဲ မနေစေခြင်းငှါဂုဏ်း၊ "ခါးစွာသောပင်မြစ်ပေါက်၍ သင်တို့နှောက်ရှက်သဖြင့် လူအများတို့သည် အပြစ် နှင့်မညစ်ညူးစေခြင်းငှါဂုဏ်း" (ဟေဗြဲ ၁၂:၁၅) သတိပြုကြရန် တိုက်တွန်းခဲ့၏။ ထို့ပြင် မတရားသော မှီထုန်ကို မမှီဝဲခြင်းငှါဂုဏ်း၊ တစ်နပ်စားအဖိုးနှင့် သားဦးအရာကိုရောင်းသော ဧသောကဲ့သို့မဖြစ်မည် အကြောင်း တိုက်တွန်းခဲ့ပါသည်။ ဤအချက်က အပြစ်၏ဆိုးကျိုးကို ရှင်းပြထားပါသည်။ အကျိုးရှိ သည်ဟုထင်ရသော်လည်း၊ နောက်ဆုံးတွင် အပြစ်၏အခသည် သေခြင်းသာလျှင်ဖြစ်၏။ အပြစ်သွေး ဆောင်ခြင်းအမှုကိုလိုက်သောသူတိုင်းသည် အပြစ်၏နောက်ဆက်တွဲဆိုးကျိုးကို သိကြ၏။ သို့သော် လည်း သူတို့ပြုသောမကောင်းမှု၏ ဆိုးကျိုးကို မခံရမီတိုင်အောင် လှည့်စားခြင်းဝိညာဉ်သည် သူတို့၏ မျက်စိကို ကန်းစေတတ်၏။

**ဆင်ခြင်ရန်** - ပြောင်းလဲခြင်းသည် သည်းခံခြင်းဆုလာဘ်၏လမ်းစဖြစ်ပါသည်။
**ဆုတောင်းချက်** - အဘဘုရား၊ သွေးဆောင်ခြင်းသို့ မလိုက်မပါဘဲ သည်းခံနိုင်မည်အကြောင်း မစတော်မူပါ။

## လမ်းဟောင်းနှင့်လမ်းသစ်

သိနတောင်သည် ပညတ်တော်ပေးခြင်းအမှု၌ မောရှေနှင့်ဘုရားသခင် ပထမဆုံး မိဿဟာယဖွဲ့သောနေရာဖြစ်ပါသည်။ ဣသရေလ၌ ဘုရားသခင်အတူပါရှိတော်မူခြင်းလက္ခဏာလည်း ဖြစ်ခဲ့၏။ စာရေးဆရာက ပညတ်တော်ပေးခြင်းအမှုနှင့် ဣသရေလတို့၏အပြုအမူနှင့်ပတ်သတ်သော အရာတို့ကို ပြန်လည်ဖော်ပြခဲ့၏။ ဤပညတ်တော်သည် ယုံကြည်သူတို့ကို စုံလင်သောအသက်တာမပေးခဲ့ပါ။ ဆိုလိုသည်မှာ ပညတ်တော်၏မစုံလင်ခြင်းအကြောင်းကို ဤအချက်က ဖော်ပြ၍ ဤပညတ်တော်အဓိပ္ပာယ်ရှိစေခြင်းငှါ လိုအပ်ချက်တစ်စုံတစ်ရာရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဆူးငြောင့်ခလုတ်ကို ကျော်ဖြတ်ဖို့လိုအပ်ပါသည်။

ဤကျမ်းပိုဒ်ကို သဘောပေါက်နားလည်ခြင်းငှါ ဂလာတိ ၄း၂၄-၂၆ ကို ဖတ်ကြပါစို့။ “ထိုအကြောင်းအရာကို ပုံပမာအားဖြင့်ဆိုသော်၊ ထိုမိန်းမနှစ်ယောက်ကား၊ ပဋိညာဉ်တရားနှစ်ပါးကို ဆိုလိုသတည်း။ ထာဝရအမည်ရှိသော မိန်းမတည်းဟူသောပဋိညာဉ်တရားတပါးသည် သိနာတောင်ပေါ်မှာ စီရင်၍၊ ကျွန်များကိုဘွားတတ်သော တရားဖြစ်၏။ အကြောင်းမူကား၊ ဟာဂရသည် အာရပ်ပြည်၌ရှိသော သိနာတောင်ဖြစ်၏။ ယခုရှိသော ယေရုရှလင်မြို့နှင့်တူ၏။ မိမိသားများနှင့်တကွ ကျွန်ခံရ၏။ အပေါ်မှာရှိသော ယေရှုရှလင်မြို့မူကား၊ ခပ်သိမ်းသောငါတို့၏ အမိတည်းဟူသော ကျွန်မမဟုတ်သောမိန်းမဖြစ်သတည်း”။ ဤကျမ်းပိုဒ်က နှိုင်းယှဉ်ချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ပါသည်။

လမ်းသစ်သည် ကျေးဇူးတော်နှင့်ယှဉ်သောလမ်းဖြစ်၏- ဤသည်ကား ဇိအုန်တောင်၊ အတိုင်းမသိများစွာသောကောင်းကင်တမန်တို့ စည်းဝေးရာအရပ်(ဟေဗြဲ ၁၂း၂၂)၊ အသက်ရှင်တော်မူသော ဘုရားသခင်၏မြို့တော် (ကောင်းကင်ဘုံ ယေရုရှလင်ဟူ၍လည်း ခေါ်တွင်၏) ဖြစ်ပါသည်။ ဤပဋိညာဉ်သစ်၌တွေ့ရသော အချက်အလက်တို့သည် ပဋိညာဉ်ဟောင်း၌တွေ့ရသော အချက်တို့နှင့် ခြားနားခြင်းရှိ၏။ စာရေးဆရာက ခရစ်တော်နှင့်ယုံကြည်သူတို့အကြား၌ရှိသော မိဿဟာယဖွဲ့ခြင်းအခြေအနေကို ဤသို့ဖော်ပြခဲ့၏ - “ကောင်းကင်စာရင်း၌ဝင်သော သားဦးတို့၏ အသင်းတော်သို့၎င်း၊ ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူသော ဘုရားသခင်အထံတော်သို့၎င်း၊ စုံလင်ခြင်းသို့ရောက်သော သူတော်ကောင်းတို့၏စိတ်ဝိညာဉ်တို့ထံသို့၎င်း” (ဟေဗြဲ ၁၂း၂၃)။

ထို့ကြောင့် ဤလောက၌ရှိသောအသင်းတော်နှင့် ကောင်းကင်၌ပေါ်ထွန်းလတ့်သော အသင်းတော်တို့အကြား၌ ဆက်နွယ်မှုရှိကြောင်း ထင်ရှားပါသည်။ ဤစုံလင်သောအရာသည် မမြင်နိုင်သော အသင်းတော်ပင်ဖြစ်ပါသည်။ သို့သော်လည်း မြင်နိုင်သောအသင်းတော်၏ အသင်းသူအသင်းသားတို့သည် မမြင်နိုင်သောအသင်းတော်၌ ပါဝင်ကြမည်ဖြစ်ပါသည်။ သို့သော်လည်း ခရစ်တော်မိန့်တော်မူသည်အတိုင်း အသင်းသူအသင်းသားအားလုံးပါဝင်မည်မဟုတ်။ အကြောင်းမှာ အမည်ခံခရစ်ယာန်များတို့သည် ငြင်းပယ်ခြင်းခံရကြလိမ့်မည်။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံသည် စစ်မှန်သောယုံကြည်သူများအဖို့သာလျှင်ဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ယနေ့မြင်နိုင်သောအသင်းတော်၌တွေ့ရသော လှည့်ဖြားခြင်းလှိုင်းတံပိုးဒဏ်ကို ခံနိုင်မည်အကြောင်း ကိုယ်တော်၏အောင်နိုင်ခြင်းတံခွန်ကို စိုက်ထူတော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၂၄)

**ဟေဗြဲ ၁၂း၁၄-၂၉**

ကမ္ဘာ ၄း၂-၄

*“ထာဝရဘုရားသည် အာဗေလနှင့် သူ၏ ပူဇော်သက္ကာကို ပမာဏပြုတော်မူ၏”*

---

## နာခံခြင်း၌ ဆုလာဘ်ရှိ၏

သည်းခံခြင်းအားဖြင့် ထိုအသစ်သောလမ်းသည် ထိုအလွန်နှစ်သက်ဖွယ်ရာအရပ်သို့ ပို့ဆောင်တော်မူ၏။ ယေရှုခရစ်တော်သည် ဤပဋိညာဉ်သစ်၏ ကြားဝင်ဖျန်ဖြေပေးသောသူဖြစ်တော်မူ၏။ အာဗေလသည် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်ထံ ယဇ်ကိုပူဇော်ခဲ့ပြီး ဘုရားသခင် လက်ခံတော်မူခဲ့၏။ သို့သော်လည်း သူ့အစ်ကို၏ပူဇော်သက္ကာကိုမူ လက်မခံခဲ့ပါ။ ထိုအချိန်မှစ၍ အသွေးသွန်းခြင်းယဇ်ပူဇော်ခြင်း စတင်ခဲ့ပြီး၊ ဘုရားသခင်၏ သိုးသူငယ်ယဇ်ပူဇော်ခြင်းအချိန်အထိ ဖြစ်ပါသည်။ ယေရှုက အမှုပြီးပြီဟု ကြွေးကြော်ခဲ့ပါသည်။ ဤသြဝါဒစာစောင်ကလည်း ထိုယဇ်ပူဇော်ခြင်းသည် စုံလင်ခြင်းရှိသည်ဖြစ်သောကြောင့် အခြားယဇ်ပူဇော်ခြင်းမလိုအပ်တော့ကြောင်း အတည်ပြုခဲ့၏။ ယေရှု၏ ယဇ်ပူဇော်ခြင်းသည် စုံလင်ခြင်းရှိ၍ တစ်ကြိမ်တစ်ခါတည်းဖြင့် လုံလောက်ခြင်းရှိ၏။

စာရေးဆရာက ကျွန်ုပ်တို့အား “မိန့်တော်မူသောသူ၏စကားတော်ကို မငြင်းမပယ်မည် အကြောင်း” (ဟေဗြဲ ၁၂း၂၅) သတိပြုခြင်းငှါ တိုက်တွန်းခဲ့၏။ ငြင်းပယ်သောသူတို့သည် လွတ်မြောက်ခြင်းခံရမည်မဟုတ်။ ထိုနည်းတူ ကျွန်ုတော်တို့သည် ကိုယ်တော်ကိုငြင်းပယ်ခဲ့လျှင် အပြစ်လွတ်ခြင်း ခံရမည်မဟုတ်ပါ။ ဘုရားသခင်၏စကားတော်နာခံခြင်းအမှုသာလျှင် လိုအပ်သောအရာဖြစ်၏။ ဤအချက်က ယုဒလူတို့၏ခရစ်တော်ငြင်းပယ်ခြင်းအမှုကို ရည်ညွှန်းခြင်းဖြစ်နိုင်ပါသည်။ သူတို့သည် သားတော်၌ထင်ရှားသော ဘုရားသခင်၏ဗျာဒိတ်တော်ကို ဆန့်ကျင်ခဲ့ကြ၏။ ဤလောက၌ သူကိုယ်တိုင် မိန့်တော်မူသောစကားကို ငြင်းပယ်ခဲ့ကြလျှင် ကောင်းကင်မှလာသော သတင်းစကားကိုလည်း ငြင်းပယ်ကြပါလိမ့်မည်။ ဗျာဒိတ်တော်အသံသည် မြေကြီးကိုလှုပ်သည်ဖြစ်၍ ယခုတစ်ဖန် မြေကြီးသာလျှင်မဟုတ်၊ ကောင်းကင်ကိုလည်းလှုပ်ဦးမည်ဟု ကတိတော်ရှိခဲ့၏။ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုငှင်း၊ အထဲ၌ရှိသမျှသောအရာတို့ကိုငှင်း၊ ဖန်ဆင်းတော်မူသောသူဖြစ်တော်မူ၏။ ထိုအရာတို့အပေါ်၌ တန်ခိုးရှိတော်မူ၏။ မိမိအသံတော်အားဖြင့် ထိုအရာတို့ကိုလှုပ်စေနိုင်ကြောင်းတွေ့ရပါသည်။

ယေရှုစကားပြောတော်မူသောအခါ သူ၏စကားသံကိုအဘယ်သူမျှမခံနိုင်ကြ။ ခရစ်တော်၏ နာမတော်အားဖြင့် တရားဟောခြင်းငှါ ထွက်သွားသောတမန်တော်တို့သည် “လောကီနိုင်ငံကို မှောက်လှန်သော” (တမန် ၁၇း၆) သူများဟူသော ဂုဏ်ပုဒ်ကိုရခဲ့ကြ၏။ သူတို့၏စကားအားဖြင့် မဟုတ်ဘဲ ခရစ်တော်၏နှုတ်ကပတ်တော်အားဖြင့် ဤလောကီနိုင်ငံကိုလှုပ်ခတ်စေကြ၏။ ဤလှုပ်ခတ်ခြင်းအားဖြင့် ထိုလှုပ်ရှားသောအရာတို့သည် ဖယ်ရှားခြင်းခံရလိမ့်မည်။ မလှုပ်မခတ်သောအရာတို့သည် ကျန်ရစ်ကြလိမ့်မည်။ စာရေးဆရာက “ထို့ကြောင့် ငါတို့သည် မလှုပ်နိုင်သောနိုင်ငံကို ရသည်ဖြစ်၍ ခန့်ညားကြောက်ရွံ့သောသဘောနှင့် ဘုရားသခင်ကို လျှောက်ပတ်စွာ ဝတ်ပြုနိုင်မည်အကြောင်း ကျေးဇူးတော်ကိုစွဲလန်းကြကုန်အံ့” (ဟေဗြဲ ၁၂း၂၈)ဟု ရေးသားခဲ့၏။ ဤသည်ကား ယုံကြည်သူများအဖို့ ဖော်ပြသောလမ်းပင်ဖြစ်ပါသည်။ “ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏” (ဟေဗြဲ ၁၂း၂၉)။

**ဆင်ခြင်ရန်** - ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့်ယှဉ်သော သည်းခံခြင်းကို ဘုရားသခင် လက်ခံတော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နောက်တော်သို့ သည်းခံခြင်းနှင့်အတူ လျှောက်လှမ်းမည်အကြောင်း ပို့ဆောင်တော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၂၅)
**ဟေဗြဲ ၁၃း၁-၆**
၁ ကော ၁၃

*"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ငုဏ်ပြိုင်ခြင်းမရှိ . . . "*

## ချစ်ခြင်းမေတ္တာပြသခြင်း

ဤဩဝါဒစာစောင်၏ အဓိကအကြောင်းအရာဟူမူကား၊ ဘုရားသခင်နှင့်လူသားပြန်လည်သင့်မြတ်ခြင်းအမှု၌ ခရစ်တော်အဓိကကျခြင်းပင်ဖြစ်ပါသည်။ ထိုသို့သင့်မြတ်ခြင်းခံပြီးနောက် ယုံကြည်သူများသည် ဘုရားသခင်၏အမိန့်တော်ကိုနာခံလျက် အသက်ရှင်ကြရပါမည်။ ဘုရားသခင်၏ ပညတ်တော်သည် ဘုရားသခင်တောင်းလျှောက်တော်မူသော သန့်ရှင်းခြင်းအမှုအတွက် လမ်းပြဖြစ်ပါသည်။ ထိုသန့်ရှင်းခြင်းအမှုကို ထိန်းသိမ်းခြင်း၌ သတိပြုရမည့်အရာများကို စာရေးဆရာက တိုတိုတုတ်တုတ်ဖော်ပြထားပါသည်။ ထိုအရာတို့သည် ချစ်ခြင်းမေတ္တာအားဖြင့်ပြုသောအမှုများ၊ ဘုရားသခင်၏စံနှုန်းနှင့်ကိုက်ညီသောအကျင့်စာရိတ္တများ၊ ဘုရားသခင်၌ မှီခိုလျက် ရောင့်ရဲတင်းတိမ်ခြင်းတို့ပင်ဖြစ်ပါသည်။

ညီအစ်ကိုချစ်ခြင်းမေတ္တာသည် မာနထောင်လွှားခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဂုဏ်လက္ခဏာဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာကို အစဉ်ကိုင်စွဲခြင်းပြုလျှင် သန့်ရှင်းခြင်းတည်ဆောက်ရာရောက်၏။ ရောမ ၁၂း၁၀ ထဲတွင် ရှင်ပေါလုက "ညီအစ်ကိုချစ်ခြင်းအရာမှာ ပကတိပေါက်ဖော်ကဲ့သို့ တစ်ယောက်ကိုတစ်ယောက် စုံမက်ကြလော့။ ချီးမွမ်းခြင်းအရာမှာ သူတပါးကို ကိုယ်ထက်ချီးမြှောက်ကြလော့" ဟု ရေးထားပါသည်။ ဤသည်ကား ဘုရားသခင်ပညတ်တော်၏ အဓိကအချက်ဖြစ်ပါသည်။ ယုံကြည်သူများ မိဿဟာယဖွဲ့ခြင်းအမှု၌ ဤချစ်ခြင်းမေတ္တာသည် အစဉ်တည်ရှိရမည့်အရာဖြစ်၏။ ဤချစ်ခြင်းမေတ္တာသည် အချင်းချင်းစုံမက်ခြင်းအမှု၊ အချင်းချင်းချီးမွမ်းခြင်းအမှု၌ ထင်ရှားရမည်ဖြစ်၏။ ဤချစ်ခြင်းမေတ္တာသည် ဇာတိသဘောဖြစ်သော မုန်းတီးခြင်း၊ မနာလိုခြင်း၊ အမျက်ဒေါသတို့နှင့် ဆန့်ကျင်လျက်ရှိ၏။ ဤမကောင်းသောအရာတို့သည် လူတို့၌ လွယ်ကူစွာနေရာယူတတ်သည်ဖြစ်သောကြောင့် စာရေးဆရာက ဤသို့တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။

ဧည့်သည်ဝတ်ပြုခြင်းအမှုသည် ခရစ်ယာန်တိုင်း၌ရှိရမည့် ချစ်ခြင်းမေတ္တာ၌တည်သော ဂုဏ်လက္ခဏာတစ်ခုဖြစ်ပါသည်။ စာရေးဆရာက ထိုသို့ဧည့်သည်ဝတ်ကိုပြုသောသူတို့သည် မထင်မှတ်ဘဲ ကောင်းကင်တမန်များကိုပင် ဧည့်ခံခဲ့ကြကြောင်း အထူးဖော်ပြခဲ့၏။ ဤအချက်သည် သောဒုံနှင့် ဂေါမောရမြို့ကိုဖျက်ဆီးခြင်း၌ စေလွှတ်ခြင်းခံရသော ကောင်းကင်တမန်တို့နှင့် အာဗြဟံအကြောင်း ရည်ညွှန်းခြင်းဖြစ်နိုင်ပါသည်။ အာဗြဟံက လူတို့ကို ဧည့်ခံသည်ဟုထင်ခဲ့သော်လည်း ကောင်းကင်မှလာသော ဧည့်သည်များကို ဧည့်ခံခဲ့ကြောင်း နောက်မှသိခဲ့၏။ ထိုသို့ချစ်ခြင်းမေတ္တာလက်တွေ့ဖော်ပြခြင်းသည် လူတိုင်းတန်ဖိုးထားသောအရာဖြစ်၍ ဘုရားသခင်အလိုရှိသောအရာလည်းဖြစ်၏။ ဧည့်သည်ဝတ်ပြုခြင်းအမှု၌ ပျော်ရွှင်ခြင်းရှိပြီး၊ ရင်းနှီးကျွမ်းဝင်ခြင်းကို ဖြစ်ပေါ်စေတတ်၏။ ဧည့်သည်ဝတ်ပြုခြင်းအမှုသည် ခရစ်တော်အတွက် သက်သေခံခြင်းတစ်မျိုးဖြစ်ပါသည်။ ညီအစ်ကိုချစ်ခြင်းမေတ္တာကို လူတိုင်းအပေါ် ပြသကြလော့။

**ဆင်ခြင်ရန်** - ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ပညတ်ချက်သည် ဒုတိယအကြီးမြတ်ဆုံးသော ပညတ်ချက်ဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးအပေါ် ချစ်ခြင်းမေတ္တာပြသခြင်းဖြင့် ကိုယ်တော်အတွက် သက်သေခံလိုပါ၏။

ကြာသပတေး၊ စက်တင်ဘာ (၂၆)
**ဟေဗြဲ ၁၃း၁-၆**
ဆာလံ ၅၁း၁-၁၀

*"ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍၊ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ"*

## အကျင့်စာရိတ္တအရာ၌ ဘုရားသခင်၏စံနှုန်းကို လိုက်လျှောက်ခြင်း

ဇနီးမောင်နှံအကြား၌ အကျင့်စာရိတ္တပျက်ပြားခြင်းများစွာ တွေ့ခဲ့ရ၏။ စာတန်က မိမိဘက်၌ လူများတို့ကို အနိုင်ယူသိမ်းသွင်းခြင်းငှါ လူ့အဖွဲ့အစည်းထဲ၌ အခြေခံကျသော ဇနီးမောင်နှံကို အဓိကတိုက်ခိုက်တတ်၏။ စာရေးဆရာက ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုသည် အသရေရှိသောအမှုဖြစ်သည်ဟု ဆိုခဲ့၏။ အစအဦး၌ ဘုရားသခင်ကိုယ်တိုင် ချမှတ်တော်မူသော အမှုဖြစ်၍ ယနေ့တိုင်ဆက်လက်တည်ရှိလျက်ရှိ၏။ မင်္ဂလာဆောင်ခြင်းသည် တစ်ဦးနှင့်တစ်ဦး နှစ်သိမ့်ခြင်းငှါဝှင်း၊ သားသမီးမွေးဖွားခြင်းငှါဝှင်း၊ အပြစ်ကိုကာကွယ်ခြင်းငှါဝှင်း၊ ရည်ရွယ်ခြင်းဖြစ်၏။ သူ့မယားပြစ်မှားခြင်းကို တားမြစ်လျက် ရှုတ်ချတော်မူ၏။ သူ့မယားပြစ်မှားခြင်းအမှုသည် များစွာသောမိသားစုကို ဖျက်ဆီးသော စက်ဆုပ်ရွံရှာစရာအပြစ်ဖြစ်ပါသည်။ သမ္မာကျမ်းစာက "ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့" (ဟေဗြဲ ၁၃း၄) ဟုဆိုခဲ့ပါသည်။ သို့သော်လည်း ယနေ့များစွာသောလူတို့သည် (အချို့သင်းအုပ်ဆရာများပါဝင်၏) စက်ဆုပ်ရွံရှာစရာကောင်းသည့် မတရားသောမေထုန်ပြုခြင်းအမှုနှင့် သူ့မယားပြစ်မှားခြင်းအမှုတို့ကို ကျူးလွန်ကြ၏။ ဘုရားသခင်၏စံနှုန်းကို ပညတ်တော်ထဲ၌ဤသို့ ပြဋ္ဌာန်းထားပါသည်- "သူ့မယားကိုမပြစ်မှားနှင့်" (ထွက် ၂၀း၁၄)။

တင်းတိမ်ရောင့်ရဲခြင်းအမှုသည် ဘုရားသခင်မှီခိုအားထားခြင်းအမှု၌တည်၏။ အကျွန်ုပ်တို့၏ အသက်တာအပြုအမူတို့သည် တပ်မက်ခြင်းအမှုနှင့် ကင်းလွတ်ရပါမည်။ ဘုရားသခင်၏ပညတ်တရားက ဤအချက်ကိုလည်း ထည့်သွင်းထား၏။ အကျွန်ုပ်တို့၌ရှိသောအရာနှင့် တင်းတိမ်ရောင့်ရဲခြင်းရှိရမည်ဖြစ်ပြီး ဘုရားသခင်၏နိုင်ငံတော်ကို ရှေးဦးစွာရှာ၍၊ အခြားသောအရာတို့ကို ဘုရားသခင်ပေးတော်မူလိမ့်မည်။ ရှင်ပေါလုက ရောင့်ရဲသောစိတ်ပါလျှင် ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွားမှန်၏ဟု ဆိုခဲ့ပါသည် (မသဲ ၆း၃၃၊ ၁ တိ ၆း၆)။ တင်းတိမ်ရောင့်ရဲခြင်းသည် လိုအပ်သောအရာမှန်သမျှ ဘုရားသခင်ပေးသနားတော်မူမည်ဟု ယုံကြည်ကိုးစားသောသူထံ၌ တည်တတ်၏။ သန့်ရှင်းခြင်းအသက်တာနှင့်အသက်ရှင်ခြင်းသည် ဖြောင့်မတ်ခြင်းဖြစ်၏။ ဒါဝိဒ်က ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရသည်အကြောင်း၊ သူ၏သားမြေးတို့သည် တောင်း၍ စားရသည်အကြောင်းကို ငါသည်အသက်ပျိုသည်ကာလမှစ၍ အိုသည်တိုင်အောင် မမြင်စဖူးဟု သက်သေခံခဲ့၏ (ဆာလံ ၃၇း၂၅)။ ဤသြဝါဒစာနောက်ဆုံးပိုင်းရောက်လာသည်နှင့်အမျှ သွန်သင်ချက်အပေါင်းတို့၏ မျှော်လင့်စရာအကျိုးဟူမူကား စာဖတ်သောသူတို့သည် သန့်ရှင်းခြင်းပါရမီကို မှီအောင်လိုက်ခြင်းငှါ ဖြစ်ပါသည်။ ဘုရားသခင်သည် အစုံအလင်သန့်ရှင်းတော်မူသည် ဖြစ်သောကြောင့် မိမိသားသမီးတို့ကိုလည်း သန့်ရှင်းခြင်းရှိစေခြင်းငှါ မျှော်လင့်လျက်ရှိ၏။ ဤတိုက်တွန်းနှိုးဆော်ချက်သည် ဘုရားသခင်၏နောက်တော်သို့လိုက်ခြင်းငှါ ဆုံးဖြတ်ချက်ချသောသူတို့အဖို့ အလွန်တန်ဖိုးကြီးမားလှပါသည်။ လူကို ကြောက်ရွံ့သောသဘောသည် များစွာသောယုံကြည်သူတို့အား အရေးကြီးသောအချိန်၌ မိမိတို့၏ယုံကြည်ခြင်းကို မဖော်ပြရဲဘဲ ဖြစ်စေတတ်၏။ သန့်ရှင်းခြင်းရှိခြင်းငှါ ကြိုးစားအားထုတ်လော့။

**ဆင်ခြင်ရန်** - အကျင့်စာရိတ္တနှင့်ဆိုင်သော သမ္မာကျမ်းစာ၏ တိုက်တွန်းနှိုးဆော်ချက်တို့သည် နာခံလိုက်လျှောက်သောသူအဖို့ အလွန်တန်ဖိုးကြီးမားလှပါသည်။

**ဆုတောင်းချက်**- အဘဘုရား၊ ဇာတိပကတိအလိုနှင့် အပြစ်၏လှည့်ဖြားသွေးဆောင်ခြင်းကို အောင်နိုင်မည်အကြောင်း၊ ကျမ်းစာသွန်သင်ချက်အတိုင်း လိုက်လျှောက်နိုင်မည်အကြောင်း အကျွန်ုပ်၌ ကျေးဇူးပြုတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၂၇)
**ဟေဗြဲ ၁၃း၇-၁၇**
တိ ၂း၁၁-၁၅

*"ဤတရားစကားကို ဟောပြောခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမပြစ်တင်ခြင်းတို့ကို ခပ်သိမ်းသောအာဏာနှင့်တကွပြုလော့။ အဘယ်သူမျှသင့်ကိုမထီမဲ့မြင်မပြုစေနှင့်"*

## အုပ်စိုးခြင်းနာခံခြင်းသည် ဘုရားသခင်ကိုရိုသေရာရောက်၏

စာရေးဆရာက ဤဩဝါဒစာစောင်ထဲတွင် ဘုရားသခင်နှစ်သက်တော်မူသော အမှုဆောင်ရွက်ခြင်းအချက်အလက်တို့ကို ဖော်ပြထားပါသည်။ ဘုရားသခင်၏ကိုယ်စားများဖြစ်သော အသင်းတော်၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြော၍ အသင်းတော်ကိုဦးဆောင်သောသူတို့ အကြောင်းကို ဖော်ပြခဲ့၏။ စစ်မှန်သောသွန်သင်ချက်ကိုင်စွဲရန် လိုအပ်ခြင်းအကြောင်းကို အထူး ဖော်ပြခဲ့ပါသည်။ ထို့ပြင် ခရစ်တော်ပြုတော်မူသော စတေးခြင်းအမှုကိုလည်း ဖော်ပြထားပါသည်။ ဤအချက်က ဘုရားသခင်ထံ စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းပူဇော်ဆက်ကပ်ခြင်းကို ပြသလျက်ရှိ၏။

စာရေးဆရာက ဘုရားသခင်နှစ်သက်တော်မူသော အမှုတော်ဆောင်ခြင်း၏ အရေးကြီးမှုကို သဘောပေါက်နားလည်ခဲ့ပါသည်။ ဟေဗြဲခရစ်ယာန်တို့အား အသင်းတော်၌ မိမိတို့ကိုအုပ်စိုးသောသူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောသောသူတို့ကို အောက်မေ့ခြင်းငှါ ဖိတ်ခေါ်ခဲ့ပါသည်။ အုပ်စိုးသောသူသည် ခေါင်းဆောင်နှင့်ဘုရားသခင်၏နှုတ်ကပတ်တော်သင်ပေးသောသူ ဖြစ်၍ ယနေ့ သင်းအုပ်ဆရာများပင်ဖြစ်ပါသည်။ ဘုရားသခင်သည် အရိုအသေခံထိုက်သည့်နည်းတူ၊ အုပ်စိုးသောသူသည် အရိုအသေခံထိုက်၏။ ဤခေါင်းဆောင်တို့သည် ယုံကြည်သူများအဖို့ ပုံသာဓကလည်းဖြစ်ရကြပါမည်။ ထို့ကြောင့် စာရေးဆရာက စာဖတ်သူတို့အား ခေါင်းဆောင်တို့၏ယုံကြည်ခြင်းကို "သူတို့သည် အဘယ်သို့ကျင့်ကြံပြုမူ၍ စုတေ့သည်ကို စေ့စေ့ဆင်ခြင်လျက်" (ဟေဗြဲ ၁၃း၇) လိုက်လျှောက်ခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ယုံကြည်သူတို့သည် နားထောင်၍နာခံလျက် လိုက်လျှောက်ကြရပါမည်။

များစွာသောလူတို့သည် မိမိတို့၏နာမည်ရှေ့၌ "သင်းအုပ်ဆရာ" ဟူသောဂုဏ်ပုဒ်သို့မဟုတ် ဘုရားသခင်၏လူခံထိုက်သည့် ရိုသေခြင်းနှင့်ပတ်သက်သောဂုဏ်ပုဒ် တစ်စုံတစ်ခု ပိုင်ဆိုင်ကြပါသည်။ သို့သော်လည်း သူတို့ပြုသောအမှု၊ သူတို့အကျင့်တို့သည် ဆန့်ကျင်ဘက်ဖြစ်ကြ၏။ သူတို့သည် ယုံကြည်ခြင်းမရှိသောကြောင့် စစ်မှန်သောသွန်သင်ချက်နှင့် ကင်းဝေးကြ၏။ ထို့ကြောင့် ယုံကြည်ခြင်းမှ လမ်းလွဲတတ်ကြ၏။ သူတို့သည် သင်းအုပ်ဆရာများမဟုတ်၊ မှားယွင်းသောပရောဖက်များပင်ဖြစ်ကြ၏။ ဘုရားသခင်၏ စစ်မှန်သောကျွန်ခံထိုက်သည့် ရိုသေခြင်းနှင့် သူတို့လုံးဝထိုက်တန်ခြင်းမရှိပါ။

တစ်ဖက်တွင် မိမိ၏တန်ဖိုးကိုအမှန်ပြသသော အမှုတော်ဆောင်တို့သည် လေးစားခြင်းနှင့်ထိုက်တန်ကြ၏။ ထို့ပြင်အသင်းတော်က သူတို့၏ကောင်းကျိုးကို စီမံ၍ သူတို့ပြုသောအမှု၌ စာရေးဆရာတိုက်တွန်းထားသည့်အတိုင်း လေးစားမှုကိုပြသရပါမည်။ ဤသည်ကား ဘုရားသခင်နှစ်သက်တော်မူသော အမှုတော်ဆောင်ခြင်းဖြစ်၏။ ယေရှုသည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲနေတော်မူ၏။ ဆိုလိုသည်မှာ ကိုယ်တော်၏ နှုတ်ကပတ်တရားသည် အစဉ်တည်လျက်ရှိ၏။

**ဆင်ခြင်ရန်** - ခရစ်ယာန်တို့သည် အပြုခံယုံကြည်သူများမဖြစ်သင့်ပါ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သင်ယူခြင်းနှင့် သင်ပေးခြင်းအမှု၌ ပါဝင်ကြရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်နှင့်ဆိုင်သော အုပ်စိုးခြင်း၌ ဆက်ကပ်မည်အကြောင်း မစတော်မူပါ။

စနေ၊ စက်တင်ဘာ (၂၈)

**ဟေဗြဲ ၁၃း၇-၁၇**

၂ ပေ ၃း၈-၁၃

*"သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။"*

# သွန်သင်ချက်အမှန်လိုက်လျှောက်ခြင်း

စာရေးဆရာက မှားယွင်းသောသွန်သင်ချက်တည်ရှိခြင်းအကြောင်းကို သိသဖြင့် ဟေဗြဲ ၁၃း၉ ထဲတွင် သတိပေးချက်ဖော်ပြခဲ့ပါသည်။ ထိုသို့သောမှားယွင်းသော သွန်သင်ချက်တို့ကို အတိအလင်းဖော်ထုတ်၍ စစ်မှန်သောသွန်သင်ချက် သွန်သင်ပေးခြင်းဖြင့် ရင်ဆိုင်ရပါမည်။

ဓမ္မဟောင်းဝတ်ပြုကိုးကွယ်ခြင်းအမှု၌ ယဇ်ပလ္လင်နှင့် အမှုပြုသောယဇ်ပုရောဟိတ်များပါဝင်ကြ၏။ သူတို့သည် ယဇ်ကောင်ကိုသတ်၍ထိုယဇ်ကောင်၏အသွေးကို ယဇ်ပုရောဟိတ်အကြီးက သန့်ရှင်းရာဌာနတော်ထဲသို့ ယူဆောင်ရပါမည်။ သို့သော်လည်း ယဇ်ကောင်ကိုမူ တဲတော်အပြင်၌ မီးရှို့ခဲ့ကြ၏။ စာရေးဆရာက ဤအချက်တို့ကိုဖော်ပြခဲ့ပါသည်။ အကြောင်းမှာ ဤအမှုတို့နှင့် ရင်းနှီးကျွမ်းဝင်သော ဟေဗြဲလူတို့ထံ ရေးသားသောကြောင့် ဖြစ်ပါသည်။ ခရစ်တော်ကြွလာတော်မူပြီးနောက်တွင် (ဤဩဝါဒစာထဲ၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း) ဤဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော အရာတို့သည် အကျိုးမဝင်တော့ပါ။ ဤအချက်ကိုသိခြင်းအားဖြင့် ယုံကြည်သူတို့သည် ကားတိုင်ပေါ်၌ မိမိအသွေးကိုသွန်းတော်မူသော ခရစ်တော်၏ ကိုယ်စားအသေခံခြင်းအမှုကို ပို၍တန်ဖိုးထားတတ်ကြ၏။

ယေရှုသည် စုံလင်တော်မူသောသူဖြစ်၍ မိမိအသွေးတော်အားဖြင့် လူတို့ကို သန့်ရှင်းစင်ကြယ်စေတော်မူနိုင်၏။ ဤစစ်မှန်သောတရားကို ခရစ်ဝင်ကျမ်းများထဲ၌ အကြိမ်ကြိမ်ဖော်ပြ၍ တမန်တော်တို့က ဟောပြောခဲ့ကြ၏။ ခရစ်တော်ဝေဒနာခံခြင်းနှင့် အသေခံခြင်းအမှုက ဓမ္မဟောင်းထဲ၌ တွေ့ရသောပုရောဖက်ပြုချက်တို့ကို စုံလင်စေခဲ့ပြီး ထိုအရာတို့၏ရည်ရွယ်ချက်ကိုလည်း ပြည့်စုံစေခဲ့ပါသည်။ သူသည် အကျွန်ုပ်တို့၏အရှက်ကို သယ်ဆောင်ခြင်းငှါ ယေရုရှလင်မြို့တံခါးအပြင်ဘက်၌ ကားတိုင်ပေါ်တွင် အသေသတ်ခြင်းခံရ၏။ ခရစ်တော်၏ကိုယ်စားအသေခံခြင်းအမှုသည် ယုဒလူတို့လက်မခံလိုသော ကယ်တင်ခြင်းသတင်းကောင်း၏အဓိကအချက်ပင်ဖြစ်၏။ စာရေးဆရာက ခရစ်တော်ပထမအကြိမ်ကြွလာသောအချိန်၌ ပြုတော်မူသောအမှုတို့ကို အထူးဖော်ပြခဲ့ပါသည်။ ကျွန်တော်တို့သည် ဤဘဝ၌အမြဲတည်သောမြို့မရှိ၊ နောက်ဖြစ်လတံ့သောမြို့၊ ခရစ်တော်တည်ရှိရာကောင်းကင်မြို့ကို ရှာကြကြောင်း ဖော်ပြခဲ့ပါသည်။ ဤအချက်က ဤကမ္ဘာလောက၌ သန့်ရှင်းရာမြို့မရှိကြောင်းထင်ရှားစေ၏။ ဓမ္မဟောင်းခေတ်တွင် ယေရုရှလင်မြို့သည် ဘုရားသခင်ရွေးကောက်ခဲ့သောမြို့ဖြစ်သောကြောင့် ထိုသို့သောဂုဏ်ပုဒ်ကို ဆောင်ခဲ့၏။ ခရစ်ယာန်တို့၏စိတ်နှလုံးထဲ၌လည်း ဤမြို့ကိုအထွတ်အမြတ်ထား၍ စိတ်ဝင်စားခဲ့ကြ၏။ သို့သော်လည်း ဤကမ္ဘာလောကကြီးသည် မီးအားဖြင့် အလုံးစုံဖျက်ဆီးခြင်းခံရလိမ့်မည်။ ပေတရုက လောကဓာတ်တို့သည် ပူအားကြီး၍ ပျက်ကျလိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာ ပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည် ( ၂ ပေ ၃း၁၀) ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် ယေရှုကိုသာမျှော်ကြည့်လော့။

**ဆင်ခြင်ရန်** - ယေရှုသည် အကျွန်ုပ်အဖို့ စုံလင်သောသူ၊ ဖန်ဆင်းရှင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်နှစ်သက်တော်မူသောအမှုကို အစဉ်ပြုခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၉)
**ဟေဗြဲ ၁၃း၁၈-၂၅**
၁ တိ ၂း၁-၈

*"လူမျိုးအပေါင်းတို့အဘို့ ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်း သွေးဆောင်၏။"*

## ညီအစ်ကိုချစ်ခြင်းမေတ္တာပြသခြင်း

ချစ်ခြင်းမေတ္တာသည် ယုံကြည်သူမိသဟာယဖွဲ့ခြင်းကို ခွန်အားပေးသောဂုဏ်လက္ခဏာဖြစ်ပါသည်။ ဤဩဝါဒစာအဆုံးသတ်တွင် စာရေးဆရာနှင့်စာဖတ်သူအကြား၌ရှိသော အချင်းချင်းနားလည်သဘောပေါက်မှုနှင့် ညီအစ်ကိုချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ပြထားပါသည်။ မိမိနှင့်မိမိအပေါင်းအဖော်များအတွက် ဆုတောင်းပေးခြင်းငှါ သူတို့အား တိုက်တွန်းနှိုးဆော်ခဲ့ပြီး မြားမကြာမီ သူတို့ကိုတွေ့ဆုံခြင်းငှါ မျှော်လင့်ခဲ့ပါသည်။ သူ၏နှုတ်ဆက်စကားကလည်း သူတို့အချင်းချင်းကြား၌ရှိသော သနားစုံမက်ခြင်းအကြောင်းကို ပြသလျက်ရှိ၏။

နောက်ဆုံးတောင်းဆိုချက်ဖြစ်သော "ငါတို့အဘို့ဆုတောင်းကြလော့" (ဟေဗြဲ ၁၃း၁၈)ဟူသောအချက်သည် ဆုတောင်းပေးခြင်းငှါ တိုက်တွန်းခြင်းဖြစ်၏။ တမန်တော်တို့သည် သူတို့၏အမှုတော်မြတ်၌ ဘုရားသခင်၏အလိုတော်ပြည့်စုံမည်အကြောင်း သန့်ရှင်းသူတို့၏ဆုတောင်းခြင်းကို အမှီပြုတက်ကြ၏။ သူတို့သည် အရာရာတိုင်း၌ သန့်ရှင်းသောစိတ်နှလုံးရှိ၍ ရိုးသားဖြောင့်မတ်စွာ အသက်ရှင်တတ်ကြ၏။ ဘုရားသခင်က မိမိ၏အမှုတော်မြတ်ကို သူတို့ဆောင်ရွက်နိုင်ခြင်းငှါ ခွန်အားပေးတော်မူ၏။ ထို့ပြင် မိမိရွေးကောက်တော်မူသော အရပ်သို့သူတို့ကို ခေါ်ဆောင်လျက် ယုံကြည်နိုင်ခြင်းငှါ အပြစ်သားတို့၏စိတ်နှလုံးကိုလည်း နှိုးဆော်တော်မူ၏။ ဤအချက်ကို တမန်တော်ဝတ္ထုထဲ၌ တွေ့ရသော တမန်တော်တို့ပြုသောအမှုတော်၌ ထင်ရှားစွာတွေ့ရပါသည်။ သစ္စာရှိသောယုံကြည်သူတို့၏ဆုတောင်းချက်သည် အလွန်အရေးပါလှပါသည်။ တမန်တော်တို့သည် အမှုတော်မြတ်၌ ဘုရားသခင်၏အလိုတော်ကို ကောင်းကောင်းသိကြသဖြင့် ဝမ်းမြောက်စွာအမှုဆောင်ရွက်ကြ၏။

တစ်ဖက်တွင် မိမိတို့၏အခွင့်ထူးကို အလွဲသုံးစားပြုသောတရားဟောဆရာများ ရှိခဲ့ပါသည်။ သူတို့၏တရားဟောချက်တို့ကို ကြားနာသူများက ငြင်းပယ်ခဲ့ကြ၏။ ဤတရားဟောဆရာများတို့သည် မှားယွင်းသောဘာသာတရားကို လိုက်လျောက်သောသူ ဟူ၍၎င်း၊ ခရစ်တော်မပိုင်ဆိုင်သော အမည်ခံခရစ်ယာန်များဖြစ်ကြသည်ဟူ၍၎င်း ဆိုနိုင်ပါသည်။

စာရေးဆရာက မိမိ၏အမှုတော်မြတ်ကို ဤသို့ကွယ်ကာခဲ့ပါသည် - မိမိ၌သန့်ရှင်းသောစိတ်ရှိ၍ အရာရာတိုင်း၌ သန့်ရှင်းဖြောင့်မတ်စွာ နေထိုင်လိုကြောင်း ဆိုခဲ့၏။ ဆုတောင်းခြင်းက မိမိ၏စကားမှန်ကန်ကြောင်းကို သက်သေပြလျက်ရှိ၏။ သူတို့နှင့်အတူ မကြာမီဆုံတွေ့ခြင်းငှါ ဆုတောင်းပေးဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ ထိုသို့စာဖတ်သူတို့နှင့် မကြာမီပြန်လည်ဆုံတွေ့ခြင်းငှါ မျှော်လင့်ချက်ရှိခြင်းက သူသည်ထိုသူတို့နှင့် အဖမ်းခံခြင်းကြောင့် ကင်းကွာလျက်နေခဲ့သည်ကို ပြသလျက်ရှိကြောင်း ပေါ်လွင်စေပါသည်။ သတင်းကောင်းဟောပြောခြင်းအမှုက ခန္ဓာကိုယ်ငြိမ်သက်ခြင်းမပေးခဲ့သော်လည်း ထိုအမှု၌ သူသည်ကျေနပ်ရောင့်ရဲခြင်းရှိခဲ့၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အတူပါရှိတော်မူလျှင် အသင်းတော်၏ဆုတောင်းခြင်းက အခက်အခဲကိုခံနိုင်ခြင်းငှါ မစတော်မူတတ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အတွက် အမှုပြုသောကိုယ်တော်၏အမှုတော်ဆောင်တို့ကို ဆုတောင်းခြင်းအားဖြင့် ကျွန်တော်အစဉ်ကူညီလိုပါ၏။

တနင်္လာ၊ စက်တင်ဘာ (၃၀)

**ဟေဗြဲ ၁၃း၁၈-၂၅**

၂ ပေ ၃း၈-၁၃

*“. . . ထိုသခင်သည် ယခုမှစ၍ ထာဝရ နေ့ရက်ကာလ ပတ်လုံး ဘုန်းအသရေရှိ တော်မူစေသတည်း၊ အာမင်”*

# ကောင်းကြီးပေးခြင်း

ကောင်းကြီးပေးခြင်း၏အဓိပ္ပာယ်ကို Webster Dictionary ထဲတွင် ဤသို့ဖွဲ့ဆိုထားပါသည်- “ကောင်းကြီးပေးခြင်းအမှု၊ ဘုရားသခင်နာမတော်ချီးမွမ်းခြင်း (သို့) ကျေးဇူးတော်ချီးမွမ်းခြင်း၊ ကောင်းကြီးတောင်းလျှောက်မြွက်ဆိုခြင်း၊ အစာမစားမီနှင့် စားသုံးပြီးကျေးဇူးတော်ချီးမွမ်းခြင်း။” ဤကောင်းကြီးပေးမြွက်ဆိုခြင်းထဲတွင် ခမည်းတော်ဘုရားနှင့်ငင်း၊ ယေရှုခရစ်တော်နှင့်ငင်း သက်ဆိုင်သော သမ္မာတရားအချို့ကို ဖော်ပြထားပါသည်။

ဘုရားသခင်သည် ငြိမ်သက်ခြင်း၏ဘုရားဖြစ်တော်မူ၏။ ငြိမ်သက်ခြင်း၏စစ်မှန်သော အဓိပ္ပာယ်ကို စစ်မတိုက်သောသူ (သို့) စိတ်ငြိမ်သက်ခြင်းမပေးသော အခက်အခဲဒုက္ခပြဿနာ မကြုံတွေ့သောသူသည် အဘယ်သို့မျှ နားလည်နိုင်မည်မဟုတ်ပါ။ ဘုရားသခင်တစ်ပါးတည်းသာလျှင် စုံလင်သောငြိမ်သက်ခြင်းကို ပေးနိုင်၏။ ကယ်တင်ခြင်းနှင့်ဆိုင်သောအမှု၌လည်း ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်အား သေခြင်းမှထမြောက်စေသောသူသည် ဘုရားသခင်ပင်ဖြစ်ပါသည်။ သူသည် သေသောသူကို ပြန်၍အသက်ပေးပိုင်သောတန်ခိုးစွမ်းအားရှိ၏။ ယေရှုခရစ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းအကြောင်းက သူကြုံတွေ့ခဲ့သော သေခြင်းအရာ၌နှိမ့်ချခြင်းခံရခြင်းအမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သော ချီးမြှောက်ခြင်းကို ခံစေခဲ့၏။ ဤဘုရားသခင်ပြုတော်မူသောအမှုက ခရစ်တော်ကိုယုံကြည်သောသူတို့အား ကယ်တင်ခြင်း၊ ထာဝရအသက်နှင့်ဆိုင်သော မျှော်လင့်ခြင်းကို ပေးတော်မူ၏။ သူသည် သိုးတို့ကိုထိန်းကျောင်းသော သိုးထိန်းကြီး ဟူသောအမည်နာမကိုခံရခဲ့၏။ ယေရှုက မိမိကိုယ်ကိုကောင်းသောသိုးထိန်းဟု ဖော်ပြ၍ ဒါဝိဒ်က ထာဝရဘုရားသည်ငါ၏သိုးထိန်းဟု ဆိုခဲ့ပါသည် (ဆာလံ ၂၃း၁)။ ဤဂုဏ်ပုဒ်သည် မိမိလူတို့ကို ကွယ်ကာစောင့်ရှောက်ခြင်းအမှုနှင့်ဆိုင်သော ယေရှု၏နာမတော်ပင်ဖြစ်ပါသည်။ ခရစ်တော်သည် ထိုဂုဏ်ပုဒ်နှင့်ထိုက်တန်သည်ဖြစ်၍ မိမိ၏သိုးစုတို့အား ကောင်းမွန်စွာစောင့်ရှောက်တော်မူ၏။

ခရစ်တော်ပြုတော်သောအမှု၏ စုံလင်သောအကျိုးကို ထာဝရပဋိညာဉ်၏အသွေးတော်အားဖြင့် ပြည့်စုံစေတော်မူ၏။ ဓမ္မဟောင်းထဲတွင် နောင်တရသောသူသည် မိမိတို့၏အပြစ်အတွက် ယဇ်ပူဇော်ခြင်းငှါ ယဇ်ပုရောဟိတ်တို့ကို ချဉ်းကပ်ခဲ့ကြ၏။ ဤအမှုကိုမိမိအချိန်အတိုင်း ပညတ်တော်တရား၌ဖော်ပြထားသည်အတိုင်း အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြ၏။ ဤယဇ်ပူဇော်ခြင်းအမှုက ခရစ်တော်၏ယဇ်ပူဇော်ခြင်းတန်ဖိုးကြီးမားမှုကို ပြသခဲ့ပါသည်။ ခရစ်တော်၏တစ်ကြိမ်တစ်ခါပူဇော်ခြင်းသည် လုံးဝစုံလင်ခြင်းရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကားတိုင်ပေါ်၌ မိမိ၏အသွေးတော်သွန်းလောင်းခြင်းအားဖြင့် ထာဝရပဋိညာဉ်ကို တံဆိပ်ခတ်တော်မူခဲ့ပြီဖြစ်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်အမှုပြုတော်မူသောအခါ စုံလင်စွာပြုတော်မူတတ်၏။

**ဆုတောင်းချက်** - ဘုန်းတန်ခိုးအာနုဘော်သည် ယေရှုခရစ်၌ထာဝရတည်တော်မူစေသတည်း။ အာမင်။